

# ဘုရား-ဗ-ဆုရုဖော်နည်း

## စာတမ်း

ရေးသားသူ

ဆရာ-ဦးစိန်ဖေ
သီရိမဟာပဏ္ဍိတ်

★

မှုပိုင်ရှင်။ ဝံသာနု-ဦးပျိုင်
ဘုရားကြီးဈေး၊ ရန်ကုန်

၈၂၉၆ ၂၉၄၇
၇၆

သိရီမဟာပဏ္ဍိတ်-ဆရာဦးခိန်ဖေ

စုပေါင်း ရေးသားအပ်သော

# ဘုရားကိုးဆူပူဇော်နည်း

## စာတမ်း

❁

မူပိုင်ရှင်

**ဝံသာနု-ဦးပျိုင်**

ဝံသာနု-ဦးပျိုင်စာအုပ်ဆိုင်၊

အမှတ် ၅/၆ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ဈေးတော်ရှည်သစ်၊

ခတ်လှေကားအနီး၊ ရန်ကုန်မြို့။

## စာအုပ်ရှင် ဝံသာနု-ဦးပျိုင်



| | | |
|---|---|---|
| တရုပ်ပိုးစင်ဗန်ကောက် | ဒိစုံ | ကတ္တီပါသက်န်း အမျိုးမျိုး |
| စိန်ပန်းချိတ်ပိုးစစ် | ဒိစုံ | ဖဲသက်န်း အမျိုးမျိုး |
| စိန်ပန်းဗျောင်ပိုးစစ် | ဒိစုံ | |
| မန္တလေးပိုးစစ် | ဒိစုံ | ကော်ဇောအရွယ်အစား |

ပိဋကသာရ စာအုပ်အမျိုးမျိုးနှင့် ရောဝက်ဆင်တံဆိပ်
သက်န်းအမျိုးမျိုး ဖောက်သည်ဈေး စုံစမ်းမေးမြန်းပါ။

# မာတိကာ

အကြောင်းအရာ | စာမျက်နှာ


| | |
|---|---|
| ကျမ်းဦးပလ္လင် | ၁၁ |
| ဂိုဏ်းကြီး ၂-ဂိုဏ်းထပ်မံကွဲပြားခြင်း | ၁၄ |
| တတိယသံဂါယနာတင်ပွဲ | ၁၇ |
| ကနစ်သျှကသံဂါယနာတင်ပွဲ | ၁၇ |
| မဟာယာနဂိုဏ်းနှင့် ဟိနယာနဂိုဏ်း | ၁၈ |
| ဗုဒ္ဓဒေဝနတ်ဘုရားဖြစ်လာပုံ | ၁၉ |
| ရုပ်တုကိုးကွယ်လာပုံ | ၂၀ |
| ဂါထာမန္တရား ဘာသာဖြစ်လာပုံ | ၂၁ |
| တရုပ်ပြည်သို့မဟာယာနဂိုဏ်းဝင်လာပုံ | ၂၆ |
| မဟာယာန ဗြာဟ္မဏဂိုဏ်း ဇင်းမယ်သို့ရောက်လာပုံ | ၂၈ |
| ဘုရားကိုးဆူပေါ်လာပုံ | ၂၉ |
| ဂြိုဟ် နက္ခတ် ၉-ဆူဘုရား | ၃၁ |
| မြန်မာနိုင်ငံသို့ မဟာယာနဗြာဟ္မဏ အယူဝါဒ ရောက်ရှိလာပုံ | ၃၃ |
| ဘုရား ၉-ဆူပူဇော်ရာ၌ ဆွမ်းချက်ခြင်း စသော အစီအစဉ်ပြ ပုဗ္ဗကိစ္စများ | ၃၇ |
| ဆွမ်းပွဲပြင်ရန် ဆွမ်းပူဇော်ရန် | ၃၉ |
| ထီးတံခွန်လုပ်နည်း အစီအရင် | ၄၀ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဆွမ်းစွန့်သော အစီအရင် | ၄၁ |
| တံခွန်လုပ်နည်း အစီအရင် | ၄၁ |
| ဗလိနတ်စာပွဲ ပြင်ရန် | ၄၃ |
| ဂြိုဟ်စာကျွေးရန်အချိန် | ၄၃ |
| ဗုဒ္ဓရှင်တော်အား ပင့်လျှောက်ရန် စာတမ်းဦး | ၄၅ |
| ဘုရားပင့်လျှောက်ခြင်း | ၄၉ |
| ၎င်းတနည်း | ၅၂ |
| ၎င်းတနည်း | ၅၄ |
| အရှင်သာရိပုတြာ ပင့်လျှောက်ခြင်း | ၅၇ |
| ၎င်းတနည်း | ၅၈ |
| အရှင်အာနန္ဒာ ပင့်လျှောက်ခြင်း | ၆၀ |
| ၎င်းတနည်း | ၆၁ |
| အရှင်မောဂ္ဂလ္လာန် ပင့်လျှောက်ခြင်း | ၆၃ |
| ၎င်းတနည်း | ၆၄ |
| အရှင်ကောဏ္ဍည ပင့်လျှောက်ခြင်း | ၆၆ |
| ၎င်းတနည်း | ၆၇ |
| အရှင်ဂဝမ္ပတိ ပင့်လျှောက်ခြင်း | ၆၉ |
| ၎င်းတနည်း | ၇၀ |
| အရှင်ရေဝတ ပင့်လျှောက်ခြင်း | ၇၁ |
| ၎င်းတနည်း | ၇၂ |

# မာတိကာ

အကြောင်းအရာ


အရှင်ဥပါလိ ပင့်လျှောက်ခြင်း
၎င်းတနည်း
အရှင်ရာဟုလာ ပင့်လျှောက်ခြင်း
၎င်းတနည်း
ဘုရားကိုးဆူ အရှင်မြတ်တို့ နေရာတော်
ချပေးရန်
ဘုရားရှင်ထံ ဆုတောင်းရန်
အရှင်သာရိပုတြာထံ ဆုတောင်းရန်
အရှင်အာနန္ဒာထံ ဆုတောင်းရန်
အရှင်မောဂ္ဂလ္လာန်ထံ ဆုတောင်းရန်
အရှင်ကောဏ္ဍညထံ ဆုတောင်းရန်
အရှင်ဂဝမ္ပတိထံ ဆုတောင်းရန်
အရှင်ဥပါလိထံ ဆုတောင်းရန်
အရှင်ရေဝတထံ ဆုတောင်းရန်
အရှင်ရာဟုလာထံ ဆုတောင်းရန်
ရေချမ်း ပန်း ဆီမီး ထီး တံခွန်ကပ်လှူရန်
ဘုရားကိုးဆူ ဆွမ်းကပ်ရန်
ဆုတောင်းပတ္ထနာသက်သက်ပြုရန်
ဘုရားကိုးဆူပေါင်း၍ ဆုတောင်းရန်
ဆုတောင်းဂါထာများ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| စည်းတားရန် ဂြိုဟ်ရှစ်လုံးအတွက် ၉-ဂါထာ | ၉၆ |
| စည်းချဂါထာတော်အနက် | ၉၈ |
| လက်မှန်မဆွသိလတောင်းရန် | ၁၀၁ |
| ဘုရားကိုးဆူ ဆိုင်ရာအမိန့်ပြန်တမ်း | ၁၀၂ |
| နတ်ဘိတ်စာတမ်း | ၁၀၅ |
| နတ်ဘိတ်ဘမျိုး | ၁၀၈ |
| သူရဿတီနတ်ပင့်ရန် | ၁၁၁ |
| စဏ္ဍီနတ်သမီးပင့်ရန် | ၁၁၃ |
| ပရမေသွာနတ်ပင့်ရန် | ၁၁၅ |
| မဟာပိန္နဲနတ်ပင့်ရန် | ၁၁၇ |
| ဃောရမန္တနတ်ပင့်ရန် | ၁၁၉ |
| နတ်ကြီးငါးပါးပေါင်း၍ပင့်ရန် | ၁၂၁ |
| နတ်ကြီးငါးပါးဗလိနတ်စာကျွေးရန် | ၁၂၃ |
| နတ်ကြီးငါးပါးထံဆုတောင်းရန် | ၁၂၅ |
| နတ်ကြီးငါးပါးပြန်ပို့ရန် | ၁၂၇ |
| တနင်္ဂနွေဂြိုဟ်ပင့်ရန် | ၁၂၈ |
| တနင်းလာဂြိုဟ်ပင့်ရန် | ၁၃၀ |
| အင်္ဂါဂြိုဟ်ပင့်ရန် | ၁၃၁ |
| ဗုဒ္ဓဟူးဂြိုဟ်ပင့်ရန် | ၁၃၂ |
| စနေဂြိုဟ်ပင့်ရန် | ၁၃၃ |

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကြာသပတေးဂြိုဟ်ပင့်ရန် | ၁၃၄ |
| ရာဟုဂြိုဟ်ပင့်ရန် | ၁၃၅ |
| သောကြာဂြိုဟ်ပင့်ရန် | ၁၃၆ |
| ကိတ်ဂြိုဟ်ပင့်ရန် | ၁၃၇ |
| ဂြိုဟ်ပေါင်း၍ပင့်ရန် | ၁၃၈ |
| ဂြိုဟ်စာကျွေးရန် | ၁၃၉ |
| ပါပဂြိုဟ်လေးပါးအား ဆုတောင်းရန် | ၁၄၀ |
| သောမဂြိုဟ်လေးပါးအား ဆုတောင်းရန် | ၁၄၁ |
| ဂြိုဟ်ရှစ်ပါးပေါင်း၍ ဆုတောင်းရန် | ၁၄၂ |
| ကိတ်ဂြိုဟ်ဆုတောင်းရန် | ၁၄၃ |
| ပါပဂြိုဟ်လေးပါး တဦးစီခွဲ၍ပို့ရန် | ၁၄၄ |
| သောမဂြိုဟ်လေးပါး တဦးစီခွဲ၍ပို့ရန် | ၁၄၅ |
| ဂြိုဟ်ရှစ်ပါးပေါင်း၍နှင်ရန် | ၁၄၆ |
| အမျှဝေဂြိုဟ်နှင်ရန် | ၁၄၇ |
| ကိတ်ဂြိုဟ်နှင့်ပို့ရန် | ၁၄၇ |
| နတ်အားလုံးနှင့်ဂြိုဟ်နှင်ရန် | ၁၄၈ |
| ရေငန်ပိုင် ဦးရှင်ကြီးပင့်ရန် | ၁၅၀ |
| ကိုးမြို့ရှင်နတ်ပင့်ရန် | ၁၅၀ |
| ဆွမ်းတော်ကပ် ဆုတောင်းရန် | ၁၅၁ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဗုဒ္ဓေါစမဏ္ဍိမေသသဒ္ဓေါဂါထာများ မရွတ်မိ ပင့်လျှောက်ပန်ကြားရန် | ၁၅၅ |
| ရေစက်ချ အမျှဝေရန် | ၁၆၀ |
| သီရိမာ အမှန်း | ၁၆၄ |
| ရှင်မဟာမောဂ္ဂလ္လာန်အမှန်း | ၁၇၄ |
| ပဋာစာရီအမှန်း | ၁၇၈ |
| မင်းနန်ချွတ်ခန်းအမှန်း | ၁၈၅ |
| ဗန္ဓုလ မလ္လိကာအမှန်း | ၁၉၁ |
| ကိုးဆူကပ်ဆရာများအား သတိပေးချက် | ၂၀၃ |
| ရေငန်ပိုင် ဦးရှင်ကြီး ဆွမ်းတင်ရန်စာတမ်း | |
| ရွှေဦးအစ အုန်းရေနှင့်ပင့်ထားရန် | ၂၀၆ |
| ကွန်းစင်ကျောင်းသို့ပင့်ရန် | ၂၀၆ |
| ဆွမ်းကပ်လှူရန် | ၂၀၇ |
| ဆုတောင်းရန် | ၂၀၉ |
| နတ်နှင့်ပို့ရန် | ၂၂၁ |
| **မင်္ဂလာဘိသိက်သွန်းစာတန်း** | |
| စိန္တာမဏိအထဲးမန္တန်တော် | ၂၂၃ |
| ၎င်းအနက် | ၂၂၄ |
| စိန္တာမဏိအဖုံးမန္တန်တော် | ၂၂၇ |
| ၎င်းအနက် | ၂၂၈ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သမ္ဗုဒ္ဓေဂါထာတော် | ၂၃၃ |
| ဣဋ္ဌဝန္ဒနာ | ၂၃၄ |
| ရင်းမြန်မာဘာသာပြန် | ၂၃၅ |
| မင်္ဂလာဘိ့သိက်သွန်းရန် | ၂၄၁ |
| မင်္ဂလာ ဩဝါဒ ကထာ | ၂၄၇ |
| အောင်ခြင်းရှစ်ပါး ပါဠိအနက် | ၂၆၅ |

★

# ကျမ်းဦးပသျှင်

## နမော အင်္ဂီရသဿ

ဤသို့ အကျွန်ုပ် ကြားဖူး၏။

မြန်မာနိုင်ငံတွင် ဘုရား ၉-ဆူနှင့် ဒက္ခိဏသာခါ ဘုရားကိုးကွယ် ပူဇော်မှုသည် ယိုးဒယားပြည် မြောက်ပိုင်း ဟရိဘုဥ္စတိုင်း အဝင်အပေါ် ဇင်းမယ်နယ်မှ စတင်၍ ဖြစ်ပေါ်လာသည်ဟု ရှေးဆရာများမှတ်တမ်းအရ ကြားသိရပေသည်။

ဆိုဦးအံ့၊ ထိုအယူဝါဒမျိုးစေ့ကို တွေးဆဆင်ခြင်လိုက်သော် မြောက်ပိုင်း ဗုဒ္ဓဘာသာမှ ဆက်သွယ် ပေါက်ပွားလာသည်ဟု ယူဆရပေမည်၊ ဆက်သွယ်ပေါက်ပွားလာပုံသော်ကား သာသနာ သက္ကရာဇ် အနှစ်တရာတွင် ဝေသာလီပြည် သုသုနာဂမင်း၏သား ကာလာသောကမင်းလက်ထက် အရှင်မဟာယသ၊ အရှင်မဟာရေဝတ၊ အရှင်သဗ္ဗကာမိတို့ အမှူးပြုကာ ရဟန္တာခုနစ်ရာနှင့်တကွ ၇-လတိုင်တိုင် ဒုတိယသင်္ဂါယနာသဘင် ဆင်ယင်ကျင်းပကြလေသည်။

ထိုသို့ ဒုတိယသင်္ဂါယနာ တင်ရခြင်းမှာမူ ဝေသာလီပြည် ဝဇ္ဇီတိုင်းသား ရဟန်းများတို့သည် ဝိနည်းတော် ပညတ်ချက်နှင့် စပ်လျဉ်း၍ ချွတ်ချော်တိမ်းပါး ဘေဒကရ အဓမ္မဝတ္ထုဆယ်ပါးတို့ကြောင့် ဖြစ်၏၊ ထိုဆယ်ပါးတို့ကား—

၁။ သိင်္ဂိလောဏကပ္ပ — ယာဝကာလိကနှင့် ရော၍ သုံးဆောင်လိုသောရဟန်းသည် နွားဦးချို အစရှိသည့် ၌ ဆောင်ခဲ့သောဆားသည် မအပ်၊ ဆွမ်း စသည်နှင့် ရော၍ သုံးဆောင်လျှင် သန္နိဓိပါစိတ် အာပတ်သင့်၏၊ မအပ်။ ဤသိက္ခာပုဒ်ကို ဖျက်ဆီးကာ အာပတ် မသင့်၊ အပြစ်မရှိဟု အယူရှိကြ၏။

၂။ ဒွင်္ဂုလိကပ္ပ—မွန်းလွဲသော အခါမှာ အရိပ် လက်နှစ်သစ် လွန်သည်တိုင်အောင် ယာဝကာလိကကို သုံးဆောင်အပ်၏ဟု အယူရှိသည်။

၃။ ဂါမရန္တကပ္ပ — ရွာတွင်းသို့ သွားလိုသော ရဟန်းသည် "တန်ပြီ"ဟု မြစ်တားမိသော ဘောဇဉ်ကို အတိရိက်ဝိနည်းကံ မပြုဘဲ ရွာတပါးသို့ သွားအံ့ဟု နှလုံးပြု၍ သုံးဆောင်ခြင်းသည် အပ်၏ဟု အယူရှိသည်။

၄။ အာဝါသကပ္ပ—တသိမ်တည်း၌ နှစ်စု သုံးစု ဝင်ပြုလျက် အသီးသီး ကံဆောင်လျှင် အပ်၏ဟု အယူရှိသည်။

၅။ အနုမတိကပ္ပ — မလာမရောက်သေးသော ရဟန်းတို့ အလိုကို လာရောက်မှ ယူအံ့ဟူ၍ မလာရောက်မီကပင် သံဃကံကို ဆောင်အပ်၏ဟု အယူရှိသည်။

၆။ **အာစိဏ္ဏကပ္ပ** — ဥပဇ္ဈာယ် ဆရာတို့၏ ပြုအပ်သော အလေ့အကျင့်ဟူသမျှ အပ်၏ဟု အယူရှိသည်။

၇။ **အာဒမိတကပ္ပ** — နို့ရည် အဖြစ်ကိုလည်း မစွန့်သေး နို့ဓမ်းအဖြစ်သို့လည်း မရောက်သေးသော နို့ရည်ကို ပဝါရိတ်သင့်သော ရဟန်းသည် အတိရိက်ဝိနည်းကံ မပြုပဲ သုံးဆောင်အပ်၏ဟု အယူရှိသည်။

၈။ **ဇဠောဂီကပ္ပ** — သုရာခေါ် သေရည် အဖြစ်သို့ မရောက်သေးသော ခိုခြေ အဆင်းရှိသော သေနု (ရဟန်းကြီးကြိုက်)ကို သုံးဆောင်အပ်၏ဟု အယူရှိသည်။

၉။ **နိသီဒနကပ္ပ** — အမြိတ်အဆာ မရှိသော နိသီဒိုင်ကို သုံးဆောင်အပ်၏ဟု အယူရှိသည်။

၁၀။ **ဇာတရူပကပ္ပ** — ရွှေငွေကို ခံယူ ကိုင်ကောင်း၏ဟု အယူရှိသည်။

ထိုသို့အားဖြင့် ဆယ်ပါးသော ဘေဒကရ အဓမ္မဝတ္ထုကို ဝိနည်းပညတ်မှ ချွတ်ယွင်း တိမ်းပါးစေလျက် ယူဆ ကျင့်ကြံသော ဂိုဏ်းတခု ဖန်တီးကြလေကုန်၏၊ ဂိုဏ်းသီးတခု ဖန်တည်းကြသည့်ပြင် ထိုနှစ်၌ပင် ကောသမ္ဗီပြည်၌ သံဃာထုတသောင်းခန့်နှင့် ဒုတိယ သင်္ဂါယနာ တင်ကြသည်၊ ဝေသာလီပြည်တွင် အရှင်မဟာသယ အမှူးပြုဂိုဏ်းကို ရှေးရှေး မဟာထေရ်ကြီးများ၏ အယူဝါဒ အတိုင်း လိုက်နာသော့ကြောင့် "ထေရ

ဝါဒဂိုဏ်း" ခေါ်တွင်သည်။ ကောသမ္ဗီပြည်တွင် တင်သော ဂိုဏ်းကား သံဃာထု တသောင်းမျှနှင့် တင်သောကြောင့် "မဟာသင်္ဂီတိဂိုဏ်း" ယခုခေတ် အလို ဒိမိုကရေစီဂိုဏ်းဟု ခေါ်တွင်ခဲ့သည်၊ နှောင်းအခါ၌ ထေရဝါဒတောင်ပိုင်း ဗုဒ္ဓ ဘာသာ မဟာသင်္ဂီတိ ဂိုဏ်းသည် မြောက်ပိုင်း ဗုဒ္ဓဘာသာ အဖြစ်သို့ ပြောင်းလဲလာကြသည်၊ တောင်ပိုင်း မြောက်ပိုင်း ဗုဒ္ဓဘာသာတို့၏ ဗီဇမျိုးစေ့ပင်—

## ထိုဂိုဏ်းကြီး ၂-ဂိုဏ်း ထပ်မံ ကွဲပြားခြင်း

နှစ်ပေါင်း ၁၃၅-နှစ်အတွင်း မူလဂိုဏ်းကြီး ၂-ဂိုဏ်းမှ အောက်ပါအတိုင်း ထပ်မံကာ ကွဲပြားကြကုန်သည်။

### (က) မဟာသင်္ဂီတိ ဂိုဏ်းကြီးမှ

၁။ ဂေါကုလိက
၂။ ဧကဗျောဟာရ
၃။ စေတိယ

### ဂေါကုလိမှ တဖန်တုံ

၄။ ဗဟုဿုတိက
၅။ ပညတ္တိကဟု ပေါင်း ၅-ဂိုဏ်း ကွဲပြား၏။

### (ခ) ထေရဝါဒ ဂိုဏ်းကြီးမှ

၁။ မဟိံသက
၂။ ဝဇ္ဇီပုတ္တက

ဂုဏ်ဝဏ္ဏပုတ္တကမှ တဖန်တုံ

၃။ ဓမ္မုတ္တရိက
၄။ ဘဒ္ဒယာနိက
၅။ ဆန္နာဂါရိက
၆။ သမ္မိတိ

ယခင် မဟိံသကမှ တဖန်တုံ

၇။ သဗ္ဗတ္ထိက
၈။ ဓမ္မဂုတ္တာ

သဗ္ဗတ္ထိကမှ တဖန်တုံ

၉။ ကဿပိက
၁၀။ သင်္ကန္တိက
၁၁။ သုတ္တာန္တိက

ဤသို့ဆိုလျှင် (၁၁)ဂိုဏ်း ကွဲပြား၍ ဂိုဏ်းကွဲ ၁၆-ဂိုဏ်း မူလဂိုဏ်းကြီး ၂-ဂိုဏ်းနှင့်သော် ၁၈-ဂိုဏ်း ဖြစ်လေသည်။ မူလ ထေရဝါဒဂိုဏ်းရင်း(၁)မှတပါး၊ အခြား ၁၇-ဂိုဏ်းတို့ကား ဗုဒ္ဓ အယူဝါဒရင်းသို့ သက်ဆင်းကျရောက်ခြင်း မရှိကြပဲ အလွဲလွဲ အမှားမှား ချွတ်ယွင်း တိမ်းပါးကြကုန်၏။ ဗုဒ္ဓတရားတော်ကို ဦးစောက် ကမောက် ကမ ပြုကာ နိကာယ်ငါးရပ် ပိဋကတ် တို့ကို ချိုးဖြတ်ပျက်စီးစေ၍ ခက်ခဲသောသုတ္တန် ဒေသနာတော် နှင့် ဝိနည်းဒေသနာတော်ကိုလည်း ထုတ်နုတ် စွန့်ပယ်ပြီးလျှင် ဇာင်းမယ်ပဏ္ဏာသကဲ့သို့သော သုတ္တန်တု ဝိနည်းတုတို့ကို ပြုစီရင်

ကြကုန်၏။ အထူးအားဖြင့် ပရိဝါပါဠိတော်နှင့် အဘိဓမ္မာကျမ်းများ ပဋ္ဌိသမ္ဘိဒါမဂ် မဟာနိဒ္ဒေသနှင့် အချို့ဇာတ်တော်များကိုလည်း ထုတ်နုတ်ထည့်သွင်း စီရင်ကြကုန်၏။ ပိဋကတ်တော်လာ နည်း ဥပဒေသ ပြဆိုချက်တို့၌လည်း နိတတ္ထကို ပရိယာယ်, ပရိယာယ်ကို နိတတ္ထ၊ အပြည့်အစုံ ဒေသနာကို တစွန်းတမြိတ် တစိတ်တဒေသ စသည်ဖြင့် မင်းသားကိုယ်နှင့် မျောက်ခေါင်းသို့ ပြောင်းချင်တိုင်း ပြောင်းလဲကြစေကုန်ခဲ့ပြီ။

ထိုမှတပါးတုံ ဂေါတမဘုရားသည် လူက မွေးဖွားသည့် လူသားမဟုတ်၊ နတ်ပြဟ္မာတို့ကဲ့သို့ အစဉ်အမြဲထာဝရ တည်ရှိနေသည်၊ ရှင်ဂေါတမသည် ဗုဒ္ဓဘုရား၏ ကိုယ်စားလည်ဟန် သဏ္ဌာန်တော် တခုသာဖြစ်၍ ပရိနိဗ္ဗာန် ဝင်စံတော်မူသည် မဟုတ်။ ကောင်းကင်ဘုံသို့ ပြန်ကြွရောက်ခြင်းသာ ဖြစ်သည်။ ဤသို့လည်း ဖောက်လွှဲ ဖောက်ပြန် ယူဆကြကုန်သေး၏ တမုံ။ ဂိုဏ်းဝါဒ အယူအဆကွဲပြားလျှင် မိမိတို့မှီရာ ပိဋကတ်စာပေလည်း ကွဲပြားကြသည့်အတိုင်း တဖြည်းဖြည်း လွဲမှားလာကြရလေတော့သည်၊ "ဣဒ္ဓိဝိသယော, အစိန္တိယော" ပါဠိ ပါဠိဝါကျစကားလာကို အာရုံပြုကာ မိမိတို့လိုရာ သုတ္တန်သစ် ဓမ္မက္ခန်သစ် ကျမ်းဂန်များကိုလည်း ရေးသား စီရင်ကြကုန်၏။ (ရှေး၌ ထင်ရှားလတ့်။)

---

ထိုနောက် (၁) ဟေမာဝတိက (၂) ရာဇဂိရိက (၃) သိဒ္ဓတ္ထ (၄) ပဗ္ဗသေလိက (၅) အပရ-သေလိက (၆) အပရရာဇဂိရိက ဟူ၍ ခြောက်ဂိုဏ်း ပေါ်ခဲ့သေး၏။

## တတိယသံဂါယနာတင်ပွဲ

ထိုနောက် သာသနာသက္ကရာဇ် ၂၃၅ (မြောက်ပိုင်း ဗုဒ္ဓဘာသာတို့ မှတ်သားချက် သာသနာနှစ် ၃၀၄)တွင် ထေရဝါဒမှ ကွဲပြားနေသော တဆဲ့တဂိုဏ်းတို့ကို စည်းရုံးမိစေရန် ပါဋ္ဌလိပုတ်ဘုရင် အသောကမင်းသည် တတိယ သံဂါယနာတင်စေခဲ့လေသည်၊ သို့သော်လည်း စည်းရုံး၍မရ။ ၎င်း(၁၁) ဂိုဏ်းတို့တွင် သဗ္ဗတ္ထိဂိုဏ်းက ကြီးမှူးပြီးလျှင် ရာဇဂြိုဟ်ပြည်အနီး နာလန္ဒ တက္ကသိုလ် ကျောင်းတော်ကြီးတွင် ဂိုဏ်းပြိုင်တတိယသံဂါယနာ တင်ကြပြန်သည်။ ထိုဂိုဏ်းဝင် ပုဂ္ဂိုလ်တို့သည် မထုရာပြည်၌ ပုဏ္ဏားတို့ လိုလား တောင့်တနေသော သက္ကတဘာသာသို့ မဂဓဘာသာမှ ပြန်ဆို ရေးသားကြသော်လည်း ပိဋကတ် အစုံအလင် မအောင်မြင်ပဲ အချို့နေရာတို့၌ မူလအဓိပ္ပာယ်သို့ မရောက်ရှိကြပေကုန်။

## ကနစ်သျှက သံဂါယနာတင်ပွဲ

ထိုနောက် မထုရာပြည်ရှိ သဗ္ဗတ္ထိကဝါဒသည် ရှေး မဂဓတိုင်း၌ ရှိစဉ်က ဝါဒနှင့် အတော်အတန် ကွဲပြားပြီးဖြစ်၍ အမည်သစ် တမျိုးထွင်ကာ "သဗ္ဗာသတိ" ဂိုဏ်း ခေါ်ဝေါ်သမုတ်ကြပြန်၏။ ဤဂိုဏ်းသည် ဣန္ဒိယ အနောက်မြောက်ဂန္ဓာရတိုင်း၌ ပျံ့နှံ့လေသည်။ ဤအယူဝါဒဂိုဏ်းဝင် ဂန္ဓာရတိုင်းနှင့် ကသ္မိရတိုင်း အရှင်တို့သည် အချင်းချင်း ဝါဒ ကွဲပြားကြကုန်သဖြင့် သာသနာနှစ် ၆၅၀(၇၀၀)ပသျှဝါမြို့၊ သို့မဟုတ် ကသ္မိရတိုင်း ဇလန္ဓာမြို့၊ ကုဏ္ဍာလဝဏ္ဏကျောင်းတွင် ရှင်ဝါသု

မိတ္တနှင့် ရှင်အဿဃောသတို့ ကြီးမှူးကာ သံဃာ်တော် ၅၀၀ နှင့် တတိယသံဂါယနာ တင်လေသည်။ ထိုသံဂါယနာပွဲးကို ချီးမြှောက်အားပေးသော ပုဂ္ဂိုလ်ကား တရုတ်ပြည် အနောက်ပိုင်းမှ ယူအီချီလူမျိုး အဆက်အနွယ်ဖြစ်သော 'ကုသျံ' လူမျိုး ကနစ်သျှကာ မင်းဖြစ်လေသည်။ ကသ္မီရနှင့် ဂန္ဓာရတိုင်း ဘုရင်ဖြစ်ဘွဲတော်ကား "ဒေဝမိတ္တ" ဟူသတည်း။

## မဟာယာနဂိုဏ်းနှင့် ဟီနယာနဂိုဏ်း

ကနစ်သျှကမင်း လက်ထက် သံဂါယနာတင်ပွဲကို ကြီးမှူးသော အရှင်အဿဃောသသည် ဗုဒ္ဓစရိတကျမ်းကို ပြုစီရင်ခဲ့သည်။ ထိုကျမ်းတွင် သာဝကယာန, ပစ္စေကယာန, သမ္မာသမ္ဗောဓိယာနသုံးပါးကို အဓိကထား၍ ပြဆိုလေသည်။ ၎င်းကျမ်းတွင် ပြဆိုထားသော ယာနသဘောကို အစွဲပြုကာ မဟာယာနဂိုဏ်း ဖြစ်ပေါ်လာ၍ တဖက်သော အယူဝါဒရှိသော ဂိုဏ်းကို ဟီနယာနဂိုဏ်းဟု ရှုံ့ချ ခေါ်ဝေါ်လေသည်။

အရှင်အဿဃောသ- သံဃမဟာနာယက စထွင်ခဲ့သော မဟာယာနမျိုးစေ့ကို အရှင်နာဂဇ္ဇုနက ဆက်လက်ကာ ပြုစုပျိုးထောင်သဖြင့် နောက် အနှစ် ၃၀၀ အတွင်း အလွန်ထင်ရှားသော ဝါဒကြီး ပေါက်ပွား လာခဲ့လေသည်။ ထိုအရှင်သည် မြောက်ပိုင်း မဟာယာန ဗုဒ္ဓဘာသာ ဂိုဏ်းတွင် အထူး ကျော်ဇော ထင်ရှားလျက် "မဇ္ဈိမိက" ခေါ် သုညတဝါဒနှင့်စပ်၍ ကျမ်းပြုခဲ့သည်၊ ထိုမှတပါး–အဋ္ဌသာဟသိကာ

ပညာပါရမိတာ၊ ဝဇိရဆေဒိကာ ပညာပါရမိတာ စတ္တာသာဟသိကာ ပညာပါရမိတာ ကျမ်းများ ကိုလည်း သက္ကတဘာသာဖြင့် စီရင်ရေးသား၍ တရုပ်ဘာသာသို့လည်း ပြန်ဆိုခဲ့ပြီးဖြစ်သည်။ တောင်းပိုင်း ဗုဒ္ဓဘာသာသည် ပါဠိဘာသာကိုအားထားသလောက် မြောက်ပိုင်း ဗုဒ္ဓဘာသာ သည်ကာသက္ကတဘာသာကို အားထားသည်။ အရှင်နာဂဇ္ဇုဏ၏တပည့် အရှင်ဝါသုဗန္ဓုသည် သုတ္တန္တိက ဝါဒနှင့် စပ်၍ အဘိဓမ္မာကောသကျမ်းကို စီရင်လျက် ၎င်း၏ နောင်တော် အရှင်အသင်္ဂကလည်း ဝိညာဏဝါဒ။ သို့မဟုတ်၊ ယောဂါစာရဂိုဏ်းကို တည်ထောင်ပြန်လေသည်၊ မဟာယာန ဂိုဏ်း၏ အယူမှာ "ဗောဓိသတ္တဟာန" ခေါ် ဘုရားလောင်းဝါဒစွဲ ဂိုဏ်း ဖြစ်လေတော့သည်။ ဘုရားနှင့် ဘုရားလောင်းတို့၏ တန်ခိုးဣဒ္ဓိပါဒ်ကြီးမားပုံကို ချီးကျူးကာ အစိန္တေယျ ဂုဏ်တော်ကို အရင်းခံပြုပြီးလျှင် မိမိတို့လိုရာ ဆွဲငင် ပြောကြား ချဲ့ထွင် ရေးသားကြကုန်၏။ ရတနာကုဋ္ဋ, ဝေပုလ္လ စသော သုတ္တန် လက်သစ်ဓမ္မက္ခန်စာပေ ကျမ်းဂန်တို့ သည်လည်း ပေါ်ထွက်လာကြလေကုန်ပြီ။

## ဗုဒ္ဓဒေဝ နတ်ဘုရားဖြစ်လာပုံ

နှစ်အတန်ကြာလတ်သော် ဗုဒ္ဓသည် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် လောကအကျိုးကို မရွက်ဆောင်နိုင်၊ ဘုရားလောင်းသည်သာ လောက အကျိုးကို ဆောင်ရွက်နိုင်သည်။ ဤတွင်မျှမကသေး၊ လောကုတ္တရာအကျိုးကိုလည်း ပေးစွမ်းနိုင်

သေး၏—ဟု ယူဆကာ ဗုဒ္ဓဒေဝ နတ်ဘုရားအဖြစ်ဖြင့် ကိုးကွယ်ကြပြန်၏၊ ထိုသို့ ကိုးကွယ်ကြခြင်းကား ထိုအခါက ဣန္ဒိယ အနောက်ပိုင်းတွင် သာသနာနှစ် ၁၀၀ လောက်ဆီက 'ဘဂဝတ် ဟူသော' ဟိန္ဒူအယူလူမျိုး ဂိုဏ်းပေါ်ပေါက်ခဲ့၍ လူ့ဘဝတွင် အများ ကြည်ညိုခြင်းခံရသူ 'ဗြိသျှနု, ရာမ, ဟရိစန္ဒြ' တို့ကို နတ်ပြုလုပ်ကာ ကိုးကွယ်ကြလေသည်၊ မဟာယာန မြောက်ပိုင်း ဗုဒ္ဓဘာသာဝင်တို့ကလည်း ဟိန္ဒူဘာသာကို အတုလိုက်ခါ ဗုဒ္ဓ နှင့် ဘုရားလောင်းတို့ကို နတ်ဖြစ်စေလျက် ဝါဒသစ် ထွင်ကြ ပြန်လေသည်။

တဖန်တုံ့ သာသနာနှစ် ၂၀၀ အတွင်း နေကို ကိုးကွယ်သော ပါသျှဘာသာသည် ဗုဒ္ဓဘာသာနှင့် ဆက်စပ်မိကြပြန်သဖြင့် ထိုနေ၏ဂိုဏ်းကိုပင် ဘုရားလောင်းအား တပ်ဆင်ပေး ပြန်လေသည်။ ဣန္ဒိယ အနောက်မြောက်ပိုင်းတွင် ဗုဒ္ဓဘာသာ ရောက်ရှိသောအခါ ထိုဒေသရှိရင်းဂျိန်းဘာသာ ဟိန္ဒူဘာသာ သျှုံဘာသာစသော အယူဝါဒတို့၏ နောက်သို့ လိုက်လျော ကာ ဘုရားလိုလို ဘုရားလောင်းလိုလို နတ်လိုလို သဘောသို့ ရွေ့လျော ကိုးကွယ်ကြလေသည်။

## ရုပ်တု ကိုးကွယ်လာကြပုံ

သာသနာနှစ် ၂၁၈ တွင် ဣန္ဒိယ အနောက်မြောက် ဂန္ဓာရ တိုင်းသို့ ဂရိတ်လူမျိုးများ စတင် ရောက်ရှိလာသော အခါမှ စ၍ ကျောက်ဆစ်ပညာများ ပြန့်ပွားလာခဲ့သည်။ ထိုအတတ်

ပညာဖြင့် ဗုဒ္ဓရုပ်တု ဘုရားလောင်းရုပ်တု စသော ရုပ်တုပေါင်း များစွာ ဖြစ်ပေါ် လာခဲ့သည်။ ရုပ်တုတော် များကား အသောကမင်းလက်ထက်မှစ၍ ပေါ်လာကာ ကိုးကွယ်ပူဇော် သမှု ပြုကြလေတော့သည်။ လိုရင်းကျဆိုရသော် တတိယ သင်္ဂါယနာတင်ပွဲအထိ ဗုဒ္ဓရုပ်တုတော်များမရှိသေးဟု မှတ်ရာသည်။ အကြောင်းကား—ဣန္ဒိယပြည် ဗာရဟာသိ မိဂဒါဝုန် ဓမ္မေက စေတီတော်အနီး၌ ဒေါက်တာမာရှယ် တွေ့ရသော ကျောက်စာတခုမှာ ကနောဇ်ပြည် ဘုရင် ဂေါဝိန္ဒ၏ မိဖုရား ကုမာရဒေဝီက ကျောင်းဆောက်လှူရာတွင် ထိုးထားခဲ့သော ကျောက်စာကမ္ပည်း တခု ဖြစ်၏၊ ထိုကျောက်စာကမ္ပည်းတွင် "အသောကမင်း လက်ထက်က ဖြစ်ရှိသော (သီရိဓမ္မ စကြာဇိန) မည်သော ဘုရား ရုပ်တုတော်ကိုလည်း ပြင်ဆင်သည်" ဟု ပါရှိရကား ထိုအသောကမင်း လက်ထက်ကပင် ရုပ်တုတော် ပေါ်စရှိလေပြီ၊ သို့ရာတွင် ကနစ်သျှကမင်း လက်ထက် သာသနာနှစ် ၆၀၀—ခန့်တွင် ဘုရားဆင်းတု ဘုရားလောင်း ရုပ်တု မဟာယာနတို့၏ တာရာစာမုဏ္ဍီ စသော နတ်သမီး ရုပ်တု နတ်သား ရုပ်တုများ အနှံ့အပြား ခေတ်စားကာ ထုလုပ်ကိုးကွယ် ပူဇော်ကြလေသည်။ ယခုအခါ၌မူ ရုပ်တုနှင့်ထုပ သာသနာလောက်သာ ရှိတော့သည်ဟု ဆိုစရာ ပုံသက်သေ ဖြစ်နေသည်။

## ဂါထာမန္တရားဘာသာ ဖြစ်လာပုံ

မြောက်ပိုင်း ဗုဒ္ဓဘာသာ မဟာယာန ဂိုဏ်းဝင်တို့သည် ပုဏ္ဏားများကို အတုယူကာ မိမိတို့၏ ~~ဘုရား~~ ~~ဘုရားလောင်း~~

နတ်ရုပ်များကို ရှိခိုးပူဇော်ရန် ဘုရားရှိခိုး ဂါထာမန္တန်များ ရေးသားကြ၏၊ ထိုသို့ ရေးသားရာ၌ လက်ရှိ ပိဋကတ်တော်က လည်း အပြည့်အစုံမရှိ၊ ရှိသမျှ ပိဋကတ်တော်ကိုလည်း ပမာဏ မထား ဂရုမပြုပဲ ဒေသအလိုက် မီးစဉ်ကြည့်ကာ ကပြ ခင်း ကျင်း စီရင်ခြင်း ပြုကြရလေကုန်၏။ ထိုပြင် မပြည့်စုံ မကျန သော ပိဋကတ်ကျမ်းဂန်ကို အစွန်း အမြိတ်တို့ကိုယူ၍ မိမိတို့၏ ဘုရားလောင်းဝါဒနှင့် ကိုက်ညီစေရန် (၁) မဉ္ဇူသိရိမူလကပ္ပ (၂) ဂုဟျသမဇ္ဇ (၃) စကြသံဝရ စသော မန္တန်ကျမ်းတို့ကို ရေးသားစီရင်ကြကုန်လေပြီ။

ထိုကျမ်းတို့တွင် မဉ္ဇူသိရိမူလကပ္ပ ကျမ်းသည် ဂါထာ မန္တန် မန္တရား အင်းအိုင် လက်ဖွဲ့ခလွဲ့ စသော လောကီ အတတ် ပညာကို အားပေးသော ကျမ်းဖြစ်သည်၊ မြန်မာနိုင်ငံတွင် လောကီ အင်္ဂတ္တိုရ်ကျမ်းစုလည်း ထိုကျမ်း၏ အမွေခံ ဖြစ်ခဲ့၏။

ဂုဟျသမဇ္ဇကျမ်းကား သေရည်သေရက် သောက်စားခြင်း မာတုဂါမ မိန်းမဇာတ်ဝင်သူတို့နှင့် ပျော်ပါးခြင်း ဟူသော ကာမဂုဏ်ကြူးမှု အကျင့်မျိုးကို အားပေးသောကျမ်း ဖြစ်၏။

အသက် တဆဲ့ခြောက်နှစ် အထိ ဗာလအရွယ် ၁၆–နှစ်မှ ၃၃–နှစ်အထိ တရုဏီအရွယ် ၃၃–နှစ်မှ ၅၀–နှစ်အထိ အဓိ ရူဠှာအရွယ် အနှစ် ၅၀–ထက်ကြီးသော မိန်းမကား ဝုဒ္ဓာ အရွယ်မည်၏။ ဂိမ္ဘနှင့် သရဒဥတု နှစ်ခုတို့၌ ဗာလအရွယ်ကို၊ ဟေမန္တနှင့် သိသိရဥတုနှစ်ခုတို့၌ တရုဏီအရွယ်ကို၊ ဝသန္တနှင့် ဝဿာနဥတုနှစ်ခုတို့၌ အဓိရူဠှာအရွယ်ကို မေထုန်မှီဝဲအပ်၏၊

ဝုဒ္ဒာအရှယ်ရှိ မိန်းမကို မည်သည့်အခါမှ မေထုန်မမှီဝဲးအပ်။ ဗာလရှယ်ကိုမှီဝဲးလျှင် အရွယ်ပျို၏၊ အားရှိ၏၊ တရုဏီအရွယ်ကို မှီဝဲးလျှင် ခွန်အားဗလယုတ်လျော့၏၊ အဓိရုဋ္ဌာအရွယ်ကို မှီဝဲး လျှင် ရုပ်အဆင်းပျက်ယွင်း အိုလွယ်၏—စသော ဆေးကျမ်းတို့ သည်လည်း ထိုဂုဟျသမဇ္ဇကျမ်း၏ အငွေ့ အသက် မကင်း ကြပေ။

ကျမ်း၏သဘော ဆိုလိုချက်မှာ အရက်သေစာ သောက် စား မူးယစ်နေသောအခါ စိတ်ဆင်းရဲမှု ပပျောက်စေတတ် သောကြောင့် အရက်သေစာသည် မွန်မြတ်သော အမြိုက် သုဓာဟု အယူရှိ၏၊ တဖန်တုံ မာတုဂါမမိန်းမတို့သည် အလွန်ထူး မြတ်သော ဝိမုတ္တိရသကို ပေးတတ်သော 'မုတ္တိဒါတြီ' သို့မဟုတ် ပညာဟူ၍ရှင်း၊ ယောကျ်ားတို့ကား 'ထိုဝိမုတ္တိရသ'ကို ယူနိုင် သောနည်းလမ်း ဟူ၍ရှင်း၊ ယူဆ ရေးသားထားခြင်း ဖြစ်၏၊ မြန်မာနိုင်ငံ ရှေးပုဂံပြည် အရည်းကြီးတို့ သေရည်သောက်ခြင်း ပန်းဦးလွှတ်သဘင် ဆင်ယင်ကျင်းပခဲ့ကြသည်လည်း ဤဝါဒ ကျမ်းဂန်၏ မျိုးစေ့မှ ပေါက်ပွားခြင်းပင်တည်း။ ထိုအရည်း ကြီးတို့နှင့် စပ်လျဉ်း၍ မင်းလှသင်္ခယာဘွဲ့ခံ စလေဦးပုညက ရှေးအတိတေ ပုဂံပြည်တွင် ဆံကေသာ လက်လေးသစ် မုတ် ဆိတ်မွေးဗလပြစ်နှင့် သင်္ကန်းညစ်စီဝရံ တာတေလံ အကျင့်ဆိုး သော ရှင်ဆိုးတကာ့ခေါင်းကြီး ရှင်မထီးကဲ့သို့ရှင်းဟု အရည်း ရဟန်းတို့၏ နည်းလမ်းမကျပုံကို ရေးသား စပ်ဆိုခဲ့သည်။

ဤဝိမုတ္တိရသ မာတုဂါမ၌ ကာမဂုဏ်ကြူး အကျင့်ထူး ကြောင်း မဟာယာနမြောက်ပိုင်း ဗုဒ္ဓဘာသာ အယူဝါဒသည်

"မန္တရယာန" သို့မဟုတ် "တန္တရယာန" သို့မဟုတ် "ဝိဇ္ဇာယာန" အဖြစ်သို့ ပြောင်းလဲကာ သာသနာနှစ် ၁၂၀၀-ခန့်အထိ လျှို့ဝှက်စွာ ပြန့်ကျယ်ခဲ့လေသည်။ သာသနာနှစ် ၁၃၀၀-ခန့်လောက်တွင်ကား မဟာယာနဂိုဏ်း အမျိုးမျိုးသာ မကကုလ္လဒီယနိုင်ငံရှိ ဗုဒ္ဓဘာသာ အားလုံးပင် ထိုဝိဇ္ဇာယာနသဘောသက်ဝင်သော မဟာယာန ဗုဒ္ဓဘာသာချည်း ဖြစ်ကြရလေကုန်ပြီ၊ ယခုအခါ မြန်မာနိုင်ငံ၌လည်း ထိုဝိဇ္ဇာယာနဂိုဏ်း အယူဝါဒ တိုးတက်လာချေပြီ၊ လူဝိဇ္ဇာ ဘုန်းကြီးဝိဇ္ဇာ စမဝိဇ္ဇာ စထီးဝိဇ္ဇာ ပထမံဝိဇ္ဇာ ဒုတိယဝိဇ္ဇာ အင်းဝိဇ္ဇာ အိုင်ဝိဇ္ဇာ နတ်ရှူးဝိဇ္ဇာ မှော်ရှူးဝိဇ္ဇာ တဏှာရှူးဝိဇ္ဇာ ဥစ္စာရှူးဝိဇ္ဇာ ကမ္မဋ္ဌာန်းရှူးဝိဇ္ဇာတို့ တနေ့တခြား ပေါများနေကြလေပြီ။

ပုဂ္ဂိုလ်နှင့်ဝိညာဉ် ပူးပေါင်း ဆက်သွယ်နေသည် ဟူသော အယူဝါဒကို "ယောဂ"ဟု ခေါ်၏၊ "ယောဂါစာရ" သို့မဟုတ် "ဝိညာဏဝါဒ" ကို အရှင်အသင်္ဂမထေရ်သည် ဗုဒ္ဓဘာသာသို့ သွင်းယူခဲ့သည့်ပြင် သာသနာနှစ် ၃၉၄–လောက်တွင် *ပတဉ္ဇလိမည်သော ရသေ့ပညာရှိကြီးတဦးက ဟိန္ဒူဘာသာ အတွင်းသို့လည်း သွတ်သွင်းခဲ့ပြန်လေပြီ၊ ဤယောဂအကျင့်မှာ ယောဂီကမ္မဋ္ဌာန်းအကျင့်မျိုး တန်ခိုးဣဒ္ဓိပါဒ်ကို ရစေနိုင်သော အကျင့်မျိုးဟု ယူဆကာ သာသနာနှစ် ၁၂၀၀–၁၃၀၀ အတွင်းလောက်မှာ ဂါထာမန္တန်မန္တရား အင်းအိုင်လက်ဖွဲ့ ခလှဲ့မှော်အတတ်မျိုးကို ဖြစ်စေကာ ထိုယောဂါစာရ ဝိညာဏဝါဒမှ

---

*ပတဉ္ဇလိ, ပါဏိနိ, ဗျာဍိ, ဘာဂုရိရသေ့တို့ကား ဗျာကရဏ်းကျမ်းပြု ပုဂ္ဂိုလ်ကြီးတို့ပေတည်း။

မန္တရယာန အမည်သို့ပြောင်းလဲးရောက်ရှိပြန်လေသည်၊ မန္တရမှာ မန္တန်မန္တရားဖြစ်၍ တန္တရမှာ ကျမ်းဂန်ဟူ၏။

"ပါပဿိရမတိမနော" မှနော၊ စိတ် သဘော အလိုသည်။ ပါပဿိ၊ မကောင်းသော အရာဌာနဉ်။ ရမတိ၊ မွေ့လျော်ပျော်ပိုက်၏။ ဒေသနာတော်အရ သေရည်သောက်စား ကာမဂုဏ်အားပေးမှုကို လူကြိုက် များလာကာ တဏှာလောဘ ကာမအစွမ်းဖြင့် ဖုံးလွှမ်းနေသော သူတို့သည် လွယ်လင့်တကူ ပင် အသင်းအဖွဲ့သို့ ပါဝင်နိုင်ကြသည်နှင့် အညီ သာသနာနှစ် ၁၃၀၀-ခန့်မှ ၁၇၀၀-ကျော်အတွင်း ဣန္ဒိယဗုဒ္ဓဘာသာသည် "ဝိဇ္ဇာယာန" ဘဝသို့ လုံးလုံးလျားလျား ပြောင်းလဲကာ သွားလေတော့သည်။

တဏှာပေမ မောဟ လွှမ်းခြုံ ကိလေသာ အဟုန်ခေတ် ထဆဲးအခါ ဝတ္ထုကာမဂုဏ်ဖြင့် ဆွဲငင်ရန် လွယ်ကူသည် အားလျော်စွာ မိစ္ဆာနတ်သား နတ်သမီးများအစီးအနင်း ဂြိုဟ်များကို ကိုးကွယ်ပူဇော်ကြကာ ပန်းတပွင့် အရက်တခွက် ပူဇော်ပသရုံမျှဖြင့်လည်း နတ်ရွာနိဗ္ဗာန်သို့ ရောက်နိုင်သည်၊ လောကတွင်လည်း ဘေးဥပါဒ် အန္တရာယ်အပေါင်းမှ လွတ်ကင်း၍ ကောင်းကျိုးသုခ စည်းစိမ်ကို ရနိုင်သည်ဟု ယုံကြည်ကြကုန်၏။ ပူဇော်ပသရန် ဂါထာမန္တရား တို့ကိုလည်း ရွတ်ဖတ်သရဇ္ဈာယ်ကြကုန်၏။ အလွန်လူကြိုက်များသော ဘာသာဝါဒ အဖြစ်သို့လည်း ရောက်ရှိ လေတော့သည်။ လူ သာမန်ကိုမဆိုထားဘိ ထိုမန္တရဝိဇ္ဇာဂိုဏ်းဝင် ရဟန်းအချို့တို့ပင် ဝိနည်းပညတ်တရားကို စွန့်ပယ်ကာ မန္တန်မန္တရားကို ယုံကြည်ကြလျက် တော

တောင် ထူထပ်ရာအရပ်တို့၌ ဗလိနတ်စာကျွေးခြင်း ဂါထာ မန္တန် အင်းအိုင်ခလှဲ့ လက်ဖွဲ့စီရင်ခြင်းဖြင့် ရွာသူရွာသား လူအများတို့အား လှည့်ဖျား ချောက်လှန့်ကာ အသက်မွေး ဝမ်းကျောင်း ပြုကြလေသည်။ ဤသို့လျှင် မဟာယာန ဗုဒ္ဓ ဘာသာတို့ လာဘ်လာဘပေါများ ခံစားနေကြရသည်ကို မြင် ရသဖြင့် ဗြာဟ္မဏဘာသာဝင် ပုဏ္ဏားတို့ကလည်း ရှေးဟောင်း အဿမေဓ, ပုရိသမေဓ စသော ယာဇ်ပူဇော်ခြင်းအလုပ်နှင့် နတ်ကြီး နတ်ငယ် ဂြိုဟ်ကြီး ဂြိုဟ်ငယ် အသွယ်သွယ် တို့အား ပူဇော်ပသခြင်းကို ထွင်ကြပြီးကာ သာသနာနှစ် ၁၇၀၀—ခန့် လောက်တွင် ဣန္ဒိယမဟာယာန ဗုဒ္ဓဘာသာဝါဒနှင့် ဗြာဟ္မဏ ဝါဒ ပေဒင်အယူတို့မှာ အဆင်တူ အသွင်တူဘဝသို့ ရောက်ကြ လေကုန်၏။

## တရုပ်ပြည်သို့ မဟာယာနဂိုဏ်းဝင်လာပုံ

မဟာယာန ဂိုဏ်းဝါဒသည် တရုပ်ပြည်သို့ ဣန္ဒိယမှ ဆက်သွယ်ကာ သာသနာနှစ် ၃၂၇-ကပင် ပထမ အစ ရောက်ရှိ လာခဲ့သည်။ ထင်ရှားစွာ ရောက်ရှိ လာသည်ကား ၆၁၁— တွင် ဖြစ်၏၊ ထိုနိုင်ငံ၌ ဗုဒ္ဓဘာသာ မရောက်မီကပင် ‘တောက်’ဘာသာနှင့် ‘ကွန်ဖုသျှ’ဘာသာ ၂-ရပ်ရှိနှင့်နေပြီ ဖြစ် ၏။ တောက်ဘာသာ၏ အကျဉ်းချုပ် အဓိပ္ပာယ်မှာ နည်း ဥပဒေသဟု ဆိုလို၏။ အကျင့် အပြုအမူ စိတ်ထိန်းသိမ်းမှုကို ညွှန်ပြသည်။ ကွန်ဖုသျှ ဘာသာ၏ အဓိပ္ပာယ်မှာ ကိုယ်ကျင့်

တရားများ ဖြစ်သည်။ သိင်္ဂါလောဝါဒသုတ်လာ ပြုအပ်သော ဝတ္တရားများကဲ့သို့ပင် ဖြစ်၏။

ထို့ပြင် ထိုဘာသာ ၂-ရပ် မပေါ်မီက မိရိုးဖလာ ရှေးဘာသာဟောင်းကြီးလည်း ရှိပေသေး၏တမုံ့၊ ထိုရှေးဘာသာဟောင်းကြီး၏အယူမှာ (၁) ရေ့,မြေ,လေ,မီး စသော ဓာတ်သဘောနှင့် (၂) နတ်တစ္ဆေစသော ဝိညာဉ်သဘောများ ဖြစ်၏။ သေလွန်ပြီးသော မိဘ,ဘိုးဖွား စသောသူတို့၏ ဝိညာဉ်ကို ရှိခိုးပူဇော်ခြင်းသည် တရုပ်ပြည်၏ ရှေးဟောင်း ဘာသာကြီး ဖြစ်၏။

ထိုမှတဖန်တုံ၊ တောက်ဘာသာမှ "လောက်" ဘာသာတမျိုး ကွဲပြားလာပြန်၏၊ သာသနာနှစ် ၃၀၀—ကျော်"ချအင်" မင်းလက်ထက် မင်းချီးမြှောက်သော ဘာသာတရပ် ဖြစ်ခဲ့၏၊ နောက်ခေတ်သို့ ရောက်သောအခါ ဝိဇ္ဇာယာနဂိုဏ်း စုန်းနတ်မှော် အတိတ်နိမိတ် တဘောင် တိတ္ထုံ မန္တန် ဂါထာအင်းအိုင်တို့နှင့် ရောနှောလေတော့သည်။ ယခုအခါ တရုပ်ပြည်၌ စုန်း, နတ်, မှော်, အတိတ်, နိမိတ်, တဘောင်, တိတ္ထုံ, မန္တန်, မန္တရား, ယတြာဂါထာအင်းအိုင် စသည်တို့ကို မလွတ်ပဲ "ကန်ယင်ပီကျမ်း၊ ယင်ချင်ဝန်ကျမ်း"များကို လေးစားကြလျက် ရှိသေး၏။ ၎င်းကျမ်းများကား တောက်ဘာသာ အယူဝါဒ ပြဆိုသော ကျမ်းများ ဖြစ်ကြသည်။ ယခင် ပြဆိုခဲ့ပြီးသော မဟာယာန ဗုဒ္ဓဘာသာနှင့် ဗြာဟ္မဏဘာသာ ရောထွေးသော ဘာသာတရပ်သည် တရုပ်ပြည်သို့ဖြတ်သန်းကာ ပတ်ဝန်းကျင် အရပ်ဒေသတို့သို့လည်း ပျံ့နှံ့ရောက်ရှိလေသည်။

## မဟာယာန–ဗြာဟ္မဏဂိုဏ်း ဇင်းမယ်သို့ ရောက်ရှိလာပုံ

တရုပ်ပြည်၏ပတ်ဝန်းကျင်အရပ်ဒေသတို့သို့ ရောက်ရှိလာသော မဟာယာန ဗြာဟ္မဏဝါဒသည် ယိုးဒယားပြည်မြောက်ပိုင်း ဟရိဘုဥ္စတိုင်း ဇင်းမယ်အရပ်တွင် အကြီးအကျယ် အခြေစိုက်မိပြန်လေသည်။ ၎င်းဝါဒကိုခံယူသောပုဂ္ဂိုလ်များမှာ မဟာကစ္စာယန အမျိုးရှိသောဂိုဏ်းဝင်များဖြစ်ကြ၏။ ထိုအရှင်ကို ယိုးဒယား လောဘာသာအားဖြင့် မဟာကကျိုင်း ခေါ်၏။ ၎င်း၏ ရုပ်တုပုံတော်သည် ဇင်းမယ်မြို့ လွတ်ယွန်းစေတီတော်အနီးတွင်ယခုတိုင်တည်ရှိနေဆဲပင်။ မဟာယာန ဗြာဟ္မဏ တွဲစပ်သောအယူဝင်တို့သည် ဇင်းမယ်ပဏ္ဏာသ, ဥပ္ပာတသန္တိ ဂါထာ စသောသုတ္တန် ကျမ်းသစ်များကိုပြုစီရင်ကြလေသည်။

တရုပ်ပြည် မဟာယာန ကျမ်းဂန်များတွင် (၁) ဘုရားများ (၂) ဘုရားလောင်းများ (၃) အရဟတ်များ (၄) နတ်များကို ကိုးကွယ်ပုံ ပြထား၏။

(၁) ဘုရားမှာ ဂေါတမဗုဒ္ဓသကျမုနိ ဖြစ်၏။
(၂) ဘုရားလောင်းများမှာ သတ္တဝါတို့ကို ကယ်တင်ရန်အတွက် နိဗ္ဗာန်မယူသေးသော ပုဂ္ဂိုလ်များဖြစ်၏။
(၃) အရဟတ်များမှာ အရှင်သာရိပုတြာ, အရှင်မဟာမောဂ္ဂလ္လာန်၊ အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်သုဘူတိ၊ အရှင်ပုဏ္ဏ၊ အရှင်ကုတျာယဝ၊ အရှင်ဥပါလိ၊ အရှင်ရာဟုလာ၊ အရှင်အာနန္ဒာ ပေါင်း ၁၀-ပါး။

(၄) နတ်များကား ထင်ရှားသော နတ် ၂၄–ပါး ပြထားသည်၊ ဗြဟ္မာသိကြား ယမမင်း စတုမဟာရာဇ် နတ်ကြီးလေးပါးနှင့်၊ စစ်ဘက်ဆိုင်ရာနတ်များ ကွန်ဖုသျှ ဆရာကြီးနှင့် စာပေလောကဘက်ဆိုင်ရာ နတ်များလည်း ပါဝင်သည်။

ထိုတရုပ်ပြည် မဟာယာနကျမ်းတို့ကို လက်ဝေခံယူကာ ဇင်းမယ်အရပ် ဒေသတွင် ဝိဇ္ဇာယာန ဂိုဏ်းအယူအဆ အားဖြင့် အရဟတ်များကိုလည်း တသီးတခြား ကိုးကွယ်ပူဇော်ကြပြန်သည်။

## ဘုရား ၉–ဆူပေါ်လာပုံ

ဟာရိဘုဉ္စတိုင်း ဇင်းမယ်အရပ်ဒေသတွင်ရှိသော မဟာယာန ဗြာဟ္မဏဘာသာဝင်များက တရုပ်ပြည် အရဟတ်များ အချို့ကို ယူကာ အောက်ပါအတိုင်း စီစဉ်ကိုးကွယ်ကြပြန်သည်။

(၁) အရှင်သာရိပုတြာ (၂) အရှင်မဟာမောဂ္ဂလ္လာန် (၃) အရှင်အာနန္ဒာ (၄) အရှင်ကောဏ္ဍည (၅) အရှင်ရေဝတ (၆)အရှင်ဥပါလိ(၇)အရှင်ဂဝမ္ပတိ(၈) အရှင်ရာဟုလာ ပေါင်း (၈)ပါး ဗုဒ္ဓဘုရားနှင့်သော် ကိုးပါး ၉–ဆူ ဖြစ်လေသည်။

တဖန်တို့ ဗြာဟ္မဏဘာသာဝင် ဗေဒင်အယူအဆ ရောစွက်ကာ တင်နွေ တနင်းလာ စသော ဂြိုဟ်ရှစ်လုံး သို့မဟုတ် ဂြိုဟ်ကိုးလုံးနှင့်ကပ်၍ ဗုဒ္ဓနှင့်အရဟတ်များကို စီစဉ် ထားပြန်သည်။ ထို့ပြင် သုရဿတီ, စဏ္ဍီ, ပရမိဿ, မဟာပိန္နဲ, သောရမန္တ (ဂေါဝိန္ဒ) ဟူသော ဟိန္ဒူဗြာဟ္မဏ ဘာသာနတ်ကြီး ငါးပါးတို့ကိုလည်း ထည့်သွင်းပူဇော်ကြပြန်သည်။

အရဟတ် (အရဟန္တာ) များကို ဂြိုဟ်ရှစ်လုံး သို့မဟုတ် ဂြိုဟ်ကိုးလုံးနှင့် ယှဉ်တွဲ၍ ပူဇော်ပုံကား။

ဗုဒ္ဓကို ကပ်တဲ့ဂိုဏ်းနှင့်ယှဉ်ကာ အလယ်ဗဟိုထားလျက်

| | | | | | |
|---|---|---|---|---|---|
| (၁) | အရှင်သာရိပုတြာ | လက်ျာ | ဒက္ခိဏ | တောင် | ဗုဒ္ဓဟူးဂြိုဟ်။ |
| (၂) | အရှင်အာနန္ဒာ | | ပစ္ဆိမ | အနောက် | ကြာသပတေးဂြိုဟ်။ |
| (၃) | အရှင်မဟာမောဂ္ဂလ္လာန် | လက်ဝဲ | ဥတ္တရ | မြောက် | သောကြာဂြိုဟ်။ |
| (၄) | အရှင်ကောဏ္ဍည | × | ပုဗ္ဗ | အရှေ့ | တနင်းလာဂြိုဟ်။ |
| (၅) | အရှင်ဂဝမ္ပတိ | × | ပါယပ္ပ | အနောက်မြောက် | ရာဟုဂြိုဟ်။ |
| (၆) | အရှင်ဥပါလိ | × | နရတိ | အနောက်တောင် | စနေဂြိုဟ်။ |
| (၇) | အရှင်ရေဝတ | × | အဂ္ဂိ | အရှေ့တောင် | အင်္ဂါဂြိုဟ်။ |
| (၈) | အရှင်ရာဟုလာ | × | ဧသန္ဒ | အရှေ့မြောက် | တနင်္ဂနွေဂြိုဟ်။ |

× ဤအမှတ်လက္ခဏာရှိသော စကားတို့သည် သက္ကတဘာသာ ဗြာဟ္မဏဘာသာ စကားရင်းတို့ ဖြစ်ကြောင်းကို ဝန်ခံလျက်ရှိနေသည်။

# ဂြိုဟ်နက္ခတ်နှင့် ၉-ဆူဘုရား

ဗြာဟ္မဏ ဘာသာ လောကီဗေဒင်ကျမ်း အာယုဝေဒဆေးကျမ်း, ဇောတိသတ္တာသဂြိုဟ်, နက္ခတ်ကျမ်းတို့၌ ဂြိုဟ်နှင့်နက္ခတ် ခါတ်တို့ကို ရာသီခွင်ချ၍ ပြဆိုထားသည်မှာ—

(၁) တနင်္ဂနွေ ပထဝီ၊ နက္ခတ်ကား—အဿယုဇ္ဇ(အဿဝဏီ) မာဃ မူလာသဠ် ၃—လုံး (သူဆင်းရဲ) ၎င်းဂြိုဟ်အိမ်၌ အရှင်ရာဟုလာ။

(၂) တနင်္လာ အာပေါ၊ နက္ခတ်ကား— ဘရဏီ ပုဗ္ဗဖရဂုဏီ။ ပုဗ္ဗာသဠ် ၃—လုံး (သူဌေး) ၎င်းဂြိုဟ်အိမ်၌ အရှင်ကောဏ္ဍည။

(၃) အင်္ဂါ တေဇော၊ နက္ခတ်ကား— ကြတ္တိကာ ဥတ္တြ တဖာဂုဏီ ဥတြာသဠ် ၃-လုံး (သူခိုး) ၎င်းဂြိုဟ်အိမ်၌ အရှင်ရေဝတ။

(၄) ဗုဒ္ဓဟူး ဝါယောနက္ခတ်ကား— ရောဟိဏီဟာသတ သြဝဏ် ၃-လုံး (မင်း) ၎င်းဂြိုဟ်အိမ်၌ အရှင်သာရိပုတြာ။

(၅) စနေ အာကာသ၊ နက္ခတ်ကား— မိဂသီ, စိတြ, ဓနိသထ (ဓနသိဒ္ဓ) ၃-လုံး (မိဖုယား) ၎င်းဂြိုဟ်အိမ်၌ အရှင်ဥပါလိ။

(၆) ကြာသပတေး သည်းခြေ နက္ခတ်ကား — အဒြ, သွာတိ, သတဘိသျှ ၃-လုံး(ဘီလူး) ၎င်းဂြိုဟ်အိမ်၌ အရှင်အာနန္ဒာ။

(၇) ရာဟု ခေတ်မီး နက္ခတ်ကား ပုနပုသျှ ဝိသာခါ ပြုဗ္ဗဘဒြပိုဒ် ၃–လုံး (အမတ်)ငင်းဂြိုဟ်အိမ်၌ အရှင်ဂဝမ္ပတိ။

(၈) သောကြာ အာဟာရအပုပ် နက္ခတ်ကား ဖုသျှ အနုရာဓ ဥတြာဘဒြပိုဒ် ၃-လုံး (ပုဏ္ဏား) ငင်းဂြိုဟ်အိမ်၌ အရှင်မဟာမောဂ္ဂလ္လာန်။

(၉) ကိတ်, အကြေခေတ် နက္ခတ်ကား အသိလိသာ (အသလိသ) ဇေဋ္ဌ, ရေဝတီ ၃-လုံး (ရဟန်း) ငင်းဂြိုဟ်၌ ဗုဒ္ဓဘုရား။

ဤသို့အားဖြင့် နက္ခတ် ၉–ခိုင်ကို ဂြိုဟ်နှင့် ဆိုင်ကာ ပြထားလျက် မဟာယာနဂိုဏ်းတို့က ဘုရား ၉-ဆူနှင့်ကပ်၍ အမှန်းတင်ထားလိုက်ခြင်း ဖြစ်သည်၊ "အမွသေစန-ဂုရုပိန္ဒာန" နည်းအားဖြင့် သရက်ပင်လည်း ရေလောင်းရ ဆရာလည်း ရေချိုးရ ဟူ၍သို့ ဗြာဟ္မဏဘာသာဝါဒ ဂြိုဟ် နက္ခတ်တို့ကိုလည်း ပ–သရ ခေတ်ကြေလည်း ဖြစ်ရ၊ ဗုဒ္ဓဘာသာဝါဒ အရ ဘုရား ၉–ဆူလည်း ပူဇော်ရပြီး ဖြစ်လေအောင် •ဝိဇ္ဇာယာနဂိုဏ်း၏ စီမံချက်ဖြစ်လေသည်။•ဒက္ခိဏသာခါ ဘုရားလည်း ၉–ချက် ကြာဖက်ဆောင်း ဓမ္မခံအောက်တွင် ကြာငါးပွင့်နှင့် ငါးကြင်းရုပ် ပါစေလျက် ဝိဇ္ဇာယာန ဂိုဏ်း၏ အစီမံအတိုင်း လာဘ်ရ အန္တရာယ်ကင်းဖြစ်စေရန် စီရင်ထားခြင်းတည်း။

ဤအတိုင်း ယူဆရသော် တနေရာရာ၌ အစောင့် (၁) ဂြိုဟ်နတ်(၁) နက္ခတ်(၃) ခေတ်(၁) အန္ဒယ်ဝင်(၁) အထက်စီး (၁) အားဖြင့် ရှစ်ဆင့်ပင်ရှိ၏။ ဥပမာ အရှေ့မြောက်နေရာ၌

ဂဋ္ဌုန်စောင့်, တနင်္ဂနွေဂြိုဟ်, အသယှဉ္ဇ, မာဃ, မူလာသင့်ဗြနက္ခတ် ၃-လုံး၊ ပထဝီဓာတ် သူဆင်းရဲး အနွယ် အထက်စီး အရှင် ရာဟုလာဖြစ်၏။ သဘာဝ ကျကျ ဆင်ခြင် စဉ်းစားသော် ဘုရား ၉-ဆူပင် အစောင့်နတ်ကြီးများဘဝတွင်းသို့ ဝိဇ္ဇာယာန ဂိုဏ်းဆရာများ သွတ်သွင်း ပြောင်းလဲးစေလျက် ရှိသတည်း။

## မြန်မာနိုင်ငံသို့ မဟာယာန ဗြာဟ္မဏ အယူဝါဒ ရောက်ရှိလာပုံ

မြန်မာနိုင်ငံသို့ မဟာယာနဗြာဟ္မဏ အယူဝါဒရှိ ဗုဒ္ဓဘာသာ သည် သာသနာနှစ် ၁၀၀ ပြည်မြို့ ဒွတ္တဘောင်မင်း လက်ထက် တွင် ရောက်ရှိနှင့်လေပြီ၊ ၎င်းအယူဝါဒသည် ဣန္ဒိယမှ တိုက်ရိုက် ဝင်လာသည်ဟု ယူဆရပေမည်၊ ထိုမင်း လက်ထက် ရောက်ရှိ နေကြောင်းကို မြို့ပနက်ချရာတွင် ဂဝမ္ပတေ ရသေ့ သိကြား, နဂါး, ဂဋ္ဌုန် စန္ဒီ, ပရမိသ္ဝာ ဤ ၇-ဦးတို့ ကြပ်မရှုတည်ကြောင်း မှန်နန်းရာဇဝင်အရ ထင်ရှား၏၊ သို့ရာတွင် အတိုသက္ကရာဇ် ၄၃၀-ခုနှစ် ပုဂံပြည် သိုက်တိုင်မင်း လက်ထက်သို့ ရောက်သော အခါ မဟာယာန ဗြာဟ္မဏဘာသာဝင် အရည်းကြီးတို့ကား အလွန် တန်ခိုး ထွားကြလေတော့သည်။

ယိုးဒယားပြည် မြောက်ပိုင်း ဟာရိဘုဥ္စတိုင်း အဝင်အပါ ဇင်းမယ်အရပ်မှ မဟာယာန ဗြာဟ္မဏ ဘာသာဝင်တို့ကား မွန်ပြည်သို့ ရောက်ရှိခြားသော်လည်း ဣန္ဒိယပြည် မဒရပ်နယ် တဥ္စပူရ (၎င်းမြို့သည် မီးရထားလမ်း အားဖြင့် မဒရပ်မှ အနောက်တောင် မိုင် ၄၆-ချင်ဂလိပုတ်နယ်ရှိ မြို့တမြို့ဖြစ်သည်)မှ

ထေရဝါဒတောင်ပိုင်း ဗုဒ္ဓဘာသာ ရှိနှင့်ပြီးဖြစ်၍ ကောင်းစွာ မှသက်နိုင်တော့ပေ၊ သို့ရာတွင် ဘုရား ၉–ဆူ ပူဇော်ပုံနှင့် ဒက္ခိဏသာခါ ဘုရားကိုးကွယ်ပုံ ဇင်းမယ်ပဏ္ဏာသကျမ်း ဥပ္ပာတသန္တိကျမ်းတို့သာလျှင် သက်ဝင်ရောက်ရှိခွင့် ရကြလေသည်၊ မွန်ပြည်က လက်ဝေခံယူခဲ့သော ဘုရား ၉-ဆူ ပူဇော်ပုံနှင့် ဒက္ခိဏသာခါ ဘုရားကိုးကွယ်ပုံ ဇင်းမယ်ပဏ္ဏာသ ဥပ္ပာတသန္တိ ကျမ်းတို့သည် မြန်မာနိုင်ငံသို့ ပျံ့နှံ့ ရောက်ရှိပြန်တော့သည်။

ဇင်းမယ် အရပ်ဒေသသို့ မဟာယာန ဗုဒ္ဓဘာသာသည် သာသနာနှစ် ၁၁၆၅-ခန့်လောက်တွင် ရောက်ရှိလာကာ မွန် မြန်မာနိုင်ငံသို့ သာသနာနှစ် ၁၇၀၀-ကျော်လောက်တွင် ရောက်ရှိလာသည်ဟု မှန်းဆမိ၏၊ သို့ရာတွင် ဘုရား ၉–ဆူ ပူဇော်ပုံနှင့် ဒက္ခိဏသာခါဘုရား ကိုးကွယ်ပုံ ဇင်းမယ်ပဏ္ဏာသ ဥပ္ပာတသန္တိ ကျမ်းများလောက်သာ အဖတ်တင် ကျန်ရှိခဲ့လေသည်။ ဘုရား ၉–ဆူ ပူဇော်ပုံကား မြန်မာရာဇဝင်နှင့် ပျို့ကဗျာတို့၌ တစွန်းတမြိတ်မျှ မပါရှိရကား ထိုအခါက မွန်ပြည်၌သာ အထူးတလည် ပူဇော်ကြောင်း ထင်ရှား၏။

မြန်မာနိုင်ငံ ကုန်းဘောင်ခေတ် နောက်ပိုင်း ပုဂံမင်းနှင့် မင်းတုန်းမင်း သီပေါမင်းတို့ လက်ထက် အောက်မြန်မာပြည်တွင် အတော် အတန် ခေတ်စားလျက် ဘုရားကိုးဆူ ပူဇော်ရန် စာတမ်းများစွာ ရေးသားကြလေသည်၊ သို့သော်လည်း မည်မည် ရရ ခိုင်ခိုင် မာမာ ရေးသားကြသော စာတမ်းများကို စိတ် ကြေနပ်လောက်အောင် မတွေ့ရှိရပေ၊ ကျွန်ုပ်သည် ငယ်စဉ်က စ၍ စာပေ ဗဟုသုတဖက်၌ အတော်ပင် ဝါသနာ ထုံခဲ့၏၊

၎င်းကိုးဆူကပဲ စာတမ်းများကိုလည်း အမှတ်တရ စုဆောင်းခဲ့၏၊ ကျွန်ုပ် စုဆောင်းထားသော စာတို့တွင် အချို့စာများသည် ဇိနတ္ထပကာသနီ ကျမ်းပြု ကျီးသဲ လေးထပ် ဆရာတော် ရေးသားသော စာများဟု ယူဆမိ၏၊ အကြောင်းကား ၎င်းဆရာတော် ရေးသားထားရှိခဲ့သော သဇ္ဇနဝိလာသနီ ကျမ်း၏ အာဘော်နှင့် မခြားနားကြောင်းကို တွေ့ရှိရ၏။

သို့ရာတွင် ဝမ်းနည်းဖွယ်ရာ တခုကား ၎င်းဆရာတော် ရေးသားသည်ဟု ထင်ရသော ဘုရားကိုးဆူ စာနှင့် အခြားဆရာများ ရေးသားထားရှိသော စာများတို့သည် အလွန်အမင်း ချွတ်ယွင်းပျက်ပြားနေကြသဖြင့် လိုရင်းကျ ရရှိရန် ကြိုးပမ်း၍ပင် ပြင်ဆင် ထည့်သွင်းရပါသည်။

အသုရာ ပြည်၌ရှိသော ပုဇ္ဇန်လက်မ ကက္ကဋ္ဌစည်ကြီးသည် အပေါက်အကွဲ များလွန်း၍ သစ်သားမယ်နတို့ဖြင့် ဖာရထေးရသဖြင့် ပုဇ္ဇန်လက်မသာ ကုန်လုမတတ် ရှိရသလို ရှေးဆရာကြီးများ ရေးသားသည့် လင်္ကာကဗျာသွားတို့ကို မပျက်မပြားစေလို၍ ပြင်ရ ဆင်ရ ထည့်သွင်းရသဖြင့် မူလစာသားပင် ကုန်လုမတတ် ရှိပေတော့သည်၊ အိပ်ရတာ ငိုက်ထာလောက်မျှ မကောင်း ဆိုတာလို ရှေးဆရာကြီးတို့၏ လက်ရာဟောင်းကို ကောင်းစေလိုသော စေတနာနှင့် ပြင်ဆင် ထည့်စွက်ရခြင်းထက် မိမိဘာသာ ရေးရခြင်းက ပို၍ပင် သက်သာ လိမ့်မည်ဟု ထင်မိ၏၊ သို့ပါသော်လည်း ရှေးစာဆိုတော်ကြီးများကို လေးစားသော အနေဖြင့် မူရင်းအစအနမှ ရရှိပါစေတော့ဟု အာရုံ

ပြုကာ ရွေးလင်္ကာ ကဗျာများကို စုပေါင်းပြီး ဘုရားကိုးဆူ ပူဇော်နည်း စာတမ်းတခု ထုတ်ဝေခြင်း ပြုလိုက်ရပါသတည်း။

ယခုထုတ်ဝေသော စာအုပ်တွင် မေတ္တာလက်ဆောင် အနေအားဖြင့် ဗန္ဓုလမလ္လိကာ အမွှန်းစသော အမွှန်းများနှင့် ဦးရှင်ကြီး ဆွမ်းတင်စာတမ်းနှင့် မင်္ဂလာဘိသိက်သွန်း စာတမ်း မင်္ဂလာ ဩဝါဒကထာ စသည်တို့ကို ကျမ်းဆရာက ထည့်သွင်း ဖော်ပြထားရှိပါကြောင်း။

(သိရိမဟာပဏ္ဍိတ်) ဆရာ ဦးစိန်ဖေ
ရန်ကုန်မြို့၊

# ဘုရား ၉-ဆူပူဇော်နည်း စာတမ်း

နမော အင်္ဂီရသဿ

## ဘုရား ၉-ဆူပူဇော်ရာ၌ ဆွမ်းချက်ခြင်း စသော အစီအစဉ်ပြ ပုဗ္ဗကိစ္စများ

(၁) ဆွမ်းဆန်မှာ အကျိုး အကြေ မပါစေရ ဆန်ရှင်းသား ကို ၉-နဝင်းကြေ ပြုလုပ်ရာ၏။

(၂) ဆွမ်းအိုးမှာ တခါတရံမျှ မချက်ဖူးသေးသော သစ်လွင် သန့်ရှင်းသော အိုးဖြစ်ရပါမည်။

(၃) ယောက်မမှာ ဇီးသား၊ သို့မဟုတ် သစ်လွင်သော ယောက်မဖြစ်ရပါမည်။

(၄) ထင်းမှာ ဇီးသား၊ သို့မဟုတ် သန့်ပြန့်ကောင်းမွန်သော ထင်းဖြစ်ရပါမည်။

(၅) ဖိုခနောက်မှာ နဂါး ဂဠုန် ကုမ္ဘဏ် ပြုလုပ် စီရင်ရပါမည်။

(၆) ဆန်ဆေးသောအခါ ၉—ကြိမ်တိုင်တိုင် ဆေးကြော၍ ချက်ရာ၏။

(၇) ဆွမ်းချက်သော နေရာ၌ အလှူရှင်၏ အတောင်ဖြင့် လေးတောင် အစောက် နှစ်တောင်ရှိ ရာဇမတ်လေးချပ် ဝန်းရံကာ ငှက်ပျောပင်ရှင် လေးပင် ထောင့်လေးရပ် တွင် စိုက်ပြီးလျှင် အပေါ်က ဗိတာန်မျက်နှာကြက် ပြုလုပ်၍ ဆွမ်းချက်ရမည်။

(၈) မင်းကိုယ်ချည်မှာ ဆွမ်းချက်သူ ဝင်ပြီးလျှင် အသက်ကို မှုတည်၍ ရစ်ပတ်ရမည်။

(၉) သဲဖြူကို ရာဇမတ်အတွင်းမှာ သန့်ပြန့်စွာ ခင်းထားရ ပါမည်။

(သတိပြု၊ ဆွမ်းချက်သူမှာ ဆွမ်းမနပ်မီ အပြင်သို့ မထွက်ရ)။

(၁၀) ဆွမ်းချက်ရန် ကိရိယာမှာ ခုံဒေါင်းပေါင်, ဆန်ဆေး တောင်း ဆွမ်းတည့်ရန် ခွက် အစ် ဇွန်း စုံလင်စွာ ထားပြီးမှ ဆွမ်းချက်ရမည်၊ ဆွမ်းချက်သော အခါ ထောင့်လေးရပ်က ဆီမီးလေးတိုင် အလယ်ဗဟို၌နက· ဆီမီးတတိုင် ညှိထွန်းရမည်။

၁၁) ကာရံထားသော ရာဇမတ်မှာ တံခွန်ကုက္ကား ကြက်လျှာ· စိုက်ထားရမည်။

၁၂) ဆွမ်းချက်သူမှာ ညဥ့်ဦးယံက သန့်ရှင်း စင်ကြယ်အောင် ဦးခေါင်း လျှော်ခြင်း ပြုရမည်၊ ရေမိုးလည်း

ချိုးထားရမည်၊ သန့်ပြန့် စင်ကြယ်သော အဝတ် တန်ဆာ ဆင်ယင်၍ သရဏဂုံနှင့် ငါးပါးသီလ ဆောက်တည် ထားရမည်၊ ထို့နောက် ဆွမ်းကို ပြင်ဆင် လှူဒါန်းရပါမည်။

## ဆွမ်းပွဲ ပြင်ဆင်ရန်

| | | | |
|---|---|---|---|
| (က) | ရဟန္တာ | ၉ | ပွဲ။ |
| (ခ) | နတ်ကြီးငါးပါး | ၅ | ပွဲ။ |
| (ဂ) | ရက္ခဇိုဝ်း | ၁ | ပွဲ။ |
| (ဃ) | ဘုမ္မဇိုဝ်း | ၁ | ပွဲ။ |
| (င) | အာကာသဇိုဝ်း | ၁ | ပွဲ။ |
| (စ) | အိမ်စောင့်နတ် | ၁ | ပွဲ။ |
| (ဆ) | ဂြိုဟ်စောင့်နတ် | ၉ | ပွဲ။ |

ပေါင်း သတ္တဗီသ ၂၇-ပွဲ ပြင်ဆင်ရပါမည်။

## ဆွမ်းပူဇော်ရန် အရပ်ဒေသ

(၁) အခြံအရံလိုသော် မိမိ၏ ပရိဝါရအရပ်က ပူဇော်ပါလေ။

(၂) အသက်ရှည်လိုသော် မိမိ၏ အာယုအရပ်က ပူဇော်ပါလေ။

(၃) မြို့ရွာလိုသော် မိမိ၏ နဂရအရပ်က ပူဇော်ပါလေ။

(၄) လယ်ယာမိုးမြေလိုသော် မိမိ၏ ဘူမိအရပ်က ပူဇော်ပါလေ။

(၅) ကျိုကျ ဘဏ္ဍာ ဥစ္စာဆင်မြင်းလိုသော် မိမိ၏ ဂဟပတိ အရပ်က ပူဇော်ပါလေ။

(၆) ဘုန်းတန်ခိုး ကြီးလိုသော် မိမိ၏ တေဇ အရပ်က ပူဇော်ပါလေ။

(၇) ရာထူးဌာနန္တရ ခိုင်ခံ့ မြဲမြံလိုသော် မိမိ၏ ဌာန အရပ်က ပူဇော်ပါလေ။

(၈) မြို့ရွာ ကြက်သရေ တိုးတက်လိုသော် မိမိ၏ သိရီ အရပ်က ပူဇော်ပါလေ။

ထိုသို့ ဆိုလင့်တပြီးမူ ထိုထိုအရပ်၌ မလျောက်ပတ်ခဲ့သော်ငြား၊ အထူးသဖြင့် လျောက်ပတ်ခဲ့သော်ငြား တင့်အပ်သော အရပ်၌ ပူဇော်လေ၊ ထိုသို့ ပူဇော်သောအခါ၌ မြတ်စွာဘုရား ရုပ်ထုတော်ကို ပူဇော်သောသူ၏ ရင်ဝနှင့် ချိန်ဆ၍ ပူဇော်ကြပါကုန်။

## ထီးတံခွန်လုပ်နည်း အစီအရင်

ထီးမှာ ၉-လက်၊ ကုက္ကား ၉-လက်၊ တံခွန် ၉-လက်၊ ကြက်လျှာ ၉-ခု၊ ယပ် ၉-စင်း၊ ပန်းဆိုင်း ပန်းကုံးဆွဲကာ အပေါ်က ဗိတာန်မျက်နှာကြက်၊ ဘေးက တင်းတိမ်ကန့်လန့်ကာ ကာရံပြီးလျှင် အရုဏ်မတက်မီဆွမ်းကို ပြင်ဆင်နှင့်၍ ဆီမီးဖယောင်းတိုင် ၉-တိုင် ပြင်ဆင်ခြင်း ရှိစေရမည်။ အရုဏ်တက်သည်နှင့် တပြိုင်နက် ဆီမီး ထွန်းညှိစေ၍ "ဗုဒ္ဓေါစ မင်္ဂလေသော" စသော ဂါထာကိုရွတ်ကာ ပန်းပေါက်ပေါက် ကြဲမြောက်ရာ

သည်။ ထိုနောက် "အဋ္ဌာရသဟတ္ထုဗ္ဗေဓော" စသော ၉-ဂါထာတို့ကို ရွတ်ဆိုလျက် "ယောဥတ္တာ" စသော ၂-ဂါထာ "ဣစ္စေဝံနဝဗုဒ္ဓာနံ" စသော (၁၁)ဂါထာ ပါ၍အနက်များကို ကြိမ်ဖန်များစွာ ရွတ်ဆိုကာ ဆုတောင်းပတ္ထနာ ပြုကုန်ရာသည်။

## ဆွမ်းစွန့်သော အစီအရင်

ဆွမ်းစွန့်သောအခါ၌မူ နောက်က ပြခဲ့သော အရပ် ရှစ်မျက်နှာတွင် မိမိလိုရာ၌ဘာနသို့ သန့်ပြန့်သော ဖက်ဖြစ်စေ စက္ကူဖြစ်စေ ဖြန့်ခင်း၍ စွန့်ပါလေ။

## တံခွန်လုပ်နည်း အစီအရင်

တနင်္ဂနွေ, နီချင်းတျာ, စန္ဒြာကျားမင်း, ဖြူခြင်းလွလွ, ဘောမခြသေ့, ဘုန်းငွေရွှေတူ, ဆင်မူအစိမ်း, အေးငြိမ်းရေးသား, နဂါးအနက်, ကြွက်ကားအဝါ, ဟိုင်းမှာအပြောက်, ထို့နောက်ပူးမှာ, ဂြိုဟ်သောကြာမူ, အပြာစင်စစ်, ကိုယ်လျှင် ဖြစ်တည့်, ပူပြစ် ကင်းဝေး, ရန်ဘေးမလာ, တရာသက်တည်, ရှည်အံ့ မှန်သည်, တံခွန်လုပ်ရိုးကျမ်းလာတည်း။

| | |
|---|---|
| တနင်္ဂနွေ | အနီ။ |
| တနင်းလာ | အဖြူ။ |
| အင်္ဂါ | အရွှေ။ |
| ဗုဒ္ဓဟူး | အစိမ်း။ |

| | |
|---|---|
| စနေ | အနက်။ |
| ကြာသပတေး | အဝါ။ |
| ရာဟု | အပြောက်။ |
| သောကြာ | အပြာ။ |

တနင်္ဂနွေ, တနင်္လာ စကား ရပ်တို့၌ ရှေးကျသော အခါ ဝေါဟာရမှာ "တနင်္ဂနွေ" သို့မဟုတ် "တနင်္ဂနွေ" "တနင်္လာ" သို့မဟုတ် "တနင်္လာ"ဟူ၍၊ တနင်္ဂသဒ္ဒါ, တနင်္သဒ္ဒါ အရောင်အလင်းဟော၏။ နွေကား, နေဟော, လာကား, လဟော ပရိယာယ်ဟူသတည်း။ ၎င်းနှစ်နေ့သည် ရှေးဟောင်း စကားဖြစ်သည်၊ ဝေါဟာရလိနတ္ထဒီပနီကျမ်း၌ ပါဠိ, သက္ကတ ပျက်ယောင်ယောင် ပြုဆိုထားသည်။ ယုတ္တိမရ။ ထို့ပြင် ကျန် နေ့များမှာမူ ပါဠိ, သက္ကတမှ တိုက်ရိုက် ဆင်းသက်လာသည်။ အင်္ဂါရ-အင်္ဂါ, ဗုဓ-ဗုဒ္ဓဟူး, သနိ,သနေ-စနေ, ဝါစမ္ပတိမှ ဝါပုဒ် ကြေကာ စမ္ပတိ ကျမ္ပတိ ကျသပတေ—ကြာသပတေး ပတလုံး သဖြစ်လာသည်။ ရာဟုကား ပုဒ်ရင်း အတိုင်းပင်၊ သုက္က— သောကြာ, ကေတု—ကိတ်။

ဆေးကျမ်း နက္ခတ်ကျမ်းများ၌ ခတ်တို့၏ အရောင်ကို ဤသို့ ခွဲဝေပြထား၏။ တနင်္ဂနွေအိမ်ကစ၍ ပထဝီ-အနက်။ အာပေါ-အနီ။ တေဇော-အဖြူ။ ဝါယော-အဝါ။ ယောကြာ အပုပ် အပြာ။ ကြာသပတေး—သည်းခြေ အစိမ်း။ စနေ— အာကာသ အကြောင်အကျား။ ရာဟု—ခတ်မီး အနံ့ အပိုင်း အခြား မရှိ။ ဤသို့ပြထားသော်လည်း ဤနေရာ၌ ခတ်ရောင် ကို မလိုအပ်ပေ။

## ဂြိုဟ်နတ်တို့အတွက်ဗလိနတ်စားပွဲပြင်ရန် အစီအစဉ်

တင်ရန်ပန်းမှာ ပန်းဖြူ ပန်းနီ ပန်းဝါ သပြေ ဤပန်းစုကို မနွမ်း မခြောက်စေဘဲ လန်းလန်း ဆန်းဆန်း ရှိစေရမည့်ပြင် ဇီးယို အုန်းယို သဘော်ယို သုံးမျိုးအောက် မယုတ်စေရ၊ သစ်သီးမှာ ငှက်ပျောသီး အုန်းသီး အခြား သစ်သီးတမျိုးမျိုး။ သစ်သီးမှာလည်း သုံးမျိုးအောက် မယုတ်စေရ၊ မုံ့မှာ ကောက်ညှင်းဖြင့် ပြုလုပ်သော မုံ့ဆီကြော် အနီ အဖြူ အဝါ ဤသုံးမျိုးအောက် မယုတ်စေရ၊ ကွမ်းယာ လဖက်အစုံကို ဖက်ခွက်နှင့်ဖြစ်စေ၊ ဂြိုဟ်ခွက်နှင့်ဖြစ်စေ လုပ်၍ပူဇော် ပသရာ၏၊ လူတို့သုံးဆောင်ပြီးသော ပန်းကန်နှင့် မပြင်ဆင်ရ၊ ရှေးမူအတိုင်း ပြုလုပ်မှ ဌာန်ကရိုဏ်းကျချိမ့်မည်။

## ဂြိုဟ်စာကျွေးရန်အချိန်

(၁) တနင်္ဂနွေ, အင်္ဂါ, သောကြာဂြိုဟ်တို့ကို နံနက်အရုဏ်တက် ကြီးမနိုးမိ ၅-နာရီအချိန်၌ ပူဇော်ပသကျွေးမွေးလှူဒါန်းပါလေ။

(၂) တနင်းလာဂြိုဟ်ကို နံနက် အရုဏ်တက် ၅-နာရီခွဲ အချိန်၌ ပူဇော်ပသ ကျွေးမွေးပါလေ။

(၃) ကြာသပတေးဂြိုဟ်ကို နံနက်နေဝန်းထွက်မှ ပူဇော် ပသ ကျွေးမွေးပါလေ။

(၄) စနေဂြိုဟ်ကို နံနက် ၉-နာရီတိတိ အချိန်၌ ပူဇော် ပသ ကျွေးမွေးပါလေ။

(၇) ဗုဒ္ဓဟူးဂြိုဟ်ကို ဆယ်နာရီတိတိ အချိန်၌ ပူဇော်ပသ ကျွေးမွေးပါလေ။

(၈) ရာဟုဂြိုဟ်ကို နေမွန်းတည့် ၁၂-နာရီအချိန်၌ ပူဇော် ပသ ကျွေးမွေးပါလေ။

ဂြိုဟ်စာကို အချိန်နှင့်ကျွေး၍ ဆုတောင်းပါလေ၊ အချိန်မှန် ကျွေး ဆုတောင်းပြီးလျှင် ပါပဂြိုဟ်လေးပါးကို တပါးစီ အလျှင် ပို့ရမည်၊ ထို့နောက် သောမဂြိုဟ်လေးပါးကို တပါးစီ ပို့ရမည်။ ထို့နောက် ဂြိုဟ်ရှစ်ပါးလုံးပေါင်း၍ မေတ္တာပို့ အမျှဝေရမည်။ ထို့နောက်မှ ကိတ်ဂြိုဟ်ကို မေတ္တာပို့ကာ အမျှဝေပြီးမှ ကိတ် ဂြိုဟ်ကို ပို့ရမည်၊ ကိတ်ဂြိုဟ်သည် ရှစ်ပါးသော ဂြိုဟ်တို့၏ အကြီးအမှူးဖြစ်၍ အရောင်အဆင်းမှာ ငါးမျိုး (ပဥ္စရူပ) ကိတ်၏ အမည်သုံးမျိုး နိမိတ်မှာ ဆယ်မျိုးရှိသည်ဟု ရာဇမတ္တဏ် ကျမ်း သရောဒယကျမ်း နေမိတ္တကကျမ်း စသော လောကီ ကျမ်းတို့၌ အဆို အလာ ရှိသဖြင့် အထူးပသ ပူဇော်ကြပါကုန်။

အရောင်အဆင်း ငါးမျိုးကို အစွဲပြုကာ လောကီဝိဇ္ဇာ။ ယာနဂိုဏ်း ဆရာတို့က (ပဥ္စရူပ) ရုပ်လုံး ထွင်ခဲ့ပြီးလျှင် ကိတ်ဂြိုဟ်၏ အစီးအနင်း ယာဉ် တခု ဖန်တီး ထားကြသည်။

ပူဇော်ပသရန်မှာ ဖျင်ဖြူ ငါးတောင် ဖျင်နီ ငါးတောင် အုန်းငှက်ပျော ဆန်လဖက် ကွမ်းယာ အမွှေးနံ့သာ ပွဲရကာ စုံလင်စွာ ပြင်ထားရမည်၊ ဆန်ပန်းပေါက်ပေါက်ဖြင့် ပင့်ခေါ် ပူဇော်ရမည်။ သတိပြုရန်– ဂြိုဟ်နတ်တို့ကို ညဉ့်ဦးက မပင့် မခေါ်ရပါ၊ သန်းခေါင်ကျော်မှ ပင့်ခေါ်ရပါမည်၊ ကိတ်

ဂြိုဟ်ကို ပဌမဦးစွာ လေးနာရီခွဲ ပဌမအရက်ကျေး၍ ပို့သော အခါ အားလုံးသောဂြိုဟ်များ ပို့ပြီးမှ နောက်ဆုံးပို့ရမည်။

ကိတ်ဂြိုဟ်ကား ဤသို့တည်း။ တရံရောအခါ နို့ဓမ်းသမုဒ္ဒရာ၏ အပြင်ဖက်၌ နတ်သဘင် အစည်းအဝေးပြုလုပ်ကာ အမြိုက်ရည် ကို သောက်စားနေကြ ကုန်သတတ်၊ ထိုအခါ ကေတုဘီလူးသည် နတ်ယောင် ဆောင်ကာ ထိုအစည်းအဝေးတွင် ဝင်ရောက်ပြီး ထိုအမြိုက်ရည်ကို သောက်နေလေသည်။ သူပြောသော စကား သံကို နေနတ်သားနှင့် လနတ်သားတို့က မှတ်မိသိရှိကြသည်နှင့် ပရမေသွာ နတ်မင်းကြီးအား ပြောကြားလိုက်ရာ ထိုနတ်မင်း ကြီးသည် ဒေါသအမျက် ဟုန်းဟုန်းထွက်ကာ ကေတုဘီလူး ခေါင်းကို ဖြတ်ပိုင်းလိုက်လေသည်။ သို့သော်လည်း အမြိုက်ရည် သောက်ထားသဖြင့် မသေပဲ နှစ်ပိုင်းလုံး အသက်ရှင်ကြသည်။ ခေါင်းပိုင်းမှာ ရာဟုဖြစ်၍ ကိုယ်ပိုင်းကား ကေတု (ကိတ်) ဖြစ် သည်။ ၂-ပိုင်းလုံးကိုပင် ဂြိုဟ်အမှတ်ပြု၍ ထားကြသည်။ ကိတ် ဂြိုဟ်သည် မိမိရောက်ရာခွင်၌ ၇-နှစ်တိုင်နေသည်။ ရာဟုကိတ် ဂြိုဟ်နှစ်ခုလုံးပင် ပါပဂြိုဟ်ဆိုးကြီးများ ဖြစ်ကြသည်။ "သဒ္ဒတ္ထ ပါရိဇာတ ဟိန္ဒီအဘိဓာန် နံပါတ် ၁၆၀"။

## ဗုဒ္ဓရှင်တော်အား ပင့်လျှောက်ရန်စာတမ်းဦး နမောအဂ္ဂီရသဿ

ဗောဓိမဏ္ဍိုင် မြေဦးကိုင်၌ ကိုးဆိုင်ဂုဏ်တူး ပြည့်စုံဦး၍ လူမှုးဥက္ကဋ္ဌ အနတ်နတ်ဆရာ ဗြဟ္မာတို့ရှေ့သွား ရှင်တော်ဘုရား သည် ရှည်လျားကမ္ဘာ မြင့်ကြာတီတော လေးသင်္ချေနှင့် ကပ်ရေ

တသိန်း ထိုထိုကိန်းတို့၌ ဖြည့်ထိန်းဆည်းပူး အထူးလေ့လာ ပါရမီသမ္ဘာရ ဆယ်ပုညအစုံ တေဇာဟုန်တို့ကြောင့် အင့်ရင့်မာ ပန်းမာလာနှယ် ပြည်လယ်ကပိလ မွေးဖသုဒ္ဓေါ် မယ်တော်မာယာ တောင်ညာဒေဝီ နန်းမဟေသီ၏ စေတီသမိုက် ဝမ်းကြာတိုက်မှ သိုက်မြိုက်ကြည်လင် လုမ္ဗိနီပန်းဥယျာဉ်ဝယ် ဖွားမြင်တော်မူပြီးနောက် တဆဲ့ခြောက်နှစ် ရှယ်မျစ်နှစ်ိ သက်တော်ပျိုတွင် ရွှေကိုယ်တန္တု နှူန်းဆောင်ပူလောက်သည့် ဿမ္ဗူဖွားကျော် မယ်ယသော်နှင့် နှစ်ဖော်စုလျား ပတ်ရစ်ငြားကြောင့် မင်းသားရာဟု ဖွားမြင်မူတွင် လေးအင်နိမိတ် နတ်ပြဟိတ်ကြောင့် ရွှေစိတ်တော်မကြည်ရှင် လောကီခွင် ငြီးငွေ့လျက် အလိုမပြေ့သပမှုန်းယောင် နဂိုဓလေ့ကစွမ်းဆောင်သဖြင့် ထိုနေ့ည သန်းခေါင်တွင် နန်းကိုရှောင် ထီးကိုစွန့်လျက် နောက်မတွန့်သံယောဇဉ် နော်မာခွင်သောင်ကမ်းသို့ ထွက်မြန်းတော် မူလေသတည်း။

အနော်မာ သောင်ခွင်ဝယ် ယသော်ခင် ထုံးနှောင်သည့် ပိတုံးရောင်ရှိ ဟန်သွေမကွာ သုံးတောင်ပြည့် ဆံကေသာကို ပယ်ဖြတ်ကာပူပြီးမှ ဝါတမူရှင်လန်း ဗြဟ္မာလှူ ကြာသင်္ကန်းကို ဆင်မြန်းကာ မယုတ်ရပဲ အကျင့်တော် ဒုက္ကရဖြင့် ခြောက်နှစ်မျှတိုင်တိုင် လူသာမန်ခပဲ ကြံ့ခဲသည့် အတင့်ရဲ ကျင့်မက္လိုင်ကို လက်ဆုပ်ကိုင် ပိုင်နိုင်တော်မူကာ မဟာဗောဓိ အပ္ပရာဇိရပ်ဌာန်တွင် လေးအင်သော သစ္စာနှင့် ပုဗ္ဗေနိဝါသ အစ ဒိဗ္ဗစက္ခုအလယ် နောက်ဆွယ် အာသဝက် ဉာဏ်တော်စဉ် ဆင့်ဖက်၍ အရှုဏ်တက် ရောင်ခြည်အလာတွင် ကမ္ဘာမှာ တဆူထီးကဲ့သို့ လူတသီး နတ်ခြားလျက် မြတ်ဘုရား ဖြစ်တော်မူလေသတည်း။

ပုထု ဝိပုက္ခလ သီသေ ရွှေမြေဗဟို ပင်ပျို ညောင်နန်း၌ အောင်ပန်းဆွတ်ခူး၍ သုံးလူ့မှူးမကိုဋ် အမြိုက်ထွတ်ထား ဘုရားအစစ် ဖြစ်တော်မူပြီးသော် တဆူထီးသီမြင် ရရှိသည့် တရားစင်ကို အပွားပင် ပြန်ခတ်လျက် အထပ်ထပ် ရှုမကုန် အနုလုံ ပဋိလောမ ဉာဏ်မြင်တော်အနန္တဖြင့် ကြံဆ၍ ဆင်ခြင်တော်မူရာ ဝယ် လွန်စွာနက်နဲ သိဖို့ရန် ခက်အခဲကြောင့် မျက်မှဲ့ ပြစ်ထူ ကိလေသာပြေသူကို မနောဖြူစုံမှိတ်၍ မဟောမူ တုဏှိုတ်ဖြင့် ဆိတ်ဆိတ်နေမှ လျော်မည်ဟု ရွှေဘောတော် သန်မကြွသဖြင့် ကြံဆတော်မူလေသတည်း။

ထိုရော်ခါတုံ သဒ္ဓါဝါ ပြဟ္မာဘုံက စျာန်ဟုန်လင်းဘိ မဟာသဟမ္ပတိသည် "နဿတိဝတ ဘော လောကော, နဿတိ ဝတ ဘော လောကော"ဟု အံ့သြခြင်းကြီးမက အံ့သြလှ လျက်-ဘော၊ အိုအချင်းတို့။ လောကော၊ ကမ္ဘာလောကဓာတ် ကြီးသည်။ နဿတိဝတ၊ တချက်ထည်းနှင့် စနက်မီးမသေ့ ပျက် စီးချေရတော့မည်တကား။ ဤသို့ ငြီးတွားသံချေ အံ့သြနေဖြင့် ပရမေဗုဒ္ဓ အနုတ္တရဘုံခံ ဘုရားရှင်ထံသို့ လျင်မြန်စွာ သက် ဆင်း၍ ဝတ်စင်းတင်ချီ အဥ္စလီအရိုး အကြိမ်ကြိမ် ရှိခိုးလျက် "ဒေသေတု ဘန္တေ ဘဂဝါ ဓမ္မံ, အညာတာရော ဘဝိဿန္တိ" ဘန္တေ၊ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။ ဘဂဝါ၊ ဘုန်းဂုဏ်ဓမ္မ ခြောက်စုံရ၍ ပြည့်စထွားထွား ရှင်တော်မြတ် ဘုရားသည်။ ဓမ္မံ၊ ကိုယ်တော်တိုင် ကြံဆ၍ မှန်ကန်လေစွ ဓမ္မမည်ငြား မြတ်တရားကို။ ဒေသေတု၊ ကရုဏာရှေ့ထား၍ သတ္တဝါအများကို ဟောကြားတော်မူပါဘုရား၊ အညာတာရော၊ မသိသူဖယ်ရှား၍ သိသူတကယ်များပါသဖြင့် အပါယ်တံခါး

ပိတ်ပါအောင် အဝိဇ္ဇာမှောင် ပြွတ်သိုက်ကို ဝိဇ္ဇာရောင် ဇွတ်တိုက်တော့ ကျွတ်ထိုက်သော သတ္တာ များတို့သည်။ ဘဝိဿန္တိ၊ ဉာဏ်တော်ဖြင့် စစ်ဆေးက တဖြေးဖြေး သိမည့်မို့ လောကခေတ်ပြည့်သော်လည်း အတောမသတ် ရှိကြပါကုန်၏ ဘုရားဟု လျှောက်ကြားတောင်းပန်မှု အရင်းပြု အချက်ပါ၍ ရွှေဉာဏ်တော် ကွန်ယက်ဖြင့် ဖြန့်လျက် ရှာဖွေတော် မူလတ်သော် ရွှေဉာဏ်တော်ကွန်ယက်အတွင်းသို့ သက်ဆင်း ကျရောက် သူတို့ကား ကာသိကတိုင်း သမိုင်းတွင်ညီ ဗာရာဏသီ၏ မြောက်ဆီရပ်ဘုံ သမင်ပေါသည့် မိဂဒါဝုန်တွင် ပြည့်စုံပြီးသော ပါရမီ ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ ဟူသော ငါး ပဥ္စဝဂ္ဂီသို့ အချက်ညီ တခါကြွပြီးလျှင် တာပသကြွင့်နှိုး ဦးမှ ရဟန်းထူးတရား ရစေခြင်းငှာ "ဒွေမေ ဘိက္ခဝေအန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ" ဤသို့ အစအဆက်ဖြာသည့် ဝရ အနဂ္ဃာဆိုတဲ့ ဓမ္မစကြာ ဒေသနာကို သွေ့မကွာ သဘောကျအောင် ဟောပြတော်မူလေသတည်း။

ဤသို့ ပဥ္စဝဂ္ဂီငါးဦး အစမှူးလျက် အံ့ထူးဖွယ်ရာ မြတ်ဒေသနာကို ဝါတော် လေးဆဲ့ငါး မရပ်နားပဲး နတ်ကားကြည်ဖြူ လူလည်းဝမ်းမြောက် မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်ရှင်အောင်မြို့သို့ ဆောင်ပို့တော်မူခဲ့ပေသော အနန္တဇိန, အနဓိဝရ, ဓမ္မသာမိ, မုနိပုင်္ဂဝေါ, လောကနာထော ဗုဒ္ဓောဉာဏ်မြင် သဗ္ဗညုထိပ်တင် အရှင်ကိုယ်တော်မြတ်ကြီးဘုရား။

တနင်္ဂနွေ တနင်္လာ အင်္ဂါ ဗုဒ္ဓဟူး ကြာသပတေး သောကြာ စနေ ခုနစ်ထွေယှဉ်မှီး နေ့သားသမီးတို့က ချီးကျူး ကော်ရော် ပူဇော်လှူဒါန်းကြလိုသည် ဖြစ်ပါ၍ ဆွမ်းဒါယကာ ဆွမ်း

ဒါယိကာမခေါ် တပည့်တော်တို့၏ စံပျော်ရာဒေသ အိမ်ဂေဟာ ဌာနသို့ ပါဒနှစ်ဆူ ရွှေစက်တော်ဖြန့်တန်း၍ ကြွလှမ်းတော်မူရန် ရှိခိုး ဝပ်တွား လျှောက်ကြားအပ်ပါသည် ရွှေဘုန်းတော်သခင် အရှင်ကိုယ်တော်မြတ်ကြီးဘုရား။

## (က) ဘုရားပင့်လျှောက်ခြင်း

အနုတ္တရ သမုတ်ပြ ဥတ္တမခေါ် ဗုဒ္ဓကျော်လျှင် သုံးဖော် မှတ်ယူ မြတ်အငူတွင် နတ်လူပြဟ္မာ ဝေနေယျာတို့ ခေမာသောင်သို့ နောင်မချွိုရအောင် ဆောင်ပို့ရန်အထူး ဖောင်ကူတို့ကူးမည်ဟု ရည်စူးစိတ်သန် အဓိဋ္ဌာန်လျှင် နိဗ္ဗာန်ရည်စွာ ပြည်ရမ္မာဝယ် သုမေဓာအစစ် ဝသီခလေ့ အညီဖြေ့ ထေရ်ရသေ့ ဖြစ်စဉ်က အားသစ်ကာမယွင်း ဒီပင်္ကရာ မည်တွင်သာ ထေရ်ရှင်ဘဂဝါ ခြေတော်ရင်း၌ ဝပ်စင်းတည့်ပ အိဒ္ဓိရှလျက် နိယတဗျာဒိတ် ဝစနာဟိတ်ကြောင့် အတိတ်သော်က ဘုရားဆုမြတ် ရွှေလက်မှတ်ရသည်မှ ဘဝကိန်းချေ တိမ်းမသွေ သိန်းနေတာရှည်, ပါရမီဘာဂီအငွေ့ စာဂီလေ့ဖြင့် မရွှေပြည့်ဝ နဝရတ်ရည် ဒြပ်မှိုသည့် ကပ္ပိလ၌ မွေးဖသုဒ္ဓေါ် မယ်တော်မာယာ ဝမ်းတိုက်သာသို့ စွဲလာခလေ့ ဆယ်လစေ့၍ ဖွားရွှေပြီးမြောက် အရွယ်ရောက်သော် မြည္ဘောက်ကယ် ရွှေလျှော် ဇမ္ဗူဘောင်အတွင်း မူရောင်လင်းသည့် မင်းယသော်နှင့် နှစ်ဖော်စုံဖက် မြတ်နဖူးစာ အထူးပါ ကူးကာယှက်လို့မို့ အသက် နှစ်ဆဲ့ကိုး ဘဝဂ်ဖြိုးမျှ ဆက်စိုး စံကာ ဥယျာဉ်သာဝယ် လေးဖြာမူလ အရိပ်ကိုဖော်လို့မို့ နိမိတ်တော်ပြရာတွင် သံဝေဂအချက် ဖွေနိမိတ်မြော် ဖွဲ့ရိပ်ပေါ်

ရွှေစိတ်တော်ပျက်သဖြင့် ကနက်သို့တဖန် ရထားကိုလှည့် အား
မချိပဲ သာကြည့်ကာပြန်ပြီးမှ မောင်ဆန်ကိုခေါ် မှောင်မှောင်
မမိုက် ပြောင်ပြောင်ငယ်ဖိတ်သည့် ဆောင်ရိပ်ပေါ်တွင် တိုင်ပင်
တော်မူသည်မှာ ငါနှင့် အညီ ဘာဂိဖြေ့ယှက် ရွှေမကွက်
ဖွားဖက်မှုန်လှ မတ်ဆန္ဒ- မောင်မင်း သခင် ငါကိုယ်တော်
ရှင်သည် ခုညပင် မော်ညာခရီး မဒေပျော်သာ အဖော်ခွာလို့မို့
အနော်မာသို့ မိုးတော့မည် ကိုယ်ထိုးငွဲ့ရှု အတိတ်ဘဝ နိက္ခမ
တကိစ္စ ပြုတော့မည်ဟု နုနု ရွှရွှ စံမရှိသည့် ကဏ္ဍိကမျိုး
မြတကြိုးနှဲ့ က,ထိုးချေ မောင်ဆန်။ ညွှန်းတသိမ့်မော် သွန်းငြိမ့်
ငယ်ဖျော် ခွန်းမိန့်တော် ပြန်ရာတွင် ဆောင်ကြာ ခန်းလယ်
ဘမရာ ပြဒ္ဒ, အသဝါနု ရာဟုမယ်သည် သားငယ်ကိုဖက်
ကမ္ဗလာကောရှုံ သွဲ့ကာငယ်ခြုံ ဘယ်ပုံများ စက်လေတည့်
စိန်ခက်မဏိ ဗျာကသိဆပ် ကြာခြည့်ရပ် သာလှပ်ကာကြည့်
ပြီးမှ မချိသည့် ရွှေနှလုံး ရှိန်တငြိုးငြိုး သိရမဆည်းနိုင်ဖူး
ကြိန်မိုးဝယ် အုံးသည့်နှယ် ခွှေနုံးသည်ဲစိတ် ဆောင်ကြာရိပ်
တစိမ့်စိမ့် ဘယ်ညာ လှည့်လို့မို့ ကြည့်ကာ, ကြည့်ကာနှင့်
ရွှေရင်အုံ့နှ ကွဲကြေလူ အသဲစုနာလွှန်းလို ပြညွှန်း မဖော်
အလောင်းတော်လျှင် ယသော် ပျောင်းအိ တောထွက်မည့်ဉာဏ်
ငါ့အကြံ ကေန် သိမည်ဟု အိအိ စက်စက် သားပန်းခက်
ပိုက်ဖက် ပွေ့ချင် သူ့မိခင် ကြင်နာ မြတ်လေး ရွှေနို့ချို
ကျွေးသည့်နှယ် စက်မွေးသည့် အခိုက် ပြသာဒ် ရောင်ဖိတ်
နဝရတ်ဆောင်ရိပ်မှာ လောင်းသိဒ္ဓတ် မြင်သောခါ ဘဝင်ဖိုလှိုက်
ငိုကာရယ်ဟိုက် ရှိုက်ကာ ရှိုက်နှင့် ပင့်သက်မနော ဇောချွေး
ပြန်လာ မျက်နှာ မလန်း အားပျော့ရှိဆုတ် သားဖော့ရှပ်

တရှုပ်လောက် နမ်းမည်ဟု စက်ခန်းတွင် တခဏ လက်လှမ်းကာ
အသာကြွလိုမို့ ရသတိတချက် မတော်လျှင် ယသော်နိုးပြန်က
ငါ့အကြံ ပျက်တော့မည်ဟု စိတ်ဝိဘက် ပယ်ခွာ၍ ညဥ့်
သန်းယံ ပျော်စရာ မြစ်ကမ်းယံ အနော်မာသို့ ထွက်ခွာ၍အကြွ
ကောသာဆံ ပယ်သလျက် မွေးမြမြသင်းကြူ ဿင့်ကကာ လှူသည့်
ဝါတမူ ရှင်လန်း ဗြဟ္မာလူ ကြာသင်္ကန်းဖြင့် ဆင်မြန်းတော်
မူပြီး၍ ခြောက်နှစ်တန် စရိယာ ဒုက္ကရအမှန် သတ္တဋ္ဌာန ခြိုးခြံ
လျက် ဘဝင်္ဂံ မနောထိ ပလ္လင်ပျံဗောဓိ၌ စောမုနိထွတ်ချာသည်
ပွင့်သစ္စာ ကားကားနှင့် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး၍
လေးဆဲ့ငါးဝါ ဝေနေယျာသို့ ဓမ္မာရေအေး အမြိုက်ဆေး,
တိုက်ကျွေးတော်မူပေသော လူနတ်တို့ကောတု သဗ္ဗညုထိပ်တင်
အချင်ကိုယ်ဘော်မြတ်ကြီး ဘုရား။

တနင်္ဂနွေ တနင်္လာ အင်္ဂါ ဗုဒ္ဓဟူး နေ့ထူး ကြာသပတေး
ခါပေး သောကြာ စနေပါဖြင့် သတ္တဒိနက် ခုနစ်ရက်သားသိမ်း
ပွားစီးဉာဘကာ ဆွမ်းဒါယကာ ဒါယိကာမတို့က ပသန္နရှင်
စိတ်ဖြင့် ပင့်ဖိတ်လျှောက်ထားပါသည်၊ ဂေဟာအိမ်ဦး ပံ့ပျူး
ခန်းမ ဗုဒ္ဓါသနပလ္လင်ပျံသို့ ပါဒ်နှစ်ပုံ ရွှေစက်စုံ ရဘနာအတိ
တမျှတို့ကို ပသာရိယ ဆန့်တန်း၍။ ဂစ္ဆထ၊ ကြွမြန်းတော်မူပါ
ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

(ဤဘုရားပင့်ကို အသံကောင်း, အသံပြောင်း နားလည်၍
အပစ်အခတ်နှင့် ရွတ်ဆိုနိုင်လျှင် ကရုဏာရသအလင်္ကာ ဖြစ်ပွား
စေပါသည်)။

## (ခ) ဘုရား ပင့်လျှောက်ခြင်း

သေဋ္ဌာတိသေဋ္ဌ, ဇေဋ္ဌာဘိဇေဋ္ဌ, အနုတ္တရ ထုတိ, ဥက္ကဋ္ဌ မုနိ ဟု, တုမရှိ သမန္တ အဒုတိယ စံမမျှအောင် မဟန္တ သာကိန် စောမာရဇိန်သည် ညာထာဝိန်စောင်း အောင်စည် မောင်းဖြင့် ဒေါင်းဥဏ္ဏဝါ ဘုံအဇတာမှာ ဟုန်အာဝါဝင်းဝင်း ဂုဏ်သြဘာကျင်းလိုက်လျှင် လင်းပြီးငြိမ်းဆောင် ခေတ်ကိန်း ရောင်ဖြင့် အောင်မင်္ဂလာ ညောင်ပလ္လင်သာ၌ မဟာကိလေသာ တို့ကို ဘဂဝါဘိသေမှာ မကြာတ်ချေတော်မူပြီးမှ အနေကာ ဇာတိ သံသာရံ ကိုးဂုဏ်ရှင် ဆောင်နွှဲးလျက် အောင်ပွဲတော် ခံပြီးလျှင် ဖက်စံခြိမ့်နှုန်းဂုဏ် ကြွက်ညံ့သိမ့်သုံးဘုံဝယ် ဘုန်းဟုန် လျှံဖိုးမောက်၍ စိုးကြောက်ရွံ့ ညှိုးရန်တို့ မျက်ကိုးတန် လွတ် ကင်း ပြက်ပြိုးမှုန်ဝပ်စင်း၍ ထွတ်မင်းဆုံးသုဂတသည် အတုလ တဆူ ဂုဏ်သြဘာရုံးသိပ်၍ ဆုံးဗျာဒိတ် မြွက်ဟကြူ အနန္တ ရွှေခွန်း ချွေညွှန်းတော်မူသည်နှင့် အညီ ပြည်နိဗ္ဗူခရီး မဂ္ဂင် စက်ယာဉ်ဝယ် ရွက်လွှင့်တင် စိုက်မှီးလျက် မြိုက်ရေယာဉ် အဏ္ဏဝါ သံသရာရိုက်ဟီး၍ လိုက်စီးသူ ဗိုလ်ခြေကို ဗဟိုမြေ အောင်မြို့သို့ ဆောင်ပို့တော်မူပေသော ရန်မြူတိမ်ပ ဖလ်သူရိန် လကဲ့သို့ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား။ မြင့်မား ဆင့်ပွား ကျင့်တရားကြောင့် ပွင့်ကားသစ္စာ ရင့်ထွားငှာဟု လင့်စားကာကြိုး ကမ္ဘာမိုးကဲ့သို့ ရွာဖြိုးစွေသွန် ရှေးအလွန်ဝယ် မြေမှုန်သာဘိ အပ္ပရာဇ် သမာဓိဉာဏ် ငါသိသည့် အကြံမှာ ငါးသိန်းသော ဘုရားတို့ထံ နိဗ္ဗာန်ဆု ပန်သည့်ခါ ခွန်းသံဝါ

ရင့်ပြောင်း၍ ခွင့်တောင်းရင်းမဆွ ပေါရာဏ ဂေါတမ ဓောဗုဒ္ဓ အပေါင်း သောင်းနှစ်ထောင် ရွှေစက်မှာ လေးသင်္ချေ ကြာ မြင့်၍ ငါးဆူပွင့် ဤကမ္ဘာဝယ် သုမေဓာ ထေရ်အရှင်သည် မြတ်ဒီပင်စုံဆက်၍ သုံးဘဝဂ်ညာငြိမ့် နိယတဗျာဒိတ် တဝိသိဋ္ဌ ပရမေ စွန့်ငါးတွေ့စာဂီ စရိယသုံးလီ ဉာဏ်ပါရမီ အဟုန်ဖြင့် မသုန်ဓာမှု ယမုန်မေရု မြေထုရေထု ရှေးကုသိုလ်မျိုး ရင်သွေး တော် သက်ခန္ဓာ မျက်ဘဏ္ဍာ မငြိုးစေပဲ ဗောဓိချက်ပတ္ထနာ ဆက်ကမ္ဘာ စိုးပြီးလျှင် မိုးအုပ်လှိုင်ချောင် လက္ခယ်နေ့ သန်း ခေါင်ထက် မလင်းမှောင် မောဟ ကာမာဒိသြဃ မျောကျရ ထပ်ခါခါ မောလျလျ သတ္တဝါ မြတ်အညာ ကယ်ယူ၍ ရှယ်ချူတော်မူသည့်နှင့် အညီ သရဏဂုံသုံးလီ ပဥ္စသီအင်္ဂါ ဒသင်္ဂမြှိုက်ရသာ ထိုက်ကြရာပေးပြီးလျှင် အသီးသီး ပူဇော်ရန် ကား ဗိတာန်ကုက္ကား မုလေးပွားကြက်လျှာ ဖဲဖလ်မှန်ဖြူဝါ မြူတာညောင် သောက်တော်ရေ မျက်နှာသစ်တော် ဆေးရည် မွှေး ရွှေနီနှံသာစုံ သင်းထုံထုံဆီမီး သားမြီး ခတ်ယပ် ပရိက် နေရာထိုင် ဘုမ္ပတီ သဥ္ဇာလီ ကြာယပ်တို့ကို အထပ်ထပ် ပူဇော်ပါသော ဘုရားတပည့်တော် (                    ) ဆွမ်း ဒါယကာ, ဒါယိကာမ သားသမီးတစုတို့က ပင့်လျှောက်ပါသည် ဘုရား။ ဓောဘုရားမာရဇိန် နာထပိဏ် ဝိသာခါ ပင့်ဆောင် သည့် အခါကဲ့သို့ နန်းဝလာဝေဟင်ဝယ် လေယာဉ်ဟုန် ဈာန် စိတ်နှင့် စံရိပ်မှန် ဘုံပျံက စုံနှစ်တန် စက်ကျင်း၍ သက်ဆင်း ကြွမြန်းတော်မူပါ့ ဘန္တေ — ကမ္ဘာအလုံး ပွဲတင် ချူန်းသည့် ရွှေဘုန်းတော်သခင် အရှင် ကိုယ်တော်မြတ်ကြီးဘုရား။

## (၁) ဘုရား ပင့်လျှောက်ခြင်း

မဇ္ဈိမေ၊ မဟာဗောဓိ သီရိရွှန်းစို ညောင်ညိုပလ္လင် ဘုံပြင် တူစွာ လယ်ချက်ချာ၌။ သေဋ္ဌာ၊ ဇာတိပုည ဂုဏ်သမ္ဘာရခေတ် မြင့်ထက် မြင့်မြတ်သော။ ဗုဒ္ဓါ၊ မဟာအတုလ အတိမကုဋ္ဌ အနုတ္တရမာရဇိန် သာကိန္ဒာဓိပတိ မုနိတကာတို့၏ ဥသျှောင် ငါးမာရ်အောင် ဖြစ်တော်မူသော ရူပ ရူပဝိလာသဂ္ဂ ဝါစဝါစ ဝိလာသဂ္ဂ ဉာဏဉာဏဝိလာသဂ္ဂ ဣဒ္ဓိဣဒ္ဓိဝိလာသဂ္ဂ လေးပါးသော အစိန္တေယျတို့ဖြင့် ဆုံးဆမပြု နှံ့ကြူကျေညာ ပျံ့ဇမ္ဗူမြေချာ ရွှေကြာငုံရင့် နေ့အရုဏ်သင့်သကဲ့သို့ စွင့်စွင့်ငွါးငွါး ကားကား ကြွကြွ လေးဝသစ္စာ ပွင့်လင်းပါသော သုံးလောက ထွတ်ထား သဗ္ဗညုရှင်တော်ဘုရား ကိုယ်တော်မြတ်သည်။

ဇမ္ဗူဒိပ်မှတက်၍ ဘဝဂ်အဇတာ ထက်ပြဟ္မာနှင့် စက္ကဝါလုံး မျက်လှာတော် ဖုံးပြီးလျှင် အဆုံးမ ဝေဖန်မြှော်လို့မှီ ရွှေဉာဏ်တော် သဗ္ဗညုဖြင့် ဓမ္မာခေတ် အမြင့်ရှုပြီးလျှင် များထုထွေထွေ ကယ်သင့်သူဝေနေတို့ကို လှယ်လင့်တကူမသွေ ရွှေဖောင်ရတနာနှင့် ခေသောင်အမတာ နိဗ္ဗူမြို့သို့ ဆောင်ပို့ ကယ်တင်တော်မူပေသော ၂၄–သင်္ချေ ကုဋေခြောက်ဆယ် စွန်းကယ် တသိန်း တွက်ကိန်းများလှ ဝေနေယျတို့မှာ ဘဝချုပ်ရာကိန်းနေ သုံးထွေဝဋ်က လွတ်လိုကြ၍ သရာညွန့်စုတ် တဏှာနွံရှုပ်၌ နစ်မြုပ်နေကြသော တပည့်တော်ဒါယကာ တစုတို့မှာ အမှုမသမာ ရေဂယက်ဘောင် တဖက်သောင်တွင် ယောင်ချာချာနှင့် အခါခါ မြှော်မှန်း ယော်ကာရယ်ရမ်းလို့မှို ကမ်းလမ်းမသိ အဝိဇ္ဇာရောင် ပိတ်ကာလျှောင် မှောင်အတိသို့ လောင်မခါထပ်ထပ် မပြတ်စုံညီ

ပုံမှီအလား ဆိုလည်နွား ချားရဟတ်သို့ နားမရပ်နိုင် ဖြစ်တလဲးလဲး နစ်မခဲးသည့် မြစ်ဝဲးဆိုင်တွင် ကြမ္မိုင်တွေးဆ အိုနာသေရေး ဇာတိမွေး ဘေးဘယမှ ဘဝပြန့်ပြန့် တေဘုမ္မကံ၌ ကြုံရဟန်ကို လွတ်မြောက်ရန် စခန်းရက်တို့ဖြင့် နန်းမင်္ဂဖိုလ်သို့ မြန်းထွက်လို ဆန္ဒနှင့် ဓမ္မိဿရ ဘုန်းမော် ရိပ်အမကာ နန်းလုံးပျော် ကိုယ်တော်မြတ်ကြီးနှင့် တကွ သာဝကရှစ်ဖြာ အရှင်သာရိ ပုတြာ အရှင်အာနန္ဒာ အရှင်မဟာမောဂ္ဂလ္လာန် ထေရ်ပုံကောဏ္ဍည မည့်ရ ဂဝမ္ပတိ ဥပါလိ ရေဝတ သားပုတ္တာ အရှင်ရာဟုလာပါ ပေါင်း အဋ္ဌထေရ်သံဃာတို့ မကွာတွက်ယူ မြတ်ကိုးဆူအား ကြည်ဖြူ စေတနာ သုံးတန်ဖြာ၍ ဒါယကာ(..............နေ့သား) ဒါယိကာမ(..............နေ့သမီး)အကြီး မိဖသားသမီး မြေးမြစ်မှစ၍ အမအစ်ကို ညီပျို ဝရီး ဆွေနီး ညာတကာ ဆရာသမား အဖိုး အဖွားနှင့် မျိုးသားပေါက်ဖော် စပ်တော်သမျှ ချစ်ကျွမ်းဝင် ကြသော သင်္ဂဟတို့က (၁၃....ခု....... ........လဆန်း........... လပြည့်ကျော်....ရက်) ဂဏန်းကျတွက်လို့မို နံနက်အခါ ဖလ်ဝါ နေနတ် အရုဏ်ကျင်း၍ လင်းလူလတ်တွင် ဆွမ်းမြတ်ဘောဇနာ နတ်သုဓာသို့ ရသာကြိုင်မွှေး နက်လေးချောင် ဆိမ့်ဖန်ရည်ချို မုံ့ယိုအဖျော် ကြော်လှော်ချက်ပြုတ် လက်သုတ်သနပ် ထောပတ် သကာ မြိန်မြတ်စွာဖြင့် မှည့်ဝါသစ်သီး လုံးကြီး လုံးငယ် အသွယ်သွယ် အဝဝ ပဏ္ဏိတဒါန် အာမိသပူဇော်ရန်ကို ကံ၏ အကျိုး ယုံကြည်ကိုး၍ မြတ်နိုးသဒ္ဓါ လှူဒါန်း ဆက်ကပ် နှင်းအပ်လုပ်ကျွေး လိုပါ၍ (ဝါ) သောမနဿသဟဂုတ် ဉာဏ သမ္ပယုတ်ဇော ပြန့်ပြောထက်သန် နိဗ္ဗာန်ကို ကံကျွေးမှုလျက် ပေးလှူပူဇော် လိုသည်ဖြစ်ပါ၍ စိစစ်ကယ်ဖော်ပြ ညဦးကပင်

ညွတ်ခပန်ထွာ ပင့်လျှောက်ပါသည် ကရုဏာဗြဟ္မစိုရ် သင်္ဂြိုဟ် ရွှေမိုး စွေဖြိုးဆွတ်ဖျန်းလျက် ဤဆွမ်းအလှူကို ခံယူသုံးဆောင် တော်မူရန် ကြွတော်မူပါ့ အရှင်ကိုယ်တော်မြတ်ကြီးဘုရား။

ဤဆွမ်းအစရှိသော ဘုရားတပည့်တော်တို့၏ ဝိသေသ ပူဇော်ရန် ဇ်နေ့ဘဂဝါ အလှူတော်ခံလို့မို့ ဘူသယံမာရဇိန် ပရမေသည်။ ဝါ "သမ္မာသမ္ဗုဒ္ဓ မထုလံ သသဒ္ဓမ္မဂဏုတ္တမံ" အနုတ္တရံသယမ္ဘူ၏ မတညူဥဂ္ဂါဟု အရှင်အနုရုဒ္ဓာ တည်ထွင် ဖော်လျက် စီခင်တော် မူပေသော အဘိဓမ္မာ ကျမ်းတွင် ရှိပဏာတခန်း ယောဇနာပြုလို့မို့ စေဘဂဝါအတုလ မာရဇိန် ပရမေသည် တဝတိန်မြေ ကောဝိဋ္ဌာအထက်ဌ အဘိဓမ္မာ စက်ပြန်ထုတ်ချီ၍ သန္တုသိမိခင်နတ် အမှူးတင်လျက် ရှေးဦး ယခင် မယ်တော်ဟောင်းတို့နှင့် အပေါင်းရှိနတ် ဗြဟ္မာတွေကို မြတ်ဓမ္မာရေ အေးအမြိုက်ဖြင့် ကျွေးတိုက်သည့် ဥပမာအခြေလို ယခု ဒါယကာတွေ သနားလှုပါသဖြင့် တရားအရသာ အနှစ် မဂ်ဖလဋ္ဌာန်ရေဟု စက်ဓမ္မကွန် အခြေ ဆေးသြသဓာ နှင်းရ အောင် ပဂေး စေဘဂဝါသနင်း အတုလမဟာက ဒါယကာ ခပင်း ဥပါသကာတို့၏ ယခု သမယအခါ စည်းဝေးကြလျက် ရှိသော အနုဂ္ဂဝိဟာ ပလ္လင်ပုံ ကမ္ဗလာတွင် ရဇတာလျှံ တိမ်ပြာ အဝါ ဖလ်စိန်တို့ဖြင့် နဘာံအိမ် ဖောက်ထွင်းအောင် အရောင်ချင်း ယှက်သန်းမျှ ကွက်မကရိုး စီမြွာ၍ နီလာနှင့် ဥဿဖယား ကြည်စွံလှုပြယိုးယား ပတ္တမြားမြဆိုင် အခိုင်နှင့် အပွင့် အဆင့်ဆင့်ခြူးအုံ အငုံနှင့်အရွက် ခွေသဇင်နွယ်ယှက်၍ တလက်လက် တပြောင်ပြောင် ကြယ်ဥပါ အရောင် ကဲ့သို့ မှောင်သလိုဘခါ ပြာသလိုတခန်း မရမ်းဇော်သွေး သက်တန့်

ရေး ဖိတ်ဖိတ်လည် ချိတ်ရည် ဟသ်ပြဒါး မြယိုးယားရှက်ကူ လဲဖြူလုံကွန့် ပန်းညွန့်က တလူလူ နေထောင်ခြည်ဝင်သဖြင့် မြင်သူတို့ပြောပလျှင် လောကတွင် စိတ်ဖြာ မကုန်နိုင်သော ဉာဏ်ဒွာရ် သေနာသနံသို့ ခါသန်းယာမ်ကျ မကူးခင် ညဦးက အချိန်သင့်လှုပြီးမို့ ဝတိန်မြင့် နယ်ဝလာတွင် ကြယ်တာရာ ရံခလျက် စန္ဒရပုဏ္ဏမီသည် ဘုံမဟိကျွန်း ဒက္ခိဏာသို့ ရှုန်းထွက် ရှိကြွသည့် အသရေပမာလို ထေရ်သံဃာခြံဝန်း၍ ဒေသစာ အံ့မခန်းအောင် ခြေနှစ်ဖြာ ဆန့်တန်းပြီး ဖြန့်မြန်း စမွယ်တော် မူပါ့ အစိန္တေယျ အစိန္တေယျ အပ္ပမေယျ သုံးလောကထွတ်တင် ကိုးဂုဏ်ရှင် သခင်ကိုယ်တော်မြတ်ကြီး ဘုရား။

## (၁) အရှင်သာရိပုတြာ ပင့်လျှောက်ခြင်း-၁

အစိန္တေယျ အပ္ပမေယျ အတုလဘဂဝါ မကုဋ္ဌရတနာ၏ သာယာဆန်းထူး ဒက္ခိဏာသာခေါင် လက်ျာတောင်က ဂုဏ် ရောင်မြူးသား ဗုဒ္ဓဟူးတွင်ခြင်း ပေါက်ပြောင် မုန်ယိုဘော်သား လိုနှင့် ရှင်ဂြိုဟ်မင်း၏ ပျော်ခင်းရပ်ဌာန် ဘုံဗိမာန်မှ ဝင်းလျှံ ကြည်ရှင် သောမခွင်ဝယ် ဒြပ်ကြီးကျယ် ဂုဏ်ကိုးသွယ်နှင့် အံ့ဖွယ် မဆုံး သီတင်းသုံး၍နေတော်မူသော အရှင်သာရိပုတြာကိုယ်တော် မြတ်ထေရ်ကျော်ဘုရား။

မဟာပြာဟ္မဏ်ယ ခတ္တိယအမျိုး သက်သတ်မစား မုသား မဆို နွတ်ချိုစကား ပဲးမုံ့စားသည့် ပုဏ္ဏားရိုးဟု မြေမိုးပထဝီ ဘန်းခိုးဟိ၍၊ သာရိမည်ခေါ် အောက်ထက်ကျော်သည် မယ် တော်မှာ ပုဏ္ဏေးမ အဖဝက်န္တ၏သား တိုင်းကားနဂိုရ် စေတနာ မနော (ဝေဒနာမနော) ရေစာပေါလှသည့် ရာဇဂြိုဟ်တဲ့ ဗဟိုက

နက်ပျံတိုင်းရပ်ဌာန်တွင် အသံဆယ်မည် ကျူးရင့်သီ၍ ရွှေပြည် ဌာန ဥပတိဿ ရွာဂါမဟူ လူနာမအမည် ကမ္ဘာတည်အောင် တွင်သည်အနွတ္တ ဝေါဟာရဖြင့် "ဓမ္မသေ ပူဇံ မဟာပညာဝန္တော အဂ္ဂသာဝကောစ" ထူးမြတ်လှသော ဉာဏ်ပညာ တသခၡော ရှည်ကြာ၍ ဘုန်းသမ္ဘာထူးမြတ် ဝီရိယပြည့်ဖြိုး တန်ခိုးရပ်ဖြင့် လက္ခဏာပါဒ်တော် ရှိနိုဝေဇော်နှင့် သာရီမယ်ကျော် ဘိသိက် ရေအေး ကင်ပွန်းလေးလျက် မွေး၍ပင်ခေါ်ရ ထေရ်မော်မဟာ အရှင်သာရိပုတ္တရာကိုယ်တော် မြတ်ထေရ်ကျော်ဘုရား။

* ကိုယ်တော်ကေန် သမ္ဘုဒ္ဓနှင့် နက်ဖြန်နံနက် မှန်ဆက်ဆက် ဖြင့် ယုဂန်ချက်က နံနက်ကယ်အရုဏ် တက်လာတုံသော် ကိုးဂုဏ် သခင် သံရှိသရေ ကြွကြွ ထိန်ဝေလှသည့် ဓမ္မစိန္တေရှင်နှင့် တူပင်တကွ နောက်တော်ကသာ ကြွကာလာ၍ ပိဏ္ဍပါတ် အဖျော်ရှစ်မယ် ဆဲ့နှစ်သွယ် ခဲဘွယ်ရိုက် အလှူခံစိမ့်သောငှာ ဥဒည်ရွှန်းရွှန်း ပြုဗ္ဗာစွန်းက နေဝန်းငယ်လာသော် (ဆွမ်း ဒါယကာ ဒါယိကာမ သားသွီး နှံယ်ပုတ္တာ သူတော်ကောင်း မိသားတစုတို့က) ပင့်ကြသည့် ဂေဟာ အိမ်ချမ်းသာသို့ ဝိဟာရတွင်ခေါ် ရွှေကျောင်းမော်က ကြွလာတော်မူပါမည့် အကြောင်းကို ညွှတ်ပျောင်းလျှောက်ကြား၍ အသနားတော် မြတ်ခံပါသည် အရှင်သာရိပုတြာကိုယ်တော် မြတ်ထေရ်ကျော် ဘုရား။

## (၂) အရှင်သာရိပုတြာ ပင့်လျှောက်ခြင်း-၁

ဒက္ခိဏော၊ ဘုရားလကျာ တောင်မျက်နှာ၏ ကောင်းစွာ ခင်းအပ် နေရာမြတ်၌။ သာရိပုတ္တောစ၊ မြင့်ရှည်ကမ္ဘာ လွန်လေ

စွာက ကြာတသင်္ချေ ရေဆမတိမ်း ဗေဒကိန်းနှင့် တသိန်း ကပ်နေ ဓာတ်အခြေတွင် ပရမမဟာ စောဘဂဝါအမည် အနောမဒဿီ မဟာကြညာ ပစ္ဆိမာ၌ စန္ဒဝတီ နာမတည်လျက် ပူရိနဂရံ အောင်နက်သိတွင် လေးတန်သစ္စာ ပွင့်သည့်ခါက မဟာသာလ လောကကတန်ခိုး ဘောဂရယ်ဖြိုး မျိုးဗြာဟ္မဏဟု သာရဒအမည် နာမချို၍ ကြံစည်ဖွေရှာ အခြေပါသဖြင့် မန်ရာ ကိုမြော် ကံအခြေကြောင့် သံဝေပါက အမိအဖ ဥစ္စနှစ်ဝတို့ လှန်ကြဲလေပြီ မဓားမိက ရှိသမျှဘဏ္ဍာ အဖြာဖြာကို စွန့်ခွာလို့ ဖြုတ် တခုသောဘောင်ခြေ ခေါင်မဟာမှာ နေကာလ မယုတ် ဗုဒ္ဓမြတ်စွာ ကပ်ကမ္ဘာလှ ဘဒ္ဒာတွင် လကျာတော်ရံ ဖြစ်မည် ဟန်ကို အမှန်မုချ သမ္ဗုဒ္ဓရှင်ပင် ဟောန်မြင်၍ ဇလရိရှင် ဘုန်းဉာဏ် အခြံအရံ များစွာနှင့် အရဟံဘုရား ဘဂဝါ ကြွလာသဖြင့် သာရဒနေရာတွင် ငွေဘဏ္ဍာရှင်ရှင်ထူးက ကျေးဇူးတော်မြင် ဇောပီတိရွှင်ရွှင်နှင့် ဆွမ်းဘောဇဉ် အသီးသီး ပန်း ဆီမီး ထိုး တံခွန်ကြက်လျှာမှန် ကုက္ကား မုလေးပွားအစုံ အဖုံဖုံ သစ်သီး လှူကာအပြီးတွင် ကောင်းချီးပုည နိဿန္ဒ အကျိုးဆက်ကို တိုးတက်ညွှန်ကာ နိသဘအရှင်မြတ်က အမြင့်ဓာတ်ဟောပြရာတွင် ဝမ်းသာသောမနဲ ဇောဘက်ကြွ ရှင်စွာနှင့် ဤအရှင်မဟာလို မောက်ကြွားပညာဖြင့် နောက်ဘုရား သာသနာ ခေတ်သမယ အကောင်းတို့၌ ဖြစ်ရကြောင်းကို ဗျာဒိတ်ခံခဲ့ပါသဖြင့် ရတနာ တံဆိပ်မှန် နိယတကြောင့် ဤဘဒ္ဒကမ္ဘာတွင် မြတ်စွာဘဂဝါ ဂေါတမဘုရား လောကာလွှား အခွင့်သာ၍ ပွင့်လာတော်မူသောခါ ရာဇဂြိုဟ်ပြည်နဂရာတွင် အမိမှာ မယ်သာရီ အဖ အမည် ဝင်္ကန္တ သားပုတ္တမှာတော့ ဥပတိဿ ရှေးဘဝပါရမီကံ

အရကြောင့် ဟန်ကျအောင်ဖန်လာ ဉာဏ်လှခေါင် ကံပါသဖြင့် ပညာမှာ တစ်ဂဏန်းရ၍ အဂ္ဂသာဝကဘွဲ့ထူး ချီးကျူးမပျက် ဧတဒဂ်အဝင် မိခင်၏သညာဖြင့် အရှင်သာရိပုတြာဟု နှုတ် ဝစနာစကား ဗုဒ္ဓါထားသည့် အရှင်ကိုယ်တော်မြတ်ဘုရား။

× အရဟံ တဆူ သယမ္ဘူနှင့် အတူမကွာ နောက်တော် ပါလျက် တပည့်တော် ဒါယကာ, ဒါယိယာမတို့ ပင့်ဖိတ်ပါ သော အနုဂ္ဂရတနာ ကျောင်းတော်မြတ် ဝိဟာရတွင် လှူဒါန်း စရာ ဒါတဗ္ဗ ဓဇဆတ္တာဒီနို ထီး တံခွန် ကုက္ကား မုလေးပွား ကြက်လျှာ ပန်းဆီမီးစုံစွာနှင့် တဖြာဘောဇဉ် ချိုချဉ်တမျိုး မုံ့ယိုကိုးလျက် သုံးချိုးသုံးနည်း သစ်သီးမယွင်း လှူလိုခြင်း ဆန္ဒ အာသီသ ရှင်ပြီးသော ဒါယကာ ဒါယိကာမ သားသ္မီး တို့က ပွားစီးစေတနာ ပင့်ဖိတ်ပါသော မဟာဝိဟာရ ကျောင်း တည်ရာ ဤဌာနသို့ ပါဒနှစ်ထွေ ရွှေစက်စုံပြန့်လေ၍ မသွေ ဆန့်တန်းလျက် ကြွမြန်း အလှူခံတော်မူပါ အရှင်မြတ်ဘုရား။

## (၁) အရှင်အာနန္ဒာ ပင့်လျှောက်ခြင်း-၂

မဟာဂုဏ အတုလဟု လူ့ဖမြတ်စွာ ဘဂဝါဘုန်းရှိ မြတ် မုနိ၏ ပစ္ဆိမဒိသာ ဂေါယာဖလ်ကျောက် ထိန်ပင်ပေါက်သည့် နောက်မျက်နှာတွင် ပေါ်လာညစ်ကြေး မကောင်းကံကို ဟန့် ဆီးလိုသည် ရန်ကိုဆေးလျက် ကြာသပတေးတွင်ခြင်း ဂန္ဓာရ ဖက် တိုင်းအချက်က တက္ကသိုလ်ဟု ဆရာဂြိုဟ်လျှင် သိကြား ဂြိုဟ်မည်ခြင်း မြလိုသဏ္ဌာန် ဂုရုမှန်သည် ကြွက်နံမင်း၏ ပျော် ခင်းရပ်ဌာန် သုံးဗိမာန်၌ အမှန်သီတင်းသုံး၍ နေတော်မူသော အရှင်အာနန္ဒာကိုယ်တော် မြတ်ထေရ်ကျော်ဘုရား။

ဟတ္ထိပလ သူရသတ္တိ ကုမ္ဘဏ္ဍောစ ငါးစီးသော ပေါက်ပြောင်မာတင် စွမ်းအားအင်နှင့် သာကီဝင် မင်းသား မြတ်ဘုရား၏ ဖထွေးတော် အမိတ္တောဒန မိထွေးတော် ကစ္ဆနဒေဝီ မဟာသီ၏သား ပေးဆုခလေးတန် ပန်ဆုခလေးပါး ခြောက်ပြစ်ကယ်ရှား ရွှေသားစင်စစ် သာကီဝင်မှာ အစဉ် ပါသည့် အာနန္ဒာ ဖြစ်သည်ဟု ငါးဆစ်တေဒင် မိန့်မြွက်ရင့်ကျူး ကဏ္ဍာမှူးဖြင့် ရာထူးဌာနန္တရ သာဝကဘောင် ရှေးယခေါင် အတီတေ အသင်္ချေဖြင့် လွန်လေဇာတက ကိန်းလာကြွင့်နှန်း သိန်းကမ္ဘာ ကျွတ်တမ်း၌ ပွင့်လန်းရာမှာ စံညီလာဝယ် သမ္ဘိဒါလေးပါး ရှစ်ပါးမဂ္ဂ အနက်ရ၍ ရဟန္တာစင်စစ် လုပ်ကျွေးရန် ဖြစ်ပေသည့် ညီချစ်ကယ်ရွှေလှော် အရှင် အာနန္ဒာကိုယ်တော် မြတ်ထေရ်ကျော်ဘုရား။

* (ကိုယ်တော်ကေန်..........ဆက်၍ ဆိုပါလေ)

## (၂) အရှင်အာနန္ဒာ ပင့်လျှောက်ခြင်း-၂

ပစ္ဆိမေ။ အနောက်မျက်နှာ ရပ်ခန်းဝါတွင် ကောင်းစွာခင်းအပ် နေရာတော်မြတ်၌။ အာနန္ဒေ၊ တချက်မတိမ်းအဖြစ်ပျက်ယိမ်းမလစ် တွက်ကိန်းနှင့် စစ်လိုက်လျှင် ဟိုအထက်တသိန်းခေတ် အတိတ်အခါက ဓမ္မိဿရာ ပဒုမုတ္တရဘုရားဟု ဘုံမနုဿတလွား တိလောကေတွင် ပကတိသော အသရေသကတ်ကို ဆောင်ကာ ပြုရမှာဖြင့် အရပ်တော်က ငါးဆဲ့ရှစ်တောင် အရောင်တော်က တဆဲ့နှစ်ယူဇနာ ဖဝါးတော်ချရာမှာ ဥပ္ပလပုပ္ပံ ကြာပဒုမ် တပွင့်တပွင့် အသင့်အသင့် ခံပြီးတော့ကမှ ကြာဝစ္ဆံမှာ အတောင်သုံးဆယ် ပြန့်အကျယ်က

ကိုးဆယ်အလျား အနံကားဆသူည လူတို၏ တွက်ကိန်းအရနှင့် အထက်တသိန်းက ခေတ်အခါတွင် မြတ်ဘဂဝါ ထွန်းပေါ်၍ လာပါသဖြင့် ရာဇာပထဝိန္ဒ အာဏာအရှိန်က ကြွပါဘိသနှင့် နာဂိန္ဒအတိတ်အလာမှာ တံဆိပ်ပမာ သာယာညီသည့် ဖာရာဏာသီပြည်ဌာနဍ္ဍ သိရိဝဍ္ဍန အနွတ္တသညာ ညီအငယ်မှာ သုမနဟုကုသလအခြေပါလို့မို့ နေ့လနှစ်ဖြာလို တင့်တယ်ကြပါသဖြင့် အသင့်အရွယ် အချိန်ကျပြန်တော့ ပဒုမုတ္တရဘုရား အထံမှာ တရားအမှန် ရလိုကြောင်းရယ်နှင့် အခွင့်တောင်း သွားကြရှာသော် လူ့ဒါန်းစဆု ဝတ္ထု အများတွေနှင့် ကျွတ်မှုတရားနောင်တော်ရသဖြင့် မရှောင်သော် တခန ရှုဆပ္ပွားပြန်တော့ သုမန တပါးငယ်သူမှာ လွယ်ကူစရာ အတန်ကြာ၍ ကံပါတာတကယ် မြင်သဖြင့် မဖယ်ချင် တောင်းဆု တမျိုးရယ်နှင့် ကောင်းမှုအကျိုး သုမနကိုမြင်တော့ အတုရထင်ထင် မရှောင်ရှားပဲ နောင်ဘုရား သာသနာ ခေတ်ကောင်းမှာ ဖြစ်လိုကြောင်း ပတ္ထနာသန်သဖြင့် ဘဂဝါအရဟံ ဂေါတမဘုရား၏ ညီဖွားဖြစ်လာ သုံးဖြာပိဋကတ် တတ်စွမ်းအာရုံ မွမ်းထုံပြွမ်းစုမှုဓမ္မကျွန္ဓာ အထုသံဃာတို့ သူ့ထံမှာ မေးလာသမျှ အရေးရပိုင်ပိုင် အရဟံဟောသမျှ ပြန်ပြော၍ ပြနိုင်သဖြင့် အံ့ဩစရာဂုဏ်တေဇာ သတိ ဂတိ ဓိတိ အာဂမ မာနိယ ဝိရိယ ဉပဋ္ဌာန ဗဟုသုတ ပညာ ရှစ်ဖြာဇေတဒဂ် သွေမကွက် မှတ်သားဖထွေးတော် အမြဲကြော္တာဒနာရှဲ့သား ညီဖွားချစ်သန် ဆဲ့ရှစ်ခွန်း စကားမြတ်ဘုရား တဝက်ကျန်ကို မပျက်အမှန် စွမ်းဆောင်နိုင်ပေသော အရှင်အာနန္ဒာကိုယ်တော် ဘုန်းမော်မော်ဘုရား။

×(အရဟံတဆူ သယမ္ဘူနှင့် ဆက်၍ဆိုပါလေ)။

## (၁) အရှင်မဟာမောဂ္ဂလ္လာန်ပင့်လျှောက်ခြင်း-၃

အစိန္တေယျံ ထိန်ဝေလျံ ငါးမာန်နှိမ်ချ မုနိန္ဒ၏ ဥတ္တရကုရု နာမပြုသည့် ရွက်နုရွှေဝါ ဝေဆာဆာနှင့် ပဒေသာပင် ကျွန်း မြောက်ခွင်မှာ နာရဏီတွန့် စာဂိငယ်ကွန့် ဖူးအညွန့်ကဲ့သို့ မြူးလွန့်အုံ့အဲး ပျော်မြဲဌာန ပါရဂူစသား သီဟတွင် ဗိုလ်အရှိန်စို စိန်ဖူးရောင်ပျိုသည့် သောကြာဂြိုဟ် သူရှေးဂြိုဟ်လျှင် သူကြွယ် ဂြိုဟ်မည်ခြင်း နံပူးမင်း၏ ပျော်ခင်း ရပ်ဌာန် ဘုံဗိမာန်၌ သီတင်းသုံး၍ နေတော်မူသော အရှင်မဟာမောဂ္ဂလ္လာန် ကိုယ် တော် မြတ်ထေရ်ကျော်ဘုရား။

ကောလိတရွှေမြေ ရင်းမူလဌာနေ ရွာပြေ၏ အခြေခံ လူနာမံ ကောလိတ မယ်တော်မှာ ဗြာဟ္မဏ မောဂ္ဂလိ ပုဏ္ဏားမ အဖ၏ အမျိုးမှာ ဗြာဟ္မဏ အဂ္ဂသုဇာတ လူ့ရွာလောက၌ ဝေါဟာရ ဘွင်ညီ တသိန်းနှော် ကမ္ဘာတည်၍ အာသိပ္ပနာစျာန် အလွန် မွန်လှသဖြင့် သာဝကကျွတ်တမ်း၌ အဘယသာစွ တမွတ် ကြင့်နှန်းသို့ စွမ်းအာနုဘော် ကြီးမြတ်ခြင်း ကျော်လှသော ဇိနော်ဥက္ကဋ္ဌ သမ္ဗုဒ္ဓ၏ သာဝကဘွဲ့မှတ် ရဟန္တာမြတ်အထဲတွင် ခက်ခဲရေးရာ ကြုံကြိုက်လာခဲ့ပါလျှင် မျက်နှာတော်လွှဲရ မဟာ ထေရ ထေရေ ဤမြေနှစ်ထပ် ပမာရပ်ဖြင့် သမသတ် ရပ်ထု လွှာ ဘိနပ်ပြုပြီးလျှင် ရွှေမေရု မြင့်မိုရ်တောင် သွက်သွက်ခါ အောင် သွန်းနှိုးလျက် ဒလက်ချာဂျွမ်းသိုးမျှ ထီးရိုး၏အသွင်လို အထက်ခွင်ဟူတုံ နတ်ခြောက်ဘုံကိုလည်း စျာန်ဟုန်စိုးဌြား တန် ခိုးအားဖြင့် လှုပ်ရှားမေတတ် ဘုံသုံးဆဲ့တခွင် ပြုန်းပြုန်းစင်အောင် ပဲ့ဘင်ခတ်၍ ဣဒ္ဓိပါဒ်ကြီးမား နန္ဒောပနန္ဒနဂါးကို ဘုရား

ဘုန်းကြွယ် ကိုယ်စားလယ်ဖြင့် ရန်ဖယ်ရှင်းလင်း စတုတ္ထစျာန် ဝယ် ဝင်စားဖွယ် နိုင်နင်းခြင်းကြောင့် ရှင်ရင်း တေဒဂ် သေ့မကွက် ရွေဘွဲ့အရာခံ လက်ဝဲရံ ဟူသော အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော် မြတ်ထေရ်ကျော်ဘုရား။

*(ကိုယ်တော်ကေန်....ဆက်၍ ဆိုပါလေ)။

## (၂) အရှင်မဟာမောဂ္ဂလ္လာန်ပင့်လျှောက်ခြင်း-၃

ဥတ္တရေ လက်ဝဲခေါ်ကာ မြောက်မျက်နှာတွင် ကောင်းစွာခင်းအပ် နေရာမြတ်၌။ မောဂ္ဂလ္လာ နော၊ ရှည်မြင့်ကမ္ဘာ တသချေနှင့် ကပ်တသိန်း တွက်ကိန်း အကြာတွင် စန္ဒာဝတီ ခေါ်တွင်ညီသည့် ပူရိနဂရာ ဂုဏ်ရောင်ဖြာသား အောင်ချာကြွင့်နှင်း ရောင်ဝါလျှမ်းသည့် လေးခန်းသစ္စာ မြတ်ဆရာမရှိ တပ်အပ်သာသိလို့မို့ နတ်နတ်ပြဟ္မာအထိ ဝေနေယျ တို့ကို ရွေခေမံရောက်စေသားဟု ထောက်ခြေတရား အဖြာဖြာ ရှုမြော်လျက် မဟာကရုဏာတော် ဇောကပ် တည်သဖြင့် အနောမဒဿီ ဘုရားသခင် လက်ထက်တော်ဝယ် ပြည်ကျေး မဟာသာလ လောကအကျိုး ဘောဂတွေတိုးလို့မို့ သူဌေး အမျိုး ဖြစ်ခဲ့လေသော် ရင့်တဲ့ပါရမီ အတည်ပြေ့သဖြင့် ရွှေငွေ ရတနာတို့နှင့် မမွေပဲး တောပျော်ရသေ့ သမုဒယော ရှောင်ခွာ ပပြီး တခုသောတောင်သာရဒမှာ သမာဆန္ဒ အဓိပတိတပ်လျက် မပြတ်အာရုံ ဘာဝနာပွားလို့မို့ တပည့်သား များစွာနှင့် အားထုတ်ကာ နေပြန်သော် တရားအချုပ်ဆရာ အတောမသတ် ညီတဲ့ ဘုရားဗုဒ္ဓါ အနောမဒဿီသည် အနားသို့ ကပ်မှီ

တောင်ပေါ်ရောက်လာတော့ သဒ္ဓါပေါက်သည့်* ရသေ့ဥက္ကဋ္ဌက မဟော့ဗုဒ္ဓ အရဟံဘဂဝါအဆက်အား အမှန်သဒ္ဓါမပျက် ခုနစ်ရက်အစဉ်ဖြင့် ဆွမ်းဘောဇဉ် ပစ္စည်း သစ်သီး ကြီးငယ် အသွယ်သွယ်နှင့် အံဖွယ်မခန်း တောပန်းဆိမ်း ထီး တံခွန် ကုက္ကား မုလေးပွားကြက်လျှာစုံလင်စွာ သဒ္ဓါဆန်း၍ လှူဒါန်း ပူဇော်လေသတည်း။

ဤသို့ထိုခါ လှူဒါန်းပါကြောင့် မြတ်စွာဗုဒ္ဓ ဂေါတမ လက်ထက်တွင် အဆက်ဆက် ကျေညာ ဂုဏ်သရေတိုးဟာ ပေးသဖြင့် ပုဏ္ဏေးမမောဂ္ဂလိ သားရင်းချစ် ငယ်မည်မှာ အရွယ်ညီ အပြောရှိကြတာက ကောလိတတဲ့ လောကီယရှိတွင် မိခင်ရဲ့နာမကြောင့် သာဝက မောဂ္ဂလ္လာန်ဟု ထောက်မတန် တေဇာနှင့် မြေပထဗျာ အထုနှစ်သိန်းငဲ့ပြင် စတုကိန်းသောင်း လေးခွင် ငြောင်းယောဉ် သွက်သွက် ကျအောင် တဖက်မျှ ရွှေဟတ္ထာနှင့် မြေချုပ်လွှာ အပေါင်း ထောက်မတန်ကို တစောင်းမှောက်လှန်ကာ ကြိမ်ဖန်ပြုနိုင်သော အဘိညာဏ်ဆု တန်ခိုးတော်ကြောင့် အကျိုးမြော် သွေးမကွက်ပဲ တေဒဂ် မလွဲမှန် လက်ဝဲရံ အရှင်မဟာ မောဂ္ဂလ္လာန် ကိုယ်တော် ဘုန်း မော်မော် ဘုရား။

× (အရဟံတဆူ သယမ္ဘူနှင့် ဆက်၍ဆိုပါလေ။)

---

*ဓမ္မပဒအဋ္ဌကထာ ယမကဝဂ် အရှင်သာရိပုတြာဝတ္ထုတွင် အနောမဒဿီဘုရားလက်ထက် အရှင်မဟာ မောဂ္ဂလာန် အလောင်း သိရိဝဍ္ဎန သူကြွယ်ဖြစ်ကြောင်း အဆိုအလာ ဖွင့်ပြထားသည်။

## (၁) အရှင်ကောဏ္ဍည ပင့်လျှောက်ခြင်း-၄

"လောကံ ဝိဒတိ ဇာနာတီတိ လောကဝိဒူ" ဟူသော ဝစနတ္ထ ဝိဂ္ဂဟဖြင့် သုံးလောကမှန်ကူ သယမ္ဘူ၏ လျှံဆူကွန်ချာ ဝိဒေဟာစွန်း ကုက္ကိုထွန်းသည့် ကျွန်းပြူဗ္ဗာကျ ရွှေမျက်နှာ ဌာနဒွ ဗျဂ္ဃတွင်ခြင်း ဟုန်သံကြီးမှား ခုန်ပျံလွှားသည့် နံကျား မင်း၏ တနင်္လာဂြိုဟ် ခေါ်ဆိုမည်မှတ် စံနန်းရပ်၌ မပြတ်ရှင်ပြုံး သီဘင်းသုံး၍ နေတော်မူသော အရှင်ကောဏ္ဍညကိုယ်တော် မြတ်ထေရ်ကျော်ဘုရား။

သာကီဝံသ သကျမလေ့ ဘုန်းဟော့ထင်စွာ မဟာရာဇည လောကထွတ်ထား မြတ်စွာ ဘုရား၏ ထင်ရှား တွက်ကိန်း တံသိန်း ခြောက်သောင်း ဆွေတော်ပေါင်းတို့၏ ဦးခေါင်း သင်းကျစ် သာကီဝင်မှာ မင်းများစွာတို့၏ ငယ်ဆရာဖြစ်ပေသော တွက်စစ်အာဂုံ ကိန်းခန်းကြုံသောကြောင့် လေးပုံဗေဒင် ဝိထိ သုံးလမ်း နက္ခတ်ကျမ်းနှင့် မဂ်လမ်းမြင်၍ ကျွမ်းကျင်လူပေါင်း ဇမ္ဗူသိမ်းကြုံး နယ်ပတ်ကုံး၌ ကျွန်းလုံးစောင်းမျှ ကောင်းချီး ကျေညာ မဟာဂုဏ်ထူး မြင့်မြတ်သော ကျေးဇူးတို့ဖြင့် အစပကာ ထူးက ကောက်ဦးပဲဦး လှူဖူးသော ဒါနတို့ကြောင့် တသိန်း သော ကပ်ကမ္ဘာမှာ တသခွဲ့ရှည်ကြာ၍ မဟာပဒုမုတ္တရ ဘုရားရှင် လက်ထက်တော်က တပါးသောထေရ် မဟာဗျာဒိတ် ချက်နှင့် ဘေဒင်ပေးရာတွင် အာသာဆန္ဒ နိဿန္ဒ အကျိုးဆက် ကြောင့် ဘေးဘိုးအစဉ်ဆက်၍ ယခုထက်တိုင် ချမ်းသာလှပေ သော အမိ၏နာမံမှာ မောဂ္ဂလိပုဏ္ဏားမ အဖ၏အမျိုးမှာ ဂဟ

ပတိ မဟာသာလ အမည်ကတော့ ဝိသာရဒ ဝေသာရဇ္ဇ ပုဏ္ဏား သားဟု အများလူတို့ ခေါ်ဝေါ်ရာ အမျိုးအားဖြင့် တွင်ပါသော ငယ်နာမည် သုဒတ္တ နွယ်တော်စဉ်ကောဏ္ဍညဟု မိဂဒါဝုန် သမင်ပေါသည့် တောရဂုံတွင် ငါးစုံမထေရ် ပဥ္စဝဂ် တပည့်တို့အား လောကီနှယ် နွတ်ထွက်ဖို့ မွေစက် မြတ်ဒေသနာကို ဟောကြားတော်မူရာဝယ် သစ္စာလေးအင် တဆဲ့ခြောက်ချက် အနက်စဉ်ကို သိမြင်တော်မူကြ၍ ကုန်စင်ကိလေ ခန်းခြောက်နေ အာသဝေါ ကိုယ်ခန္ဓာသက်လျော၍ နိဗ္ဗူတော ကိလိဋ္ဌ အနုသယ ကျွတ်လမ်းဖြင့် ရဟန်းအစစ်ဖြစ်ကြီး ဖြစ်တော်မူသော အရှင်ကောဏ္ဍည ကိုယ်တော် မြတ်ထေရ်ကျော်ဘုရား။

* (ကိုယ်တော်ကေန်....ဆက်၍ ဆိုပါလေ)။

## (၂) အရှင်ကောဏ္ဍည ပင့်လျှောက်ခြင်း—၄

ပုဗ္ဗဘာဂသို့၊ အရှေ့မျက်နှာ ရပ်ခန်းဝါတွင် ကောင်းစွာ ခင်းအပ် နေရာမြတ်၌။ ကောဏ္ဍညာစ၊ အနုဂ္ဂယောဇနာ ချိန်လိုက်လျှင် သောတာအိမ် ကြည်ရွှင်စွာဖို့ ထောမနာအရှိန် စီစဉ်ကာဖြင့် ထေရ်အရှင်မဟာ ကောဏ္ဍည ညွှန်းတင်ပြ သမိုင်းတည်လိုက်တော့ တိုင်းပြည်က ကပိလ နတ်ပြည်တမျှ ကနက် ရတနာသို့ စက္ကဝါ တခေါင်း ဖက်ကာဆောင်း အပေါင်းကြော်ငြာသဖြင့် အလောင်းတော် မဟာ ဖွားမြင်စက ပတ္တမြားကဥ္စန သီဟာပျံတွင် ညီလာခံမှာ ဖွားဇာတာ ဆေးကြတော့ လေးဦးသော ပုရောဟိတ် ပုဏ္ဏားတို့အမြင်မှာ စကြာမင်းပင် ဘုရားရှင်ဟု နားဝင်မှု ငရိယာယ်နှင့် လည်

စယ်ကာ ဒွိတ်နှစ်ခု လျှောက်လိုက်တော့ စိတ်ကျူနောက် နားမှာ ခါးပြီး အနားမှာ ဘုရားအသံကို နားမခံ မနှစ် သက်သဖြင့် မချင့်မတွက် ခွေးပုဏ္ဏားတွေဟု တွေးယုံစား စရာ ဘာတခုမျှ တကယ် မသုံးလေဘု အငယ်ဆုံးဖြစ်တဲ့ ကောဏ္ဍညကို ခွန်းတင်ပာ ရွှေတော်သွင်းလိုက်ဟု လိုရင်း အကြိုက်ဆိုက်ရာ လျှောက်မလားရယ်လို့ ငါ့သား စကြာဖြစ်မှာ လားဟဲ့ တဲ့တဲ့ကြီး အလိုကျ မေးပြန်သော် နောက်ရှံခစား ပုဏ္ဏားပြာဟ္မဏ အငယ်ဆုံးဖြစ်တဲ့ ကောဏ္ဍညက အနွယ်ဂမုန်းနှင့် ထွန်းရှင်လှကို ဖွားစအခါ ဇာတာကို ဆေးပြီးတော့ ဘာတခုမျှ အရေးမယူပဲ ဗာတ္တိံသ လက္ခဏာပေတာ တက်ရှုဖွေရှာ ထုတ် ဖော်၍ ပြုရမှာဖြင့် ဗုဒ္ဓဘုရား ကေန်ဖြစ်လိမ့်မယ်လို့ အခြေခံ စစ်ပြီး မြင်ရာကို ဟောလိုက်ပြန်တော့ ဗုဒ္ဓါအဖ သုဒ္ဓေါဒန ကေရာဇ်ဘုရင်ရဲ့ နေမဖြစ်ချင် ကြားရတာဟာ နားဝမှာ ခါးလှ ပါသဖြင့် မတရားစွဲး မထောက်မဆင်ချင်ပဲး လျှောက်တင်တဲ့ ပုဏ္ဏားငယ်ကို ထောင်မှာသွင်းဟယ် အလွတ် မထားကြနဲ့လို့ ဇွတ်စကားအာဏာကို ပေးသော်လဲး ကြောက်သွေး မပါတဲ့ ကောဏ္ဍညက, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ, လေးယောက် မချန်ပဲး အေးလောက်ဖို့အမှန် ပြေးပေါက်ကြံပြီးလျှင် ဘေးမ လှောက်ရန် မိဂဒါဝုန် ရွှေသမင်ပေါတဲ့ တောရဂုံတွင် ကော ဇာစုံ သုံးဆဲ့ငါး မြတ်ဘုရားပွင့်လာတိုင်အောင် ငံ့နေပိုင်စောင့် စည်းလျက် သမထနည်း ဈာန်လမ်းနှင့် ကြံခန်းထုတ်ကာ နေကြ ရာတွင် မိဂဒါမြင့် မြေမျက်နှာမှာ ရွှေဓမ္မစကြာ ဟောဖော် ပြတော့ တောပျော် တာပသာ ဝဂ္ဂိငါးတို့တွင် မဂ်တည်တရား အထူးအရသာကို ရသဖြင့် ဦးစွာပဌမ ဇောသဒ္ဓါသန်လို့မို့။

သောတာပန်အဝင် အရည်ကင် အခြေဖက်ကြောင့် စေတဂ် ရရှိတော်မူသော အရှင်ကောဏ္ဍည ကိုယ်တော် ဘုန်းမော်မော် ဘုရား။

×(အရဟံတာဆူသယမ္ဘူနှင့်...........ဆက်ဆိုပါလေ)။

## (၁) အရှင်ဂဝမ္ပတိ ပင့်လျှောက်ခြင်း-၅

သမန္တဘဒြ အတုလ လူ့ဘထိပ်နေ အစိန္တေ၏ ခေါ်မှတ်ဝါယောဓာတ်ဆောင် မုန့်တိုင်းရောင်ကပ် ထောင့်ပါး ရပ်တွင် နောက်မြောက်ခွင်က ဂြိုဟ်ပါပဟု ရောဂန္တရကပ် ဘေးရောက်တတ်သည် သမသတ်စုဂြား ပျော်ပါးဟိုင်းဆင် ဥဿ ဖယားတွင် တိမ်ပြာထင်သည် ဖြူလွှင်မှိုင်းမှိုင်း ငွေဆင်ဟိုင်းဟု ခေါ်တိုင်းမှန်စွ ရာဟုကျဝယ် ထာဝရရွှင်ပြုံး သိဘင်းသုံး၍ နေတော်မူသော အရှင်ဂဝမ္ပတိ ကိုယ်တော် မြတ်ထေရ်ကျော် ဘုရား။

"ဂဝမ္ပတိ စ နာမဋ္ဌိတော အဂ္ဂသာဝကော" အမျိုးတော် မှာ ဗြာဟ္မဏမဟာသာလ မယ်တော်မှာ ပုဏ္ဏေးမ သုမန သူဌေး ကတော် ခမည်းတော် စိတြသွာတိ ခေါ်ဘိအစဉ် တောင်သူ လယ်ပြင် မည်တွင် စိတြသူဌေး အောင်ဆုပေး၍ ပွဲ့မွေးနာမ ပစ္စက္ခတွင် ဓနဘောဂီ ပြည့်စုံသည်နှင့် ဌာနီပျော်ရာ နေရပ် မှာမူ စမ္ပာနဂိုရ် တိုင်းရိပ်ညိုတွင် ပဟိုစည်သံ ကျည်ကျည်ညံ၍ နိုင်ငံသာစွ ရင်းသည်ကမူ ဂါဝီဥသဘ သဘာဝေါ သနား စတောင်း နွားအပေါင်းတို့ကို အကြောင်းသင့်စွာ နိုင်နင်းပါ သောကြောင့် ဂဝမ္ပတိဟူသော နာမတံဆိပ်တော်ဖြင့် တသိန်း

ခေတ်ကပ်ကမ္ဘာ တသင်္ချေရှည်ကြာ၍ မဟာပဒုမုတ္တရဘုရား လက်ထက်တော်က ရွှေဗျာဒိတ် ဆုပတ္တနာနှင့် ဤလူ့ရွာ သုဂတိ ကပ်ရောက်ဘိ ဖြစ်လာ တို့မြတ်စွာ ထံတော်ပါးမှ တရား ရကာ အောင်မင်္ဂလာနှင့် ဆောင်ယှဉ်ကာ အတိတ် ဘိသိက် တရံ အရှင်းခံလျက် အောင်လံဖွင့်တူ မေ့ကြူသီရိ ဝတိန်ဖောက် ထွင်း နတ်ရွာချဉ်းအောင် သတင်းတော် ပျံ့မွှမ်းပေသော အရှင် ဂဝမ္ပတိ ကိုယ်တော် မြတ်ထေရ်ကျော်ဘုရား။

* (ကိုယ်တော်ကောန်....ဆက်၍ ဆိုပါလေ။)

## (၂) အရှင်ဂဝမ္ပတိ ပင့်လျှောက်ခြင်း-၅

ပါယပ္ပေ၊ အနောက်မြောက်မျက်နှာ ရပ်ခန်းဝါတွင် အစဉ် ရှိသမျှ မြင်သိရဖို့ ဂဝမ္ပတိစ ပုဏ္ဏားဇိနှင့် ရှိကြသည့် လေး ယောက်သား ဝိမလ သုဗာဟုတို့က အမှုကို ကြားကြသော် စဉ်းစားမြော်ဆ တို့အဆွေသယသည် မိဖတို့ချီးမြှောက် ကြီးသ လောက် သုခဝဟာထက် ယခုအစစ အရာရာ ပိုလျှံ၍ မြတ်သော ကြောင့် ဖိုလ်ငရံအရဟတ်လိုလင်းပေသဖြင့် လေးယောက်သား အယူမှန်၍ ဘူသယံရှိရာခေန်းရယ်နှင့် အတူကြံ အသိမှာမဆံန်း သော်လဲ မိဂဒါ နန်းမဟာဝုန်သို့ တူအစုံ ရောက်လာကြပြီး သော် ရှင်ကြီးဂေါတမ သကျသာကီဝင်မင်း ထံတော်ရင်းဝယ် ဝပ်စင်းညွတ်ခ ယသမိတ်ဆွေမှန် တင့်တယ်ဟန်ကို မြင်ပြန်လေ က အခြေတူမျှ ပြည်အမတလမ်း ရည်ဆမှန်း၍ ထေရ်ရဟန်း ပြုကြသဖြင့် လေးစုပဋိသမ္ဘိဒါ အဘိညာနှင့် ရှစ်ဖြာသမာပတ် ဖိုလ်အရဟတ် လိုအပ်သော ဆန္ဒဂုဏ် ပြည့်ညီသဖြင့် အာဝဇ္ဇန

ဝသိ သမာပဇ္ဇနဝသိ အဓိဋ္ဌာနဝသိ ဝုဋ္ဌာနဝသိ ပစ္စဝေက္ခဏာဝသိ တည်းဟူသော ဝသီတော်ငါးရပ် များမြတ်လှေလှာ ပွားကာ အားသန် လောကဓံတရား ဤရှစ်ပါးတို့ ထိပါးကြုံကြိုက် ဘယ်လိုပင် ခိုက်သော်လဲ ခိုင်လိုက်တဲ့သတ္တိ တုန်လှုပ်ခြင်း မရှိ သဖြင့် အသိလျင်မြန် သစ္စာလေးပါး အမှန်တရားကို သူများ ထက် အမြင်သန်သောကြောင့် ဇောရိပုံ ဂဝမ္ပတိ တေဒဂ်ဗျာ ကျူး ရာထူးတော်ရှိလို့မို့ နှံ့သိကျညာ ဈာန်ရောင်လင်း၍ သတင်းတော်ဖြာလှ သာဝကကိုယ်တော် ဘုန်းမော်မော်ဘုရား။

(အရဟံတဆူ သယမ္ဘူနှင့်........ဆက်၍ ဆိုပါလေ)။

## (၁) အရှင်ရေဝတ ပင့်လျှောက်ခြင်း-ဖြ

"မာရံ ဇိနာတီတိ မာရဇိနော" ကျမ်းဟော မာဂဓ ဝိဂ္ဂဟ နှင့် ဖွင့်ပြကျဉ်းဆို ဝစနတ် အလိုကြောင့် ရွှေကိုယ်မြတ်စွာ စိန္တေယျာ၏ ရောင်ဖြာမောင်းမောင်း ဝသုန်ဆောင်းမျှ ဂုဏ် ပေါင်းစုဘိ အဂ္ဂိရွှေတောင် သန္တာရောင်ဖြင့် မာန်စောင်တင်း တင်း ခြသေ့မင်းကဲ့ စိးနင်းတုံထ ကြိုဟ်သောမဟု စောင့်ကျ အင်္ဂါ ထောင့်မျက်နှာကို ကောင်းစွာမလည် နိစ္စဗဒ်ဖြင့် မပြတ် ရှင်ပြုံး သီတင်းသုံး၍ နေတော်မူသော အရှင်ရေဝတ ကိုယ်တော် မြတ်ထေရ်ကျော်ဘုရား။

တသိန်းခေတ် ကပ်ကမ္ဘာက တသခ်ျရှည်ကြာ၍ မဟာ ပဒုမုတ္တရ ရှင်တော်ဘုရား လက်ထက်တော်က နှုတ်ဘော်ချွေသက် ရွှေပနက်ဖြင့် တေဒဂ်ခန့်ပြုန် ရာထူးမှန်သဖြင့် ငယ်နာမံ အန္တတ္ထ ရှင်ရေဝတဟု ရွှေဘွဲ့တော်သပေသော သာဝကမြတ်စွာ အရှင်

သာရိပုတြာ၏ ညီချစ် ရှားတောပျော် ဖြစ်ပေသည့် စင်စစ် သည်တွင် လွန်ဖြူစင် ဓုတင်တောရသ ရဟန်းတို့အထဲး လွန်ထူးကဲ အောင်ပွဲးကြီးရပေသည့် အရှင်ရေဝတကိုယ်တော် မြတ်ထေရ် ကျော်ဘုရား။

* (ကိုယ်တော်ကောန်........ဆက်၍ ဆိုပါလေ)။

## (၂) အရှင်ရေဝတ ပင့်လျှောက်ခြင်း-၆

အဂ္ဂိနေ၊ အနေ့တောင်မှာ ရုပ်ခန်းဝါ၌။ ရေဝတော၊ နဂရာ နေပြည် ဘေရီဆော်ရှမ်း တိုင်းခန်းသီးသီး ထက်ခရီးဝလာ နတ်ပြဟ္မာလူမြတ် ပူဇော်လတ် အဖြာဖြာ ထွက်ဝင်လာမဆုံး ပျားပိတုံးပျံသလို ဘုရားဘုန်းလျှံ စောဘဂဝန္တ၏ ဟော ညွှန်ပြ ဓမ္မစက်ရည်ကို မပျက်မှီကာ သုံးဆောင်ကြသည့် နှုန်း တောင်မကရာသချော် ကျွတ်တန်းရ များဝေနေတို့ မမှားလေ မြင်တွေ့ရသဖြင့် အစဉ်ဓလေ့ပနိုင်းယှဉ် ပုဏ္ဏားဂိုဏ်းတော်ဝင်မို့ မွေးဖခင် ဝဏ္ဏတ္ထ မိမယ်လျှရူပသာရီ ခေါ်မည်တွင်ထ ထိုနှစ်ဝ၏ သွေးမြရတနာ အရှင်သာရိပုတြာညီရင်း သတင်းဂုဏ်ကြွ အရှင် ရေဝတ အလောင်းတော်သည် အပေါင်းအဖော် သင်္ဂဟ မိဖ ဉာတကာ ဆွေသဟာအစုသို့ကို ပယ်ကျဉ်မှုမမက်ပါပဲး တကမ္ဘာ အထက်ထက်က ပတ္ထနာအထွက်ကြောင့် ရတနာအနဂ် ဘုရားထံ ချည်းလိုမို့ မြန်မကြာလျှင်း သဒ္ဓါအစွမ်းဖြင့် သမဏာရဟန်း ပြုလေပါ၍ ခုသေ့မကြာ ဆအဘိညာဉ်နှင့် အရည်ကင် ဓုတင် ဟူသမျှမှာတော့ လုံးလအားခွန် ဤအရှင် ချွန်သည်လို့ လူမွန် လူမြတ် ချီးကျူးအပ်သော ဝနပ္ပနတ်သံ တပါးဆိတ်ဆိတ်

တရားဟိတ်နှင့် ရှားရိပ်စံ ထိပ်ပန်ရေဝတ တေဒဂ်ဗျာကျူး၍ ရာထူးတော်ရပေသော သာဝက ကိုယ်တော် ဘုန်းမော်မော် ဘုရား။

× (အရဟံတဆူ သယမ္ဘူနှင့် ဆက်၍ဆိုပါလေ)။

## (၁) အရှင်ဥပါလိ ပင့်လျှောက်ခြင်း-၇

အစိန္တေယျံ၊ ထိန်ဝေလျှံသည့် နိဗ္ဗာန်သခင် စက်ပြင်မြဲရှိ ခိုလှုံဘိ နရတိခေါ် အနောက်တောင်က စွယ်ရောင်ဝင်းဝင်း မာန်ဟုန်တင်းလျက် ပါးပျဉ်းဖြန့်သော် နဂါးကျော်တည့် မြေပေါ်ရေနေ စနေဂြိုဟ်ထောင့် အမြဲစောင့်သည် နောက်တောင်မျက်နှာ ရပ်ခန်းဝါက ကောင်းစွာမလပ် နိစ္စဗဒ်ဖြင့် မပြတ်ရှင်ပြုံး သိတင်းသုံး၍ နေတော်မူသော အရှင် ဥပါလိ ကိုယ်တော် မြတ်ထေရ်ကျော်ဘုရား။

အမျိုးတော်မှာ ဗြာဟ္မဏ မဟာသာလ အမိ၏ နာမမှာ အနန္တသညာ သမာဝါဒီ ဗြာဟ္မဏီပုဏ္ဏေးမ အဖ၏အမျိုးမှာ ဗြဟ္မအဂ္ဂ သုဇာတ လူ့လောက၌ ဝေါဟာရတွင်ညီ နှောပင်ရှာ အခြေတည်၍ အချင်းကား ဆတ္တာသည် ပုဏ္ဏား၏သား အခြေကားမူ တိုင်းများသာစွ ဝေဒနာမန္တော ရတနာပေါလှ သည့် ကောလိယတွဲ ကျော်စော ထင်ရှား ဗေဒင်ကား သုံးပုံ ဝိထိစုံနက္ခတ်ကျမ်းတွင် ဖက်ကမ်းမြင်၍ မင်းတိုင်ပင် ပုဏ္ဏေးမမှ မွေးဖွားတုံလတ် တသိန်းခေတ် ကပ်ကမ္ဘာ တသချေ ရှည်ကြာ၍ မဟာပဒုမုတ္တရ ဘုရား လက်ထက်တော်က ရွှေဗျာ

ဒိတ်ချက် နှုတ်တော်ထွက် တေဒင်္ဂ ရာထူးမှန်သား ဂန္ဓာရကျွန်း တန်ခိုးအရှိန် ထွန်းပေသည့် အရှင်ဥပါလိကိုယ်တော် မြတ်ထေရ် ကျော်ဘုရား။

* (ကိုယ်တော်ကေန် ဆင်၍ ဆိုပါလေ)။

## (၂) အရှင်ဥပါလိ ပင့်လျှောက်ခြင်း-၇

နရတိ၊ အာနောက်ကောင်သာ ရုပ်ခန်းဝါ၌။ ဥပါလိစေဝ၊ ဥပါလိခေါ် ကြံထုတ်မြှော်လျှင် သုဒ္ဒေါ်မွေးဖ ခမည်းတော် ကလည်း စိန္တာယျမှန် သားဘုရားထံတွင် ခြံရံသံဃာ တစိမ်း သက်သက် ဖြစ်ပါလျက်နှင့် ခင်မက်၍ ပါကြသည့် မဟာ ဆွေတော် သာကီမျိုးရိုး တန်ခိုးငယ်ကျော် ပေါက်ဖော်တဦး ဘုရားဘာဂဝါ အနားမှာ မရှိဖူးသောကြောင့် အထူးပ မဖွယ်ရာ မည်သူအရင်း ကြည်ဖြူကင်းကြသဖြင့် ဘဝသံသရာ ကမ္ဘာ လောကအကြောင်း နောက်လာ အပေါင်းမှာ တောက်ခါ တောင်းမကောင်းကြ၍ ဖျောင်းဖျ တိုက်တွန်း ရှေ့နောက်စွန်း ထောက်ညွှန်းမြော်မြင် မိန့်မြွက်တော် မူလျှင်မှ သာကီဝင် မင်းသား ပေါင်းအများတွင် ဘုရား၌ ချစ်ခင် မေတ္တာစိတ်ဝင် ကြသော အရှင်အနုရုဒ္ဓါ အရှင်အာနန္ဒာ အရှင်ဘဒ္ဒိယ ကိမိလနှင့် မည်ရပဂု ပေါင်းအစုတို့တွင် ပြဒုရဝေ ဖလ်နန်းမှန်နန်း ကာဒဏ် လွှမ်းသည့် ကြငှန်းရွှေနှင့် ပြေဝေဒေဟ တိုင်းဌာနကို ဘုရား ယောက်ဖတော် သပြေကျော်အောင် ဒေဝေဇော်ထွန်းလတ် ဒေဝ ဒတ်ဟု ခြောက်ရပ်သော မင်းသားတို့သည် စကားပင်္ဂိညာဏ် အာမခံ၍ နိုင်ငံကခွာ မြန်းထွက်လာသော်.... ဆတ္တာသည်အနွယ် စည်းစိမ်ဘောဂ သောသောကြွလျက် မနေအလွန် ကြွယ်သဖြင့်

အရှယ်ရောက်ရှိ ရှေးအတုလာမှာ ဆုပတ္ထနာလုံလောက်ခဲ့သည့် ဥပါလိသည် အသိထက်သန် မိဖတို့ထံမှာ အံမှန် ခွင့်တောင်းလို့မို့ အကြံကောင်းသင့်တော် ထိုမင်းသား အဖော်တို့နှင့် ဇိနော် ထိပ်ပန် သုံးလူ့ထွတ်ဖျား တမွတ်ထားသည့် ဘုရားမြတ်အထံတွင် နိဗ္ဗာန်ရောက်မှု သာသနာတော်ပန်း ပျော်ပျော်ရယ်ထမ်းလို့မို့ ရဟန်းပြုကြလေသော် ကျမ်းကျင်မှုတေဇာ ကျန်စုအသီးသီး သုံးပုံပိဋကတ် ပရိယတ်အတတ်မျိုး၍ ဝိနည်းဓိုရ်အရာ လွန်လိမ္မာသောကြောင့် "ဝိနယာဓရ" ရွေးတွဲငယ်ချည် မည်နာမနှင့် သာဝက တပည့် ဧတဒဂ်ဗျာကျူး၍ ရာထူး ရှိတော်မူပေသော အရှင်ဥပါလိ ကိုယ်တော် ဘုန်းမော်မော်ဘုရား။

× (အရဟံတဆူ သယမ္ဘူနှင့်........ဆက်၍ဆိုပါလေ)။

## (၁) အရှင်ရာဟုလာ ပင့်လျှောက်ခြင်း-၈

ဘုရိပညော ဇိနောနာထ ဘဂဝန္တသတ္ထာ မဟာမုနိ တုမရှိ ထင်ရှား ဘုရားမြတ်စွာ စိန္တေယျာ၏ စံရာပျော်ဘိ ဘေးမရှိသည့် ရဝိတနုဂ်န္တေ မှောင်ချေလင်းကို သူရဂြိုဟ်ဟု ခေါ်ဆို အန္တတ္ထ ပညတ်ရာမှာ ရာဇသကုဏာ ပက္ခိကသညာ ငှက်တကာတွင် အာဏာကြီးခြင်း ဂဠုန်မင်း၏ ပျော်ခင်းရပ် ဌာန် ဘုံဗိမာန်၌ သီတင်းသုံး၍ နေတော်မူသော အရှင်ရာဟုလာ ကိုယ်တော် မြတ်ထေရ်ကျော်ဘုရား။

ပြည်တော်မှာ ကပိလ တိုင်းသက္ကတွင် ဘဒ္ဒကဥ္စနာခြောက် ပြစ်ကွာသည့် ဗိမ္ဗာရွှေလျှော် မယ်ယသော်၏ သားတော်ရင်နှစ် သိဒ္ဓမင်းသား ရွှေနန်းဖွား၏ သားရင်းအစစ်ဖြစ်ပေသော့တသိန်း

ခေတ်ကပ်ကမ္ဘာ တသင်္ချေ့ရှည်ကြာ၍ မဟာပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်တော်က ရွှေဗျာဒိတ်ခံ ဆုကြီးပန်၍ ကျင့်ရန်စရိယ ဝိနယသိက္ခာ ဤကမ္ဘာအရာဝယ် ရဟန်းတို့ကြက်သရေအသက်နေကို ရိုသေစွာဖြင့် ဘဂဝါဗုဒ္ဓသားတော်ကိုဖက်၍ချီးမွမ်းချက် တေဒဂ်ရပေသော သာဝကမျက်နှာ လွန်ကြီးစွာဖြင့် အရှင်ရာဟုလာခေါ် မြတ်ထေရ်ကျော်ဘုရား။

* (ကိုယ်တော်ကေန်............ဆက်၍ ဆိုပါလေ)။

## (၂) အရှင်ရာဟုလာ ပင့်လျှောက်ခြင်း-ဂ

သနေ္တ၊ အရှေ့မြောက်သာ ရပ်ခန်းဝါ၌။ ရာဟုလာစ၊ စောဘဂဝါ ပဒုမုတ္တရ ဘုံမနုဿ တသင်္ချေအကွာက ပန်ဆုပတ္ထနာ အတည်ပြု၍ ရည်မှူကုသလံ အချေဟန်ပါသဖြင့် ကေန်သနားစရာ သားရတနာကို ဖွားခါစ၌ အဖပစ်ခွာ ရောက်သက္ကရာဇ် ခြောက်နှစ်ကြာလို့မှ ဒုက္ကရစရိယာ ကျင့်ပြီးကာမှရုက္ခဗုဒ္ဓဟေ ပြိုးပြက်လွင်လွင် ကိုးမျက်ရှင်သည် ပလ္လင်ဗွေ၌၊ လေးထွေသစ္စာ သွင်ပကတိ မြင်သိပါ၍ ဇိနာစင်စစ် ကုန်ဆုံးမခြား ဘုံသုံးပါးတွင် ဘုရားဖြစ်ကာ ညီချစ်ကယ်မင်းနန် ကြင့်နှုန်းရွှေနှင့် နန်းမွေခံကို နိဗ္ဗာန်ရောက်မှု ဝတ်သင်္ကန်းနှင့် ရဟန်းပြုလေသဖြင့် ရာဟုမယ်တော် ခြောက်ပြစ်ကင်းပါတဲ့ မင်းယသော်သည် ရှုမြော်ချင့်နိုင်း ရွှေအိုးကြီး ဖွားဖက်ရတနာ သားသက်လျှာ ရစေကြောင်းနှင့် အမွေတောင်းခိုင်းလိုက်လျှင် ကသိဏ်းငယ်နုပန်း ဘဂဝါဇိနော် ဖဘုန်းမော် နောက်တော်က မြန်းလို့မှ သင်္ကန်းတော်အစ လဲ့မယိုင်အောင် ဆွဲကိုင်မပါလို့ ကရကာရ

အသံတော်ကလေးက သာသဖြင့် ဝစနာသွဲ့သွဲ့ မပီကလာ ပီကလာနှင့် တီတာငယ်ဖွဲ့လို့မို့ မွဲ့မလိုဟန် ခလေးတို့ သွင်သရုပ်ဖြင့် တခ်ကျပ် ရွှေညာဏ်နှင့် အတန်တန်ရကြောင်း ရွှေအိုးကြီးလေးလုံး ရတနာကို ပေးအုံးပါ တောင်းသောခါ ရင့်ကြောင်းငယ်သံဝါ ပုဗ္ဗေအစွန်း နှုတ်ရွှေခွန်းက ထုတ်ညွှန်း၍ ပြတော်မူလိုက်သည်မှာ ကမ္ဘာတွက်ကိန်း လွန်ခဲ့မြောက် နောက်တသိန်းက မယိမ်းရယ်ဖြောင့်မှန် ပဒုမုတ္တရ အတုလထံ သုပတ္တနာ ပန်ခဲ့သမို့ ကြံသမျှ ညသုံ ကြုံသမျှ စုံပြည့်ညီသဖြင့် ဘုန်းထေရ်ထွက်ထား ငါဘုရား၏ သားလုစင်စစ် ကေန်ရယ်ဖြစ်သည်ဟု ရင်နှစ်ကယ်သည်းချာ ရာဟုလာ ခါခါရကြောင်း မြဂမုန်းခွေ ဖဘုန်းဝေမှာ အမွေငယ်တောင်းသော်လဲ ၎င်းနှင့် မသက်ဆိုင် လောက ရွှေငွေဘောဂမွေကို ဖေဖေမပိုင်ဟု ရွှေစိုင်ငယ်လွဲ့ဝင်း လောကုတ္တရာ စခန်းအခြေနှင့် ရဟန်းအမွေကို နှင်းရမည်ဟု သားရင်းငယ်ရာဟု မင်းပုပုငယ်—မျက်ရှုမျိုးမှန် အတည်မယွင်း ဤအခင်း မငြင်းဆန်နှင့် နိဗ္ဗာန်ရောက်မူ စိဝရံဆင်မြန်း၍ ပြည်အမတံ တမင်လှမ်းလျက် ရှင်ရဟန်းပြုလေသော် လေးစု ပဋိသမ္ဘိဒါ ဝါနှစ်ဆယ်ရ အရွယ်ကျ သာမဏေထေရ်သို့ ရင့်သည့်သိက္ခာ ကျင့်မှုတရားကို ဂရုပို ရှိသေရှာသောကြောင့် ရွှေဗျာကျူးဘိ ရာထူးတော် ချွေမြွက်၍ တေဒဂ်ရှိသည်မှာ "သိရိပုညေန သမ္ပန္နော ဗုဒ္ဓေါရသရာဟုလော" ကျော်စောကျေညာစျာန်ရယ် လင်းလို့မို့ သတင်းတော်ဖြာပေသော ရာဟုလာကိုယ်တော် ဘုန်းခမော်မော် ဘုရား။

× (အရဟံတဆူ သယမ္ဘူနှင့်........ဆက်၍ ဆိုပါလေ။)

## ဘုရား ၉-ဆူအရှင်မြတ်တို့အား နေရာတော် ချပေးခြင်း

(က) ဗုဒ္ဓေါစ မဇ္ဈိမေ သေဋ္ဌော၊
သာရိပုတ္တောစ ဒက္ခိဏေ။
ပစ္ဆိမေ ယေဝ အာနန္ဒော၊
မောဂ္ဂလ္လာနော စ ဥတ္တရေ။
(ခ) ကောဏ္ဍညော ပုဗ္ဗဘာဂသ္မိံ၊
ပါယဗ္ဗေစ ဂဝမ္ပတိ၊
ဥပါလိ နရတိစေဝ၊
အဂ္ဂိနေရစ္စ ရေဝတော။
(ဂ) ရာဟုလောစေဝ သေနွေ။
သဗ္ဗေ မေ ဇယမင်္ဂလံ။
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

(ဤဂါထာကို ၃-ခေါက်ရွတ်ဆို၍ နေရာတော်ပေးကာ ပူဇော်ပါ)။

မဇ္ဈိမေ၊ တရာသန်တောင် အမြင့်ဆောင်သည့် ရွှေညောင် ဗောဓိ သီရိစုံအင် ပလ္လင်ရတနာ လယ်ချက်ချာ၌။ သေဋ္ဌော၊ ပြဟ္မာလူနတ် အရပ်ရပ်တို့ ရင်ခတ်လက်တီး ချီးမွမ်းသဘော အံ့ဩထိုက်လှသော။ ဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူငြား မြတ်ဘုရားသည်။ ပတိဋ္ဌိတော၊ အရှေ့တက်ရာ ဝိဒေဟာသို့ မျက်နှာရှေးရှု တည်တော်မူ၏။

ဒက္ခိဏေ၊ ဘုရားလက်ျာ တောင်မျက်နှာ၏ ကောင်းစွာခင်းအပ် နေရာမြတ်၌။ သာရိပုတ္တော၊ ဓမ္မသေနာပတိ အမည်ရှိသော သာရိပုတြာ မဟာထေရ်မြတ်သည်။ ပတိဋ္ဌိတော၊ ဘုရားရှိရာ မျက်နှာရှေးရှု တည်တော်မူ၏။

ပစ္ဆိမေယေ၀၊ အနောက်မျက်နှာ ရပ်ဒိသာ၌သာလျှင်။ အာနန္ဒော၊ သတိ၊ ဂတိ၊ ဓိတိမန္တ၊ ဝီရိယ၊ ဥပဋ္ဌာ ငါးဖြာ ဧတဒဂ် မိန့်မြွက်ရင့်ကျူး အရာထူးဖြင့် သုံးဦးတုံခွင် ကျော်စောထင်သော အရှင်အာနန် ညီတော်မွန်သည်။ ပတိဋ္ဌိတော၊ ဘုရားရှိရာ မျက်နှာရှေးရှု တည်တော်မူ၏။

ဥတ္တရေ၊ လက်ဝဲ ခေါ်ရာ မြောက်မျက်နှာ၌။ မောဂ္ဂလ္လာနော၊ ဣဒ္ဓိမန္တ ဂုဏ်တေဇကြောင့် ပုညလွန်ကဲ လက်ဝဲတော်ရံ အရှင်မောဂ္ဂလ္လာန် မထေရ်မြတ်သည်။ ပတိဋ္ဌိတော၊ ဘုရားရှိရာ မျက်နှာရှေးရှု တည်တော်မူ၏။

ပုဗ္ဗဘာဂသ္မိံ၊ အရှေ့မျက်နှာ ကောင်းစွာခင်းအပ် နေရာမြတ်၌။ ကောဏ္ဍညော၊ ဓမ္မစကြာ တရားနာ၍ သစ္စာလေးအင် ရှေးဦးမြင်ထ အရှင်ကောဏ္ဍည မထေရ်မြတ်သည်။ ပတိဋ္ဌိတော၊ ဘုရားရှိရာ မျက်နှာရှေးရှု တည်တော်မူ၏။

ပါယဗ္ဗေ၊ နောက်မြောက် ရပ်ခွင် နေရာပြင်၌လည်း။ ဂဝမ္ပတိ၊ သမာဓိက္ခန္ဓ ကျော်စောလှသော ဂဝမ္ပတိ မဟာထေရ်မြတ်သည်။ ပတိဋ္ဌိတော၊ ဘုရားရှိရာ မျက်နှာတူရှု တည်တော်မူ၏။

နေရတိစေ၀၊ နောက်တောင်မျက်နှာ မြတ်နေရာ၌။ ဥပါလိ၊ ဝိနည်းမိုရ်တွင် ကျော်စောထင်သည့် အရှင်ဥပါလိ မဟာထေရ်မြတ်သည်။ ပတိဋ္ဌိတော၊ ဘုရားရှိရာ မျက်နှာတူရှု တည်တော်မူ၏။

အင်္ဂါနေ့ရဋ္ဌ၊ အရှေ့တောင်ခွင် နေရာပြင်၌။ ရေဝတော အရည်ကင် ဓူဘင်မွေ့လျော် ရှားတောပျော်ငြား ရှင်ကျော် ရေဝတ မြတ်ထေရ်လှသည်။ ပတိဋ္ဌိတော၊ ဘုရားရှိရာ မျက်နှာ တူရူ တည်တော်မူ၏။

သေန္ဒေ၊ အရှေ့မြောက်သာ ရပ်ခန်းဝါ၌။ ရာဟုလောစေဝ၊ သိက္ခာကာမ ရှိသေလှငြား ဘုရားသားတော် ရှင်ကျော် ရာဟုလာ မဟာထေရ်မြတ်သည်။ ပတိဋ္ဌိတော၊ ဘုရားရှိရာ မျက်နှာ တူရူ တည်တော်မူ၏။

တေသံ၊ ဆိုပြီးဉဿုံ လုံးစုံကိုးရပ် ထိုအရှင်မြတ်တို့အား။ အဟံ၊ ဆွမ်းဒါယကာ—ဒါယိကာမ မည်ခေါ် တပည့်တော်သည်။ အာဒရံ၊ တုပ်ဝပ်ပန်ထွာရှိသေစွာ။ သဗ္ဗဒါ၊ နေ့ညဥ့်နာရီ ပါဒ်ဗီဇနာ ခရာမလပ် အထပ်ထပ်လျှင်။ ဝန္ဒာမိ၊ စေတနာ ဖွင့်ဖြိုး လက်စုံမိုး၍ ရှိခိုးပါ၏အရှင်ဘုရား။ တေနာနုဘာဝေန၊ ထိုအရှင်မြတ်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်။ မေ-မမ၊ တပည့်တော်အားငင်း။ ဣမဿစ၊ ဤဆွမ်း ဒါယကာ, ဒါယိကာမ မိသားစု ကောင်းမှု ပွားတိုး ဆွေမျိုးအားငင်း။ သဗ္ဗံ၊ ကြွင်းမဲ့ဉဿုံ အလုံးစုံသော။ ဇယမင်္ဂလံ၊ ရောဂါ ဘေးဒဏ် ရန်မာန်ခပင်း ရှိမဲ့ လျှင်းကို ပယ်ရှင်းအောင်တတ် နဝင်းခတ်အောင် ကောင်းမြတ်လှစွာ မင်္ဂလာသည်။ ဘဝတု၊ အောင်ပါစေသောဝ် အောင်စေသောဝ်ဟု မနောစိတ်ကြံ အမိဋ္ဌာန် မလစ် ဖြစ်ကြီး ဖြစ်ပါစေသတည်း။

# ဘုရားရှင်ထံ ဆုတောင်းရန်

ဗုဒ္ဓေါစ မဇ္ဈိမေ ဌိတော၊
လောကနာထော နရာသဘော။
ဣဋ္ဌာဒေါ ပုရိသာ ဇညော၊
ဇိနော မေ ဒေတု ဣဋ္ဌိတံ။

မဇ္ဈိမေ၊ ရဟန္တာရှစ်သွယ် ဗဟိုလယ်၌။ ဌိတော၊ မဏ္ဍိုင်တူဘိ တည်ရှိတော်မူပေသော။ လောကနာထော၊ လူသုံးပါးတို့၏ ကိုးစားရာအစစ် ဖြစ်တော်မူပေထသော။ နရာသဘော၊ လူတွင်လူမြင်း တုဖက်ကင်းစွ အာသဘာလည်း ဖြစ်တော်မူပေထသော (ဥသဘဿဘာဝေါ အာသဘံ– ဝိဂ္ဂဟမူသည်) ဣဋ္ဌာဒေါ၊ သတ္တဝါတို့၏ လိုရာဆန္ဒဟူသမျှကိုလည်း ဝေငှပေးကမ်းတော်မူပေထသော။ ပုရိသာဇညော၊ ဟတ္ထိအဿ ဥသဘနှင့် မနုဿာဇာနည် လေးမည်အရိုး ဇာနည်မျိုးကို အစိုးရသော ပုရိသအာဇာနည်လည်း ဖြစ်ပေထသော။ ဇိနော၊ မာရ်ငါးအင်ကို အောင်မြင်တော် မူပေထသော။ ဗုဒ္ဓော၊ သဗ္ဗညုတ်ထွတ်ထား ရှင်တော်မြတ်ဘုရားသည်။ မေ–မမ၊ ဆွမ်းဒါယကာ ဆွမ်းဒါယိကာမသမုတ် အကျွန်ုပ်အား။ ဣဋ္ဌိတံ၊ ဘေးရန်ကင်းကွာ ချမ်းသာကြီးပွား သက်ကားမြင့်ရှည် ခန့်တည်မလှပ် အလိုရှိအပ်တောင့်တအပ်သော အကျိုးကို။ ဒေတု၊ ကရုဏာသမာပတ် ဝင်စားလတ်ကာ၊ မပြတ်ကြည်အေး အားအဆင့်ပေးတော်မူပါ ရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရား။

## အရှင်သာရိပုတြာထံ ဆုတောင်းရန်

သာရိပုတ္တော မဟာပညော၊
အဂ္ဂေါ ဗုဒ္ဓဿ သာဝကော။
ထေရော တု ဒက္ခိဏော ဌိတော၊
သောပိ မေ ဒေ့တု ပတ္ထနံ။

မဟာပညော၊ ဘုရားမှတပါး သာဝကများတွင် ကြီးမားသော ပညာလည်းရှိပေထသော။ ဗုဒ္ဓဿ၊ သုံးလောကထိပ်တင် ဘုရားရှင်၏။ အဂ္ဂသာဝကော၊ အမြတ်ဆုံးသော တပည့်ကြီးလည်းဖြစ်ပေထသော။ သာရိပုတ္တော၊ ရူပသာရီ သည်ပို့မျှမွေး မိသူဌေး၏ ရင်သွေးသည်းချာ သာရိပုတြာဟူသော အမည်လည်းရှိပေထသော။ ထေရောတု၊ မထေမြတ်ကြီးသည်ကား။ ဒက္ခိဏော၊ ဘုရားလက်ျာ တောင်မျက်နှာ၌။ ဌိတော၊ ကြည်သာရွှင်ပြုံး သိတင်းသုံး တည်ရှိတော်မူပေ၏။ သောပိ၊ ထိုအရှင်မြတ်ကြီးသည်လည်း။ မေ-မမ၊ ဆွမ်းဒါယကာ ဆွမ်းဒါယိကာမသမုတ် အကျွန်ုပ်အား။ ပတ္ထနံ၊ တောင့်တအပ်ရာ ရောဂါကင်းစင် အားအင်ပညာ ပွားရာအမှု မြတ်သောဆုကို။ ဒေတု၊ ခဏမနေး ကြာမဝေးပဲ ပေးတော်မူပါ အရှင်မြတ်ဘုရား။

## အရှင်အာနန္ဒာထံ ဆုတောင်းရန်

စတုံရော ဧညသမ္ပန္နော၊
အာနန္ဒော လောကာဘိညာတော။

ဌိတော ဗုဒ္ဓေါ ပစ္ဆိမေ၊
သောပိ မေ ဒေတု တုဋ္ဌကံ။

စတုရော ဉာဏသမ္ပန္နော၊ အဆင်းအသံ ဟောညွှန်ဒေသနာ လှူရာ၌ သဒ္ဒါလွန်ကဲ မရောင့်ရဲခြင်းဟူသော တန်ခိုးလေးပါးနှင့် ပြည့်စုံပေထသော။ ဝါ-စတုရော-စာတုရော၊ လောကီ လောကုတ္တရာ ကျိုးနှစ်ဖြာ၌ လိမ္မာယဉ်ကျေးပေထသော။ ဉာဏသမ္ပန္နော၊ ရှေးဘုန်းရှေးကံ ပါရမီဉာဏ်နှင့် ပြည့်စုံတော် မူပေထသော။ လောကာဘိညာတော၊ လူရပ်နတ်ထံ သတင်းသံဖြင့် အလွန်ထင်ရှားပေထသော။ အာနန္ဒော၊ အရှင်အာနန္ဒာ မထေရ် မြတ်သည်။ ဗုဒ္ဓေါ၊ ဘုရားရှင် ကိုယ်တော်မြတ်၏။ ပစ္ဆိမေ၊ အနောက်မျက်နှာ ရပ်ခန်းဝါ၌။ ဌိတော၊ တည်ရှိရှင်ပြုံး သီတင်းသုံးတော်မူပေ၏။ သောပိ၊ ထိုအရှင်အာနန္ဒာ မထေရ် မြတ်သည်လည်း။ မေ-မမ၊ ဆွမ်းဒါယကာ ဆွမ်းဒါယိကာမ သမုတ် အကျွန်ုပ်အား။ တုဋ္ဌကံ၊ တွေ့မြင်ရာရာ လူဘာကာတို့ ကြင်နာနှစ်သက် စုံမက်မြတ်နိုး ဆုမြတ်ကျိုးကို။ ဒေတု၊ ခဏ မနှေးပဲ ပေးသနားတော်မူပါဘုရား။

## အရှင်မဟာမောဂ္ဂလ္လာန်ထံ ဆုတောင်းရန်

မဟိဒ္ဓိကော မဟာတေဇော၊
မောဂ္ဂလ္လာနောတိ ဝိဿုတော။
ဌိတော ဗုဒ္ဓေါ ဥတ္တရေ၊
သောပိ မေ ဒေတု ဣဒ္ဓိမံ။

မဟိဒ္ဓိကော၊ နှစ်သိန်း လေးသောင်း မြေထုပေါင်းကို တပြောင်းပြန်ပြန် မှောက်လှန်ခြင်းငှာ စွမ်းနိုင်စွာသော တန်ခိုး ရှိပေထသော။ မဟာတေဇော၊ နဂါးဂဠုန် ဂုမ္ဘဏ်ယက္ခ ဟူသမျှတို့ တေဇဘုန်းဂုဏ် အလုံးစုံကို လွှမ်းခြုံနှိပ်နင်းနိုင်ပေထ သော။ မောဂ္ဂလ္လာနော့တိ ဝိဿုတော၊ တန်ခိုးပြင်းထံ အရှင် မဟာမောဂ္ဂလ္လာန်ဟူ၍ ကျော်စောသတင်း ထင်ရှားခြင်း ရှိပေ ထသော။ ထေရော၊ အဂ္ဂသာဝက ပါကဋထင်ပေါ် မြတ်ထေရ် ကျော်သည်။ ဗုဒ္ဓဿ၊ သဗ္ဗညုထွတ်တင် ဘုရားရှင်၏။ ဥတ္တရေ၊ လက်ဝဲနေရာ မြောက်မျက်နှာ၌။ ဌိတော၊ တည်ကြည်ရှင်ပြုံး သီတင်းသုံး နေတော်မူပေ၏။ သောပိ၊ ထိုအရှင် မဟာ မောဂ္ဂလ္လာန်မထေရ်သည်လည်း။ မေ-မမ၊ ဆွမ်းဒါယကာ ဆွမ်း ဒါယိကာမ သမုတ် အကျွန်ုပ်အား။ ဣဒ္ဓိမံ၊ မိုးပျံမြေလျှိုး တန်ခိုးရှိသော အဖြစ်ကို။ ဒေတု၊ ခဏမနှေး မကြာဝေးပဲ ပေးသနားတော်မူပါဘုရား။

## အရှင်ကောဏ္ဍညထံ ဆုတောင်းရန်

သဗ္ဗာဒိကံ မဂ္ဂံ ပတ္တော၊
သာဝကေသု စ ဇေဋ္ဌကော။
ကောဏ္ဍညော ပုဗ္ဗဒိသာယံ၊
သော မေ ဒေတု သုခပ္ပဒံ။

သဗ္ဗာဒိကံ၊ ခပ်သိမ်းသောသူတို့၏ ရှေးဦးစွာ။ မဂ္ဂံပတ္တော၊ သောတာပတ္တိမဂ်သို့ ရောက်တော်မူပြီး ထသော။ သာဝကေ သု စ၊ ဘုရားတပည့်သား အပေါင်းတို့တွင်လည်း။ ဇေဋ္ဌကော၊

နောင်တော်ကြီးလည်းဖြစ် ပေထသော။ ကောဏ္ဍညော၊ အညာသိကောဏ္ဍည မည်ရပညတ် အရှင်မြတ်သည်။ ဗုဒ္ဓဿ၊ သုံးလောကထွတ်တင် ဘုရားရှင်၏။ ပုဗ္ဗဒိသာယံ၊ အရှေ့မျက်နှာ ရပ်ခန်းဝါ၌။ ဌိတော၊ တည်ရှိရှင်ပြုံး သီတင်းသုံးတော်မူပေ၏။ သော၊ ထိုအရှင်ကောဏ္ဍည မဟာထေရ်မြတ်သည်။ မေ—မမ၊ ဆွမ်းဒါယကာ—ဒါယိကာမ သမုတ် အကျွန်ုပ်အား။ သုခပ္ပဒံ၊ ချမ်းသာခြင်းအကြောင်းကို။ ဒေတု၊ ခဏမနှေး မကြာဝေးပဲ ပေးသနားတော်မူပါဘုရား။

## အရှင်ဂဝမ္ပတိထံ ဆုတောင်းရန်

အကမ္ပတော ဝသီပတ္တော၊
ဣဒ္ဓိသစ္စော ဂဝမ္ပတိ။
ဌိတော ဗုဒ္ဓဿ ပါယပေ့၊
သောပိ မေ ဒေတု သမ္ပတ္တိံ။

ဝသီပတ္တော၊ အာဝဇ္ဇန, သမာပဇ္ဇန, ဝုဋ္ဌာနနှင့်, အဓိဋ္ဌာန, ပစ္စဝေက္ခဏာ ငါးဖြာသော ဝသီဘော်သို့ ရောက်တော်မူပြီးထသော။ အကမ္ပိတော၊ လောကဓံရှစ်ပါး ထိခိုက်ငြားလည်း တိမ်းပါးတုန်လှုပ်ခြင်းလည်း မရှိထသော။ ဣဒ္ဓိသစ္စော၊ သိမြင်အပ်ပြီးသော သစ္စာလေးပါး တရားလည်း ရှိပေထသော။ ဂဝမ္ပတိ၊ အရှင်ဂဝမ္ပတိ မဟာထေရ်မြတ်သည်။ ဗုဒ္ဓဿ၊ တရားသိမြင် ဘုရားရှင်၏။ ပါယပေ့၊ နောက်မြောက်မျက်နှာ ရပ်ခန်းဝါ၌။ ဌိတော၊ တည်ရှိရှင်ပြုံး သီတင်းသုံးတော် မူပေ၏။ သောပိ၊ ထိုအရှင်ဂဝမ္ပတိ မဟာထေရ်မြတ်သည်လည်း။ မေ—မမ၊

ဆွမ်းဒါယကာ — ဆွမ်းဒါယိကာမ သမုတ် အကျွန်ုပ်အား။ သမ္ပတ္တိံ၊ ချွေရံရိပ်ငြိမ် စည်းစိမ်ပညာ လိုရာပြည့်စုံခြင်းကို။ ဒေတု၊ ခဏမနှေး မကြာဝေးပဲ ပေးသနားတော်မူပါဘုရား။

## အရှင်ဥပါလိထံ ဆုတောင်းရန်

ဝိနယေသု ဝိသာရဒေါ၊
တေဒဂ္ဂေါတိ ဝဏ္ဏိတော။
ဥပါလိ နရတိမ္ဘိစ၊
ဌိတော ပူရေတု မေ သုခံ။

ဝိနယေသု, ဝိသာရဒေါ၊ အာဏာဒေသနာ ဝိနည်းအရာ တို့၌ ရွှံရှာခြင်းကင်းပေထသော။ တေဒဂ္ဂေါတိ, ဝဏ္ဏိတော၊ ဝိနည်းဇိုရ်ဟူသမျှတွင် ဤအရှင်လျှင် ဖက်ယှဉ်မရ လွန်ကဲလှ၏ဟူ၍ ဗုဒ္ဓမြွက်ဖော် ချီးမွမ်းတော်မူအပ်ပေထသော။ ဥပါလိ၊ အရှင်ဥပါလိ မထေရ်မြတ်သည်။ ဗုဒ္ဓဿ၊ သစ္စာလေးအင် သိမြင်ထင်လျှား ရှင်တော်ဘုရား၏။ နရတိမ္ဘိစ၊ အနောက်တောင်သာ ရပ်မျက်နှာ၌သာလျှင်။ ဌိတော၊ တည်ရှိရှင်ပြုံး သီတင်းသုံးတော်မူပေ၏။ သောပိ၊ ထိုအရှင်ဥပါလိ မဟာထေရ်မြတ်သည်လည်း။ မေ—မမ၊ ဆွမ်းအလှူကို ကြည်ဖြူ အားထုတ် အကျွန်ုပ်အား။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာ မြတ်ချမ်းသာကို။ ပူရေတု၊ ပြည့်ပြည့်စုံစုံ ဥဿုံခွင့်ရေး ပေးတော်မူပါဘုရား။

## အရှင်ရေဝတထံ ဆုပန်ရန်

ဟိတေသနေစ ကောဝိဒေါ၊
အမလော ဈာနဘိညာသု။

ရေဝတော အင်္ဂနေ ဌိတော၊
သောပိ မေ ဒေတု သိဒ္ဓိကံ။

ဟိတေသနေစ၊ ကောင်းကျိုးနှစ်ပါး စီးပွားနှစ်ဖြာ ဖွေရှာခြင်း၌။ ကောဝိဒေါ၊ ကျွမ်းကျင် လိမ္မာတော်မူပေထသော။ ဈာနဘိညာသု၊ ကိုးပါးသော ဈာန် ခြောက်တန်သော အဘိညာဉ် တရားယာဉ်တို့၌။ အမလော၊ နိဝရဏစသော အညစ်အကြေးလည်း ကင်းပေထသော။ ရေဝတော၊ အရညကင် ဓုတင်မွေလျော် ရှားတော ပျော်သော ရှင်ကျော်ရေဝတ မဟာထေရ်မြတ်သည်။ ဗုဒ္ဓဿ၊ သစ္စာလေးအင် သိမြင်ထင်လျှား ရှင်တော်ဘုရား၏။ အင်္ဂနေ၊ ရွှေတောင်ယွန်းကာ မြတ်နေရာ၌။ ပတိဋ္ဌိတော၊ တည်ရှိရှင်ပြုံး သီတင်းသုံးတော်မူပေ၏။ သောပိ၊ ထိုအရှင်ရေဝတမဟာထေရ်မြတ်သည်။ မေ—မမ၊ ဆွမ်းအလှူကို ကြည်ဖြူအားထုတ် အကျွန်ုပ်အား။ သိဒ္ဓိကံ၊ အလိုခပ်သိမ်း ပြီးငြိမ်းစေမှု မြတ်သောဆုကို။ ဒေတု၊ ခဏမနေး မကြာဝေးပဲ ပေးသနားတော်မူပါဘုရား။

## အရှင်ရာဟုလာထံ ဆုပန်ရန်

သိရိပုညေန သမ္ပန္နော၊
ရာဟုလော ဗုဒ္ဓသြရသော။
ဌိတော ဗုဒ္ဓဿ သေန္နေ၊
သောပိ မေ ဒေတု ပီတကံ။

သိရိပုညေန၊ ဘုန်းကြက်သရေတော်နှင့်။ သမ္ပန္နော၊ ပြည့်စုံတော်မူပေထသော။ ဗုဒ္ဓသြရသော၊ ဘုရားသခင်၏ ရွှေရင်

တော်နှစ် သားတော်စစ်လည်း ဖြစ်တော်မူပေထသော။ ရာဟုလော၊ အရှင်ရာဟုလာ မဟာထေရ်မြတ်သည်။ ဗုဒ္ဓသာ၊ သစ္စာလေးအင် သိမြင်ထင်လျှား ရှင်တော်ဘုရား၏။ သေဋ္ဌေ၊ အရှေ့မြောက်ခွင် နေရာပြင်၌။ ဌိတော၊ တည်ရှိရှင်ပြုံး သိတင်းသုံးတော်မူပေ၏။ သောပိ၊ ထိုအရှင်ရာဟုလာ မဟာထေရ်မြတ်သည်လည်း။ မေ-မမ၊ ဆွမ်းအလှူကို ကြည်ဖြူ အားထုတ် အကျွန်ုပ်အား။ ပီယကံ၊ ဗြဟ္မာလူနတ် ပရိသတ်တို့ လေးမြတ်ချစ်ခင် ကြင်နာစုံမက် နှစ်သက်စေမှု မြတ်သောဆုကို။ ဒေတု၊ နေ့ရောညဉ့်ပါ။ စောင့်ရှောက်ကာဖြင့် ကရုဏာရှေ့ရှု ပေးသနားတော်မူပါ အရှင်ဘုရား။

## ရေချမ်းပန်းဆီမီး ထီးတံခွန် ကပ်လှူရန်

ဘုရားတပည့်တော် (............နေ့သား............နေ့သမီး—ဆွေနီးမျိုးပါ) ဒါယကာ ဒါယိကာမတို့မှာ သံသရာမြိုင် ဂနိုင်ကန္တာ မဟာဒုက္ခ ဘဝတောအုပ် သောသောရုတ်မျှ လွတ်ပြုတ်ကင်းရာ ပရာယဏ ခေမဂ်ဘုံ မြို့အမြုံကို ခိုလှုံပါရခြင်း အကျိုးငှာ ဂင်္ဂါနဝတတ် ရေမြတ်မင်္ဂလာ တင်ဆက်ပါသော သီတာရေကြည် နှင်းရည်ကြိုင်မွှေး ဘောက်ရေအေးဖြင့် ပွျှမွှေးလှိုင်ထုံ အငုံအပွင့် အတင့်အတယ် ရှုဖွယ်မခန်း ပန်းမျိုးစုံစွာ ကြိုင်နံ့သာတို့ဖြင့် ကောင်းစွာဆက်သ နေ့ညမပြတ် လှူကပ်ပူဇော်ပါသည်။ အလျှံအရောင် ပြောင်ပြောင်ညီးညီး ဆီမီးရောင်ရှန်း ထိန်ထိန်ထွန်း၍ ကြည်လန်းကော်ရော် ပူဇော်ပါသည်။ ဓဇဆတ္တာ ဒီပါ၊ ထီးတံခွန်တိုင် မြိုင်မြိုင်စိုက်ထား မုလေးပွားကြက်လျှာ အဖြာဖြာသော ဒေယျဓမ္မ ဒါတဗ္ဗအစု ဤဝတ္ထု

အလှူတို့ကို ခံယူသုံးဆောင်တော်မူပေသော။ ဘန္တေ၊ အရှင်ဘုရား။ ဣမိနာ၊ ဤသို့ပူဇော်ပါရ သဒ္ဒါပုဗ္ဗင်္ဂမ မြတ်ပုညကြောင့် ဘဝလူ့ရွာ ဖြစ်တိုင်းမှာ၌ အာကာသဋ္ဌ ဂဇကုမ္ဘီ အာနိမူးပြည့် ပုလဲမှည့်ကဲ့သို့ မြူရှိမထင် သန့်ရှင်းစင်လျက် ရှုမြင်၍ မရောင့်ရဲနိုင်သော ကိုယ်ခန္ဓာရှိခြင်း၊ သီတဥဏှ နှစ်ဝတမုဋ္ဌာန် ရုပ်ဝိပ္ပလ်ကြောင့် အန္တရာယ်ဝေဒနာ ဘေးဘယာတို့သည် ရံခါမနား လွတ်ရှားဝေးကွာခြင်း၊ မေတ္တာတုံးလယ် စုန်းနတ်မိစ္ဆာ မသမာလူ မသူတော်ညာဏ် ပြင်ပရန်တို့သည် နှိပ်နွှံဘိဆီး ဖျက်ဆီးခြင်းငှာ ရံတခါမျှ မကြံစည်နိုင်ခြင်း၊ တောချောက် တောင်ကြား ဝေးခြားကန္တာ သွားလေရာတို့၌ အာသာအခွင့် ရေလိုလင့်က အသင့်ပေါ်ထွက်လာခြင်း၊ ရာဂ ဒေါသဒိဋ္ဌိစသော ပါပဆယ်ထွေ ကိလေမြူမှုန် ရန်သူပုန်တို့ကို ညာဏ်ဟုန်သီတာ ရေနံ့သာဖြင့် စင်စွာဆေးကြော နိုင်ခြင်း၊ ကိုယ်နံ့ခံတွင်းနံ့ သတင်းနံ့တို့သည် သင်းပျံ့လှိုင်ကြူ ပန်းအတူကဲ့သို့ မြင်သူကြားသူ လူသူခပ်သိမ်းတို့ ညွတ်တိမ်းကြင်နာ မေတ္တာသက်ဝင်ခြင်း၊ နံနက်အခါ၌ သီတာရေချမ်း သွန်းသောပန်းကဲ့သို့ လန်းလန်းတင့်မျှ ပွင့်ကြသော ဘုန်းကြက်သရေရှိခြင်း၊ ကြင်သူဇနီး သားသမီးနှင့် ဆွေနီးညာတကာ မိတ်ကလျာဟု ဖြစ်လာသမျှ သဟာယတို့သည် သက္ကစ္စ ဂါရဝ ရှိကြကုန်လျက် ဝေရမကူး ရန်ဆူး မထင် ကျင့်အင်မချွတ် ခင်မွတ်လေးမြတ်စွာ ချမ်းသာသက်ရှည် စည်းစိမ်ဘည်၍ လေးမည်အာသဝေါ ကြွေလျှောကုန်ခန်း မဂ်ဖိုလ်ပန်းကို လန်းလန်းပန်ဆင် လောကီခွင် လောကုတ် ဝိသုဒ္ဓိက နိဿန္ဒကို ဘဝများစွာ မချာမထောင့် ရောက်ရပါစေသော်။

## ဘုရား ၉-ဆူ ဆွမ်းကပ်ရန်

ရာဇာတိ ရာဇိန် ဒေဝါတိ ဒေဝိန် စက္ကာတိ စက္ကိန် ဣသိန္ဒာ စတုတ္တာ အမည်ရသား ဓမ္မသာမိ မုနိပုင်္ဂဝ အာဒိပြု အက္ခရာ ပုဒ်အာနှင့် ဥဒ္ဒေ ယျာငါး၀ ဆအာဘိညာ ခြောက်ဖြာ အသာ ဓရဏ ဉာဏဆယ်ပါး အားတော်ဆယ်စုံ ဂုဏ်တော်ကိုးခု သဗ္ဗညုဟု အတုလသင်းကျစ် ဓမ္မရာဇ်မှန်ကူ သယမ္ဘူထွတ်ထား မုနိန္ဒ မြတ်စွာဘုရား၊ မုနိန္ဒမည်ရှိ ရှင်တော် မာရဇိသည် အနုပါဒိ သေသ မဟာသီ၀ကြွင့်နိုး နိဗ္ဗာန်နန်းသို့ စံမြန်းတော်မူသည့်နောက် လေးလမြောက်တွင် ရွှေကျောက်ဂူဒ္ဒနီ ချယ်စီဝင်းဝင်း မဏ္ဍပ် တွင်း၌ ရှင်ရင်းသားလှ ကဿပမည် မဟာထေရ်သည် ခီဏာ သ၀ ရံခငါးရာ ရဟန္တာသခင် မြတ်ရှင်ပင်တို့နှင့် အလျင်အစ ပထမ သင်္ဂါယနာ တင်သောခါ၀ယ် မဟာကဿပ သံဃဦးစီး မြတ်စောထီးက အသီးမိန့်ဆို ရွှေနှုတ်တော်ချီသည်မှာ ရွှေကိုယ် တော်ဘုရား ရှိစဉ်များက ဘုရားကိုးဆူ နတ်လူပြဟ္မာ ပူဇော် ရာဝယ် မဟာနိသံသ အကျိုးထူးရလိမ့်မည် မုချဆတ်ဆတ် ပရမတ်သဘော မြတ်ရှင်စောနှင့် မနေသထပ်၍ ရှစ်ရပ်သံဃာ ရံတော်ပါလျက် ပမာတန္တ ရွှေမျဉ်းပြု၍ ယခုရှိနေ ကိုးကွယ် လေဟု ရွှေဒေပရေးသား ဘုရားဒါယကာ မဟာအဇာတသတ် မင်းသို့အပ်သော် မင်းမြတ် ကြည်လင် ကိုးဂုဏ်ရှင်၏ သခင် ဘုရား ကိုယ်တော်စားနှင့် မခြားမိဋ္ဌာန် အရှင်မဟာမောဂ္ဂလ္လာန် အရှင် သာရိပုတြာ အရှင်ရာဟုလာ အရှင် ကောဏ္ဍည အရှင် ရေဝတ အရှင် ဂဝမ္ပတိ အရှင် ဥပါလိ အရှင်အာနန္ဒာ ရဟန္တာ ထေရ်ပုံ ရှစ်ပါးရံ၍ ပုံစံရုပ်တု ကိုယ်စားပြုလျက် ကိုးခုဆွမ်း

ဟင်း ပုံ့သင်းမှုံ့စုံ ယိုမျိုးစုံနှင့် ကိုးပုံသစ်သီး ဆီမီးကြက်လျှာ မြူတာပန်းစိုက် တံခွန်ကုက်ကဲလျက် ထီးနှိုက်အဖြူ ကိုးဆူညီမျှ ခင်းကျင်းပလျက် လေးလရှည်ကြာ မဟာပရိနိဗ္ဗာန် ဝင်စံအနု ပါဒိသေသ သမ္ဗုဒ္ဓနှင့် ပြခဲ့ပြီးသား ထေရ်ရှစ်ပါးကို ကိုယ်စား ရွယ်ချူ ပူဇော်တော်မူကြသည့် နည်းယူစဉ်လာ ဓမ္မာသောက သထုံစသား စိုးငြားအရိမဒ္ဒနာ ကျစ္စာမင်းကြီး အသီးသီးတို့ ဘေးဆီးရန်ပ ပူဇော်ကြ၍ သုခချမ်းသာ ရကြပါသည် ပမာတန္တု ဤနည်းပုံလျက် အောင်ဆုမင်္ဂလာ ချမ်းသာပါကြောင်း အရှင် ကောင်းနှင့် ထေရ်ပေါင်းရှစ်ဖြာ အရိယာတို့ အခါနှံနက် အာရုံ တက်သော် ရွှေစက်နှစ်လီ စကြာချီလျက် တညီတညာ မေတ္တာ ဝေငှ ဤမည်သော* (…… ……နေ့သား………………နေ့သမီး ဆွေနီးမျိုးပါ) ဆွမ်းဒါယကာ ဒါယိကာမတို့၏ အိမ်ဂေဟာသို့ ဒေသစာ မြန်းကြွ၍ ဆွမ်းဒါန ဤအလှူကို ကြည်ဖြူစွာ နှလုံး အေးရအောင် ဘုဉ်းပေး သုံးဆောင်တော်မူရန် ကြွတော်မူပါ့ သုံးလောကထွတ်တင် အရှင် ကိုယ်တော်မြတ်ကြီးဘုရား။

## ဆုတောင်းပတ္ထနာသက်သက်ပြုရန်

ဤမည်သော ဆွမ်းဒါယကာ ဒါယိကာမ သက်လျာဇနီး သားသမီးက စသည်မချို အကျွန်ုပ်တို့လျှင် နှစ်လို့ရွှင်လန်း တဒ္ဒါပန်းနှင့် ရဟန်းများထွတ် သုံးလူ့နတ်က ရှင်မြတ်ရှစ်ပါး ကိုယ်တော်များကို ဖြူထွား ဆွမ်းတော် အဖျော်ယမကာ သန့်

---

*……..နေ့သာ……..နေ့သမီးဆိုရာ၌ ဆွမ်းကပ် ပူဇော်သော ဒါယကာ ဒါယိကာမတို့၏ မည်သည့်နေ့သား မည်သည့်နေ့သမီးဟု သီးခြားဖော်၍ ရွတ်ဆိုရပါမည်။

ရှင်းစွာသား ရသာထောပတ် ကောင်းမြတ်သစ်သီး ပန်းဆီမီးနှင့် ဖြူထီးတံခွန် ကောင်းမွန်စင်လျက် သုံးအင်သရဏဂုံ ငါးစုံသီလ ဆောက်တည်ရသား ကျိုးမြတ်အားကြောင့် မျက်ဝါးထင်ပြ ယနေ့မှသည် စ၍စဉ်လာ ကိုယ်ခန္ဓာ၌ ရောဂါအမျိုး ကိုးဆဲ့ ခြောက်သွယ် သုံးဆယ်နှစ်ဖြာ ကံကြမ္မာစုဝေး ဘေးနှစ်ဆဲ့ငါး ဆဲ့ခြောက်ပါး ဥပါဒ် ဆယ်ရပ်သော ဒဏ် ရှစ်တန်သော အပြစ် ဆိုးညစ် ယုတ်မာ နှိပ်စက် စွာသား ငါးဖြာရန်သူ မာန်ဟူသမျှ တခဏမျှ မကျမထိ မစွန်းငြိပဲ ဘူမိသာဂရ ရက္ခတောစိုး မြေမိုးစောင့်ဆောင် ငါးထောင် သာသနာ စောင့်ကြပ်စွာသား ဒေဝါအများ ခြောက်ပါး ထက်ရပ် ရှိတိုင်း နတ်တို့ လေးမြက်ကြင်နာ သားပမာသို့ မေတ္တာနေ့ည ပို့ကုန် ကြ၍ ယက္ခဇော်ဂနီ ကာကနိက စုံးမှိမ်စွာ မသမာနတ်ဝင် ကိုယ်တွင်ထိခိုက် နတ်တိုက် စုန်းတိုက် တစ္ဆေတိုက်နှင့် ဘုတ် တိုက် ကြွတ်တိုက် ဉာအတိုက်တို့ မခိုက်မထိ မငြိမစွန်း ဆန်ခြမ်း မြူလွှာ, မရောက်လာပဲ နာကြောင်း ဖျားကြောင်း သေ ကြောင်း ငြိုးထား စုန်းထားမုန်းထား တစ္ဆေထားနှင့် ဖမ်းစား ကလူ လူသူပူစား ရုပ်ထား ရုပ်မြှုပ် လေလှုပ်သစ်ပင် မြေပြင် တောင်ပို့ ထားသို့နှိုန့်ပ် ခရုပိတ် ကျိတ်လိတ်သေ နတ်စေ နတ်တိုက် လောင်တိုက် နဂါးစောင်း မကောင်းပြုငြား ဆေး ဝါးအစေ လက်ဖွဲ့စေနှင့် မှင်စေပြုစား ထူစားကံစား အင်းထား အင်းစေ အသေအင်းပြု ရုပ်ထုသူယောင်စေ ကျားစေ မြွေတိုက် သံလိုက် သံဖမ်း ရိုပ်ဖမ်းမသေ့ ကဝေစုန်းမ ပုဏ္ဏကနှင့် အာဋ္ဌာ ဝက ခိုင်းစေ ထွေထွေဝဝ ပြုသမျှအား ဘုရားတန်ခိုးတော် အာနုဘော်ကြောင့် ဝေးသော်ကသာ ပျောက်လွင့်ကွာလျက်

ငှက်လာငှက်ဝင် အိမ်တွင်ပြားစွဲး ထူးကဲမှို့ပေါက် တောင်ပို့ ရောက်နှင့် တောမျောက်ကစ လင်းတချိုးညို ဝံလိုငှက်ဆိုး နိမိတ် မျိုးလည်း ဆိုးပြစ် ကင်းပျောက် ကောင်းကျိုးရောက်၍ ပွား မြောက်မင်္ဂလာ ချမ်းသာသုခ လောကရိပ်ငြိမ် စည်းစိမ်ခံကာ မြင့်ကြာသက်ရှည် ကောင်းကျိုးတည်လျက် ရွှေပြည် နိဗ္ဗာန် ရောက်စေသောဝ်။

## ဘုရား ၉-ဆူပေါင်း၍ ဆုတောင်းရန်

ရာဇာတိရာဇိန် ဒေဝါတိဒေဝိန် နေသမ္ဘိန် အမျိုးရသည့် သတိုးသကျ သာကီဝင်၍ ဘဂဝါထေရိသခင် သုံးဘုံတိုက်၌ ချူန်းတုန်ရိုက် ဘဝဂ်ညာလျက် စက္ကဝါအနန္တတို့ဝယ် ကြံဆ၍ မကုန်ခန်းနိုင်သော ဂုဏ်အစွမ်းဝိသေသတို့ကြောင့် အတိရေက ပြည်အမွန်ဟု အောင်သိဝံနန်းထွတ်ကို လှမ်းဆွတ်တော်မူနိုင် သော ဇိနပရမေအရှင်နှင့် နိဝရဏအခြေစဉ် ပဟာရပြုပေသော သာဝကအစု ရှစ်ပါးအရဟံတို့ပါ စနစ်မမှားရန် ယူမြော် မိုးပြီး ပူဇော်နည်း ထုံးမပျက်စေပဲး သုံးချက်သောစေတနာ အစုနှင့် အေးစွာယခု မိုးဆက်ခါဖြင့် ထီးကြက်လျှာ ဘံနှင့် ထပ်လျက် မွန်အမြတ် တကိန်းဖန်းပြီး ပဒီပံအရောင်လျှံ၍ မိုက်မှောင်မသန်း ဝင်းထိန်ဖြာ ဆင်းနံ့မကွာ လန်းစုံစွာသော ဂန္ဓာရုံ ပန်းစမွယ်တို့နှင့် အဆန်းတကြယ် ဝေဝေ မပျက်စေပဲး သပြေခက် နှင့်ရှရှပါ ယူဇနစကာဝါ တန္ဒန်းခြုံလျက် အလုံးစုံ လှူဒါနတို့ကို ဖြူစွာဟာဒယ ဓလေ့ မမှားရအောင် ဆွမ်းဒါယကာ ဒါယိကာမ (.........................)နေ့သား သမီးတို့က ကြီးလှသော သဒ္ဓါအခြေနှင့် ပဏာမေ တင်ချီသလျက် အဥ္စလီတဝ ဖူးမြော်

သွင်းပြီး ပူဇော်ခြင်း ကုသလတို့ကြောင့် ခုတလောကတွင် အဟောဝတ စိတ်လက်မညှိုးပဲ အိပ်မက်ဆိုးနှင့် ဂြိုဟ်စီးဒသာ ခိုမှီးလာသည့် ငှက်မကောင်း သဘက်အပေါင်းနှင့် မာတြာစွဲ ဇာတာမွဲနှင့် စန်းလက်အရှုပ် အသားလှုပ်၍ နိမိတ်မလှ စိတ္တဇနှင့် ကံကြမ္မာ မခံသာသည့် ဘေးနှစ်ဆဲ့ငါး ဆေးအထည့်များသည့် ဝေဒနာ မနေသာသည့်အန္တရာယ် ရန်စွယ်အရှိ ငါးခုပေါင်း တရားမှုမကောင်းသည့် ရုပ်အပေ့ ဘုတ်တစ္ဆေနှင့် ပယောဂ တောဝနက ဖွတ်မွဲအဝင် ဇွတ်ဆွဲငင်သည့် အစိမ်းသူရဲ အကြိမ်း အမဲနှင့် ခြေရာကောက် မြေပထဗျာအောက်၌ အင်းအမြှုပ် အတင်းရှုပ်သည့် ဆရာအတိုက် မသမာစရိုက် ဘေးဘယတို့သည် အဝေးကမဝင်မကပ်ပဲ အစဥ်မပြတ် အိမ်ထောင်အစုံနှင့် သိင်္ဂရ ရောင်တဂုဏ် တအားမှီးပြီး သားသ္မီး အခြေမပျက်သဖြင့် ဆွေ အဆက် မျိုးအပေါင်းတို့ပါ ကျိုးအကြောင်း အယူမျှလျက် တူတကွချမ်းသာအလင်းနှင့် ဆွမ်းဒါယကာ တသင်းတို့မှာ ကျန်း မာခြင်းဖြစ်ရပါလို၏ ကိုးဆူသခင် မြတ်ရှင်ပင်တို့ဘုရား။

## ဆုတောင်း ဂါထာများ

ယော ဥတ္တာ ပူဇိတော လောကေ၊
နိဒ္ဒုက္ခော နိရုပဒ္ဒဝေါ။
မဟာတေဇော မဟာလာဘော၊
မဟာယသော မဟာဘောဂေါ။
သဒါ သုခီ ဘဝန္တုစ၊
သဗ္ဗံ မေ ဇယမင်္ဂလံ။

အာယုဒီယံ သဒါသုခံ၊
သမ္ပတ္တိစ ဝရာဝရံ။
သဗ္ဗသတ္တာရ ဝိနာသနံ၊
သဗ္ဗရောဂ ဝိသုဒ္ဓတံ။
ပရိတ္တံ မဟာနုဘာဝံ သဗ္ဗန္တရာယောပိ၊
ဝိနဿန္တု အသေသတော။

(ဤဂါထာများကို ၃-ခေါက် ရွတ်ပါလေ)

မဟာဂုဏံ၊ များမြတ်စွာသော ဘုန်းတန်ခိုး တေဇော် ကျေးဇူးတော် အာနုဘော်ကို။ ဉတွာ၊ ကိုယ်ပိုင်ဉာဏ်တွင် သိထင်မြင်၍။ ပူဇိတော၊ မြတ်နိုးကော်ရော် ပူဇော်ပါရသော။ ယောဥပါသကော၊ သဒ္ဓါရှင်လန်း ဆွမ်းဒါယကာ ဒါယိကာမ သညာ အကြွင် ဥပသကာသည်။ လောကေ၊ ယခုပစ္စုပ္ပန်ဘဝ ဤလောက၌။ ဝါ၊ သံသရာတခွင် ကျင်လည်ပါရ သုံးလောက၌။ နိဒ္ဒုက္ခောစ၊ ကိုယ်စိတ်ဒုန်တွဲ ယှဉ်ကာနွဲ့သဖြင့် ဆင်းရဲမရှိခြင်းသည်၎င်း။ နိရုပဒ္ဒဝေါစ၊ ကိုယ်စိတ်ညှဉ်းလတ် ဘေးဥပါဒ် မရှိခြင်းသည်၎င်း။ မဟာတေဇောစ၊ ကြီးမြတ်သော တန်ခိုး ရှိခြင်းသည်၎င်း။ မဟာလာဘောစ၊ များမြတ်သော လာဘ် သပ္ပကာ ရှိခြင်းသည်၎င်း။ မဟာယသောစ၊ များသော အခြံအရံ အကျော်အစော ရှိခြင်းသည်၎င်း။ မဟာဘောဂေါစ၊ များမြတ်သော စည်းစိမ်ရှိခြင်းသည်၎င်း။ သဒါ၊ အခါခပ်သိမ်း။ သုခီစ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည်၎င်း။ ဘဝန္တု၊ ဤနေ့ကစ ထာဝရမြင့်တည် အသက်ရှည်သမျှ ကာလပတ်လုံး ဆုံးရှုံးမနစ် ဖြစ်ပါစေကုန်သတည်း။ မေ—အမှာကာ၊ ကိုးဆူအရှင်

ဆွမ်းတင်အားထုတ် အကျွန်ုပ်တို့အား။ သဗ္ဗံ၊ ခပ်သိမ်းဥသျှံ အလုံးစုံသော။ ဇယမင်္ဂလံ၊ အခေါင်ချဉ်းနိုင်တဲ့ အောင်ခြင်း မင်္ဂလာသည်။ ဟောန္တု၊ စင်စစ်မသွေ ဖြစ်ကြပါစေကုန် သတည်း။

အာယုဒီဃံစ၊ နှစ်လကြာရှည် အသက်ရှည်ခြင်း သည်၎င်း။ သဒါသုခံစ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည်၎င်း။ သမ္ပတ္တိစ ဝရာဝရံ၊ အလိုရှိအပ် တောင့်တအပ်သော ဆုမြတ်အပေါင်းနှင့် ပြည့်စုံခြင်းသည်၎င်း။ သဗ္ဗသတ္တုရုဝိနာသနံ၊ ခပ်သိမ်းသော ရန်သူ အပေါင်းတို့၏ ပျက်စီးခြင်းသည်၎င်း။ သဗ္ဗရောဂဝိသုဒ္ဓတံ၊ ခပ်သိမ်းသော အနာ ရောဂါတို့၏ စင်ကြယ်ခြင်းသည်၎င်း။ ဟောန္တု၊ စင်စစ်မသွေ ဖြစ်ပါစေကုန်သတည်း။ ။မဟာနုဘာဝံ၊ ကြီးမားသော အာနုဘော်ရှိသော။ ပရိတ္တံ—ပရိတ္တေန၊ ရတနာ သုံးပါး ဂုဏ်တော်တည်းဟူသော အရံအတားကြောင့်။ သဗ္ဗန္တရာ ယော—သဗ္ဗန္တရာယာ၊ အလုံးစုံသော ဘေးအန္တရာယ် အသွယ် သွယ်တို့သည်။ အသေသတော—အသေသေန၊ အကြွင်းအကျန် မရှိသဖြင့်။ ဝါ၊ မကြွင်းကျန်ရစေပဲ။ ဝိနသန္တု၊ နေရောင် ကြောက်က နှင်းပေါက်ပမာ ကင်းကွာရသည်သာ ဖြစ်ပါစေကုန် သတည်း။

## စည်းတားရန် ဂြိုဟ်ရှစ်လုံးအတွက် ၉-ဂါထာ

(၁) သဗ္ဗေ ဗုဒ္ဓာ ဗလုပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
(တနင်္ဂနွေဂြိုဟ်အတွက် အရှေ့မြောက်ထောင့်)

(၂) သဗ္ဗေ ဗုဒ္ဓါ ခေမပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ခေမံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
(တနင်္လာဂြိုဟ်အတွက် အရှေ့မျက်နှာ)

(၃) သဗ္ဗေ ဗုဒ္ဓါ ဇိနပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဇိနံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
(အင်္ဂါဂြိုဟ်အတွက် အရှေ့တောင်)

(၄) သဗ္ဗေ ဗုဒ္ဓါ လာဘပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ လာဘံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
(ဗုဒ္ဓဟူးဂြိုဟ်အတွက် တောင်မျက်နှာ)

(၅) သဗ္ဗေ ဗုဒ္ဓါ တေဇပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ တေဇံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
(စနေဂြိုဟ်အတွက် အနောက်တောင်)

(၆) သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
(ကြာသပတေးဂြိုဟ် အနောက်မျက်နှာ)

(၇) သဗ္ဗေ ဗုဒ္ဓါ ယသပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ယသံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
(ရာဟုဂြိုဟ်အတွက် အနောက်မြောက်)

(၈) သဗ္ဗေ ဗုဒ္ဓါ သိရိပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ သိရိံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
(သောကြာဂြိုဟ်အတွက် မြောက်မျက်နှာ)

## စည်းချ ဂါထာတော်အနက်

(၁) ဣဒ္ဓိပ္ပတ္တာ၊ ကမ္ဘာမြေမိုး ဖျန်းဖျန်းကြိုးမျှ တန်ခိုး ဉာဏ် ပြီးပြည့်စုံကုန်သော။ သဗ္ဗေ-ဗုဒ္ဓါစ၊ ဂင်္ဂါသဲနှုန်း မကုန် ဆုံးမျှ ပွင့်တော်မူကြပေကုန်သော ခပ်သိမ်းများဖြင့် ဘုရားရှင် တို့သည်၎င်း။ ပစ္စေကာနုဗ္ဗ၊ ပစ္စေကဗုဒ္ဓါ၊ သညာတသွယ် ဘုရားရှင်ငယ်တို့သည်၎င်း။ အရဟန္တာနုဗ္ဗ၊ အဂ္ဂမဟာ စသွာ များဖြင့် ရဟန္တာအရှင်တို့သည်၎င်း။ ယံ-ဣဒ္ဓိံ၊ ကမ္ဘာမြေမိုး ဖျန်းဖျန်းကြိုးမျှ တန်ခိုးဉာဏ် အကြင်ပြီးပြည့်စုံခြင်းသို့။ ပတ္တာ၊ တထောက်မသွေ ရောက်ကြလေကုန်ပြီ။ တဿဣဒ္ဓိပ္ပတ္တဿ၊ ကမ္ဘာမြေမိုး ဖျန်းဖျန်းကြိုးမျှ တန်ခိုးဉာဏ် ထိုပြီးပြည့်စုံခြင်းသို့ ရောက်ရှိကုန်သော ဘုရားရှင် စသည်၏။ တေဇေန၊ တန်ခိုးရှိန် စော် အာနုဘော်တော် အစွမ်းအားဖြင့်။ သဗ္ဗသော၊ ပတ်ဝန်း ကျင်ဒိသာ အရပ်ဆယ်မျက်နှာမှ။ ရက္ခံ၊ ဘေးရန်မလှော်က် ရံအစောင့်အရှောက်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဗန္ဓာမိ၊ စည်းချ တားကာ ဖွဲ့ထားပါသတည်း။

(၂) ခေမပ္ပတ္တာ၊ ဘေးကင်းခြင်းသို့ ရောက်ကုန်သော။ သဗ္ဗေဗုဒ္ဓါစ၊ တို့သည်၎င်း။ ပစ္စေကာနုဗ္ဗ၊ တို့သည်၎င်း။ အရဟန္တာနုဗ္ဗ၊ တို့သည်၎င်း။ ယံ-ခေမံ၊ အကြင် ဘေးကင်း ခြင်းသို့။ ပတ္တာ၊ ကုန်ပြီ။ တဿခေမပ္ပတ္တဿ၊ ထိုဘေးကင်းခြင်းသို့ ရောက်ရှိကုန်သော ဘုရားရှင်စသည်၏။ တေဇေန၊ အားဖြင့်။ သဗ္ဗသော၊ မှ။ ရက္ခံ၊ ကို။ အဟံ၊ သည်။ ဗန္ဓာမိ၊ သတည်း။

(၃) ဇိနပ္ပတ္တာ၊ အရောင်ဝင်းဝင်း အမှောင်ခွင်း၍ အောင် ခြင်းသို့ ရောက်ကုန်သော။ သဗ္ဗေဗုဒ္ဓါစ၊ တို့သည်၎င်း။ ပစ္စေကာ

နဥ္ဇ၊ တို့သည်ရင်း။ အရဟန္တာနဥ္ဇ၊ တို့သည်ရင်း။ ယံ-ဇိနံ၊ အရောင် ဝင်းဝင်း အမှောင်ခွင်း၍ အကြင်အောင်ခြင်းသို့။ ပတ္တာ၊ ကုန်ပြီ။ တသာဇိနပတ္တာသာ၊ အရောင်ဝင်းဝင်း အမှောင်ခွင်း၍ ထိုအောင် ခြင်းသို့ ရောက်ရှိကုန်သော ဘုရားရှင်စသည်၏။ တေဇေနႈ၊ အားဖြင့်။ သဗ္ဗသော၊ မှ။ ရက္ခံ၊ ကို။ အဟံ၊ သည်။ ဗန္ဓာမိ၊ သတည်း။

(၄) လာဘပတ္တာ၊ မြတ်သောသတင်း ကပ်လျှောချဉ်း အောင် လာဘ်ပေါခြင်းသို့ ရောက်ကုန်သော။ သဗ္ဗေဗုဒ္ဓါစ၊ တို့သည်ရင်း။ ပစ္စေကာနဥ္ဇ၊ တို့သည်ရင်း။ ယံ-လာဘံ၊ မြတ်သော သတင်း ကပ်လျှောချဉ်းအောင် အကြင် လာဘ်ပေါခြင်းသို့။ ပတ္တာ၊ ကုန်ပြီ။ တသာလာဘပတ္တာသာ၊ မြတ်သောသတင်း ကပ် လျှောချဉ်းအောင် ထိုလာဘ်ပေါခြင်းသို့ ရောက်ရှိကုန်သော ဘုရားရှင်စသည်၏။ တေဇေနႈ၊ အားဖြင့်။ သဗ္ဗသော၊ မှ။ ရက္ခံ၊ ကို။ အဟံ၊ သည်။ ဗန္ဓာမိ၊ သတည်း။

(၅) တေဇပတ္တာ၊ မညှိုးသိရိလျှော် တမျိုးထိန်ပေါ်သဖြင့် တန်ခိုးရှိန်စော် ကြီးခြင်းသို့ ရောက်ကုန်သော။ သဗ္ဗေဗုဒ္ဓါစ၊ တို့သည်ရင်း။ ပစ္စေကာနဥ္ဇ၊ တို့သည်ရင်း။ အရဟန္တာနဥ္ဇ၊ တို့သည် ရင်း။ ယံတေဇံ၊ မညှိုးသိရိလျှော် တမျိုး ထိန်ပေါ်သဖြင့် အကြင် တန်ခိုးရှိန်စော်ကြီးခြင်းသို့။ ပတ္တာ၊ ကုန်ပြီ။ တသာ တေဇပတ္တာသာ၊ မညှိုးသိရိလျှော် တမျိုး ထိန်ပေါ်သဖြင့် ထို တန်ခိုးရှိန်စော်ကြီးခြင်းသို့ ရောက်ရှိကုန်သော ဘုရားရှင်စသည်၏။ တေဇေနႈ၊ အားဖြင့်။ သဗ္ဗသော၊ မှ။ ရက္ခံ၊ ကို။ အဟံ၊ သည်။ ဗန္ဓာမိ၊ သတည်း။

(၆) ဗလပ္ပတ္တာ၊ အပွားကျယ်ဖန် များသွယ်ဟန်ကြောင့် အားဆယ်တန်သို့ ရောက်ကုန်ပြီးသော။ သမ္ဗုဒ္ဓါစ၊ တို့သည် ၎င်း။ ပစ္စေကာနုဒ္ဓါ၊ တို့သည်၎င်း။ အရဟန္တာနုဒ္ဓါ၊ တို့သည်၎င်း။ ယံဗလံ၊ အပွားကျယ်ဖန် များသွယ်ဟန်ကြောင့် အကြင် အားဆယ်တန်သို့။ ပတ္တာ၊ ကုန်ပြီ။ တဿဗတပ္ပတ္တဿ၊ အပွား ကျယ်ဖန် များသွယ်ဟန်ကြောင့် ထိုအားဆယ်တန်သို့ ရောက်ရှိကုန်သော ဘုရားရှင်စသည်၏။ တေဇေန၊ အားဖြင့်၊ သဗ္ဗသော၊ မှ။ ရက္ခံ၊ ကို။ အဟံ၊ သည်။ ဗန္ဓာမိ၊ သတည်း။

(၇) ယသပ္ပတ္တာ၊ အမှန်အကန်တရား ကြံဖန်အားကြောင့် အခြံအရံများခြင်းသို့ရောက်ကုန်ပြီးသော။ သမ္ဗုဒ္ဓါစ၊ တို့သည် ၎င်း။ ပစ္စေကာနုဒ္ဓါ၊ တို့သည်၎င်း။ အရဟန္တာနုဒ္ဓါ၊ တို့သည်၎င်း။ ယံယသံ၊ အမှန်အကန်တရား ကြံဖန်အားကြောင့် အကြင် အခြံ အရံများခြင်းသို့။ ပတ္တာ၊ ကုန်ပြီ။ တဿ ယသပ္ပတ္တဿ၊ အမှန် အကာန်တရား ကြံဖန်အားကြောင့် ထိုအခြံအရံများခြင်းသို့ ရောက်ရှိကုန်သော ဘုရားရှင်စသည်၏။ တေဇေန၊ အားဖြင့်။ သဗ္ဗသော၊ မှ။ ရက္ခံ၊ ကို။ အဟံ၊ သည်။ ဗန္ဓာမိ၊ သတည်း။

(၈) သိရိပ္ပတ္တာ၊ အပြေပြေကျော်အောင် အသရေတော်နှင့် ပြည့်စုံခြင်းသို့ ရောက်ကုန်ပြီးသော။ သမ္ဗုဒ္ဓါစ၊ တို့သည် ၎င်း။ ပစ္စေကာနုဒ္ဓါ၊ တို့သည်၎င်း။ အရဟန္တာနုဒ္ဓါ၊ တို့သည်၎င်း။ ယံသိရိံ၊ အပြေပြေကျော်အောင် အကြင် အသရေတော်နှင့် ပြည့်စုံခြင်းသို့။ ပတ္တာ၊ ကုန်ပြီ။ တဿသိရိပ္ပတ္တဿ၊ အပြေပြေ ကျော်အောင် ထိုအသရေတော်နှင့် ပြည့်စုံခြင်းသို့ ရောက်ရှိကုန်

သော ဘုရားရှင် စသည်၏။ တေဇေန၊ အားဖြင့်။ သဗ္ဗသော၊ မှ။ ရက္ခံ၊ ကို။ အဟံ၊ သည်။ ဗန္ဓာမိ၊ သတည်း။

(၉) ဣဒ္ဓိပ္ပတ္တာ။ အမှတ် (၁) ဂါထာတော်၏အနက်ကို ပြန်ကောက်၍ စည်းပိတ်ပါလေ။

## လက်မွန်မဆွ သီလတောင်းရန်

"မယှံ ဘန္တေ အနုကမ္ပာယ သီလံဒေထ ဗိနဝရော"
(၃-ကြိမ် ထပ်ဆိုပါ)

ဘန္တေ၊ ဘုန်းတော်နေဝင်း ထိန်ထိန်လင်းသည့် ရှင်မင်း ဘွတ်ထား မြက်စွာဘုရား။ မယှံ၊ အဝိဇ္ဇာနယ် တလယ်လယ်နှင့် သွယ်သွယ်ဝဝ ဘေးဒုက္ခကို မချသည်ပိုး ခိုကိုးရာမဲ့ အားအင် နွဲ့၍ မဲ့ကာ ရှဲကာ ငိုယိုကာဖြင့် ဗျာပါလွန်ပွား တပည့်တော် ဘပည့်တော်မအား။ မယှံ၊ ဘုရားတဆူပွင့်သော်လဲး ထိုအောင် ွဲ့းတွင် ဝင်နွဲ့မပါ လွဲကာလွဲကာ တဏှာမာန သူဖျောင်းဖျ၍ ခကောင်းကိုပင် အကောင်းထင်ငြား တပည့်တော် တပည့်တော် ခအား။ အနုကမ္ပာယ၊ ကရုဏာပွား မေတ္တာထား၍ သနား ခမြှော်ထောက် ချီးမြှောက် စောင့်ရှောက်ခြင်းငှာ။ ဇိနဝရော၊ ဒေဝပုတ္တ စသည်အပြား မာရ်ငါးပါးကို တုတ်ထားမဆောင် ကြိုးမနှောင်ပဲ အောင်တော်မူလတ် ဘုရားမြတ်သည်။ သီလံ၊ ဂရုဓမ္မ-ပဥ္စင်တပ် ငါးပါးသော သီလတော်မြတ်ကို။ ဒေထ၊ သာယာငြိမ့်လေး ဘဝင်အေးအောင် ခွင့်ပေး မစတော်မူပါ အရှင်မြတ်ဘုရား။....ဒေထ၊ ရွှေမှုရိုးစည်ဟန် လည်တန်မော့မော့ သန့်ရှင်းကြော့သည် အတော့ဆန်းမို နှုတ်ဝစီမှ သာကြည်ငြိမ့်

လေး ဘဝင်အေးအောင် ခွင့်ပေးမစတော်မူပါ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။ (ထို့နောက် ထုံးစံအတိုင်း ငါးပါးသီလ ခံယူဆောက်တည်ကြပါကုန်)။

## ဘုရား ၉-ဆူဆိုင်ရာအမိန့်ပြန်တမ်း

သဒ္ဓေ, ဇေဌ, ကောပုဂ္ဂလ, အစိန္တေယျလေးဖြာ ဆအာသာ မာရဏာ ခြောက်စုံ ဂုဏ်တော်ကိုးတန် ဉာဏ်တော်ဆယ်ပါး အားတော် ဆယ်ရပ် မနှိုင်းယှဉ်အပ်သဖြင့် ခြောက်ရပ်သော ဘုန်းတော် အာနုဘော်တော် အပေါင်းတို့၏ စုဝေးရာ များစွာသော တရားအပေါင်းတို့၏သခင် သာကီဝင်မင်းအပေါင်းတို့၏ အထွတ်တမွတ်ကြက်သရေ ဝေနေထောင်သောင်း သိန်းသန်းပေါင်းတို့၏ဦးခေါင်းညွှတ်ရာ မဟာဓမ္မရာဇာ သညာနာမ တထာဂတ အမည်တော်ရသော မြတ်စွာဘုရားသခင်၏ အမိန့်တော်ကို နာခံဆောင်ရွက်တော်မူကြရမည်။ လောင်ဖက်ပျက်ဖက် ဖြစ်သော စကြာဝဠာ တသောင်းဟု ဆိုအပ်သော ဇာတိခေတ်။ စကြာဝဠာကုဋေတသိန်းဟု ဆိုအပ်သောအာဏာခေတ်၊ အနန္တစကြာဝဠာ များစွာသော တိုက်အပေါင်းဟု ဆိုအပ်သော ဝိသယခေတ်၊ ထိုခေတ်သုံးပါးအတွင်း၌ နေကြကုန်သော အပရဂေါယာ ပုဗ္ဗဝိဒေဟ ဥတ္တရကုရု ဇမ္ဗူဒီပါ များစွာသောကျွန်းပတ်ဝန်းရန်နှိမ် တာဝတိံ စက် လက်နက်သခင် နတ်ရှင်သိကြားလေးပါးဒေဝါ ဝလာဟက ပဇ္ဇုန္နနှင့်စတုလောကပါလာ သာတာဂိရိ မဏိမေခလာ အာကာကျော်ဟိုး သံချိုင့်စိုးသည့် နတ်မျိုးဝေဿဝဏ် အလွန်ကျော်သောင်းတန်ခိုးကောင်းသည့်နတ်ပေါင်း သခင်နတ်ရှင်ရာမ ဂန္ဓဗ္ဗနှင့် ထိုမှတဖြာတောင်ဒီပါဝယ်ကျောညာ

ပတ်ကုန်း ကျွန်းလုံးပြည့်မျှ အနန္တဟု ရက္ခာဘုမ္မာ အာကာသဇိုင်း ဗိသာနိုးနှင့် တန်ခိုးကြီးဟူ ထီးဖြူတော်စောင့် ထီးချက်တော်စောင့် မြို့စောင့် ရွာစောင့် အိမ်စောင့် ကိုယ်စောင့် တောစောင့် တောင်စိုး တန်ခိုးကြီးစွာ ပြဟ္မာနှစ်ဆယ် ခြောက်သွယ်နတ်ရပ် နှံ့စပ်ကျေညာ နတ်တကာတို့ မြတ်စွာမုနိ အမိန့်တော်ရှိလိုက်သည်။

"မာနုသိယာ ပဇာယ ဒိဝါစ ရတ္တောစ ဟရန္တိ ယေ ပလိံ တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ" ဟူသော ပရိတ်တော်ပါဠိလာရှိသည့်အတိုင်း မြတ်စွာဘုရား၏ အမိန့်တော်မြတ်ကို ပြန်ဆိုသည်မှာ....အကျွန်ုပ်၏ အမိန့်လည်းမဟုတ်၊ အကျွန်ုပ်၏ အာဏာလည်းမဟုတ်၊ အကျွန်ုပ်မှာကား မြတ်စွာဘုရား၏ အမိန့်တော်မြတ်ကို ပြန်ဆိုသော ရွှေနားခံမှူးမျှသာ ဖြစ်ပါသည်။ ဤသို့ဖြစ်လျက် သမာဒေဝ နတ်မြတ်အပေါင်း သူတော်ကောင်းတို့ လျှင်ကြော်ကြောင်းဆောစွာ ယခုအခါဝယ် မင်္ဂလာရိပ်ငြိမ် ဤသည့်အိမ်သို့ မမှိန်မျက်နှာ ရွှင်လန်းစွာဖြင့် ကောင်းစွာ စည်းဝေးစောင့်ရှောက် လာရောက်တော်မူကြရပါမည်။ နေရာကျဉ်း၍ မနေလောက်မူ အပ်နဖားခန့်မျှရှိသောနေရာ၌ နတ်တို့၏တန်ခိုးဖြင့် ဖန်ဆင်း၍ နေထိုင်ကြရပါမည်၊ နက်ဖြန်နံနက် ဆွမ်းချက်သောအခါ ပြဟ္မာမင်းက ထီးဖြူတော်မိုးရပါမည်၊ ဟေမဝတနတ်သားက အကျော်စမ္ဗာ နံ့သာကရမက်ထင်းများဖြင့် မီးထိုးလျက် ဆွမ်းချက်တော်မူကြရပါမည်။ ဓတရဋ္ဌော, ဓတရဋ္ဌနတ်မင်းကြီးသည်ကား ပတ္တမြားကျောက်သား အလျားလေးတောင် အရောင်ခြောက်ဖြာနှင့် ပြည့်စုံသော ကျောက်ဖြာကိုကိုင်လျက် ပြုဗ္ဗဒိသာ၊ အရှေ့မျက်နှာအရပ်၌ အသီတိသတသဟဿံ၊ ရှစ်သိန်း

အရေအတွက်ရှိသော ဂန္ဓဗ္ဗနတ် အပေါင်း ခြံရံလျက် မင်္ဂလာ ကျောင်းတော်အား ရန်မရောက်ရအောင် ကောင်းမွန်စွာ စည်း ဝေးစောင့်ရှောက် လာရောက်တော်မူကြရပါမည်။

ဝိရူဠှကော၊ ဝိရူဠှက, နတ်မင်းကြီးသည်ကား။ ဍက္ခိဏလာ ကျောက်သား အလျားလေးတောင် အရောင်ခြောက်ဖြာနှင့် ပြည့်စုံသော ကျောက်ဖြာကိုကိုင်လျက် ဒက္ခိဏဒိသာယ၊ တောင် အရပ်မျက်နှာ၌။ အသီတိသတသဟဿံ၊ ရှစ်သန်း အရေအတွက် ရှိသော ကုမ္ဘဏ်နတ်အပေါင်း ခြံရံလျက် မင်္ဂလာကျောင်းတော် အား ရန်မရောက်ရအောင် ကောင်းမွန်စွာ စည်းဝေး စောင့် ရှောက် လာရောက်တော်မူကြရပါမည်၊ ဝိရူပက္ခော၊ ဝိရူပက္ခ နတ်မင်းကြီးသည်ကား ဂေါမြိတ်ကျောက်သား အလျား လေး တောင် အရောင်ခြောက်ဖြာနှင့် ပြည့်စုံသော ကျောက်ဖြာကို ကိုင်လျက်။ ပစ္ဆိမဒိသာယ၊ အနောက်မျက်နှာအရပ်၌၊ အသီတိ သတသဟဿံ၊ ရှစ်သန်း အရေအတွက်ရှိသော နတ်နဂါးအပေါင်း ခြံရံလျက် မင်္ဂလာကျောင်းတော်အား ရန်မရောက်ရအောင် ကောင်းမွန်စွာ စည်းဝေး စောင့်ရှောက် လာရောက်တော် မူကြ ရပါမည်။ ကုဝေရော၊ ကုဝေရနတ်မင်းကြီးသည်ကား သန္တာ ကျောက်သား အလျား လေးတောင် အရောင်ခြောက်ဖြာနှင့် ပြည့်စုံသော ကျောက်ဖြာကိုကိုင်လျက် ဥတ္တရဒိသာယ၊ မြောက် မျက်နှာအရပ်၌၊ အသီတိသတသဟဿံ၊ ရှစ်သန်း အရေအတွက် ရှိသော နတ်ဘီလူးအပေါင်း ခြံရံလျက် မင်္ဂလာကျောင်းတော် အား ရန်မရောက်ရအောင် ကောင်းမွန်စွာ စည်းဝေး စောင့် ရှောက် လာရောက်တော်မူကြရပါမည်။ စတုလောကပါလ နတ် မင်းကြီး လေးယောက်တို့သည် ဖလ်အဆင်းနှင့်တူသော သံလျက်

ကိုကိုင်လျက် ရှေ့တယောက် နောက်တယောက် လက်ဝဲတယောက် လက်ျာတယောက် ခြံရံလျက် မင်္ဂလာကျောင်းတော်အား ရန်မရောက်ရအောင် ကောင်းမွန်စွာ စည်းဝေးစောင့်ရှောက် လာရောက်တော်မူကြရပါမည်။ သက္ကတ္တုဒ္ဒေဝါ၊ သိကြားမင်းကြီးသည်ကား နက်ဖြန်နံနက် အရုဏ်တက်လျှင် ဘုန်းတော်ခြောက်စုံ ဂုဏ်တော် ကိုးတန် ဉာဏ်တော် ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် အရိယာရှစ်ဖော် သံဃာတော်အပေါင်း ခြံရံလျက် ဆွမ်းအလှူခံ ဝင်တော်မူသောအခါ ခြေဖဝါးတော်နှစ်ပြင်ကို ဘွဲ့ဖြူပုဆိုးနှင့် ကောင်းမွန်စွာ သုတ်ရပါမည်။ ညီညာဖျဖျ မီးထွန်းသည်က မီးငြိမ်းသည့် တိုင်အောင် ယခုရွတ်ဖတ်သရဇ္ဈာယ်ကြကုန်သော ပရိတ်တော် ဂုဏ်တော်အပေါင်းတို့ကို နာခံ မှတ်သားကြရပါမည်၊ နံနက်လင်း၍ ရေစက်ချ အမျှပေးသောအခါ၌ သာဓု အနုမောဒနာ ခေါ်ပြီးလျှင် မိမိတို့ နတ်ဘုံနတ်နန်းသို့ အသီးသီး ပြန်မြန်း ကြွသွားတော် မူကြရပါမည်။ သမာဒေဝ နတ်မြတ်အပေါင်း အရှင်ကောင်းတို့။

## နတ်ဘိတ်စာတမ်း

သမန္တာ—စက္ကဝါဠေသု၊ စာတမ်းမကွာ ကျမ်းအလာဖြင့် ဆန်းငှိုကာဖွင့်ပြီးလျှင် ရေထုမြေထု မေရုဗဟို ရွှေမြင့်မိုရ်အရံ သတ္တရဘန်သီတာ ဒီပါပတ်ဝန်း ကျွန်းကြီးလေးမည် သီတာခုနစ်စင်း မြစ်မင်းငါးသွယ် မြစ်ငယ်ငါးရာ အဏ္ဏဝါမလပ် ရပ်ရပ်သိမ်းခြုံ အလုံးစုံပျော်နေသည့်။ ဒေဝတာ၊ အိုနတ်များတို့—ဘသိန်းသော စကြဝဠာတွင် သာသနာငါးထောင်ကုန်အောင်

မလပ် စောင့်ပေတတ်သည့်၊ တေရဋ္ဌ, ဝိရူဠှက, ဝိရူပက္ခ, ကုဝေရ နှင့်၊ ဝရုဏဤသာ, ပဇာပတိ, မာတလိ ဝိသကြုံ တဖုံသုယာမ, သန္တုသိ တလိမသွေ့ အမြဲနေသည့် အနေကဝဏ် ဧရာဝဏ် နာရဒ သုရဿသိ မည်မှတ်ကယ်၍ စက္ကိစက္ကာ ဗလိရာနှင့် မဟာ ပိန္နဲး ကျော်သဲကြွေ ဂန္ဓဗ္ဗသူရာ ကမ္ဘာစောင့်နေ ဖြောင့် မသွေသည် ဆူးလေမှော်ဖိ တလိနာယက ဌာနပျော်နေ ရေမြေ တောတောင် ကုန်အောင်မကြွင်း စောင့်ပေလျှင်းသည် နတ်မင်း များစွာ နတ်တကာတို့။

ဆဒ္ဒိသာယ တည်မပြတ်သည် မည်မှတ်သညာ သာတာ ဂီရ ဟေမဝတ ပုဏ္ဏကနှင့် ဂုတ္တိယကာလောစ ကာလဉပေါ ပိမ္ဘောစ, ပိမ္ဗသေဋ္ဌောစ, ဟာရောဟာရိယ ပါပပိင်လံ သံဃသံဃု လိမာ, ဥဂ္ဂါတေဇ သုသုရနှင့် ဒဋ္ဌောစ, တေရဋ္ဌော, သေဋ္ဌောစ, ကမလသေဋ္ဌော, စန္ဒော သူရိယာ, ဣန္ဒြပြဟ္မာ သာလာယံ အဆူဆူ စရပ်ဂူကျောင်း တန်ဆောင်းစေတီ တလိမကျန် ရေကန်ရေတွင်း မကြွင်းဇနပုဒ် တောအုပ်ကျေးနေ မြေမဟီ ကျွန်း ထက်ဝန်းကျင်ဒီသာ ဆယ်မျက်နှာ ပတ်ကုန်း၌ အလုံးစုံ ပျော်နေကြသော။ ဒေဝတာ၊ အိုနတ်များစွာ နတ်တကာတို့ မြတ်စွာဘုရား မိန့်ထုတ်သည့် နှုတ်တံဆိပ် အတန်တန် သုတ် ပရိတ် ဓမ္မက္ခန်ကို မြဲမှတ်ရန်မနော ဂွမ်းဆီထိသဘောသို့ နား သောတ စောရအောင်။ ဝံသန္တော–သန္တောသဟောတုံ ဓမ္မဂုဏ် ဟူသော အလုံးစုံကြောင့် မရောင့်ရဲနိုင် ကြွံခိုင်စေမှု အခြေပြု၍။ မုနိဝရဝစနံ၊ မြတ်သောစကား မြတ်ဘုရား၏ မမွှားမချော် တရားတော်ကို။ သောတုံ၊ သဒ္ဓာသန့်သန့် နာကြားအံ့သောငှာ။

အတြေ၊ ဤအရပ်သို့။ ဝါ၊ ဆွမ်းဒါယကာ အိမ်ဂေဟာသို့။
အာဂစ္ဆန္တု၊ အဆောတလျင် မနေရွှင်လျက် ဇောဘဝင်ကြွ
ကာ မကြာခဏ ကြွရောက်တော် မူကြပါကုန်လော။ သုဏန္တု၊
ဓမ္မက္ခန်စက် ပါဠိအချက်ဖြင့် မပျက်စေမှု လုံ့လပြု၍ တစုတည်း
သာ နာကြပါကုန်လော့။ ဘဒ္ဒန္တာ၊ အိုနတ်များစွာ နတ်တကာ
တို့။ အယံ၊ ဤအခါသည်ကား။ ဓမ္မဿဝနကာလော၊ တရား
တော် ပရိတ်တော်မြတ်ကို နာကြားအံ့သော အခါတည်း။

နမောတဿ၊ စောမြတ်စွာ၏ ဝါဒအထူး စာတမ်းလျက်
ကျမ်းဦးဂါထာ ဓိပ္ပာယ်လာကို ဝိဂ္ဂဟာချုပ် ကျမ်းမထုတ်ပဲ။
အနုတ္တရ, ဥတ္တမဟု, ဝရသေဋ္ဌ, ဝရောပမံ စောအရဟံ၏
ချီးမွမ်းရန် ဂုဏ်အများ ပုဒ်ခြားကာသတ် နိဒါန်းကို ဖြတ်ပြီး
လျှင် လူနတ်ဗြဟ္မာ သတ္တဝါတို့သည် ဒေသနာဂုဏ်အထူး နာရ
သောကျေးဇူးကြောင့် ရွှင်မြူးသော ဏ္ဍာရုံ အလုံးစုံသော
ဘေးဘျမ်းမှ မသန်းဝေးကွာ ရာဇာစောရ ဥဒကအဂ္ဂိ ရှိရှိသမျှ
ဘေးဒဏ်တို့ကို ဝေးလံ ပျောက်ပစေလျက် အဇ္ဈတ္တဗဟိဒ္ဓ အတန်
တန်သော ဥပဒ်တို့မှ မစပ်ဝေးကွာ အာရက္ခတို့ စာတမ်းပြုလျက်
ကျမ်းဟုသချာ သုတ်အလာကို ထုတ်ဖော်ကာမယွင်းအိမ်ဂေဟာ
သည်အတွင်း၌ ယင်းအစသမန္တာ သုတ်ပရိတ်ဒေသနာကို သေ
ချာစွာယခု မူမှန်မှန် ဌာန်ကရိုဏ်းနှင့် ပယတ်ပိုင်းကျန ဒီဃနှင့်
ရဿအဝအစုစု ဂရုနှင့်လဟု ပုဒ်ပါဠိကိုရှုပြီးလျှင် ဂုဏ်အထုပေါ
များသော စောဘုရား နှုတ်တံဆိပ်ကို ရွတ်မိန့်တော်မူကြပါ
ကုန်လော့။

## နတ်ဘိတ်တမျိုး

သမန္တာ၊ ဝန်းကျင်ပတ်ချာ ရပ်မျက်နှာမှ။ စက္ကဝါဠေသု၊ ရှိသမျှပေါင်းသိုက် သောင်းတိုက် များစွာ စကြာဝဠာတို့၌။ ဝသန္တာ၊ ဣရိယာပထ ညှိကာစ၍ တကွ နေထိုင်ကြကုန်သော။ ဒေဝတာ။

ဣန္ဒော, သောမော, ဝရုဏောစ၊
ဘာရဒွါဇော, ပဇာပတိ။
စန္ဒနော, ကာမသေဋ္ဌောစ၊
ကိန္နု ဃဏ္ဍု, နိဃဏ္ဍုစ။
ပနာဒေါ, ဩပမညောစ၊
ဒေဝသူတောစ မာတလိ။
စိတ္တသေနောစ ဂန္ဓဗ္ဗော၊
နဠောရာဇာ, ဇနေသဘော။
သာတာဂိရော, ဟေမဝတော၊
ပုဏ္ဏကော, ကရတိယော ဂုဠော။
သိဝကော, မုစလိန္ဒောစ၊
ဝေဿာမိတ္တော, ယုဂန္ဓရော။
ဂေါပါလော, သုပရောဓောစ၊
ဟိရိ, နေတ္တိစ, မန္ဒိယော။
ပဉ္စာလစန္ဒော, အာဠဝကော၊
ပဇ္ဇုန္နော, သုမနော, သုမုခေါ။
ဒဓိမုခေါ, မဏိ, မာဏိ ဝရော၊
ဒီဃော သေရိသကော, သဟ။

သုံးဆဲ့ခုနစ်ရပ် နတ်မြတ်အပေါင်း နတ်ကောင်းဟူသမျှတို့သည်။ မုနိရာဇသြ၊ အာဂါရိ, အနာဂါရိ, သေက္ခာသေက္ခ, ပစ္စေကဟု ဆိုအပ်သော အရိယာဂိုဏ်းဝင် မုနိတို့၏ အရှင်ဘုရားသခင်ကိုယ်တော်မြတ်၏။ သဂ္ဂမောက္ခဒ်၊ နတ်ရွာနိဗ္ဗာန်ကျိုးနှစ်တန်ကို ကေန်ဆတ်ဆတ် ပေးတော် မူတတ်သော။ သဒ္ဓမ္မံ၊ သစ္စာလေးရပ် ပြလတ်မကျန် အဓိပ္ပာယ် ပေါ်ပေါ်မြတ်တရားတော်ကို။ သောတုံ၊ သဒ္ဓါတရား ရှေ့တင်ထား၍ နာကြားအံ့ငှာ။ အတြ၊ ကိုးဆူဘုရား ဂုဏ်တော်များကို အားထားယုံကြည် ရွတ်မည်ကြံဆ ဤဌာနသို့။ အာဂစ္ဆန္တု၊ အလေးပြုကာ စေတနာနှင့် ကြွလာကြပါကုန်လော့။ ဘဒ္ဒန္တာ၊ တရားနာကြား လွန်လိုလားသည့်။ ဣန္ဒ, သောမ, ဝရုဏ စသော အိုအရှင်နတ်များတို့။ အယံကာလော၊ ကြည်သာချမ်းမြ ဤအချိန် ဤကာလသည်ကား။ ဝါ၊ ကိုးဆူအရှင် ဘောဇဉ်ရသာနှံ့သာဆီမီး ထီးနှင့်တံခွန် ထူးချွန်လှစွာ ကပ်လှူပါသော ဤအခါသည်။ ဓမ္မဿဝနကာလော၊ ဗုဒ္ဓဘာသာအကျင့်စခန်း၌ မနုဿဘာဝါ အခွင့်မှန်းပြီးလျှင် အဆင့်အတန်း မမှားမချော်ရအောင် အများအဖော်တွေနှင့် အော် တရားတော်နာရမည့် အချိန်အခါကြီးပေတည်း။

**မှတ်ချက်။** ။ဣန္ဒ, သောမ, ဝရုဏ ဘာရဒ္ဓါဇ, ပဇာပတိ, စန္ဒန, ကာမသေဋ္ဌ, ကိန္နုဃဏ္ဍု, နိဃဏ္ဍု, ဟူသော မဟာယက္ခနတ်မင်းကြီး ၉-ပါး။ ပနာဒ, ဩပမည, ဒေဝသုတ, စိတ္တသေန, နဠောရာဇ, ဇနေသဘ, သာတာဂိရိ, ဟေမဝတ, ပုဏ္ဏက, ကရတိယ, သိဝ, မုစလိန္ဒ, ဝေဿ

မိတ္တ ယုဂန္ဓရ, ဂေါပါလ, သုပရောဓ,ဟိရိ,နေတ္တိ,မန္ဒိယ, ပဉ္စာလစန္ဒ, အာဠဝက, ပဇ္ဇုန္န, သုမန, သုမုခ, ဒဓိမုခ, မဏိ, မာဏိဝရ, ဒီဃ, သေရိသက ဟူသော ယက္ခသေနာပတိ နတ်စစ်သူကြီး ၂၈-ပါး၊ ပေါင်း ၃၇-ပါးသည် ဗုဒ္ဓဘာသာ ကျမ်းဂန်လာ မဟာသမယသုတ် အာဋာနာဋိယသုတ်၌ ပါရှိသည်၊ ဗုဒ္ဓဘာသာ ၃၇-မင်း ဟူလို....။



သူရဿတီ နတ်ပုံတော်

## သူရဿတီ နတ်သမီးပင့်ရန်

ဩြောင်နမော သဗ္ဗဗုဒ္ဓါနုဘာဝေန၊ ဩြောင်နမော သဗ္ဗဓမ္မာနုဘာဝေန၊ ဩြောင် နမော သဗ္ဗသံဃာနုဘာဝေန.... အာနုဘော်ထင်ရှား တန်ခိုးအားကြောင့် ရောင်ဆင်း သိင်္ဂါ ရွှေဟင်္သာထက် စကြာယာဉ်မြတ် စီးတုံလတ်၍ နှစ်ရပ်ဘယ် ညာ ပဒုမာမူ စိမ်းရောင်ဖြူ စွဲးယူအံ့ဖွယ် မိမယ်သူရဿတီ မဟေသီဟု ဒေဝီဘုန်းလူ လှမှန်ကူကား ဇမ္ဗူသောင်ထိ ကြားနှံ့ သိလျက် အာဒီအာစ ကမ္ဘာ့ကမ္ဘာ ပေါ်ဦးစွာက စဉ်လာဖြန့်မိုး

သက်စဉ်စိုးသား အမျိုးလေးဖြာ သူတော်စွာတို့ ပညာပေးတတ် မြဲးစောင့်ကြပ်သည် မိနတ်သူရဿတီ မယ်ဒေဝီ.... ဒေဝီကလျာ လှုရုပ်ဝါသည် မြတ်စွာဘုန်းမော် ဇိနော်ပရမေ အစိန္တေနှင့် ရှစ်ထွေများလှ သာဝကတို့နောတ်ကလိုက်ပါ ဆည်းကပ်ကာဖြင့် အာကာသဌ ကောင်းကင်ဝက ခဏမကြာ ရွှေဟင်္သာထက် စီးလျက်မြန်စွာ သက်ဆင်းပါလော့....သက်ဆင်းပြီးကာ အိမ်ချမ်းသာ၌ ကောင်းစွာခင်းကျင်း ဗိမာန်တွင်းဝယ် မယ်မင်းဒေဝီ မဟေသီသည် ကူညီမှိုင်းမ စိန္တေယျကို တုပ်ကွဝပ်လျှိုး လက်စုံမိုး၍ ရှိခိုးပြီးကာ နေလှည့်ပါလော့။ "ဒေဟိ အယျ်ေ သူရဿတီ ဒေဝိပိယံ မမ အာဂစ္ဆာဟိ အာဂစ္ဆာဟိ" မြန်စွဲခဏ ကြွရောက်တော်မူပါ့ သူရဿတီ နာမည်ကျော်ဟီး ရှင်နတ်သွီး....။

---

သူရဿတီ (နှုတ်စောင့်နတ်သွီး) ဥဂ္ဂါယဂင်စိုက် နတ်ဝတ်တန်ဆာ ဆင်ယင်လျက် ဟင်္သာငှက်ပေါ်တွင်ထိုင်ကာ လက်နှစ်ဖက်မှာ ကြာပန်းကိုင်နေဟန်ရှိသည်။



စဏ္ဍီဒေဝီ နတ်ပုံတော်

## စဏ္ဍီနတ်သမီး ပင့်ရန်

သီဟရာဇာ ကေသရာဟု မည်သာတင့်လေ့ ရွှေခြသေ့်ထက် စီးလျက်ပျော်မြူး တန်ခိုးထူးသည် နတ်မှူးဒေဝီ မယ်စဏ္ဍီ.... သိင်္ဂီရောင်ဝါ လက်ဆယ်ဖြာနှင့် ညာကစွဲးဆောင် မားမြှောင် သံလျက် ပြိုးပျက်လှံတံ တဖန်လှံမ စွဲးထမယုတ် အားထုတ် ကိုင်ကာ လက်ဝဲမှာကား စကြာရောင်ပြိုင် ဒိုင်းလေးကိုင်၍ ရွှေဆိုင်ပုတီး ပစ္စုန့်ထီးနှင့် အံ့ချီးဖွယ်ရာ များလှစွာသား လက်ျာ ရစ်ဆင်း ခရုသင်းနှင့် မယွှင်းလက်ဝဲ ကောင်းစွာစွဲးလျက် ခပဲး

နတ်လူ ထိန်ဆူကျေညာ ကြိုးအာဏာနှင့် စူရကာမည်ရှိ စမ္ပတိဖြင့် ခေါ်ဘိဘုမ္မာ ကာလိတာဟု ဟေမာဝတီ ဂေါရိန္ဒမ များပြား လှ၍ ဘဂဝတိ နှံ့သိကျော်ညီ မယ်စဏ္ဍီ....စဏ္ဍီဒေဝီ လှဂေါရီ သည် ခြောက်လီဘုန်းဝေ အစိန္တေဟု ပရမေဇသဌ်နှင်း တရား မင်းနှင့် သားရင်းမျက်ဖျော် ထေရ်ရှစ်ဘော်တို့၏ နောက်တော် ကသာ ဆည်းကပ်ခါဖြင့် အာကာသဌ ကောင်းကင်ဝက ခဏ မကြာ ကေသရာတွင်လေ့ ရွှေခြသေ့ထက် စီးလျက်မြန်စွာ သက် ဆင်းပါလော့။ သက်ဆင်းပြီးကာ အိမ်ချမ်းသာ၌ ကောင်းစွာ ခင်းကျင်း ဗိမာန်တွင်းဝယ် မယ်မင်းဒေဝီ မဟေသီသည် ကူညီ မှိုင်းမ စိန္တေယျကို တုပ်ကွဝပ်လျှိုး လက်စုံမိုး၍ ရှိခိုးပြီးကာ နေလှည့်ပါလော့။ “ဒေဟိအယျာ စဏ္ဍီဒေဝီ ပိယံ မမ အာဂစ္ဆာဟိ အာဂစ္ဆာဟိ” မြန်စွာခဏ ကြွရောက်တော်မူပါ စဏ္ဍီဒေဝီ နာမည်ကျော်ဟီး ရှင်နတ်သွီး....။

---

စဏ္ဍီနတ်သွီး လက်ဆယ်ဖက် လက်ျာငါးဖက်မှာ ဓားလွှယ်, သန်လျက်, လှံတံ, သံချွန်, ဓားမြှောင်၊ လက်ဝဲဖက်မှာ ဒိုင်း, ထီး, လေး, ပုတီး, ခရုသင်း တခုစီ ကိုင်ထားသည်။ ပတ္တမြားနီခံသော ခြင်္သေ့ယာဉ်ဖြင့် သွားလာ၏။ ဒုရဂါ, ပရဝတီ, ဂေါရီ, ဂိရိဇာ, ဘဂဝတီဟူ၍ အမည်အမျိုးမျိုးခေါ်၏။



ပရမေသွာ နတ်ပုံတော်

## ပရမေသွာ နတ်ပင့်ရန်

ဂေါကာယာနေ ဖြူရောင်ဝေသည့် ယာဉ်ရွှေမြတ်လှ ဥသဘာထက် စီးလျက်မှန်စွာ ညာလက်ျာက စကြာရောင်လက် ပြိုးပြိုးပြက်သား လက်နက်ရိန္ဒမာ သုံးဖြာသွယ်သည် ရတနာလှ ရွှေလှံမကို စွဲးထကိုင်ကာ ဘယ်မှာမပျက် လျပ်ရောင်လက်သား ကိုးမျက်ရှိန်ဝှန် အောင်တံခွန်ကို မိုးစွန်မတ်မတ် စွဲးတုံလတ်မှ နှုန်းအပ်ပြိုင်တု နှိုင်းမရှုသည် သုခုမဟာဒယ သားလှုခေါ်ထွေ သစ်နက်ရေကို မသွေဆင်လှစ် ရသေ့စစ်လို ဆံကျစ်ငါးဆူ သရဖူနား

တင်း လျှံလင်းနေရောင် သိုင်းဆောင်ဘွဲ့ဖြူ ရွှေချိုညောင်ရွက် လျှံလက်စုလျား စကားရောင်ရွှေ မိုးစွဲခေါင်ရမ်း ပန်း၏သဖွယ် ဆင်ယင်ချယ်၍ မျိုးနွယ်ဝံသ ကဿပဟု မြတ်လှသိမ်မွေ့ ကျင့်ဓလေ့ဖြင့် ရသေ့များစွာ ဆည်းကပ်ရာဟု မဟာရှလိယ နာမမည်ထွေ တန်ခိုးဝေသည့် ပရမေသွာရာ နတ်ဒေဝါ....ပရမေသွာရာ နတ်ဒေဝါသည် လောကာဓိပတိ မုနိဥသျှောင် ငါးမာရ်အောင်သည့် ဘုန်းခေါင်မြတ်စွာ စိန္တေယျာနှင့် နောက်ပါတပည့် အရိယာရှစ်ဘော် သံဃာတော်တို့၏ နောက်တော်ကသာ ဆည်းကပ်ခါဖြင့် အာကာသဌ ကောင်းကင်ဝက ခဏမကြာ နွားယာဉ်သာကို မြန်စွာအပြီး တက်စီးပြီးကာ သက်ဆင်းပါလော့.... သက်ဆင်း၍သာ အိမ်ချမ်းသာဌ ကောင်းစွာခင်းကျင်း ဗိမာန်တွင်းဝယ် သတင်းကျော်ညာ ပရမေသွာသည် ကုကာမှိုင်းမ စိန္တေယျကို တုပ်ကွဝပ်လျှိုး လက်စုံမိုး၍ ရှိခိုးပြီးတာ နေလှည့်ပါလော့။ "ဒေဟိအာယသ္မာ ပရမေသွာ ဒေဝါ ပိယံ မမ အာဂစ္ဆာဟိ အာဂစ္ဆာဟိ" လျှင်စွာခဏ ကြွရောက်တော်မူပါ ပရမေသွာ ကျော်ညာထင်ရှား ရှင်နတ်သား။

---

ပရမိသွာ (ပရမေသွာ) ခေါ် သီဝ နတ်မင်း နတ်ဝတ်တန်ဆာနှင့် နွားလားဥသဘစီးကာ လှံတံသုံးခွကိုင်ဟန် ရှိသည်။



မဟာပိန္နဲနတ်ပုံတော်

## မဟာပိန္နဲနတ်ပင့်ရန်

မြတ်ခန်းဇမ္ဗူ တန်ခိုးကြူသား အိမ်သူမည်ရ မုသိကဟု ကြွက်လှယာဥ်သာ စီးစံကာဖြင့် မဟာပိန္နဲ လွန်ကဲမည်ရှိ ဟတ္ထိ ပိင်္ဂလာ အရင်းဖြာသည် ကိုယ်မှာနတ်ဟန် ဆင်းရူပံတည့် သိသံဟတ္ထိ ဦးခေါင်းရှိလျက် ရောင်ငြိနှာမောင်း တချောင်း စွယ်မှန် ကေဒဏ်တည့် ကိုယ်ဟန်တူစွာ ရွှေလကျာနှင့် စကြာ ရွှေချွန်း ထိန်ထိန်ထွန်း၍ တကျွန်းဝှန့်ဝါ အောင်လကျာက ရတနာစွမ်းရင်း ကိုင်တုံလင်းလျက် ထိန်လင်းလျှပ်လက် အထက်

လက်ဝဲ ရန်မျိုးရှဲသား ကိုင်မြဲမကွာ နတ်စကြာတည့် အောက်မှာလက်ဝဲ ဖြန့်စွဲးချီကြွ နှာမောင်းမရှည် ကြီးလှတေဇာ တန်ခိုးဖြာသည့် မဟာပိန္နဲ ကျော်သဲးလိုက်ဆူ နတ်ဘုန်းလူကို ကြည်ဖြူပန်းမြှောက် ဆွမ်းဒါယကာ, ဆွမ်းဒါယိကာမတို့က ဘုန်းတောက်တဲ့ပရမေ အစိန္တေမိပတိ မုနိဥသျှောင် ငါးမာရ်အောင်သည် ဘုန်းခေါင်မြတ်စွာ စေသတ္တာနှင့် နောက်ပါတပည့် သာရိပုတြာ, အာနန္ဒာ, မောဂ္ဂလ္လာန်, ကိုးတန်ကောက်ဦး လျှူဖူးလေစွ ကောဏ္ဍည, ဂဝမ္ပတိ, ဥပါလိ, ရေဝတ, သားလှရာဟုလာ ထေရ်ရှစ်ဖြာတို့၏ နောက်ကမကွာ ကြွက်ယာဉ်သာကို မြန်စွာအပြီး တက်ခါစီး၍ မနီးအာကာ ကောင်းကင်သာက ဒေဝါနတ်မင်း သက်ခါဆင်းလေ့။ သက်ဆင်းပြီးကာ အိမ်ချမ်းသာ၌ ကောင်းစွာခင်းကျင်း ဗိမာန်တွင်းဝယ် သတင်းကျေညာ မဟာပိန္နဲ ကျော်သဲးလိုက်ဆူ နတ်ဘုန်းလူသည် ကူညီမှိုင်းမ မြတ်ဇိနကို တုပ်ကွဝပ်လျှိုး လက်စုံမိုး၍ ရှိခိုးပြီးကာ နေလှည့်ပါလေ့ "ဒေဟိအာယသ္မာ ဂဏေသျှ ဒေဝါ ပိယံ မမ အာဂစ္ဆာဟိ အာဂစ္ဆာဟိ" မြန်စွာခဏ ကြွရောက်တော်မူပါ့ မဟာပိန္နဲ ကျော်သဲးထင်လင်း ရှင်နတ်မင်း။

---

မဟာဗိန်းနဲ့-ဂဏေသျှလည်းခေါ်သည်၊ နတ်ကိုယ်နှင့် ဆင်ခေါင်း လက်လေးဖက်ရှိသည်။ လကျာ အထက်လက်မှာ ချွန်းတောင်း အောက်လက်မှာ သံလျက် လက်ဝဲလက်တွင် အထက်လက်မှာ စက်ဝန်း အောက်လက်မှာ မိမိနှာမောင်းကို ကိုင်ထားဟန်ရှိသည်။



ဃောရမန္တနတ်ပုံတော်

## ဃောရမန္တနတ်ပင့်ရန်

ပုံ့ပျံ့ပျူစွမ်းသန် အာကာယံဝယ် လျှင်မြန် လေဟုန်လေးဖက်
စုံသည် နိတုံရောင်ခ ဂဠုန်လှထက် စံထနက်ကျော် ဂေါရဝိန္ဒ

---

ဃောမန္တ (ဂေါရဝိန္ဒ) နတ်ကို နတ်ချစာရင်းတွင် အထူးအဆို အလာမရှိ သဒ္ဒတ္ထပါရိဇာတ ဟိန္ဒီအဘိဓာန်တွင် ဂေါဝိန္ဒဟုလာရှိ၍ သိရီကြိသျှဏ ကြာသပတေးဂြိုဟ်ဟု ဖွင့်ပြသည်၊ သိရီကြိသျှဏကား ဗိသနိုး (ဗိသဏု) ၏ ပုရာဏအဝတာရ အမိမှာ ဒေဝီ အဖကားဝသု ဒေဝဖြစ်၏။

မဟိံသမျိုး တန်ခိုးတောက်ပြောင် နတ်ဘုန်းခေါင်....စွဲဆောင် ညာဖက် လက်နက်ဆယ်ဖြာ စကြာဝါးစွန်း ရိုက်မွန်းလျှံဖြာ ရိန္ဒမာတည့် ဘယ်မှာတံခွန် မိုးစွန်စွင့်စွင့် ဆောက်တုံလွှင့်၍ အောက်ဆင့်လက်တွင်း ခရုသင်းနှင့် သန့်ရှင်းပုတီး ဒိုင်းကြီး ကာလွှား လေးမြှားဓားမြှောင် ငွေရောင်ဓားမ လှံမဓားလွယ် စူးငယ်ဓားမောက် ရိုက်ဖောက် ဆောက်ပုတ် မည်ထုတ်လက်ရိုက် တသိုက်ရဲတင်း သံကွင်းသံချိတ် ရောင်ဖိတ်သံလျက် ပြိုးပြက် ပုဆိန် ရန်နှိပ်ပဲးကွပ် ဆောင်လတ်ခမျင်း တူရွင်းပြားမြှောက် မီးပေါက် ဆောက်ပုတ် တင်းပုတ်အောင်လံ လက်မှန်စွဲကာ ပြည့်စုံစွာဖြင့် မဟာမြင့်မိုရ် လှည့်ဆိုလကျာ ငါးဖြာကဝိန် မြနန်း အိမ်တွင် ရောင်ရှိန်ကြီးဘိ ဝင်းငြိမြဂူ လှိုဏ်မူကောင်းမြတ် ရွှေ ပြာသာဒ်နှင့် စံမှတ်ပျော်ပါး လကျာနားက ညာထားစံရှာ ရွှေမာလာတည့် ငါးရာမကွေ့ လက်ဝဲနေမူ ရှိတွေ့ပြားဝပ် ဦးညွှတ်လှည့်ကာ သုမာလာဟု နတ်မဟာကျော်ညီး စိုးစီးစိုးစံ တထောင်ရံလျက် ဗိမာန်တွင်သာ ငြီးငွေ့ကာဖြင့် ဝိန္ဒာပန ပေက္ခန္ဒ၌ လောကလူ့ဘုံ လည်တုံစကြာ စံပျော်ရှာလျက် တေ ဇာကျော်ရှိန် ဂေါရဝိန္ဒာ နတ်ဒေဝါ....။ တေဇာကျော်ရှိန် ဂေါရဝိန္ဒာ နတ်ဒေဝါသည် လောကာဓိပတိ မုနိဥသျှောင် ငါးမာရ်အောင်သည့် ဘုန်းခေါင်ထွတ်ထား မြတ်ဘုရားနှင့် ရှစ်ပါးအရိယာ ထေရ်သံဃာတို့၏ နောက်ကမကွာ ဂဠုန်ယာဉ် သာကိုမြန်စွာအပြီး တက်ခါစီး၍ မနီးအာကာ ကောင်းကင်သာက ဒေဝါနတ်မင်း သက်ခါဆင်းလော့၊ သက်ဆင်းပြီးကာ အိမ်ချမ်း သာ၌ကောင်းစွာခင်းကျင်း ဗိမာန်တွင်းဝယ် သတင်းကျော်ရှိန် ဂေါရဝိန္ဒာနတ်ဒေဝါသည် ညီညာမှိုင်းမ သုံးလူ့ဘကို တုပ်ကွရို

ကျိုး လက်စုံမိုး၍ရှိခိုးပြီးကာ နေလှည့်ပါလော့-"ဒေဟိအာယသ္မာ ဂေါရဝိန္ဒာ ဒေဝါ ပိယံ မမ အာဂစ္ဆာဟိ အာဂစ္ဆာဟိ" မြန်စွာခဏ ကြွရောက်တော်မူပါ့ ဂေါရဝိန္ဒဒေဝါ ကျေညာ ထင်ရှား ရှင်နတ်သား။

## နတ်ကြီးငါးပါးပေါင်း၍ ပင့်ရန်

ဩြဘင် နမော သဗ္ဗဗုဒ္ဓါနုဘာဝေန၊ ဩြဘင် နမော သဗ္ဗဓမ္မာနုဘာဝေန၊ ဩြဘင် နမော သဗ္ဗသံဃာနုဘာဝေန၊ ဩြဘင်-သူရဿတီ, စဏ္ဍီ, ပရမိသွာ, မဟာပိန္နဲ, ဃောရမန္တ ငါးပါးတသင်း နတ်မင်းအပေါင်း အရှင်ကောင်းတို့....။ မေ—မယာ၊ အကျွန်ုပ် ဆွမ်းဒါယကာ, ဒါယိကာမ မိသားတစုတို့က ယခုပင့်ဖိတ်ပါသည် ရတနာနားဒွေါင်း စည်းပေါင်းဖက် ဒွါဒရာ ရောင်ဝါတင့်လျှမ်း ကြာပန်းပြည့်ဖြိုး နံ့မျိုးခိုလှုံ လုံးစုံမကြွင်း ခရင်းလုံ့တံ တဖန်တင်းပုတ် မယုတ်လုံ့ချွန် ဖြူမွန်ရောင်ဝင်း ခရုသင်းနှင့် ပေးခြင်းပညာ ရတနာဥသဘာ တောဇ*ကြက်သရေ တထွေအစုံ ကြွက်ပုံအရောင် ဂဠုန်ဆောင်၍ တိမ်တောင်ခိုးမြှင် ကောင်းကင်အတိတ် နိမိတ်ပြုပြီး ခြသေ့စီးလျက် စီးပွားလောကီ ပြည်ဖြိုးညီသာ မဟိမဏ္ဍလာ အဏ္ဏဝါတည့် နယ်ရှိလေးရပ် ရှစ်ရပ်ရိုက်သိမ့် ငြိမ့်ငြိမ့်ဆော်သံ တော်သံပဲ့တင် ကောင်းချီးငင် ကြွလာချက်ကို မပျက်စဉ်လာ ထင်ရှားစွာသည်.... လျင်စွာခဏ ကြွရောက်တော်မူပါ့ နတ်များအပေါင်း သူတော်ကောင်းတို့....။

**မှတ်ချက်။** ။နတ်ကြီးငါးပါး ရေတွက်ပုံ အမျိုးမျိုးရှိသည်။ သိကြားမင်း, နေနတ်, မဟာပိန္နဲ, ဗိသနိုး, ကတဲ့ (သကန္တ=အဖ ပရမိသွာ အမိ စဏ္ဍီတို့မှ ဖွားမြင်၏။ ဥဒေါင်းယာဉ်စီးသည်။ တနည်း—ပရမိသွာ, နေနတ်, မိုးနတ်, ဗိသနိုး, စဏ္ဍီနတ်သမီး ၎င်းကို ကာလီခေါ်၏။ အမျက်ကြူတ်သော နတ်သမီးဟု ဟိန္ဒူကျမ်းဂန်တွင် ဖွင့်ဆိုရကာ စန္ဒီမဟုတ်—စဏ္ဍီသာ ဖြစ်ရမည်။ ခြင်္သေ့ယာဉ်စီးသည်၊ ကြက်သရေကို ဆောင်တတ်၏ ဟူလို။ ဓတရဋ္ဌ, ဝိရုဠက, ကုဝေရ, ပရမိသွာ ပေါင်း ငါးပါး) တနည်း။ သူရဿတီ, စဏ္ဍီ, ပရမိသွာ, မဟာပိန္နဲ, ဃောရမန္တ။ တနည်း—ပရမိသွာ, နေနတ်, မဟာပိန္နဲ, ဗိသနိုး, စဏ္ဍီ။ တနည်း—ပရမိသွာ, မဟာပိန္နဲ, ဗိသနိုး, စဏ္ဍီ, သူရဿတီ ပေါင်း ငါးပါး။ ယခုခေတ် ဘုရားကိုးဆူကပ်ဆရာတို့က သူရဿတီ, စဏ္ဍီ, ပရမိသွာ, မဟာပိန္နဲ, ဃောရမန္တ နတ်ကြီးငါးပါးတို့သာ အသုံးပြုကာ တင်မြှောက် ပသကြသည်။

**အထူးမှတ်ချက်။** ။ကြက်သရေဆိုသော စကားမှာ ပြည်တော်ပါးမင်း (၄၃၃—သာသနာ) ကြက်ဦးခေါင်းစား၍ မင်းဖြစ်သည်ကို အစွဲပြု၍ ကြက်သားရေမှာ ကြက်သရေ ဆိုလိုရိပ်ရှိကြသည်။ အလွန် နုံချာသော ယုတ္တိမပေတကား နိမိတ် အမှတ်လက္ခဏာ အနက်ရှိသော ကဏ္ဏသဒ္ဒါ၏ ကြဏကို စကားဟောင်း ပြောင်းရွေ့သဖြင့် ယခု ကြက်ဟုခေါ်ဆိုလေ့ရှိ၏။ တဖန် သိရိသဒ္ဒါ၌

ဝကာရန္တကို တကျွန်းသားတို့၏ဘာသာ၌ ကောရန်နှင့် ခေါ်လေ့ရှိသဖြင့် ဝါစာသိလ္လိဌ ဖြစ်စေခြင်းငှာ သိ၍ ဣကို အသရပြု၍ သိရိကို အသရေဟု ခေါ်ဆိုကာ ကြက်သရေဟု တွင်လာသည် (ကစ္စာနဝုတ္တိသစ် ၎င်း အဖွင့် ပဒရူပသိဒ္ဓိကျမ်းပြု မုံရွာစောင်ကြမ်းပင် ဆရာ တော် အရှင်ဗြဟ္မသိရိ ဝါဒတော်တည်း)။

## နတ်ကြီး ငါးပါး ဗလိနတ်စာကျွေးရန်

ဩြောင် နမော သဗ္ဗဗုဒ္ဓါနုဘာဝေန၊ ဩြောင် နမော သဗ္ဗ ဓမ္မာနုဘာဝေန၊ ဩြောင် နမော သဗ္ဗသံဃာ နုဘာဝေန၊ ဘုရားတရား သံဃာတော် အာနုဘော်ထင်ရှား တန်ခိုးအား ကြောင့် မယ်ဖျားသခင် အရှင်သူရဿတီ၊ စဏ္ဍီ၊ ပရမိဿွာ၊ မဟာ ပိန္နဲ ခေါ်မြဲဃောရမန္တ (ဂေါရဝိန္ဒလည်းဟူ) ငါးပါးမျှသွင်း နတ်မင်းအပေါင်း အရှင်ကောင်းတို့ စုပေါင်း ခရီးထောက် ကြွရောက်လာလျှင် ဆွမ်းဒါယကာ ဒါယိကာမ သူတော်ကောင်း အပေါင်းတို့က ဂရုကတ ဥဿာဟမက္ခာ စေတနာဖြောင့်သား သဒ္ဓါပွား၍ ညွတ်တွားကြည်ဖြူ ဆွမ်းတင်လှူပါသည် ရှေးမူမပျက် စဉ်အဆက်ကို ပန်ရွက်ထိပ်မှာ ထုံးနည်းနာဖြင့် သြဇာပျံ့သင်း ဖြူထမင်းကို ဖက်ခင်းပြီးခါ ယိုသုံးဖြာနှင့် မုံ့မှာဖြူနီ သုံးလီ သစ်သီး ပန်းလည်းသုံးမြွာ ကွမ်းယာလဘက် သောက်တော် ခွက်ကို ထည့်လျက်ရေးသာ ကြက်လျှာတံခွန် ရောင်ဝှန်ညီးညီး ဆီမီးစုံစွာ ပြင်ပြီးကာမှ လိုရာတောင့်တ မကြောင့်ကြဖို့ ပသ ပူဇာ တင်မြှောက်ပါသည် မြန်စွာကြွငြား ဩြောင်....တဒ္ဒန္တာ

အိုနတ်များတို့ ထင်ရှားတည်ရှိ ဗလိခေါ်မြွက် နတ်စားခွက်ကို ကိုင်လျက်ပျော်ပျော် စားတော်ခေါ်လှည့် ပွဲတော်ထည့်ကာ သုံးဆောင်ပါလော့ ပွဲတော်တည်လျက် ရွှင်ရွှင်ပျပျ "မမ ဝရံ ဘောဇနံ ဣမံ ဘတ္တံ ဘုဉ္ဇာဟိ ဟေဟိ ဟေဟိ ဘုဉ္ဇာဟိ" ဩြာင်.... ဘဒ္ဒန္တာ အိုအရှင်နတ်များတို့။ ထင်ရှားတည်ရှိ ဗလိခေါ်မြွက် နတ်စားခွက်ကို ကိုင်လျက်ပျော်ပျော် ဤပွဲတော်ကို စားတော် ခေါ်လှည့် "အတီသယ ဉာဏဉာဏံ ဒေဝါဒေဝိ ဝရာဝရံ သဗ္ဗံ သတ္တာ သာမံ သာမိ သိန္ဒေ့ သိန္ဒေ့ ဣမံ ဘတ္တံ နာနာဘောဇနံ ဘုဉ္ဇာဟိ ဘုဉ္ဇာဟိ ဟေဟိ ဟေဟိ ဘုဉ္ဇ ဟိ ဘုဉ္ဇ ဟိ ဟေဟ် မိတ္တံ ဟိတံ ပုညံ ဟေဟိ နန္ဒာ ပိယာ ပုတ္တာ ပိယာ သိရိ ပိယာ ပိယာ ဟေဟိ မိတ္တံ ဟိတံ ပုညံ ယထာ ယာစိကတံ ဟေဟိ နန္ဒာ ပိယာ ပုတ္တာ ပိယာ သိရိ ပိယာ ပိယာ"။

**မှတ်ချက်။** ။ဩြာင် ဆိုသော စကားသည် ဟိန္ဒီဘာသာ တန္တရကျမ်း၌ ပြဆိုသော "ဩြမ်" အက္ခရာမှ ပြောင်းရွေ့လာသည်။ လောကကို ဖန်ဆင်းသော "ဗြဟ္မာမှဗြဟ္မ"အကာရန္တပုဒ်၊ လောကကို တည်တန့် အောင်ပြုသော "ဗိဿျကာ" (ဗိသနိုး) ဥကာရန္တပုဒ် လောကကို ဖျက်ဆီးတတ်သော "သျှိဗမ်" (သီဝ) မဗျဉ္ဇနန္တပုဒ် ဤနတ်သုံးပါးကို ပူဇော်ပသဆုတောင်း ခြင်းစသော အမှုကိစ္စကိုပြုသောအခါ ဗြဟ္မမှအသရ ဗိဿျကာမှ ဥသရ သျှိဗမ်မှမ် ဗျဉ္ဇနန္တ ဤအက္ခရာသုံးခု ပေါင်းစပ်ကာ အ—ဥမ်ဩြမ် အနှင့်ဥ ပေါင်းစပ်လျှင် ဩြ အက္ခရာဖြစ်လာကြောင်း သဒ္ဒရဿတိ ဗျာကရဏ

တရင်္ဂဏီဗျာကရုဏ်းတို့၌ အဆိုအလာရှိသည် မြန်မာက ဥုမ်ဟု အသံထွက်သည် ၎င်းဥုမ်မှပင် အောင် အောင် အောင်ဇေယတု အောင်ဒူဒရ စသည် မင်္ဂလာသုံးအက္ခရာဖြစ်လာ၏။ ဂါထာမန္တန်တို့အစ၌ အသုံးပြုသည် မှတ်မြတ်သော တလုံးတည်းသောပုဒ်။

## နတ်ကြီးငါးပါးထံဆုတောင်းရန်

ဩောင်—နမော သဗ္ဗဗုဒ္ဓာ နုဘာဝေန၊ ဩောင်—နမောသဗ္ဗဓမ္မာနုဘာဝေန၊ ဩောင်—နမောသဗ္ဗ သံဃာနုဘာဝေန၊ ဩောင် *သူ—စံ—ပ—မ—ဓဃာရမန္တာ ဒေဝါဒေဝီ နာမည်ကျော်ကြား ရှင်နတ်များအား ကြည်ထွားစေတနာ ပူဇော်ပသတင်မြှောက်ရငြား အကျိုးအားကြောင့် ဆွမ်းဒါယကာ ဆွမ်းဒါယိကာမ သူတော်ကောင်း မိသားတစုတို့အပေါ်၌ သင့်လျော်စိတ်ထား သနားချစ်ခင် မေတ္တာဝင်၍ ကိုယ်တွင်စွဲကပ် ဥပါဒ်ဘေးဒဏ် ရန်မှန်ခပင်း မကြွင်းဉဿုံ လုံးစုံရောဂါ ဆနဝါတို့ ရှောင်ခွာမသန်း ရေစင်ဖျန်းသို့ ချမ်းသာကြပါစေ။

ဂြိုဟ်စီးဂြိုဟ်နင်း ယိုယွင်းဒဿာ ဇာတာမသန့် စန်းဘန့်လဂ်စီး စံနည်းအတိတ် နိမိတ်နိမက် ချိုးငှက်လင်းတ ဖွတ်တက်စသား ပါပမင်္ဂလာ အဖြာဖြာတို့ ဆံလွှာမျှခြမ်း မသန်းမငြိ စိတ်၏ချမ်းသာ ကိုယ်ကျန်းမာနှင့် မင်္ဂလာကောင်းကျိုး ဂုဏ္ဍမျိုးလည်း ပွားတိုးစည်ပင်ကြပါစေ။

---

*သူ-စံ-ပ-မ-ကား အစအက္ခရာပြ နတ်ကြီးလေးပါး၏အမည်တည်း သူရဿတီ,စဏ္ဍီ,ပရမိဿွာ,မဟာဝိန္ဒွ၊ ဟူလို။

အောင်ဇေယတု အောင်ကြောင်းပြု၍ အောင်ဆုမင်္ဂလာ တိတ်ညြဘာစုံ ဂုဏ်သိရိကြက်သရေ စန်းလှဂ်နေသည် ထူးထွေ ကြီးမြင့် ဆောင်တိုင်းတင့်အောင် စောင်မကြည့်ရှု မစတော် မူကြပါကုန်။ လောကလူ့ရွာ ယခုခါဝယ် သပြာခနေ ဇောတိ ကသို့ မတလိုရာ ပြည့်စုံစွာနှင့် ဌာနန္တရ ရာထူးစသား နေ့ည မကြာ တေဇာဖြိုးမောက် တန်ခိုးတောက်၍ မိုးအောက်တခွင် ကျော်စောထင်လျက် လူတွင်ပဂေး ဂုဏ်ရောင်မွှေး၍ မြတ်လေး ကြည်ဖြူ မြင်သူတိုင်းချစ် နတ်ဗစ်ဒေဝါ ဗြဟ္မာကာစ ရုက္ခဘုမ္မာ အာကာဘောဘောင် မြားမြောင်လှစွာ သာသနာနှင့် ကမ္ဘာ စောင့်ငြား ရှင်နတ်များလည်း သနားကြည်လင် လွန်ချစ်ခင်၍ နေ့စဉ်မပြတ် ကြည့်ရှု စောင့်ရှောက်တော်မူပါကုန်။

အာယုသက်တမ်း မှည့်မစွန်းပဲ ချမ်းချမ်းသာသာ သွားပါ မြေးနှ ဆွေစုမျိုးပေါင်း မိတ်ဟောင်းမိတ်သစ် ပတ်ရစ်ဝန်းရံ တော်မလှန်ပဲ တခုထဲဖြင့် မကွဲမပြား တခြားတလိ တပြည် တရွာ ရှောင်ခွာမလွဲ အမြဲစေငှ ရှုဝမငြိး ပြောပြီးသာယာ ပျော်ရွှင်ကာဖြင့် ကုသလာဓမ္မ ဒါနမကင်း ကျင့်ခြင်းသီလ သမထဝိပဿနာ ဘာဝနာစု ကောင်းမှုတန်တန် နိဗ္ဗာန်ရှေးရှု အာရုံပြု၍ ဂရုဉဿာဟ နေ့ညမကွာ မင်္ဂလာအရပ်ရပ် အောင် မောင်းခတ်၍ အောင်တပ်ခုခံ အောင်သံဟီးဟီး အောင်လံ ကြီးနှင့် မီးဘဆဲ့တစ် ရန်သူစစ်ကို ဖြိုပစ်တွန်းလှန် အောင်ပွဲခံ၍ အောင်ရန်ဒေသ သီဝကြင့်နှန်း နိဗ္ဗာန်နန်းသို့ ဖြောင့်တန်းအမြန် ရောက်လှယ်ရန်ကို စီမံမနှောက် စောင့်ရှောက်နိုင်ကြပါစေ နတ် များအပေါင်း အရှင်ကောင်းတို့။

## နတ်ကြီးငါးပါး ပြန်ပို့ရန်

ဩြောင် သူရဿတီ, စဏ္ဍီ, ပရမေသွာ, မဟာပိန္နဲ, ဃောရမန္တန် နတ်မြတ်အပေါင်း အရှင်ကောင်းတို့။ သုံးဆောင်ပြီးသော နတ်မင်း အပေါင်းတို့အားလည်း ပြုငြားယခု ဤကောင်းမှုကို ဂရုကတ ရေစက်ချ၍ အမျှပေးဝေလိုက်ပါသည် အမျှ.... အမျှ....အမျှ ယူတော်မူကြပါကုန်။

နတ်မြတ်အပေါင်း အရှင်ကောင်းတို့သည် အတူတကွ အမျှရကြ၍ ဆွမ်းဒါယကာ—ဒါယိကာမတို့၏ အလှူမှုကို သာဓု.... သာဓု....သာဓု ခေါ်၍ မိမိတို့၏စံရာ ဒေဝါလယ ဌာနရိပ်မြုံ နတ်ဘုံ နတ်နန်းသို့ ကြွမြန်းတော်မူကြပါကုန်၊ ကာမာဝစရကုသလအဟုန် ပြည့်စုံထပ်ထပ် နတ်မြတ်အပေါင်း အရှင်ကောင်းတို့။

မှတ်ချက်။ ။မန္တန်ဂါထာတို့၏ အဆုံး၌ သွာဟာ—သွာဟုံဟုံ နှစ်ပုဒ်တို့သည် "သွာဟာတိဝါ သွာဟုံဟုံတိဝါ မန္တာဝသာနေ ပဋ္ဌန္တိဧပန္တိ"ဟု ဗျာကရဏာဘရဏ်ဋီကာကျမ်း၌ လာရှိရကား ယဇ်ပူဇော်ရာ မန္တန်မန္တရား စုပ်ရာတို့၌ အသုံးပြုသောစကားတည်း။ ဗျို့ဟာဇ်ရှိကာ၌ ယဇ်ပူဇော်သော ဝတ္ထုဟုဆိုသည်, သွာဟာ, သွာဟုံတို့ကို မြန်မာတို့က စေသံ အာဏာသံ မှတ်ယူကာ သွားဟာ, သွားဟုံဟု အဆိုမှား အထင်မှားကြ၏။ တဖန်တုံ "သွာဟုံ,ကိုသောအဟုံ, ပုဒ်ဖြတ်၍, ထိုငါ"ဟု အယူလွဲပြန်၏။ အမှန်မှာ သွတ္တိ သောတ္တိ ပုဒ်တို့ကဲ့သို့ နိပါတ်ပုဒ်ပင်ဖြစ်သည်။



တနင်္ဂနွေ ဂြိုဟ်ပုံ

## တနင်္ဂနွေဂြိုဟ် ပင့်ရန်

ဩြောင် နမော သဗ္ဗဗုဒ္ဓါနုဘာဝေန၊ ဩြောင် နမော သဗ္ဗဓမ္မာနုဘာဝေန၊ ဩြောင် နမော သဗ္ဗသံဃာနုဘာဝေန အရှေ့မြောက်ဌာန်ရပ်ကေန်က ရောင်လျှံညီးညီး ဂဠုန်စီး၍ ဘုန်းထီးဝေဝေ ခြောက်နှစ်နေသား ရန်တွေ့ ရှင်းလင်း ပါပ မင်းဟူ တနင်္ဂနွေ ဘုန်းရောင်ဝေနှင့် တိမ်ခြေလှစ်ဖြို ရဝိဂြိုဟ်။ အမှာကံ၊ ဆွမ်းဒါယကာ—ဒါယိကာမသမုတ် အကျွန်ုပ်တို့အား မစတော်

မူပါ။ ဤနေရာ၌ သာယာနှစ်ခြိုက် နှလုံးပိုက်၍ ရောင်မြိုက် ဆင်ယင် *နရကင်မှန်ကူ သရဖူရောင်မောင်း မကိုဋ်ဆောင်း၍ တကြောင်းလက်ကြပ် လက်စွပ်ပုတီး ပြင်ဆင်ပြီးလျှင် ဂဠုန်မင်း စီးကာ ထက်အဇတာက မကြာချက်ချင်း တိမ်လွှာရှင်းလျက် ခရီးပြင်း ကြွရောက်တော်မူပါ၊ ရဝိတနင်္ဂနွေတွင်ခြင်း ရှင် ဂြိုဟ်မင်း။

---

*နရကင်မှန်ကူ၌ အချို့စာမူမှာ နရထင်ဟုရှိသည်၊ နရကင်မှ မှန်မည်၊ ကဗျာလင်္ကာဖြစ်၍ နရကင်ဟုဆို၏၊ နရကင်းပုဒ်ရင်း ဟူသည် နားကင်းဟူလို။



တနင်းလာဂြိုဟ်ပုံ

## တနင်းလာဂြိုဟ်ပင့်ရန်

ဗြောင် နမော သဗ္ဗဗုဒ္ဓါနုဘာဝေန (လ) သဗ္ဗသံဃာနုဘာဝေန အရှေ့ပြုဗ္ဗာ ဝိဒေဟာက ရောင်လျှံ ကြွားကြွား ယာဉ်သာကျားထက် ဆဲ့ငါးနှစ်ရေ ခေါ်ဆွေသညာ တနင်းလာဟု စန္ဒြာမည်ဆို တနင်းလာဂြိုဟ်။ အရှင်ဂြိုဟ်မင်းအား စိတ်ထားကြည်ခါ ပင့်ဖိတ်ပါသည်။ အမှာကံ၊ တို့အား မစတော်မူပါ။ ဤနေရာ၌ (လ) ပြင်ဆင်ပြီးလျှင် ကျားမင်းစီးကာ ထက်အဇတာက (လ)စန္ဒြာတနင်းလာတွင်ခြင်း ရှင်ဂြိုဟ်မင်း။



အင်္ဂါဂြိုဟ်ပုံ

## အင်္ဂါဂြိုဟ်ပင့်ရန်

ဩာင် နမော သဗ္ဗဗုဒ္ဓါနုဘာဝေန (လ) သဗ္ဗသံဃာနုဘာဝေန အဂ္ဂိချမ်းမြေ့ ရွှေခတောင်တွေ့က ခြင်္သေ့စီးလျက် ရှစ်နှစ်သက်နှင့် မပျက်စဉ်လာ အင်္ဂါခေါ်ဆို ဘောမဂြိုဟ်။ အရှင် ဂြိုဟ်မင်းအား စိတ်ထား ကြည်သာ ပင့်ဖိတ်ပါသည်။ အမှာကံ၊ တို့အား မစတော်မူပါ။ ဤနေရာ၌ (လ) ပြင်ဆင်ပြီးလျှင် ခြင်္သေ့မင်းစီးကာ (လ) ဘောမ အင်္ဂါတွင်ခြင်း ရှင်ဂြိုဟ်မင်း။



ဗုဒ္ဓဟူးဂြိုဟ်ပုံ

## ဗုဒ္ဓဟူးဂြိုဟ်ပင့်ရန်

ဩြောင် နမော သဗ္ဗာဗုဒ္ဓါနုဘာဝေန (လ) သဗ္ဗသံဃာနုဘာဝေန တောင်ဒက္ခိဏာ ရပ်လက်ျာဝယ် ယာဉ်သာပေါက်ကြီး ဆင်ထက်စီး၍ ရန်မီးပယ်လှစ် ဆဲ့ခုနစ်လျှင် တွက်စစ်နှစ်ရေ စောင့်မြဲနေသား မြုတေခကျေးဇူး ဂုဏ်အထူးဖြင့် ဗုဒ္ဓဟူးခေါ်ဆို ဗုဒ္ဓဂြိုဟ်။ အရှင်ဂြိုဟ်မင်းအား စိတ်ထားကြည်သာ ပင့်ဖိတ်ပါသည်။ အမှာကံ၊ တို့အား မစတော်မူပါ။ ဤနေရာ၌ (လ) ပြင်ဆင်ပြီးလျှင် ဆင်မင်းစီးစာ (လ) ဗုဒ္ဓဗုဒ္ဓဟူးတွင်ခြင်း ရှင်ဂြိုဟ်မင်း။



စနေဂြိုဟ်ပုံ

## စနေဂြိုဟ်ပင့်ရန်

ဩဘောင် နမော သဗ္ဗဗုဒ္ဓါနုဘာဝေန (လ) သဗ္ဗသံဃာနုဘာဝေန နရုတီချောင်အနောက်တောင်က ရန်မှောင်ပယ်ခွင်း နဂါးမင်းထက် စီးနင်းတုံလှစ် သက်ဆယ်နှစ်ဟု တန့်ရစ်မသွေ စောင့်မြဲနေသည့် စနေခေါ်ဆို သောရီဂြိုဟ်၊ အရှင်ဂြိုဟ်မင်းအား စိတ်ထားကြည်သာ ပန်ဖိတ်ပါသည်။ အမှာကို၊ တို့အား မစတော်မူပါ။ ဤနေရာ၌ (လ) ပြင်ဆင်ပြီးလျှင် နဂါးမင်း စီးကာ (လ) သောရီစနေတွင်ခြင်း ရှင်ဂြိုဟ်မင်း။



ကြာသပတေးဂြိုဟ်ပုံ

## ကြာသပတေးဂြိုဟ်ပင့်ရန်

ဩြောင် နမော သဗ္ဗာဗုဒ္ဓါနုဘာဝေန (လ) သဗ္ဗသံဃာ နုဘာဝေန အနောက်မစ္ဆိမာ ရပ်မျက်နှာဝယ် လျှံဝါဝင်းဝင်း ကြွက်ယာဉ်မင်းထက် စီးနင်းတံုလျှစ် ဆဲ့ကိုးနှစ်ဟု တွက်စစ်သခ်ျ စောင့်မြဲးနေသား ခေါ်လေကြာသပတေး မင်းဘေး လွှတ်ဆို ဂုရုဂြိုဟ်။ အရှင်ဂြိုဟ်မင်းအား စိတ်ထားကြည်သာ ပင့်ဖိတ်ပါသည်။ အမှာကံ၊ တိုအား မစတော်မူပါ။ ဤနေရာ၌ (လ) ပြင်ဆင်ပြီးလျှင် ကြွက်မင်းစီးကာ (လ) ဂုရုကြာသပတေး တွင်ခြင်း ရှင်ဂြိုဟ်မင်း။



ရာဟုဂြိုဟ်ပုံ

## ရာဟုဂြိုဟ်ပင့်ရန်

ဩော်င် နမော သဗ္ဗဗုဒ္ဓါနုဘာဝေန (လ) သဗ္ဗသံဃာနုဘာဝေန အနောက်မြောက်တွင် ပါယပ်ခွင်က ဟိုင်းဆင်ပေါက်ကြီး စွယ်မဲ့စီးလျက် ရန်မီးပယ်လှစ် တဆဲ့နှစ်လျှင် ရန်မြစ်ကာမှု နေမှတ်ပြုသည့် ရာဟုခေါ်ဆို ပါပဂြိုဟ်။ အရှင်ဂြိုဟ်မင်းအား စိတ်ထားကြည်သာ ပင့်ဖိတ်ပါသည်။ အမှာကာံ၊ တို့အား မစ တော်မူပါ။ ဤနေရာ၌ (လ) ပြင်ဆင်ပြီးလျှင် ဟိုင်းမင်းစီးကာ (လှ) သောဗ္ဘာနုတွင်ခြင်း ရှင်ဂြိုဟ်မင်း။



သောကြာဂြိုဟ်ပုံ

## သောကြာဂြိုဟ်ပင့်ရန်

ဩြောင် နမော သဗ္ဗဗုဒ္ဓါနုဘာဝေန (လ) သဗ္ဗသံဃာနုဘာဝေန မြောက်ဥတ္တရာ ရပ်ခန်းဝါကို ချမ်းသာခံစံ ပူးယာဉ်ပျံထက် စိုးပြန်တုံလှစ် နှစ်ဆဲ့တစ်လျှင် သက္ကရာဇ်ရှည်ကြာ စောင့်သေချာသည့် တေဇာညွန့်လူ ဘရဂူဟု မည်ပြုခေါ်ဆို သောကြာဂြိုဟ်။ အရှင်ဂြိုဟ်မင်းအား 'စိတ်ထားကြည်သာ ပင့်ဖိတ်ပါသည်။ အမှာကာံ၊ တို့အား မစတော်မူပါ။ ဤနေရာ၌ (လ)ပြင်ဆင်ပြီးလျှင် ပူးမင်းစီးကာ (လ) ဘရဂု သောကြာ တွင်ခြင်း ရှင်ဂြိုဟ်မင်း။



ကိတ်ဂြိုဟ်ပုံ

## ကိတ်ဂြိုဟ်ပင့်ရန်

ဩောင် နမော သဗ္ဗဗုဒ္ဓာနုဘာဝေန် (လ) သဗ္ဗသံဃာ နုဘာဝေန တိမ်အဇတာ ရှိန်အပြာ ဂေါမိလ္လာကန့် ဝါဖန့်ဖန့်နှင့် တန့်ကာတန့်ကာ စိမ်းရောင်ပြိုးတဲ့ မိုးဝလာမှာ ပြာမကာရိုး ကွက် နွယ်ပန်းယှက်လျက် လက်ခါလက်ခါ ဘဝင်ညာအောင် စက္ကဝါနှံ့စပ် ပွဲတင်ထပ်မျှ လျှပ်ရောင်အနေ တန်ခိုးတွေ ဖြိုးခဝ ထိန်တောက် စိန်အမြောက်ကဲ့သို့ အံလောက်ဩဘာ စက္ကဝါ

တွင် အာဏာဝိသယ ခေတ်သုံးဝ၌ နိယတပင် လမ်းအစဉ် ကျမ်းတွင်တည့်မှတ် သတိချပ်ဖို့ လောကဓာတ်မှာ ဒြပ်ကွာအောင် ကမ္ဘာအစဉ် ဩဘာတွင်လျက် ရှစ်ခွင်ခေါ်မှတ် မော်ဒြပ်နှင့် ဂြိုဟ်မြှတ်သခင် ဘုရင်တဆူ တောင်ဇမ္ဗူမှာ မတူသမ္ဘာ ဘုန်းတေဇာနှင့် အာဏာထိန်ဝင်း အရောင်ကလဲး ပြင်းပါတိ ကိတ်မင်း ဩဘာ ဂြိုဟ်တကာကို အာဏာစိုးရ တန်ခိုးရှသည့် ပြိုင်သဖက်ကင်း အရှင်ကိတ်ဂြိုဟ်မင်း။ အရှင်ဂြိုဟ်မင်းအား စိတ်ထားကြည်သာ ပင့်ဖိတ်ပါသည်။ အမှာကံ၊ တို့အား မစတော်မူပါ။ ဤနေရာ၌ (လ) ပြင်ဆင်ပြီးလျှင် ခရီးလမ်းတာ ထက်အဇတာက မကြာချက်ချင်း တိမ်းလွှားရှင်းလျက် ခရီးပြင်း ကြွရောက်တော်မူပါ့ ကေတု ကိတ်ဂြိုဟ်တွင်ခြင်း ရှင်ဂြိုဟ်မင်း။

## ဂြိုဟ်ပေါင်း၍ပင့်ရန်

ဩြောင် တင်္ဂနွေကြို တိမ်ခြေဟုန်၌ ဂဠုန်ခြောက်နှစ် စင်စစ်မရွေ့ အရှေ့မြောက်ထောင့် အမြဲးစောင့်လျှင် ရှေ့ခွင်ပြုဗ္ဗာ တနင်္လာကား ဆဲ့ငါးမှန်ခြင်း ကျားမင်းစီးဆောင် မရွေ့အောင်တည့် အရှေ့တောင်မှာ အင်္ဂါရှစ်နှစ် ပယ်လှစ်ရန်ကွင်း ခြင်္သေ့မင်းတည့်၊ ဆင်မင်းစီးကာ တောင်မှာဗုဒ္ဓဟူး ရှင်မြူးအံ့ဖွယ် တဆဲ့ခုနှစ် နေတုံလှစ်ရောက် အနောက်တောင်ဖြစ် ဆယ်နှစ်စနေ ရိုးမြေ့အမျိုး တန်ခိုးကြီးခြင်း နဂါးမင်း၏၊ နေခြင်းတုံလတ် နောက်ရပ်မှာကား သညာမည်ကြွက် ဂြိုဟ်ဖက်ကြာသပတေး ရန်ဘေးကာစိုး ဆဲကိုးမှန်ခြင်း မယှဉ်းတထောက် အနောက်မြောက်မှာ ဆင်သာဟိုင်းကြီး စီးသည်ရာဟု ဆဲ့နှစ်စုနှင့် အောင်ဆုလည်းပေး ရန်ဘေးဆီးတား နေပျော်ငြားရှ်

တပါးတုံလှော်ကာ မြောက်မှာသောကြာ ပူးစီးကာလျှင် မှန်စွာ စင်စစ် နှစ်ဆဲ့တစ်ပင် ရပ်ခွင်ရှစ်မျက်နှာ လှည့်ကာလှည့်ကာ ပတ်ရစ်ညာလျက် လကျာ်စံသွား ရှင်ဂြိုဟ်များတို့....ဝပ်တွား ပန်ထွာ တောင်းပန်ပါသည်၊ လျင်စွာခဏ မြန်းကြွတော်မူ လှည့်ပါ ရှင်ဂြိုဟ်မင်း-များခြင်းဘယာ အနာအမျိုး ကိုးဆဲ့ ခြောက်ရပ် ဥပဒ်ဘေးရန် ဒဏ်လည်းဆယ်ချက် အိပ်မက်မကောင်း တကြောင်းဘုတ်ပြိတ် အဟိတ်တိရစ္ဆာန် ဘေးရန်တကာ ပြစ်အဆာတို့ကို မကြာစင်စိုက် လိုက်၍မပါ၊ သွားလေရာရာ မျက်နှာ ပွင့်လန်း လသစ်ဆန်းသို့ ပန်းကောင်းပွင့်ဝေ တက်သည်နေနှင့် ရေသို့လည်းကြီး မိုးသို့လည်းရွာ မေတ္တာစုံမက် နှစ်သက်စေသား သနားစေချင် ချစ်ခင်စေလို ရှင်ဂြိုဟ်မြတ်စွာ နေရာဗိမာန် ရှစ်ရပ်ဌာန်ကို ပန်ထွာတိုးလျှိုး ရှိရှိခိုးသည်....ဘေးမျိုးရန် ပစေ့ မစေသောဝ်၊ လာဘ်သပ္ပကာ ဥစ္စာရွှေငွေ မင်းနေစိုးရ ရာတူး စသား ဣဋ္ဌအာရုံ အလုံးစုံသည် ကုံလုံပြည့်ဝ ဂြိုဟ်မင်းမ။

## ဂြိုဟ်စာကျေးရန်

ဩြောင် နမော သဗ္ဗဗုဒ္ဓါ နုဘာဝေန၊ ဩြောင် နမောသဗ္ဗ ဓမ္မာ နုဘာဝေန၊ ဩြောင် နမော သဗ္ဗသံဃာ နုဘာဝေန ဘုရား တရား သံဃာတော် အာနုဘော်ထင်ရှား တန်ခိုးအားကြောင့် ထက်ဖျားသူရဇ္ဇသောကြဗုဒ္ဓ, စန္ဒြော, သောရိ, ဂုရု,ဘောမ, ရာဟု ကျငြား ရှစ်ပါးမည်ရင်း ဂြိုဟ်နတ်မင်းအပေါင်း အရှင်ကောင်း တို့။ စုပေါင်း ခရီးထောက် ကြွရောက်လာလျှင် ဆွမ်းဒါယကာ ဒါယိကာမ သူတော်ကောင်းအပေါင်းတို့က ဂရုကတဥဿာဟ မကွာ စေတနာဖြောင့်သား သဒ္ဓါပွား၍ ညွတ်တွားကြည်ဖြူ

ဆွမ်းတင်လှူပါသည်၊ ရှေးမူမပျက် စဉ်အဆက်ကို ပန်ရွက်ထိပ်မှာ ထုံးနည်းနာဖြင့် သြဇာပုံသင်း ဖူးထမင်းကို ဖက်ခင်းပြီးကာ ယိုသုံးဖြာနှင့် မုံ့မှာဖူးနို သုံးလီသစ်သီး ပန်းလည်းသုံးမြွာ ကွမ်းယာလဖက် သောက်တော်ခွက်ကို ထည့်လျက်ရေသာ ကြက်လျှာတံခွန် ရောင်ဝှန်ညီးညီး ဆီမီးစုံစွာ ပြင်ပြီးကာမှ လိုရာတောင့်တ မကြောင့်ကြဖို့ ပ,သ,ပူဇာ တင်မြှောက်ပါသည် မြန်စွာကြွငြား သြောင် ဘဒ္ဒန္တာ အိုနတ်များတို့.... ထင်ရှားတည်ရှိ ဗလိခေါ်မြွက် နတ်စားခွက်ကို ကိုင်လျက်ပျော်ပျော် စားတော်ခေါ်လှည့် ပွဲတော်ထည့်ကာ သုံးဆောင်ပါလော့ ပွဲတော်တည်လျှင် ရွှင်ရွှင်ပျပျ "မမ ဝရံ ဘောဇနံ့, ဣမံ ဘတ္တံ ဘုဥ္ဇာဟိ ဘုဥ္ဇာဟိ, ဟေဟိ ဟေဟိ ဘုဥ္ဇာဟိ။"

သြောင် ဘဒ္ဒန္တာ အိုနတ်များတို့.... ထင်ရှားတည်ရှိ ဗလိခေါ်မြွက် နတ်စားခွက်ကို ကိုင်လျက်ပျော်ပျော် စားတော်ခေါ်လှည့် ပွဲတော်ထည့်ကာ သုံးဆောင်ပါလော့....၊ ပွဲတော်တည်လျှင် ရွှင်ရွှင်ပျပျ "အတိသယ ဉာဏာဉာဏံ ဒေဝါဒေဝီ ဝရာဝရံ, သဗ္ဗံ သတ္တာ, သာမံ သာမိ, သိန္နေ သိန္နေ, ဣမံ ဘတ္တံ နာနာ ဘောဇနံ ဘုဥ္ဇာဟိ ဘုဥ္ဇာဟိ, ဟေဟိ ဟေဟိ ဘုဥ္ဇာဟိ ဘုဥ္ဇာဟိ ဟေဟိ မိတ္တံ ဟိ တံပုညံ, ဟေဟိ နန္ဒာ ပိယာ ပုတ္တာ, ပိယာသိရီ ပိယာ ပိယာ, ဟေဟိ မိတ္တံ ဟိတံ ပုညံ, ယထာ ယာစိကတံ, ဟေဟိ နန္ဒာ ပိယာ ပုတ္တာ ပိယာ သိရီ ပိယာ ပိယာ။"

## ပါပကြိုဟ်လေးပါးအား ဆုတောင်းရန်

သြောင် နမော သဗ္ဗဗုဒ္ဓါနုဘာဝေန (လ) သဗ္ဗသံဃာ နုဘာဝေန မလိုမုန်းထား ရန်သူငါးနှင့် ရှစ်ပါးဒေါသ ဒဏ္ဍာတဆယ်

နှိပ်နယ်သက်ခတ် ဥပဒ်ဆဲ့ခြောက် လန့်ကြောက်တုန်အား ဘေး
နှစ်ဆဲ့ငါး အများဆက်ဆံ ကံသုံးဆဲ့တစ် ဓိစစ်တွေလာ နာကိုး
ဆဲ့ခြောက် ကရောက်ကရက် မကောင်းငှက်နှင့် အိပ်မက်တဘောင်
နားထောင် စံနည်း ကမ္ဘည်းအတိတ် နိမိတ်နိမက် တချက်မကောင်း
ယိုယွင်းကြမ္မာ ဒသာလွဲဖောက် သက်ရောက်ပါပ စန်းက
လဂ်နိမ့် ဂြိုဟ်စီးဂြိုဟ်နင်း ဂြိုဟ်ယွင်းဂြိုဟ်ပါး ဂြိုဟ်စားဂြိုဟ်ပျက်
ဂြိုဟ်ထွက်ဂြိုဟ်ဝင် တင်ရင်ချဉ်းခွပ် ထိစပ်ဂြိုဟ်တဲး ရှင်လွဲ
ကူးသန်း စန်းလွန်တြင်း နဝင်းပြတ်သတ် နက္ခတ်ယိမ်းယိုင်
သုံးပင်တိုင်လည်း မခိုင်သောအား အသွားချွတ်ခြင်း အယွင်း
ယွင်းလျှင် ပူပြင်းသောက ဗျာပါရနှင့် ဒုက္ခစွန်းငြိ ရောက်ဆစ်
ရှိလည်း ဆံခြည်မြူခြမ်း မျှမသန်းအောင် ဘေးဘျမ်းဆီးတား
ဟန့်ကာတား၍ သန့်ားလွန်ပြင်း ကြည့်ဖန်ဆင်းသည် ဂြိုဟ်မင်း
မှတော်မူစေသောဝ်.... ဂြိုဟ်မင်း စောင့်ရှောက်တော် မူစေသောဝ်။

## သောမဂြိုဟ်လေးပါးအား ဆုတောင်းရန်

ဩြောင် နမော သဗ္ဗဗုဒ္ဓါနုဘာဝေန၊ ဩြောင် သဗ္ဗဓမ္မာ
နုဘာဝေန၊ ဩြောင် သဗ္ဗသံဃာ နုဘာဝေန၊ ဆိုလေရာရာ
အသင့်သာလျှင် သကာလိုလို သူနားချိုလျက် ထိုထိုရွှေနောက်
တောင်မြောက်ခရီး ဝေနီးဘယ်ညာ သွားလေရာလည်း ချမ်း
သာလှပ လာဘ်ကောင်းရ၍ လုံ့လအားသန် သုံးပါးကန်ဖြင့်
ကြံတိုင်းလည်း အောင် ဆောင်တိုင်းလည်း မြောက် တ-တိုင်း
ရောက်လျက် လွေ့လောက်စီးပွား စပါး ဆန်ရေ ရွှေငွေ
ကျောက်သံ ကုံတံဖြစ်မြဲး နွားကျွဲးကျွန်ကျေး စုဝေးအသရေ
မိုးမြေလယ်တာ ပဒေသာသို့ ဣစ္ဆာသယ ဆန္ဒခိုင်ဖြိုး ရည်တိုင်း

ပြီး၍ မငြိးမငွေ့ လှူဒါန်းလေ့လည်း တနေ့မပျက် ချရေစက်နှင့် လက်မလွတ်ကင်း ကျင့်သိတင်း၌ ယွင်းမလိမ့်လည်း သူတော်နည်းဖြင့် စောင့်စည်းကိုယ်နှုတ် အားထုတ် လို့လ ထကြွလျှမ်းလျှမ်း နိုးချမ်းပေါ့ပါး သူ့အားဘေးကာ ချမ်းသာပေးနိုင် ကြန့်ခိုင်လက်ရုံး နှလုံးမမြင့် ရွှေကြာပွင့်သို့ သူနှင့်ရောပြွမ်း သူ့စိတ်ဝမ်းကို ခွဲခြမ်းသိမြင် ပညာရှင်နှင့် ဘယ်တွင်မရှေ့ နေ့တိုင်းတွေ့၍ ညဉ့်နေ့အုပ်ထွေ ခြွေရံသန့်ရှင်း သတင်းပျံ့မွှေး နိုးဝေးထင်ပေါ် ကြားကျော်အောက်ထက် ကြောက်ရှက်ချုပ်စောင့် တော်ဖြောင့်မှန်လှ အာယုစသား ဗလငါးဆိုင် ကောင်းဆုံးတိုင်အောင် ဖက်ပြိုင်လွတ်ရှား ကျွန်ုပ်အားကို သနားလွန်ပြင်း ကြည့်ဖန်ဆင်း၍ ဂြိုဟ်မင်းလျှင်ဆော မစေသော်။

# ဂြိုဟ်ရှစ်ပါးပေါင်း၍ ဆုတောင်းရန်

ဩြောင် တနင်္ဂနွေ မသွေမှန်စွာ တနင်္လာနှင့် အင်္ဂါ ဗုဒ္ဓဟူး မည်ထူးစနေ တထွေကြာသပတေး မှတ်ရေးရာဟု ခေါ်ပြုသောကြာ ရှစ်မျက်နှာတွင် တည်ကာမယွင်း တောက်လင်းတေဇာ သဒ္ဓာပြည့်ဖြိုး ဂုဏ်ရောင်မိုးသည့် ဂြိုဟ်မျိုးရှစ်ဖြာ နတ်ဒေဝါတို့—။ သဒ္ဓာကြည့်လျှမ်း ပီတိလွှမ်းလျက် သုံးခန်းစေတနာ ညီညွတ်စွာဖြင့် ရသာထွေထူး ဆီဦး ထောပတ် မွှန်မြတ်ခဲဖွယ် စားဖွယ်တလီ မုံ့ဖြူနီနှင့် ကြည်ကြည်လျှံတောက် ပေါက်ပေါက်ဆီမီး အုန်းသီးငှက်ပျော ပန်းစုံနှော၍ စောစောခါကြုံ နေအရပ်တွင် ပြင်ဆင်ကျင်းပ ဂြိုဟ်ရှစ်ဝသို့ ဆက်သမမှား သုံးစားတော်မူ တင်မြှောက်လှူ၏။ ကြည်ဖြူ ဒါန

ကုသလကြောင့် ဘယဝေရီ မသိက္ခာရှင်း တြွင်းတရပ်နဝင်းထပ်၍ စန်းပြတ် လှန်းပြတ် သက်ခတ်မကောင်း ဂြိုဟ်ပြောင်း ဂြိုဟ်အိပ် လန့်ထိပ်ဖယ်ရာ ဒသာဆယ်ချက် အဋ္ဌလက်နှင့် နဝလက်အရှုပ် မဟာဘုတ်အညှို့ မသန့်ဇာတာ တဖြာစုန်းဘုတ် ရုပ်မြှုပ်သံဖမ်း အကြမ်းပယောဂ ပေတကင်းသင်း တိုက်ခိုက်အင်းနှင့် အပင်း အမြှောက် ဖနောင့်ဆောင့် မျက်စောင်းထိုး ရန်အမျိုးကို လှန်ချိုးခွာရှင်း ဂြိုဟ်နတ်မင်းတို့—။ မယှင်းဖယ်ကာ မမေ့ကာပဲး သည်းချာအရင်း စိတ်မှာသွင်း၍ အောင်ခြင်းမင်္ဂလာ ရစ်ယှက် ဖြာအောင် ရစ်လကျာ်အကုန်ပက်ပြီး ရှစ်မျက်နှာ ဂြိုဟ်အမြတ် တို့က ဖြစ်ပျက်နှစ်ဖြာ တရားကိုယ်မှတ်လျက် အရှင်ဂြိုဟ်နတ်တို့က မစ စောင့်ရှောက်တော်မူကြပါစေသော်။

## ကိတ်ဂြိုဟ်ဆုတောင်းရန်

"နတ္ထိ ဘူမိ ဇေတ္တာတိနဘံ" အာကာယံတွင် နက်တံထူးလည်း မော်ကွန်းချိလျက် ဝဇီရာဝုဓ မိုးလုံးငြိမ်းမျှ တိတ်အာကာသ ဖြစ်သမျှတွင် ကိတ်ဘာဝဟု ရာဇမတ္တဏ် ကျမ်းဂန်းပြဟော သရောဒယ ဇောတိစသည့် အဋ္ဌကထာ ဋီကာပါဠိ လုံးစုံညှို၍ နိမိတ္တက ကျမ်းပြုအလို အခိပ္ပာယ်ဆိုသည် ဂြိုဟ်နေလနတ် နက္ခတ်တာရာ ကြယ်တကာတို့ နဘာဝှန်းငြိ တိမ်တိုက်ရှိ၍ ပကတိမှန် ဖောက်ပြန်ကြသော် သြရသျှရဘော နေကြတ်လကြတ် ကျပြုတ်ဥက္ကာ သောကြာစိုးဝှန် တံခွန်မကျိုင် နေပြိုင်ထိပါး အသွားတိမ်းစောင်း ညောင်းသောင်းပြဲ့ပြဲ့ ဖောက်လှဲ့မမှန် အသံထင်ခြင်း လကြယ်ခွင်းနှင့် ကြယ်ချင်းခွပ်ဘိ မိပြတ်

ကိတ်ချက် တခုထွက်မူ လူတို့မှတ်သိပ် သဥ္စးဆိတ်ရေစာ နှစ်ခု မှာမူ ပြည်ရွာမီးပျက် သုံးခုထွက်က နရသေဋ္ဌနင်း မင်းတို့ ဥပဒ် စွဲးကပ်ထို့ပြင် တောင်းကင်နှင့်မြေ အလယ်ဗွေဝယ် စေတီ ဘုရား တုတ်ဓားလက်နက် သွေးယိုထွက်လိမ့် လေးနက်လျှံထင် သစ်ပင်ရုက္ခ မုခ်ဝတန်ဆောင်း ဂူကျောင်းလှိုင်ကြီး ထီးတံခွန် လွှား ပတ္တမြားလုံးကြီး စုန်းမီးနတ်ရောင် တွေ့မရှောင်၍ ခိုးမှောင် နီပြာ သံဝါချိမ်းမဲ့ သဲ့သဲ့ရှတ်ရှတ် တုန်လှုပ်ပြင်းထန် သို့ဖောက် ပြန်သော် ဣန္ဒြိကိတ် နိမိတ်ပြရာ ပြည်ရွာချောက်ချား တိုင်းကား မှောက်လျက် အနှောင့်အယှက် စစ်ကြီးထွက်လိမ့် မြိုင်နက် တောတောင် ကုန်းခေါင်မြေပြင် အလယ်တွင်မူ စေတီဘုရား ပျက်ပြားယွင်းယို တောင်ပြိုမြေကွဲး သိမ့်သိမ့်သဲ့မျှ နွဲ့းမြူဆွယ် ဘီလူးရယ်နှင့် နတ်မယ်သံက ငိုကုန်ကြလျက် ဘောမကိတ်မည် ရွှေပြည်လဲ့နောက် စစ်ကြီးရောက်လည်း လှုပ်ချောက်တိုင်းကား လူထုလွှားတို့ ပျက်ပြားပူဆာ ရှိပြန်ပါလည်း ချမ်းသာသုခ ရှိစေရအောင် ကိတ်မင်းသျှရဘံ အာကာယံက အမြန်လျှင်စော မစေသောဝ်....။

## ပါပဂြိုဟ်လေးပါးတဦးစီခွဲး၍ပို့ရန်

ဩဘင် တနင်္ဂနွေတွင်ခြင်း ရှင်ဂြိုဟ်မင်း.... အချင်းခပ်သိမ်း ကြောင့်ကြငြိမ်း၍ မတိမ်းလည်လည် သက်ရှည်ကင်းကွယ် အန္တရာယ်ဘေး ဝေးစေခြင်းငှာ ပံ့သင်းလှိုင်မွှေး ကြိုင်အေး

---

တနင်္ဂနွေ အင်္ဂါ စနေ ရာဟုတို့ကား ပါပဂြိုဟ် ဂြိုဟ်ဆိုးဟူ၍ ဆိုသည်။ တနင်္လာ ဗုဒ္ဓဟူး ကြာသပတေး သောကြာတို့ကား သောမဂြိုဟ် ဂြိုဟ်ကောင်းဟူ၍ ဆိုသည်။

လှစွာ ရသာချိုချဉ် ဘောဇဉ်ခဲဖွယ် အသွယ်သွယ်ကို ဖွယ်ရာလျောက်ပတ် ကျွေးလတ်ဖုံဖုံ ပြီးကုန်ပါပြီ မဟာဂုဏ်သိရ် အရှိန်ကြီးခြင်း တနင်္ဂနွေဆိုသည့် ရှင်ဂြိုဟ်မင်းသည် စံခင်းပျော်ဘိ မိမိစံရာ ဘုံနန်းသာသို့ လျင်စွာစုးစုး ကြွလေဦးလော့....။ အရှင်ဂြိုဟ်မင်း ကြွလေလျှင်းသော် "ခြောင် နမော သဗ္ဗဗုဒ္ဓာ နုဘာဝေန၊ ခြောင် နမော သဗ္ဗဓမ္မာ နုဘာဝေန၊ ခြောင် နမော သဗ္ဗသံဃာ နုဘာဝေန, ဒိနေ့, ဒိနေ့, ရက္ခန္တု မေ"။ မေ၊ အကျွန်ုပ်ဆွမ်းဒါယကာအား။ ဒိနေ့ဒိနေ့၊ နေ့တိုင်းနေ့တိုင်း။ ဝါ၊ နေ့စဉ်မပြတ် တလစပ်။ ရက္ခန္တု၊ အစဉ်မနှောင့် စောင့်ရှောက် မစတော်မူစေသတည်း။

(ဤအတိုင်း ပါပဂြိုဟ်လေးပါးတို့ကို တဦးစီခွဲ၍ပို့ပါလေ)။

## သောမဂြိုဟ်လေးပါး တဦးစီခွဲ၍ပို့ရန်

ခြောင် တနင်းလာတွင်ခြင်း ရှင်ဂြိုဟ်မင်း....။ အမှာကံ၊ အကျွန်ုပ် ဆွမ်းဒါယကာ—ဒါယိကာမတို့အား ဘေးကင်းရန်ပယ် အန္တရာယ် တာတွယ်မရှိ စိတ်၏ချမ်းသာ မင်္ဂလာကောင်းကျိုး ဣဋ္ဌမျိုး ပွားတိုးစည်ပင်စိမ့်သောငှာ ပုံ့သင်းလှိုင်မွှေး ကြိုင်အေး လှစွာ ရသာချိုချဉ် ဘောဇဉ်ခဲဖွယ် အသွယ်သွယ် ဖွယ်ရာ လျောက်ပတ် ကျွေးလတ်ဖုံဖုံ ပြီးကုန်ပါပြီ မဟာဂုဏ်သိရ် အရှိန်ကြီးခြင်း တနင်းလာဆိုသည့် ရှင်ဂြိုဟ်မင်းသည် စံခင်း ပျော်ဘိ မိမိစံရာ ဘုံနန်းသာသို့ လျင်စွာစုးစုး ကြွလေဦးလော့.... အရှင်ဂြိုဟ်မင်း ကြွလေလျှင်းသော် "ခြောင် နမော သဗ္ဗဗုဒ္ဓာ နုဘာဝေန၊ ခြောင် နမော သဗ္ဗဓမ္မာ နုဘာဝေန ခြောင် နမော

သဗ္ဗသံဃာ နုဘာဝေန ဒိနေ့ ဒိနေ့၊ ရက္ခန္တုမေ”။ မေ၊ အကျွန်ုပ် ဆွမ်းဒါယကာအား။ ဒိနေ့ ဒိနေ၊ နေ့တိုင်းနေ့တိုင်း။ ဝါ၊ နေ့စဉ် မပြတ် တလစပ်။ ရက္ခန္တု၊ အစဉ်မနှောင့် စောင့်ရှောက် မစ တော် မူစေသတည်း။

(ဤအတိုင်း သောမဂြိုဟ်လေးပါးတို့ကို တဦးစီခွဲ၍ ပို့ပါ လေ)။

## ဂြိုဟ်ရှစ်ပါးပေါင်း၍ နှင်ရန်

ဩောင် နမော သဗ္ဗဗုဒ္ဓာနုဘာဝေန (လ) သဗ္ဗသံဃာ နုဘာ ဝေန၊ ဤသို့မက္ခာ ရှစ်ဖြာအရပ် မြဲစောင့်ကြပ်၍ အမှတ် တည်ထား ဂြိုဟ်နတ်များအား မမှားမြိန်စွာ ရသာထွေပြား ခဲဖွယ်များကို သောက်စားနွဲပျော် ပွဲတော်ဆက်မီး သုံးဆောင် ပြီး၍ ကြီးကြီးငယ်ငယ် အန္တရာယ်အရှုပ် ဘေးခလုပ်အပေါင်း မကောင်းဟူသမျှ ဒဏ်တသာ ကံကြမ္မာတို့ မလာမခ အပအပြင် ကုန်စင်မပြတ် မြဲစောင့်ကြပ်၍ ဘုရားမြတ်စွာ ရဟန္တာရှစ်ဆူ ပေါင်းယူမမှား ကိုးပါးအရဟံ ထွတ်ဘုန်းလျှံ၏ ထံတော်ဒေသ အိမ်ဂေဟာဤဌာနက ပဋ္ဌမဂြိုဟ်မင်း စဉ်မယွင်းသဖြင့် တနင်္ဂနွေ၊ တနင်းလာ၊ အင်္ဂါအကူး၊ ဗုဒ္ဓဟူး၊ စနေ တထွေခေါ်ရေး ကြာသပတေး ရာဟု သောကြာရှုလျက် ရှစ်ခုမှန်စွာ ဒေဝါ ခေါ်မြတ် ဂြိုဟ်စောင့်နတ်တို့ အပ်ရာအပ်ရာ မှန်စွာမယွင်း နေရင်းဌာန ပိုင်ဆိုင်ရာ ရပ်ဒေသသို့ မပြတ်အခြေကျ စခန်းမပျက် သဖြင့် ဒြပ်ဝေကြွ နန်းကနက်သို့ နတ်ဒေဝ လမ်းအကွက်နှင့် မှတ်သွေ့မခွ တငြိမ်းဆက်ပြီး မြန်းထွက်၍ ပြန်ကြွတော်မူကြပါ ကုန်လော့။

## အမျှဝေ ဂြိုဟ်နှင်ရန်

သြောင် တနင်္ဂနွေ, တနင်္လာ, အင်္ဂါ, ဗုဒ္ဓဟူး, ကြာသပတေး, သောကြာ, စနေ, ရာဟု အခြေမယွင်း ဂြိုဟ်မင်း သောမ ပါပတလိ ရှစ်မည်ရပ်ဌာန် စောင့်ရန်အလို နတ်မင်း ဂြိုဟ်တို့.... စားမျိုးပရဘုတ် မယုတ်သုံးဆောင်ပြီးအောင်ရှိငြား အရှင်တို့အားလည်း ပူငြားယခု ဤကောင်းမှုကို ဂရုကတ ရေစက်ချ၍ အမျှပေးဝေလိုက်ပါသည် အမျှ... အမျှ....အမျှ ယူတော်မူကြပါကုန်။

ဂြိုဟ်နတ်အပေါင်း အရှင်ကောင်းတို့သည် အတူတကွ အမျှ ရကြ၍ ဆွမ်းဒါယကာ ဒါယိကာမတို့၏ ကောင်းမှုကို သာဓု.... သာဓု....သာဓု ခေါ်နိုင်ကြ၍ မိမိတို့၏စံရာ ဒေဝါလယ ဌာန ရိပ်မြုံ နတ်ဘုံနတ်နန်းသို့ ကြွမြန်းတော်မူကြပါကုန်.... ဂြိုဟ်နတ် အပေါင်း အရှင်ကောင်းတို့။

## ကိတ်ဂြိုဟ် နှင်ပို့ရန်

သြောင် ပါပဂြိုဟ်လေးပါး သောမဂြိုဟ် လေးပါး ပေါင်း ငြားအဋ္ဌ ရှစ်ဝသော ဂြိုဟ်မင်းတို့ထက် အကြီးအမှူးဖြစ်ပါသော အရှင်ကိတ်ဂြိုဟ်မင်း....ပျံ့သင်းလှိုင်မွှေး ကြိုင်အေးလှစွာ ရသာ ချိုချဉ် ဘောဇဉ်ခဲဖွယ် အသွယ်သွယ် ဖွယ်ရာလျောက်ပတ် ကျွေးလတ်ဖုံဖုံ ပြီးကုန်ပါပြီ မဟာဂုဏ်သိရီ အရှိန်ကြီးခြင်း အရှင်ကိတ်ဂြိုဟ်မင်းသည် စံခင်းပျော်ဘိ မိမိစံရာ ဘုံနန်းသာသို့ လျင်စွာစူးစူး ကြွလေဦးလော့.... အရှင်ကိတ်ဂြိုဟ်မင်း ကြွလေ

လျှင်းသော် "ဩဘြောင် နမောသဗ္ဗ ဗုဒ္ဓာ နုဘာဝေန၊ ဩဘြောင် နမောသဗ္ဗဓမ္မာ နုဘာဝေန၊ ဩဘြောင် နမော သဗ္ဗသံဃာ နုဘာဝေန ဒိနေ့ ဒိနေ့ ရက္ခန္တုမေ"။ မေ၊ အကျွန်ုပ် ဆွမ်းဒါယကာအား။ ဒိနေ့ ဒိနေ့၊ နေ့တိုင်းနေ့တိုင်း။ ဝါ၊ နေ့စဉ်မပြတ် တလစပ်။ ရက္ခန္တု၊ ဘေးရန်မသီ ခဝးရပ်တည်အောင် အညီ ဖြောင့်ဖြောင့် စောင့်ရှောက်တော်မူပါစေသော်။

## နတ်အားလုံးနှင့် ဂြိုဟ်နှင်ရန်

တွောဝတာစ အမ္ဘေဟိ၊
သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါနုမောဒန္တု၊
သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ။
ဒါနံ ဒဒန္တု သဒ္ဓာယ၊
သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာ ဘိရတာ ဟောန္တု၊
ဂစ္ဆန္တု ဒေဝတာ ဂတာ။

တွောဝတာစ၊ ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်သာလျှင်။ အမ္ဘေဟိ၊ ကိုးဆူဒါယကာ စေတနာပေါင်းချုပ် အကျွန်ုပ်တို့သည်။ သမ္ဘတံ၊ နေ့စဉ်ဆည်းပူး အထူးလေ့လာအပ်သော။ ပုညသမ္ပဒံ၊ မှနော့စေတနာ ဇောတွေဖြာ၍ ဖွေရှာပွားထုံ ကောင်းမှုကုသိုလ်၏ပြည့်စုံခြင်းကို။ သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ ခပ်သိမ်းကုန်သော။ ဒေဝါ၊ ဥပပတ်နွယ်ဖွား ဂြိုဟ်နတ်များတို့သည်။ အနုမောဒန္တု၊ နှင်းစွတ်ပန်းကဲ့သို့ ရှင်လန်းသာယာ ဝမ်းမြောက်ကြပါစေကုန်သတည်း။

သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ၊ စည်းစိမ်ဟူသမျှ ပြည့်ဝသီးသီး ပြီးစီး ထမြောက် အောင်မြင်စိမ့်သောငှာ။ သဒ္ဓါယ၊ ယုံကြည်လေးစား ကြည်လင်သောသဒ္ဓါတရားဖြင့်။ ဒါနံ၊ ဖြူဆွမ်းခဲဖွယ် သုံးမယ် သစ်သီး ယိုလည်းသုံးစုံ ရောင်ဟုန်ဆီမီး ထီးနှင့်တံခွန် ကြက် လျှာမွန်အဖြာဖြာ လှူစရာအစုစု ဒါတဗ္ဗဝတ္ထုကို။ ဒဒန္တု၊ သဒ္ဓါ ရှိသလောက် မရွေးထောက်ပံ့ လက်ရောက်တမူ လှူနိုင်ကြပါ စေကုန်သတည်း။ သဗ္ဗဒါ၊ နေ့ညမခြား အခါခပ်သိမ်း။ သီလံ၊ ငါးပါးအစ ကျင့်သီလကို။ ရက္ခန္တု၊ မကျိုးမပေါက် မပြောက် မကျား ခါးဝတ်လားသို့ မမှားမမှောက် ကောင်းစွာ စောင့် ရှောက် နိုင်ကြပါစေကုန်သတည်း။ ဘာဝနာဘိရတာ၊ သမထ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း၌ စီးဖြန်းလေ့လေ့ လွန်စွာ ပျော်မွေ့ကြကုန်သည်။ ဟောန္တု၊ စင်စစ်မသွေ ဖြစ်ကြပါစေကုန် သတည်း။

အာဂတာ၊ ကောင်းကျိုးအချက် သဘောသက်သက် ဟော မြွက်ဂါထာ မင်္ဂလာစကား ဒေသနာတရားကို မှတ်သားနာယူ အံ့သောငှာ ယခုမျက်မှောက် ကြွရောက် လာကြကုန်သော။ ဒေဝတာ၊ သူရဿတီ, စဏ္ဍီ, ပရမိဿွာ, မဟာပိန္နဲ, တန်းဆောရ မန္တ ဟူသော နတ်ကြီးငါးပါး၊ သူရိယ, စန္ဒြ, အင်္ဂါရက, ဗုဓ, ဇီဝ, သုက္က, အသိတ, ရာဟု, ကေတု, ကိုးခုနဝင်း ဂြိုဟ်နတ်မင်းနှင့် သေ၎င်နင်းဣန္ဒ, သောမ, ဝရုဏ, ဘာရဒွါဇ, စန္ဒန, ကာမသေဋ္ဌ, ကိန္နုဃဏ္ဍု, နိဃဏ္ဍု, ပနာဒ, သြပမည, ဒေဝသုတ, စိတ္တသေန, နဠောရာဇ, ဇနေသဘ, သာတာဂီရိ, ဟေမဝတ, ပုဏ္ဏက, ကရ တိယ, သိဝက, မုစလိန္ဒ, ဝေဿာမိတ္တ, ယုဂန္ဓရ, ဂေါပါလ, သုပရောဓ, ဟိရိ, နေတ္တိ, မန္ဒိယ, ပဉ္စာလစန္ဒ, အာဠဝက,

ပဇ္ဇုန္န, သုမန, သုမုခ, ဒဓိမုခ, မဏိ, မာဏိဝရ, သေရိသက ဟူသော ၃၇—မင်း ရိုက္ခဇိုဝ်း ဘုမ္မဇိုဝ်း အာကာသဇိုဝ်း ကိုးမြို့ရှင် ဦးရှင်ကြီး၊ မင်းမဟာဂိရိ အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ သာသနာတော်စောင့်နတ် ဓတရဋ္ဌ ဝိရုဠှက ဝိရူပက္ခ ကုဝေရ ဟူသော စတုလောကပါလ ထင်ရှားနတ်များတို့သည်။ ဂန္ဓဗ္ဗ၊ ဘေးရန်မသိ မိမိတို့ ဗိမာန်နန်းဆီသို့ လှမ်းချီ ကြွမြန်းတော်မူကြပါကုန်လော့။

## ဘုရားကိုးဆူကပ်ရာ၌ ဦးရှင်ကြီးနှင့် ကိုးမြို့ရှင်ကို ပင့်လှူလိုသေးလျှင်
## ရေငန်ပိုင်ဦးရှင်ကြီးပင့်ရန်

နေမိန္ဒရဂိရိ ပြ....ပြောင်လင့်နကိုယ် တောင်မြင့်မိုရ်ဟု ဗဟိုလမ်းမ စိမ်းမြသခင် ပင်လယ်တရိုး ပိုင်အုပ်စိုးပါတဲ့ ဘိုးတော် ဦးရှင်ကြီးခင်ဗျား။ ။မိမိတို့ရပ်ရွာ အန္တရာယ် မြူမသန်းရအောင် ရေချမ်းတနည်း ဆီမီးစုံစွာကို ကျွန်းညိုက ကွန်းခိုကာ ဖော်တသင်းတို့နှင့် ပျော်ခင်းမြိုင်မြိုင် ရေငန်ပိုင် ဦးရှင်ကြီးရယ်က မဲ့ကလေးခေါ် မိချောင်းစီးပြီးတော့ စောင်းတီး၍ အလှူခံ ကြွလာရန် ဘေးမခစေပဲ ဖေးမကူညီတော်မူပါ.... ဦးရှင်ကြီးဗျား....။

## ကိုးမြို့ရှင်နတ် ပင့်ရန်

အရင်းပဌမ သတင်းလှပေသည့် အင်းဝနိုင်ငံ ခရိုင်မှန်တရိုး ပိုင်အုပ်စိုးလို့ တန်ခိုးမို့မို့ အကျိုးမချိုပေသော ကိုးမြို့သခင် အရှင်ကြီးဗျား။

ဗွေမဟီအဝှန်းဌာနက တကေရိကွန်းသာစွရယ်လို့ ညွှန်းရာမ ငွေ့ဗိမာန်မှာ ရွှေစိတ်တော်မာန်တင်းလို့ မမောက်လိုက်ပါနှင့် သဘောအလိုကို ငှက်ပျောအချိုနှင့် မြှောက်ပါပေါ့ ကြွရောက်လို့ အများပျော်အောင် စားတော်ခေါ်လှဲ့ပ ကိုးမြို့သခင် အရှင်ကြီးဗျား။

## ဆွမ်းတော်ကပ် ဆုတောင်းရန်

ပုဏ္ဏိန္ဒြ သင်္ကာသမုခံ ဂုဏ်သံမင်္ဂလာ ပတ္တနာချက် ပါဌ် အထွက်ဖြင့် စက္ကဝါမေရု နှစ်ခုချက်လယ် သုံးသွယ်လမ်းပြည့် ဝှန်းရှုလှည့်သော နိသာနာထ သိဘက္ကရအသင်္ကာဘုံ ယုန်ယန္တရား ပတ္တမြားပြာသာဒ် ငွေရဟတ်မှ နဝရတ်လည် မာတ်ရောင်ခြည်သည့် လူ့ပြည်ရပ်လုံး ရွှင်းပြုံးပျော်မွေ့ အေးရောင်ငွေ့ဖြင့် မြွေမြွေပြောင်ရှန်း ညဉ့်တိုင်း ထွန်းသော်လည်း ဖလ်ဝန်း မဏ္ဍလိပ် အာဒိစ္စမင်္ဂလာ ခေါင်းယာဉ်သာနှင့် အသ်ာလိတ္တာ ရာသီတြင်း နဝင်းဆုံလှည့် ကွယ်နေ့စေ့သော် ငွေရည့်အရှိန် ဝင်းမထိန်ပဲ ပျောက်တိမ်ဝပ်မြေး ကွယ်ရသေး၏။ နေဝေးသည့် စက် ရက်ပန္နရသီ ပုဏ္ဏဒိန်ဝယ် ဂုဏ်သိရိဒြဗ် ကဲလွှန်ရှုမြတ် သော်လည်း တိမ်ထပ်မြူလွှာ အသူရာကြောင့် ရံခါရံခါ လျှံဝါ မစို ပြာညိုမှုံမွေး မှိန်ရသေး၏၊ လေးအသင်္ချေ သိန်းနှဲ့ကမ္ဘာ ကပ်လုံးကြာအောင် ပါရမီလွှန်ကြူး ဖြည့်ခဲ့ဘူး၍ ထူးဝိသေသ သပ္ပာယ်လှသား ဇိနဘုန်းမော် မျက်နှာတော်မူ ဘယ်သော်အခါ ဘဇာကာလ ဘယ်သမယမှ ဖြူလွှညစ်ကြေး မမြေးမခြုံ မမှုံ မသန်း မနွမ်းလေဘူး လေးဦးပရိသတ် လူနှင့်နတ်တို့ သင်အပ်ထပ်ပြ ဖူးမြင်ရမူ ဟဒယအိမ် မနိန္ဒြေ ခြောက်ထွေဝတ္တု လုံးလုံး

စုလျက် ရှုလည်းမငြီး ချီးလည်းမဝ တချမပြေ ရှိသေမက်မော ပီတိပြောမျှ အံ့ဩစရာ ဆန်းကြယ်လှစွာ ရွှေမျက်နှာ၏ အင်္ဂါတော်အစိတ် ဖိတ်ဖိတ်လျှံသန်း ကြယ်စုံပြွမ်းသကဲ့သို့ နားပန်းတော် နှစ်ဘက်မှသည် အထက်နဖူးသို့ ရှက်ကူးကာတောက်ပသော ဥဏ္ဏာသဓာတ် သင်းကျပ်တော်မင်္ဂလာ နာရကာရွှေစင် နဖူးပြင်၌ သက်တင်စိုအရေးကဲ့သို့ ကွေးကွေးညွတ်ယောင်သော မျက်မှောင်တော်နှစ်ခု သမုကန္တရ မျက်မှောင်စဝယ် လောမအမြုတေ ညာရစ်ခွေလျက် ငွေနန်းချည်သဏ္ဌာန် တလံဝက်လောက် ဝန်း၍ရောက်သော မွေရှင်တော်ဥဏ္ဏာလုံ မြဟုန်ရောင်ငြိ လောင်လိလိသော ဇောတိရည်ကျောက် လျှံတောက်မြူးလျက် သောက်ရှုးကြယ် ထွက်သကဲ့သို့ ငါးချက်သောပသာဒ ရှုတိုင်းလှသော မံသာဇက္ခုတော်နှစ်ပါး ပြုယိုးယားပွင့် ပန်းဆိုင်းတင့်သကဲ့သို့ မမြင့်မမောက် မကောက်မချောင် သွန်းသွန်းထောင်သော နှာယောင် နှာသီးတော်မြတ် မချပ်မယို ဖတ်ဖတ်ဆိုမျှ နုပျို ဖွံ့ထွား ကွန့်ကွန့်လျှားသော ပါးတော်မြတ်ပြင် လှော်စင်ဇမ္ဗူရာဇ် ရွှေဦးရည်သစ်ကဲ့သို့ ခြောက်ပြစ်မစွန်း မစူလွန်း မထူလွန်း မတွဲလွန်းသော နှုတ်ခမ်းတော်အဖျား၊ ကျောက်သား နီလာဂိဝါရွှေရည် နေခြည်အဆင်း ရဲရဲဝင်းသော ခံတွင်းတော် အစပ် ရွှေလျှာတော်မြတ် တိမ်ရုပ်ပျံ့ဝဲ ပုလဲဝလာဟက သင်္ခအာနီ ရွှဲလုံးစီသကဲ့သို့ တညီတညွတ် ဖွေးဖွေးလျှပ်သော စတ္တာလိသ သမဒန္တာ သာခွာရောင်ခြည် အရည်သွက်သွက် စီးထွက်ဘနန်း ထက်ဝန်းကျင်ရပ် ပြုံးတိုင်းလျှပ်သော စွယ်တော်မြတ် လေးဆူနှင့်တကွ အမိတဃန သရီရမှ နီလပီတလော ဟိတောဒါတမဥ္ဇိဋ္ဌ ပဘဿရအစုံ ကိုယ်လုံးခြုံလျက် ဝိဇ္ဇုမ္မာလာ ပြာရွှေ

ညိုမှောင် ခိုတောင်မဲနက် ရဲရဲစက်မျှ လျှံလက်ရိုးရှ ဖြိုးဖြိုး ပသော အလှတကာ့အထွတ် တမွတ်ထင်ရာ မယှဉ်အပ်စွာ ရွှေမျက်နှာကို ပမာပုံခိုင်း နှိုင်းရန်ကိုမျှ ရှာမရသောကြောင့် လောကကြက်သရေ လစန်းငွေနှင့် တူလေဟန်သာ နိဒ္ဒေသပမာ အလင်္ကာမှု ပုံစံပြုသော ပဏ္ဍိတ္တုသင်္ကာ ရတနာသော်မော် မျက်နှာတော်ရုပ်ပုံ ကုမုဒ်ချုံဖြင့် ဘုံသုံးရပ်လုံး ပျားပိတုန်းကို ညွတ်ရုံမပြေ တပ်မောစေလျှက် ဒေသနာရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူဘတ်ပေသော လူနတ်တို့ကေတု သဗ္ဗညုဉာဏ်ရှင် ထိပ်ခေါင်တင် သခင်ကိုယ်တော်မြတ်ဘုရား....။ ရှည်လျားကျယ် ပြောစွာ မဟာဏ္ဏဝါ သံသရာဝဋ်ကမ်းမှ ကျွတ်မြန်း လွတ်မြောက် လိုကြသော ဘုရားတပည့်တော်တို့သည် တိလောကမှူး ရှင်ထူး မာရဇိန် စောမုနိန်ကို သက်ဇိဝိန် ရှိဆဲအခါနှင့်မခြား ကြည်ဆ ပွားလျက် ဖူးထွားဆွမ်းတော် အဖျော်ယမကာ ရသာထွေထူး ငါးဦးဘောဇဉ် ချိုချဉ်ဆန်းကြယ် ခဲဖွယ်တဆဲ့နှစ်ရပ် ဩဇာ မြတ်ကိုလည်း ဆက်ကပ်ပူဇော်ပါသည်၊ သင်းကြည်ကြိုင်မွှေး လှိုင်အေးလှစေ သုံးတော်ရေတို့ကိုလည်း ရိုသေစွာ ကပ်လှူပါသည်။ အထုံအခိုး မွှေးမျိုးဂန္ဓာရုံ လွန်ပြည့်စုံသော ဖူးငုံပွင့်ခိုင် မြိုင်မြိုင် တင့်ဆန်း နံ့သာပန်းကိုလည်း လှူဒါန်းဆက်ကပ်ပါသည်၊ လျှံဝါ ညီးညီး ဆီမီးပြောင်ပြောင် အလင်းရောင်ဖြင့် စိုက်ထောင်ရှန်းရှန်း ညီထွန်း ပူဇော်ပါသည်၊ ဘုန်းတော်ကြီးသော စောထီးလူ့ဖ အစိန္တေယျသည် အနန္တ မဟာကရုဏာဖြင့် ဒကာ, ဒကာမတို့၏ အလှူကို ခံယူသုံးဆောင်တော်မူပါမည့် အကြောင်းကို တောင်း ပန်လျှောက်ကြား၍ အသနားတော်ခံပါသည် အရှင်ဘုရား။

ဤသို့ကြည်ညွတ် နိစ္စဝတ်ဖြင့် ဆွတ်ဆွတ်ကော်ရော် ပူဇော်လှူဒါန်းပါသော ကုသိုလ်ဇနက နိဿန္ဒကြောင့် ဘဝများစွာ ကျင်လည်ရာ၌ လူ့ရွာနတ်ရပ် တိဟိတ်ဥက္ကာ မြတ်သောသန္ဓေ စွဲကပ်နေ၍ ပရမေလောင်းကျော် မဟော်သမ္ဘဝ ဝိဓူရကဲ့သို့ ဇဝနတိက္ခဟာသဘူရိ နိဗ္ဗေဓိက စိန္တိတမယာ အဖြာဖြာသော ပညာခုနစ်တန် ပဋိဘာန်နှင့် အလွန်ပြည့်စုံခြင်း၊ စွဲနေသည့် နောက် ဆွေတယောက်မျှ သေပျောက်ကင်းကွာ ရောဂါမငြိ ဘေးမထိပဲ ဖ, မိဖိုးရင်း ဆွေသားချင်းတို့နှင့် ချစ်တင်းမဆုံး သက်လုံးပေါင်းဖော်ရခြင်း၊ ပုဏ္ဏဝဍ္ဎနာ ဝိသာခါတို့ကဲ့သို့ လိမ္မာ ရင်ကြီး သားသမီးတို့နှင့် ငြီးရယ်း ပြည့်စုံရခြင်း၊ ခြွေရံသင်းပင်း ဆင်မြင်းကစ ရှိသမျှတို့ တုပ်ကွပျပ်ဝပ် ခင်မွတ်ကြည်ညို ရှိသေ ကြိုးနွံခြင်း၊ မတောင့်မတ လိုတိုင်းရအောင် ဓနဘောဂါ ဥစ္စာ ရွှေငွေ ဆန်ရေစပါး ပေါများကုံတံခြင်း၊ ကောက်ကျစ်ယုတ်မာ မိစ္ဆာဝါဒ ပါပစရိုက် လူမိုက်လူသွမ်း လူသရမ်းတို့နှင့် ကွဲးလမ်း ဝေးကွာရခြင်း၊ ရန်သူငါးတန် မကောင်းမာရ်တို့ ကြံစည် နှောက်ရှက် နှိပ်စက်ကလူ ရန်မမူနိုင်ခြင်း တည်းဟူသော အကျိုး ဝိသေသနိဿန္ဒတို့နှင့် ဘဝတိုင်းသာ ပြည့်စုံပါ၍ ပညာဓိက ဘုရား ပါရမီ ဂုဏ်ဝသီကို စုံညီဖြည့်စွမ်း နိဗ္ဗာန်ကမ်းကို တန်းတန်း မချွတ် ရောက်လိုသောဝ်-မြတ်ရှင်စော.... သြကာသ သြကာသ သြကာသ။

(ဤဆွမ်းတော်ကပ်ကား ကျီးသဲလေးထပ် ဆရာတော် ရေးသားသည်။ သဇ္ဇနဝိလာသနီ-၈၇)

## ဗုဒ္ဓါစ မဇ္ဈိမေသေဒေဿ–ဂါထာများ မရွတ်မီ ပင့်လျှောက်ပန်ကြားရန်

အစိန္တေယျ၊ အပ္ပမေယျ၊ သေဋ္ဌဇေဋ္ဌံ၊ အရဟံ အနုတ္တရ၊ မည်တော်ရလျက်၊ စရိယစာဂ၊ စရဏ ပါရမီ၊ အလီလီသော ဗောဓိသမ္ဘာရအပေါင်းကို မြင့်မြောင်းကမ္ဘာ လေးဖြာသင်္ချေ လွန်လေတသိန်း မတိမ်းမဖင့် ဖြည့်ကျင့် ဆောင်ရွက်တော်မူခဲ့သည်နှင့်အညီ သုံးလီခေတ္တာ ဘဝသုံးစုံ သုံးပါးဘုံ၌ တစုံတရာ ပြဟ္မာနတ်လူ သူရာမာရ်မင်း ရန်ခပင်းတို့သည် နှိပ်နင်းဖြိုဖျက် လုယက်တွန်းလှန်ခြင်းငှာ မစွမ်း သောင်းခန်း လောကဓာတ် ဘုံသုံးရပ် ကြက်သရေ အောင်မြေသာခေါင် ရွှေညောင်မဏ္ဍိုင် ရန်နိုင်သာဘိ အပရာဇိပလ္လင် ရွှေဥကင်ထက် မဂ္ဂင်ရှစ်ပါး တရားရိပ်ဖြူ လှစ်တော်မူလျက် လေးဆူသိလ တိကသိက္ခာ၊ ဝိဇ္ဇာသုံးရပ် ဆင့်လတ် ရှစ်တန် ဘိညာဏ်ခြောက်လီ သမ္ဘိဒါ လေးရပ် သမာပတ်ကိုး တန်ခိုးရှစ်ဦး ဘုန်းထူးခြောက်တည် ခုနစ်မည် ဝိသုဒ္ဓိ ဗောဓိပက္ခိယ ဓမ္မခရိုင် ရန်နိုင် ကိုယ်ရုံ ဗိုလ်လုံးစုံကို အုပ်ခြုံစိုးကွပ်တော်မူ၍ ဂေါတြဘူဝေါဒါန် အနန္တိုရ်မဂ် သန်လျက်ရတနာ ညဥ့်လေးဖြာတို့ဖြင့် သံသရာအရှည် ကျင်လည်စေတတ် နှိပ်စက်တတ်သော ကိလေသာရန်စက် သုံးတောင်ဝက်ကို ပယ်ဖျက်တွန်းလှန် အောင်ပွဲခံ၍ သယမ္ဘူ အာသဝက္ခယ အမည်ရသော အရဟတ္တမဂ်ဉာဏ် အနုတ္တရဝိမောက္ခ အမည်ရသော အရဟတ္တဖိုလ်ဉာဏ် ပယ်ချန် ကိလေသာနှင့်တကွ ရအပ်သော မဂ်ဖိုလ်ကို ဆင်ခြင်လစ်သော ပစ္စဝေက္ခဏာဉာဏ် သမန္တစက္ခု သဗ္ဗညုတ အမည်ရသော အနာဝရဏဉာဏ် အာသယာ

နုသယညာဏ် ဣန္ဒြိယပရောပရိယတ္တိညာဏ် ယမကပါဋိဟာရိယ ညာဏ် ဤခြောက်တန်သော အသာဓာရဏ် စတုဝေသာရဇ္ဇ ဒသဗလ စသည်ကျေးဇူး ဂုဏ်တော်ထူးတို့ဖြင့် မြွက်ကျူးပြီးပိုင် မချီးနိုင်၍ တပြိုင်တည်လျက် တပြိုင်ပျက်သော တိုက်စကြဝဠာ အာဏာခေတ်နေ ကုဋေတသိန်း ရေကိန်းတည်ဖွဲ့ သုံးဆဲ့ဘခရိုင် ပြည်မဏ္ဍိုင်၌ ဦးကိုင်ချုပ်ချာ ကိုယ်လျှံဝါဖြင့် ဘာဝနာစျာန် လျှင်ထန်ဂုဏ်ဟိတ် ထန်းရိပ်သိုထက် မြားမထွက်မီ စကြဝဠာ နရှန်း ပျံ့သန်းကူးကြွ ကွန့်မြူးကြွသော သုဒ္ဓာဝါသပြဟ္မာမင်း။

သတ္တရဇ္ဇန်သီဒါ ညီလာခွေပတ် ရေရဟတ်ရစ်ရုံ ငါးဆင့်ခုံထက် လေးဟုန်ရောင်ငြိ လေးင်လိလိသော ဂိရိဗဟို မြင့်မိုရ် သာခေါင် ရွှေတောင်မကုဋ္ဌ သောင်းပြင်ဝထက် တေဇထူးမြတ် နတ်နတ်အပေါင်း ခိုအောင်းစံရာ အမရာဝတီ ဌာနီသုဒဿန အယုဇ္ဈာဘူမိန် ပြည်ဝတိန်၌ သူရိန်ထောင်သောင်း ရောင်ပေါင်း မြူးပတ် ကူးကာဟတ်သော နဝရတ်ဗိမာန် နန်းဝေယန်ဖြင့် စိုးစံပျော်ပါး နတ်ဘလွှားကို ပိုင်ကား အုပ်ချုပ် မင်းပြုလုပ်သော ဝိဇယုတ္တရ ဝဇီရဏ္ဍဒ္ဒါ မဟာဒေဝရာဇ်မင်း။

မြင့်မိုရ် တောင်အောက် ခနောက်မြစိုင် ညှပ်တိုင်သုံးခုတို့၏ အကြား ငွေပြားကြူလွှာ မန္ဒာသဲဖြူ ယူဇနာပေါင်း တသောင်း ကျယ်ပြော မြေတကျော၌ ခဿောကသာရ နာမတွင်မည် ရွှေပြည်ကြီးသခင် မြသွင်ရိုးရှက် ငွေခက်ပွင့်ဝတ် သခွတ်ကြွင့်နန်း ပင်နန်းဦးကိုင် စိုးပိုင်ချုပ်ချာ ကျော်ဝုန်းဝါသော အသူရာ နတ်မင်း။

မေရုသမ ဒုတိယန္တ အာလိန္ဒာ ယူဇနာဆယ်ပြန် လက်ပံရွှေဘုံ ပင်ရိပ်မြုံ၌ ဂဠုန်အရပ်ရပ် ဇာတ်ပင့်သန် လေးတန်ကွဲပြား ငှက်အများကို ကြီးမားဘုန်းဟုန် စိုးအုပ်ခိုသော ဂဠုန်ငှက်မင်း။

ရှစ်စင်း အဏ္ဏဝါ ဒီပါနှစ်ထောင် ဝန်းမြောင်ရံပတ် လောကဓာတ်ဆို နှိပ်ကွပ်နှံ့လှစ် စိုးမည်ဖြစ်ကို အနှစ်တရာ ရှည်စွာကာလ ရှေးမဆွက လောကဗြူဟာ နတ်သူရာတို့ သြဘာနိမိတ်တိတ်တဘောင်ပေး၍ ဟစ်ကြွေး ကြော်ငြာရသဖြင့် လောကပရမေ ပဒေသရာဇ် ဧကရာဇ် ဖွင့်လှစ်ကဒဏ် နန်းစံထီးဆောင်းမင်းအပေါင်းနှင့်တကွ ဆတ္တိံသ ယူဇနာ ဗိုလ်ပါပရိသတ် ဝန်းရံပတ်လျက် ရဟတ်စက်လျှံ ယာဉ်ပျံစီးလစ် လေးကျွန်းရစ်၍ နတ်စစ်နှစ်ပြည် ဆက်ရှည်စိုးတင့် ဘုန်ခိုးပွင့်သော လူမင်းအထွတ် စက္ကဝတ်မန္ဓာတ်မင်း။

ကျယ်ဝန်းယူဇနာ ငါးရာပြေ ဝံ ဘောဂဝတီ ရေညီရံခကမ်းငွေလွှထက် ဝိရူပက္ခ ရောပထ ဆပျာပုတ္တ ကဏှာဂေါတမ နာဂလေးရိုး ရေနတ်မျိုးကို ပိုင်စိုးရသဖြင့် ဃောရဝိသံ အလုံခြောင်းခြောင်း မျက်စောင်း လက်နက် ဝုန်တက်ညီးညီး လောင်မီးမက ပြင်းထန်လှသော ဘုဇကရာဇာ မဟာ ရေနတ်မင်း။

နာဂုတ္တမ စတုတ္ထအာလိန် ရိပ်ငြိမ်ခရိုင် နိုင်ငံနတ်ရပ်ဝယ် ဂန္ဓဗ္ဗမျိုး တန်ခိုးဝုန်ဆူ ဟူဟူဟာဟာ သညာအမည် အတည်တည် အဝဝ ပဥ္စသိခ သုယာမနတ် ဂန္ဓဗ္ဗဇာတိ ရှိသရွေ့ နတ်ဘုံအလုံးစုံကို အုပ်ခိုပိုင်သ အာဏာယှသော ဂန္ဓဗ္ဗမင်း.... ဤမင်း

ခုနစ်ဦးတို့သည် အထူးသဖြင့် အတင့်အတယ် ချယ်လယ်ဆန်း
ပြား တမွတ်ထား၍ ပတ္တမြားစိန်ခဲ ပုလဲ သန္တာ နီလာ ဂေါ်
မုတ် ဥဿဖယား မြတ်ကိုးပါး ရတနာကို သင့်ရာသင့်ရာစီ၍
ဇမ္ဗူဒီကြက်သရေ သပြေပင်ဖြစ် ဇမ္ဗူရစ်သိင်္ဂီ ရွှေစာမိတ်တို့ဖြင့်
မြွာစီသွန်းခတ် လုပ်ဆောင်အပ်သော သင်းကျပ် ဦးစိုက်နှင့်တကွ
အနဃ္ဃ အနန္တ အဝိညာဏက ရတနာတွင် မင်္ဂလာအခေါင်
ပုံဆောင်နိုင်းခိုင်းခြင်းငှာ မအပ် မင်းမြတ် ခုနစ်ပါးတို့ ဦးဖျား
ထိပ်ပြင်ဝယ် ဆင်ယင်စိုက်ထူသော သရဖူနွဲ့ညွတ် မကိုဋ်ထွတ်၌
သွင်းသွတ် စေ့စပ် မြဲစွာညှပ်၍ တပ်အပ်သောရတနာ စိန္တာမဏိ
ဇောတိရသ် ပတ္တမြား စိန်ဖူးဖျား၌ ဘဝါးနှစ်မြွာ ရွှေစကြာဖြင့်
ခိုက်ကာထိပါး နင်းသွား စမွယ်ခြင်းငှာ ထိုက်တော်မူသော
ခြေကြောင့် နတ်အသူရာ ဗြဟ္မာသိကြား နဂါးဂဠုန် ကုမ္ဘဏ်
ဂန္ဓဗ် စက္ကဝတ်သေဌ်နင်း အမင်းမင်းတို့၏ သခင် ဗေဒါျင်
စက္ကရတ် သူမြတ်တကာတို့၏ ဓိပတိ အပရိမာန် ရွှေညဏ်တော်
အရှင် အနန္တဂုဏ်အင် မဂ္ဂင်ပါရဂူ ဖြစ်တော်မူသော သုံးဘုံ
ကေရာဇ် ရှင်ချစ်ကိုယ်တော်မြတ်ဘုရား။ သုံးပါးကာလ ဒွါဒ
သင်္ဂါ သုံးဖြာအစပ် လေးရပ်အလွှာ ခြင်းရာနှစ်ဆယ် သုံးလယ်
ဝဋ္ဋ အာဗန္ဓဟု မြစ်မနှစ်ဖြာ သံသရာ၌ ခန္ဓာပင်စည် တလည်
တည်ဖြစ် ကြာရှည်နစ်မွန်း ပင်ပန်းကုန်ကြသော ဘုရားတပည့်
တော်တို့မှာ ထိုသံသရာဝဋ်မှ ဝဲရဟာတ်မှ ထွက်လွတ် ကျူးမြောက်
လိုသော ဆန္ဒအာသိ အတိဘာနန္တရ ဤဒပစ္စယတာ ကြမ္မာပိဋိတ်
ဝိပရိတ်ကြောင့် ဝတ္တိစ္ဆာန ရှေးသူ့ပညတ် ဥပါဒ် ဌီဘင် သုံးအင်
တိုင်ကျ စမ္မ ယမခန်း လွန်းစန်း ပြတ်ကြိမ် ဆိန္နရိတ် ဘိန္နရိက် အနိဋ္ဌ
သူလာ နမန္တာသုသာန် သုံးတန်ကဏ္ဍ ပါပရန်လား ဂြိုဟ်စားဂြိုဟ်

ပျက် ဂြိုဟ်ထွက်ဂြိုဟ်နင်း ယိုယွင်းဒသာ ဇာတာမသန့် စန်းတန့် လဂ်စီး တိတ်ကြီးတဘောင် သူ့ယောင်သူပျက် အိပ်မက်စုံနည်း သကြည်းငှက်ဝင် ဒုမင်္ဂလ ဒုန္နိမိတ္တ ဟူသမျှတို့သည် ရတနတ္တယ နုဘာဝဂုဏ် ဘုန်းတော်ဟုန်ကြောင့် တစုံတခု မြူနှုံးဆံခြမ်း ရုံမသန်းပဲ ဘေးဘျမ်းအန္တရာယ် အသွယ်သွယ်တို့မှ စင်ကြယ် သန့်ရှင်း ကင်းစေလိုသော စေတနာ သမ္မာဆန္ဒ ဥဿာဟဖြင့် အစိန္တေယျ လောကဥက္ကဋ္ဌ ဘုရားမြတ်နှင့် လျှောက်ပတ်လှစွာ ဗုဒ္ဓာသန သေဌဘူမိ အပ္ပရာဇိဗိမာန် တံခွန်ဆီမီး ထီးနှင့်တကွ မွှေးပျံ့ကြိုင်ရွှမ်း ဆွမ်းပန်းသြဇာ ကပ်လှူပါလိုသည် ဖြစ်၍ သက္ကရာဇ် ၁၃........ခု ရတုဂိမ္ဟန္တ (နွေလအတွက်) ရတုဟေမန္တ (ဆောင်းလအတွက်) ရတုဝသန္တ (မိုးလအတွက်) ........လဆွ....ရက် နံက်အရုဏ်လာလျှင် မြတ်စွာဘုန်းမော် ကိုယ်တော်အရှင်နှင့်တကွ အရှင်သာရိပုတြာ အရှင်မဟာမောဂ္ဂလ္လာန် အရှင်အာနန္ဒာ အရှင် ကောဏ္ဍည အရှင်ရေဝတ အရှင်ဥပါလိ အရှင်ဂဝမ္ပတိ အရှင် ရာဟုလာ၊ ဤသံဃာတော် ကိုးပါးတို့သည်.... မည်သည့်နေ့သား ........မည်သည့်ဒါယကာ၏ အလှူကို ခံတော်မူရအောင် ကြွလာ ပါမည့်အကြောင်းကို တောင်းပန် လျှောက်ကြား အသနားတော် ခံပါသည် အရှင်မြတ်ဘုရား။

(ညဥ့်ဦးတကြိမ် နံနက်တကြိမ်လျှောက်ပြီးမှ ဗုဒ္ဓါစမဏ္ဍိမေ သေဌော ဂါထာများကို ဆက်၍ ရွတ်ဖတ် သရဇ္ဈာယ်ပါ ကုန်.... ကျီးသဲ လေးထပ်ဆရာတော် လျှောက်ပင့်စာ– ၁၀၇)။

# ရေစက်ချအမျှဝေရန်

သာကီနွာ ဘိပဝရ တိလောကမင်္ဂလာ၊ ဒေဝါတိဒေဝ ဗြဟ္မာသရဖူ ဖြစ်တော်မူသော မြတ်စွာဘုရား။ အကျွန်ုပ်တို့သည်။ သမုဒ်လေးစင်း မြစ်မင်းအဏ္ဏဝါ စံမသာသော သံသရာနယ် ပင်လယ်ဝဋ်ကမ်းမှ ကျွတ်မြန်းလွတ်မြောက် လိုပါသည်ဖြစ်၍ ကိုယ်တော်မြတ်အား အမူးထားလျက် သားအရိယာ သံဃာ တော်ဝင် အရှင်သီလဝန် ထေရ်မြတ်တို့အား ကပ္ပိယလှူဒါ ဩဇာကြိုင်သင်း ဆွမ်းဟင်း ချဉ်ချို မုံ့ယိုသစ်သီး မငြိုး သုံးဆောင်ဖွယ် အသွယ်သွယ်သော ဒါတဗ္ဗတို့ဖြင့် သောမနဿ ဉာဏသမ္ပယုတ်ဇော ပြန့်ပြောထက်သန် နိဗ္ဗာန်ကို ကံကျွေးမူ၍ ပေးလှူပူဇော်ပါသည်။ သရဏဂုံသုံးလီ ပဉ္စသီလမှ ဝါရိတ္တနှင့် အဋ္ဌင်္ဂသီလာ မြတ်သိက္ခာကိုလည်း ကောင်းစွာကျင့်ကြံ ခြိုးခြံ ပါသည် တရားရတနာ—မြတ်ရသာကိုလည်း ရိုသေစွာမှတ် နာခံ ပါသည်။

ဤကုသလ မြတ်ပုညတို့ကြောင့် ဘဝလူ့ဌာန် ဝတ္တမာန် လည်း သက်နှံ့ဇနီး သားသမီးတို့နှင့်တကွ ဒုမင်္ဂလ ဒုက္ခမတွယ် အန္တရာယ်မလာ ရောဂါမနှား ရန်များမကပ် ဥပဒ်မငြိ ဘေး မထိပဲ အတိသုခ ချမ်းသာလှလျက် တောင့်တလေရာ ဆုများစွာ လည်း လွယ်ကာပြည့်စုံနိုင်လိုသော်—

နောက်နောင်ဘဝဖြစ်သမျှတို့၌ မနုဿဒေဝါ ဘုံ၌သာလျှင် ရင့်မာသန္ဓေ တိဟိတ်နေ၍ လေးထွေမျိုးမှ ခိုကိုးရသော ဝိဓူရ အမတ် ဗောဓိသတ်ကဲ့သို့ လွန်မြတ်သော စည်းစိမ်ဥစ္စာ ပညာ အခြွေအရံနှင့် ပြည့်စုံခြင်း—။

ဂန္ဓာရီဉာဏ် မန္တန်ယတြာ ရုပ်ခွာရုပ်ပြောင်း မြေအောင်း မိုးပျံ ရှိန်းအံဆာယာ ဝိဇ္ဇာမယိ သိဒ္ဓိအရုပ်ရုပ် ခဲ့ကပ်သမျှ စွဲမ်း နိုင်လှသော ပိလိန္ဒဝစ္ဆဝိဇ္ဇာကဲ့သို့ သူတကာ မတတ်စဖူး ထူးကဲလွန်မြတ်သော အတတ်ပညာတို့ကို လွယ်စွာနှင့် တတ် မြောက်ခြင်း—။

ပေါက်ပြောင် မာတင် ငါးစီးဆင်၏ စွမ်းအင်မက သန်ကြွား လှလျက် ထ၍ခုန်သော် သံတောင်ရှစ်ဆယ် ထိုင်၍ ခုန်သော် သံတောင်ခြောက်ဆယ် မိုးနယ်ကွန့်လွှား အရောက်သွားသော မင်းသား အဇာတသတ် လောကနတ်ကဲ့သို့ ကြီးမြတ်သော ကိုယ်စွမ်း အားအန်နှင့် ပြည့်စုံခြင်း—။

သရပါတ မြားကျပဥ္စဝိ မဟိဗ္ဗခင်း မြေသလင်း၌ ဝင်းဝင်းညီးညီး မီးကျိုးအရောင် ဘုံဆောင်အထပ်ထပ် နဝရတ် ပြိုးပြက် လက်လက်ဖိတ်ဖိတ် ကမ္ဗဇိဒ်ဖြင့် ဝိသိဋ္ဌတရ ပါသာဒ နန်း ကြငှန်းဖြိုးမောက် ငွားငွားပေါက်လျက် ခြောက်သောင်း တူရိယာ ရွှေကလျာတို့သည် ပျော်ဖြေကာ စမွယ်ရသော မဟာ ပနာဒမင်းကဲ့သို့ ထွန်းလင်း တောက်ပသော တန်ခိုး အာနုဘော် နှင့် ပြည့်စုံခြင်း—။

ငါးဦးရန်သူ မပြုမပေါ် ကောင်းကင်သို့ မြော်လိုက်လျှင် ဝေရော်စန ကနက ဣန္ဒနီ ခုနစ်လီရလနာ မိုးကဲ့သို့ရွာရသော မဟာမေဏ္ဍကသူဌေးကဲ့သို့ ပေးကမ်းမကုန် ပြည့်စုံလျက်သာ လိုတိုင်းလာရသော ဥစ္စာရတနာရှိခြင်း—။

ဗာရာဏာ—ကောသံဗီ ဌာနီနှစ်ရပ်ဝယ် သူဌေးမြတ်နှစ်ဦးတို့၏ စည်းစိမ်ကို စိုးနိုင်မ်ပိုက်ယူလျက် လူ၏အဖြစ် အနှစ်ရှစ်ဆယ် ရဟန်း၏အဖြစ် အနှစ်ရှစ်ဆယ်အားဖြင့် နှစ်ပါးရောလျက် သက်တော် တရာ့ခြောက်ဆယ်တိုင် ခံခိုင်ခန္ဓာ တည်ကြာသမျှ ဆန ဝုတိ ဗျာဓိမလာ ရောဂါမျိုးလွတ်ကင်းလျက် ချေခြင်းသမ်းခြင်း ချောင်းဆိုးခြင်းမျှ ခဏမယှဉ် သန့်စင်ခိုင်ကျည် သက်တော်ရှည်သော မထေရ်ဗာကူလ သူမြတ်ကဲ့သို့ အနာကင်းလွတ်လျက် အာယုကပ်သက်တမ်းကို မောက်လျှမ်း၍ အသက်ရှည်ခြင်း—။

မိခင်ဝမ်းမှ ဖွားသည်ကကို ကာလမြင့်မြောက် ဆဲ့ခြောက်နှစ်တိုင် ရပ်ထိုင် သွားလာသမျှ၌ အထိန်းအယ မိန်းမတို့၏ လက်၌သာကြီးသဖြင့် မြေကြီးကိုမှမနင်းစဖူး လွန်ကြူးငြိမ်းချမ်းလျက် အားရမ်းမှိတင်း ထမင်းတနပ်စာ သုံးဖို့ရာကိုပင် သပြာ တသိန်း တွက်ကိန်းမကာ အဖိုးကျအောင် မိဖတို့ ချီးမြှောက်ခြင်းကိုခံလျက် နတ်ဟန် ရိပ်ငြိမ် စည်းစိမ်ကို စမွယ်ရသော ဂန္ဓ သူဌေး သောဏသူဌေး ကဲ့သို့ လေးနက်လွန်ကဲး အံ့အဲး ချီးပ ဖွယ်သော လောကီမင်္ဂလာ ချမ်းသာကြီးမြတ်ခြင်း.... ဤဆိုမြတ် ခုနစ်ပါးတို့နှင့်သာ အခါခပ်သိမ်း ကြိုက်ကြုံလျက် လူ့ဘုံနတ်ရပ် စည်းစိမ်မြတ်ကို မပြတ်ပျော်စံပြီးမှ သာဝကရဟန္တာ ပစ္စေက ဗုဒ္ဓာ သမ္မာသမ္ဗောဓိအားဖြင့် သုံးပါးသောဆုမြတ်တွင် တောင့်တ လိုအပ်သော ဗောဓိဉာဏ်ဖြင့် နိဗ္ဗာန်ရွှေပြည် ရောက်စေသော်.... ဤကုသလ မြတ်ပုညကိုလည်း ကမ္ဘာ့အခြေ မြေထုရေထု နေရှ စက္ကဝါ အာကာဘဝဂ် နှိုင်းစက်မမျှ အနန္တဝင် ကျေးဇူးကြီးရှင် မိခင်ဖခင် အရှင်ဆရာ ဉာတကာအများ ကျေးသားရွှာသူ

ဗိုလ်လုပရိသတ် ကိုယ်စောင့်နတ်က အိမ်နတ် ရွာနတ် မြို့နတ် ပြည်ထောင် စောင့်ဆောင် သာသနာ အာကာဘူမ ရုက္ခတောစိုး နတ်မျိုးတကာ သူရာသူရ ပေတမျိုးစစ် ယမရာဇ်မင်းဖျား နရက်သားက ရေဆတ္တက်ဖွဲ့ သုံးဆဲ့တဘုံ ကျင်လည်ကုန်သော ဗောဓေတပ္ပ ဝေနေယျတို့အား အမျှပေးဝေပါသည်။ တို့နှင့် ထပ်မျှ အဖို့ရ၍ ချမ်းသာကြသည် ဖြစ်ပါစေသော်....။

ဤသည်လျှင် ဘုရားကိုးဆူကပ်နည်း စာတမ်း

တခန်းရပ်ပြီ။

---

ဤရေစက်ချ- အမျှဝေစာတမ်းသည် ဇိနတ္ထပကာသနီကျမ်းပြု ကျီးသဲးလေးထပ် ဆရာတော်ဘုရားကြီး ရေးသား စီရင်တော်မူခဲ့သော သဇ္ဈနဝိလာသနီကျမ်းမှ ထုတ်နှုတ်ဖော်ပြလိုက်ပါသည်။

# သိင်္ဂိုမာ အမွန်း

"သမ္မာသမ္ဗုဒ္ဓမတုလံ–သသဒ္ဓမ္မဂဏုတ္တမံ"–ရတနာရောင်လျှံ အခေါင်မွန်ဟု အောင်လံစိုက်ထူ သယမ္ဘူမာရဇိ– ခရိုင်လုံးခြုံ ပိုင်ဆုံးကုန်အောင် သုံးဘုံလျှည့်၍ မုနိရာဇ ချမ်းသာ့တကာ နန်းအမတာသို့ လှမ်းပါရအောင် မြူမှောင်မချို ယူဆောင်ပို့ ကူးတို့ဖောင်သည် ပြည်ဘောင်နဂိုရ် ရာဇဂြိုဟ်မွန် ဝေဠုဝန်တွင် တံခွန်ပြု၍ သွန်ချရေစင် နတ်နွယ်ခယ သပ္ပာယ်မျှ၍ ရပ်ဆယ်ဆ လင်းပေသဘည်း။

သို့ချင်းရာမှာ ဘဂဝါအထွတ် ဓမ္မာလွတ်၍ ဝါကျွတ်လတ် သော်.... တပါးသောသာဝကကို သာဓကပြုလျက် ဘဂဝါ အတုလသည် တောရပ်က ထေရ်မဟာအား မိတ္တာ့ ဿရာ တပ်၍ ဓမ္မာဇာတ်ရေစင်ဖြင့် ဖျန်းတင်၍ပြုပြီးလျှင် မှတ်ထင်ချက် အသုဘ ပြည့်တန်းဆာမ မယ်သိရိ သူကြည့်မည့် အာသာနှင့် ကြုံစည်ကာ စိတ်ထဲဝယ် အားခဲ၍ ကျောင်းအခန်းမှ မြှော်တမ်းဆိုင်းငံ့၍ နေသည်တွင် ရွှေပြည်တွင် အသရေ ရှိပေသည့် ပြည်တန်းဆာမ မယ်သိရိ ရောဂါဖိရောက်ရှာ ဘေးပျောက်၍ ရန်ကင်းကွာအောင် လမ်းမူမှန် စဉ်လာချင့် တာကြောင့် ဆွမ်းလှူရန် သင်္ဃာပင့်ရန်ဘို့ ပြင်ရန်အခွင့်အချင်း တဖြာကတော့ လှူနေစရာကလဲ့, တမဏ္ဍပ်ဆောက် လမ်း မြောက်ပေါ်က ရေချိုင့်အပြည့်တည် အရွှေဖက် အဆွယ်ဆိက သံဃာစင် အဆောင်မြှောက် အမှာင် မရောက်အောင် အခန်း တွင်းက ပြူတင်းပေါက် တပေါက်ထား အဆင်း တောက်ပတဲ့

အသားနှင့် ပိုးအထည်ဗိတာန်ကြက် ကြိုးသီတံ ဖလ်အရွက်ဖြင့် နှစ်ဆင့်နှစ်ဆင့်တမ်း အကြားကတပွင့်ပွင့်ပန်း သွင်းကာစီ ခင်းရန် အထည်ကတော့ ကမ္ဗလာနီသုံးလွှာထပ် မဏ္ဍပ်အစီအရင် အခင်း အကျင်း အတွင်းစာရင်းနှင့်အပ်ပြီးမှ ဆွမ်းကပ်မည့် အချင်းအရာ မှာ အရသာမပျက် မယုတ်စေဘို့ ချက်ပြုတ်မည့် ဟင်းလျာက ပေါ်လာသမျှ ရရာအကုန်အကုန်ချုပ် ထိုက်လျောက်ရာပေါက် ဈေးနှင့် နှောက်နှေး၍မဆုတ်ပဲ သင့်လျော်ရာ ထောပတ်နှင့် ရောစပ်၍ချက်ပြုတ် ငြုပ်သနပ် ငါးပိကျော် သင့်မလျော်ရာ စီရင်၍ ထားပြီးမှ ဆွမ်းစားရန် ပြင်ဆင်ကာအသင့်မို့ သဃ်ာပင့် ခိုင်းလေသတည်း။

ဤသို့လျှင် စဉ်လာမမှား ပင့်ရန်အားဖြင့် သွားပြန်ပါ တကာကိုပင် တောနေရဟန်း ဇော်ဝေဖြန်း လှမ်းကာမြင်၍ နားတွင်ဆတ်ဆတ် သိရိမာ သူ့စကား ပြောလိုက်သံကြားရုံနှင့် ကျောင်းတွင်းကပင် ရှိသက်နိုး တင်ပြီးလျှင် ကျောင်းပြင်သို့ လှမ်းထွက် လာလတ်သော်.... ဒါယကာအလို ဘယ်သို့စကား လျှောက်ကြားမည်ဟု နှောက်နားက လျှိုပြီးလျှင် သူခိုရ၍ နား ထောင်သော် ဆွမ်းစားရန် သိရိမာတိုက်ကိုဟု လျှောက်ဆို လိုက်သောစကား တောရပ်ထေရ် ကြားလေလျှင် အလို ငါပါမှ ပါပမလား တကာကိုစစ်ဆေး၍ မေးတော့မည် စိတ်ထားနှင့် လှေခါးသို့ အသာသွား၍ ပင့်သဃ်ာ ဘယ်နှစ်ပါးရယ်လို့ စကားနှင့်ထောက်သောခါ ကြားလျှောက်သည့် ဒါယကာက သိရိမာ, မာစေကြောင်း မထေရ်ပေါင်းကတော့ လေးဆဲ့ငါး ဘယ်ကိုယ်တော် စာရေးတံပေါက်မည်ဟု အမည်မှန်မလျှောက် ကြားပဲ ဝပ်တွား၍ မြန်မကြာ ကျောင်းတော်က ခွာခဲ့ရာ

သည်မှတချက် စာရေးတံငါနှင့် လှဲမှဖြင့် သည်ပွဲးတွင်ခက် တော့မည်ဟု တောရပ်ထေရ်ပဍ္စင်း ရေတွင်း၏ အနားက မသွား ရက် သိမ်ရိမာသူအချော လူပြောနှင့် မက်မိ၍ ရှက်ဘိ၏ မနေ သာ ရာဂမိးခေဝဒနာကြောင့် ထေရ်မဟာ ဘေးရန်ကြီးပြီးလျှင် စာရေးတံမီး ပူရှာပြန်လေသတည်း။

ထိုသို့ပူပန်ပါသော်.... တံခါးအနောက်ပေါက် အလျား မှောက်လျက် ကြွားလောက်သော နေရာက အသာတိတ်တိတ် ဇက်ထောင်မတ်မတ် မျက်တောင်ခတ်၍ ရပ်မဆိတ်ပဲ ဇာတ် စိတ်ကိုဖြေ မူမဖြောင့်ငြား ပူမှောင့်ပွား၍ သူစောင့်စားကာ နေလတ်သော်.... ရှင်တော်မြတ်ဗုဒ္ဓက မြွက်ဟာဗျာဒိတ် သက် စေ့ကျေးရန် စာရေးတံ မေးဖန်ဖိတ်က မဲလိပ်သဘော အဂ္ဂတို ပါတန်မှုနှောပြီး ဉာဏ်မနော ထင်မှန်းလျက် သက်န်းပြင်ကာ စောင့်ရန်တခန်း ချောင်းသံ ဟမ်း၍ ဟန့်ပါ သော်လည်း ငါ့အတွက် ကြာတော့ကာ ခက်မည်ကြောင့် သူအပြေး ထွက်ခဲ့ရာ ရှေးအထက် မိတ်သဟာ ပင့်သံဃာအလှူရေး သူမေး ၍ရသောအခါ ဗျာကရာစိတ်မိုက် မာန်တဏှာ အဆိပ်ခိုက်၍ လိုက်ရမည်ထိုနေ့ တိုက်လားဟော့ အိမ်လားဟော့ ကျော်စော သည့် သိမ်ရိမာ သည်တခါ ငါနှင့်တွေ့ရောပေါ့ ဆွမ်းမေ့မေ့ ကွမ်းမေ့မေ့ အားရအောင် ကြည့်လို့မောကာမှ ငါပြော၍ ပြန် ခဲ့မည် ဇောအငွေ့ကြံအစီဖြင့် သံဃာထေရ်လေးဆဲ့ငါးနှင့် ဆွမ်း စားရန် ကြွလာသော်.... ဗျာကရာ တံခါးပေါက် အကြိုခံ တခန်းရပ်၍ မဏ္ဍပ်သို့ရောက်သောခါ တံခါးလေသာက သိမ်ရိမာ လက်အုပ်မိုး ရှစ်ခိုး၍ ရပ်ပြီးလျှင် ဆွမ်းကပ်သည့် ဤအခါ အရှင်ကောင်း ထေရ်မဟာတို့ ချမ်းသာရာ ဖိုလ်အရဟတ် လိုမှတ်

သည်သဒ္ဒါနှင့် သုံးဆောင်ပါ မြွတ်ထေရ်ရှင် မနောရည်မှတ် ဇောမိုကပ် တောထေရ်မြွတ် မြင်လေလျှင် ကြည့်နေစဉ်ဆွမ်း ကိုရပ် ဟင်းဖတ်နှင့်ရေနွေး သူဝေး၍မပစ်ဘဲ ဇွတ်နှစ်လိုမြို့လတ် သဖြင့် လောကခေတ် ပြောစမှတ်ချူချာပုံမှာ ရူပါရုံအညီမှာတ် မှိုကပ်ကာ တကျာတွယ်၍ ခမျာသယ် ရောဂါဖိသူကို ဇောပီတိ ထင်မြင်လျက် မကြည်ရှင် အရှုပ်ထွေး မဒီခင် ငုတ်တုတ်ငေး တာတောင် အရုပ်ကလေးသူထင်၍ ကညာခင်လုံမေနတ် တင့်အပ် ရုပ်သွင် ကျန်းမာစဉ် ငါမြင်ရဘာဖြင့် ဒါတင်မကာ သူ့ရုပ်သွင် ချော့လိုက်မည် နတ်အဆင်လို သို့ကလောက်ပက်ပင် ထောင် တန်ထိုက်သူမို့ အောင်လံစိုက် တွင်ပေသတည်း။

ဆင်ခြင်ကာမေ့ခမာ မြင်စဉ်မှာအတွေ့ဇောနှင့် အမျောကြီး မျောနေရသော် ရဟန်းတော် အဖော်များက ဆွမ်းအဖျော် ကိုယ်တော်မစားပဲ သီရိမာ သူ့အပါးက မသွားရက်မခွာနိုင် သာမှိုင်ကာခွာမရ ထလာပါဘုရားလို့ ရဟန်းအားခေါ်ကြသော်- တောကျောင်းပျော် ဦးပဏ္ဍိ သူ့ဇာတိပေါ်တော့ကမှ မခေါ်ပဲ ပြန်သူပြန် ခြေသံကိုကြားရသောခါ ဗျာပါများ၍ တပါးတည်း ကျန်မည်ကြောင့် သီရိမာ သူ့အပါး လျှောက်ကြားနှင်ရာတွင် စိတ်သောကာ မကြည်လင်၍ မထေရ်ရှင် မြွတ်သပိတ်၌ ဆွမ်းလျာ ရမ်းကာသိပ်၍ ပခုံးချိတ်လျက် ကျောင်းသို့ပြန်ပြီးလျှင် ကျောင်း ကြီးနောက်ဆောင် ထိုညောင်ဆောင်းတွင်ဖြင့် သီရိမာ ရုပ်ပုံ ကောင်းငယ်နှင့် အုပ်ခြုံပေါင်း အိပ်ပြန်လေသတည်း။

သို့အိပ်ပြန်ပါသော် တံခါးအနောက်ပေါက် အလျှားမှောက် လျက် စားသောက်ပျက် ယောက်ယက်ခတ်နေရှာ၍ ခမျာသီရိ မရဏာမိ ဇာတိပျက်ချိန် မနိုးခြွေ ဇိဝိန်ကြွေ သေလေဘိက

ပြည့်သိပေါက်ကြား ဇေနပုဒ်တောရွာ သောသောငြာအောင် ဩဘာသွား၍ ဘုရားရှင်မြတ် သုံးလူ့ထွတ်တင် ဆယ်ဉာဏ်ရှင်က ရှယ်ကြံဆင် မှတ်သည်မှာ ရက်သုံးပတ် တည်နေစေ သီရိမာ သူ့အလောင်း ထိုက်တန်ရာ လျှော်အောင် ရောင်း၍ နယ်ရှစ်သောင်း ကြေးကျော်၍ကြော်ငြာမောင်းခတ်ပြီးမှ သုသာန်ရပ်နမ်ပြောင်းခဲ့လျှင် ထိုအလောင်း အပုပ်ကောင်ကို ကိုယ်တော်တိုင် သရုပ်ဆောင်လို့မို့ အပုပ်ကောင် ရောင်းရမည်ဟု ထုတ်ပြန်ကြောင်း ရွှေဗျာနှင့်မိန့်မှာတော်မူလေသတည်း။

ထိုသို့ပင်လျှင် တိုင်းပြည်ရှင် မင်းမြတ် အဇာကသတ်ကြား အပ်စေသောအခါ ပြည်တန်းဆာမယ်သီရိ မိန့်မချောဘရဏီ အမည်သာရှိလို့မို့ မိတ်ပေါ်သည့် ကညာမယ် မေတ္တာတော် အကြောင်းကြောင့် သီရိမာသူ့အလောင်း မြို့ရွာမှာရောင်းစေဟု စည်မောင်းနှင့်ပြည်ရွာလယ် တထောင်တန်တရာဝေးလို့ တရွေးမျှ မထွက်ပဲ့ လေးရက်ကျ သုသာန်ပြောင်း ငါးရက်ကျတော့ ကိုးပေါက်မှ ပိုးလောက်တွေ အောင်းပြီးလျှင် ယင်တလှောင်းလှောင်း သွေးပြည်စက် နားနှာခေါင်းမျက်စိလျှာတို့မှာ ပျက်အိကာထွက်တော့ကမ ဘုံသုံးဆက်ထွတ်ရှင်ပင် ဗုဒ္ဓင်္ကုံခြေတော်ရင်း ဝပ်စင်း၍တင်လိုက်လျှင် ငါ့ညီခင်အာနန္ဒာ သီရိမာ သူ့အလောင်း သုသာန်မှာ ရောင်းရအောင် ဘယ်ကျောင်းကမှ မချန်ပဲ့ ဖိတ်မံချက် ခုထွက်ခါ စိတ်ချိန်ခွင် လိုရာစက်ရန်ဖို့ တလက်စီပါစေဟု အလေးကုန် ငါ့မှာရှိသည်မို့ ကြွလာဘိ မိန့်တော်မူလေသတည်း။

ထိုအခါ အာနန္ဒာထေရ်အရှင်က ကျောင်းခန်းနေအာဂန္တု ပတ်ဝန်းကျင် ကျောင်းစုမှ နာဖျားယောင် ဟန်မပြုကြနှင့်

အမြန်ယခု ထွက်စေဟု မိန့်ခွန်းသံ ချွေသောအခါ တောကျောင်းနေ အာဂန္တုကလဲ ဟာ ယခု ဟန်ပြန်ပေါ့လို မြန်မြန်ကြီးထွက်လိုလာ စိန္တယျာ နောက်တော်ပါးက ရဟန်းများနှင့် မခွာပဲ သီရိမာဆိုင်ကို ရောက်တော့ကမှ သုံးဆဲ့နှစ်ခွတ္တိ သာလွတ်ငြိမ်းရာကောက်တွဲ၍ လျှောက်ကြတော့ငါ့ရှင် အသုဘာသူကလေး ရှုတွေးကာဆင်ခြင်၍ ထင်မြင်ရာ ကသိုဏ်းရပ်ကို ပိုင်းဖြတ်၍ ရှုကြလေဟု ရှင်စောက မိန့်တော်မူလေရာ တောရပ်နေ သံဃာဆိုး ဝင်လာ၍တိုးသောအခါ.... အလို.... ငါခင်မိတဲ့ သီရိမာ သုံးတောင်ခန့်ဆိုတာ ကေသာလိုပြောပြစရာ လောမာကအမွေး နခါက ခြေသည်းလက်သည်း ဒန္တာက သွား တစောကအရေထူအရေပါး ငါသွမ်းစားစဉ်က သနားခဲ့တဲ့သီရိမာ ထွေထွေရာရာ မာဂဓဘာသာနှင့်သွင်းပြီး ဖွေဖွေသာလာ အလှကညာယမင်းရယ်လို့ ဓမ္မဓမ္မာနှင့်ရှင်းလိုက်တော့ အို....ရှင်ပင်တသင်းတို့ရဲ့ ဘယ်သင်းပါလိမ့်သီရိမာ။

မံသံ, နှာရု, အဋ္ဌိ, အဋ္ဌိမိဉ္ဇ အသားအကြော အရိုးတွေ နှောပြီးလျှင် ခြင်ဆီရောအမှန် ပညတ်ခံဒေသနာ အနိဋ္ဌာ အဝိဇ္ဇာတရားကိုယ်အရင်းရယ်နှင့် ဘိဇ္ဇနအလိုနှင့်ရှင်းလိုက်တော့ အို....ရှင်ပင်တသင်းတို့ရဲ့ ဘယ်သင်းပါလိမ့်သီရိမာ။

ဝက္ကံ, ဟဒယံ, ကိလောမကံ, ပိဟကံ, ပပ္ဖာသံ ဆိုတာ အညှိအသဲးတွေဖုံးပြီးလျှင် အမြေးအမြှင် အဆုတ်နှလုံး အထပ်ထပ်အတန်တန် တညီတညာ သည်ကာမှပျက်ပြုန်းတာက သည်ဟာတွေ အခက်ဆုံး တသက်လုံးမပျက်မပုန်း ငါမက်မိတဲ့ တမိခန္ဓာကို အသိဉာဏ်လွှာကာ ဖန်ခါခါသွင်းပြီး ဘဂဝါမြွက်တဲ့ ဝိပဿနာ

နှင့်ရှင်းလိုက်တော့ အို....ရှင်ပင်တသင်းတို့ရဲ့ ဘယ်သင်းပါလိမ့် သိရိမာ။

အန္တံ, အန္တဂုဏံ, ဥဒရိယံ ကရီသံ, မတ္ထလုင်္ဂံ, တံဆိပ်ခံ ဒေသနာမှာတော့ ဘသူ့ဝလို ဘသူပိန်သော်လဲ အူမအူသိမ် အထပ်ထပ် သည်းခြေခါတ်မှီနေစရာ အစာသစ်အစာဟောင်း ပိုးလောက်တွေ့ အပြည့်အောင်းဖို့သေအချာ ငါမက်တဲ့အလှတမိ နုတ်ကညာရယ်လို့ သွင်းပြီး ဓမ္မမမ္မာနှင့် ရှင်းလိုက်တော့ အို.... ရှင်ပင်တသင်းတို့ရဲ့ ဘယ်သင်းပါလိမ့် သိရိမာ။

ပိတ္တံ, သေမှံ, ပုဗ္ဗော, လောဟိတံ, သဘောအရှိအမှန် အခြေ ပြောရမှာဖြင့် ဖေချောတယ်, မေချောတယ်ဆိုပေမဲ့ သေဒေါ ရယ် မေဒေါရယ် အထွေထွေသဘောဝယ် မဆိတ်တွေးမှီးလိုက် တော့ သလိပ်နှင့်သွေးပြည် ချွေးအဆီရော လူတို့ပြောတဲ့ လူ့ ဝေါဟာ လေးပါးခါတ်ခံ အခြံအရံလုပ် အမှန်ဟုတ်တဲ့ ရုပ်ခန္ဓာ ငါဆွမ်းမဝတဲ့ မိအဝှာရယ်လို့ စာရင်းမှာသွင်းပြီးလျှင် ဘဂဝါ အရှင်လမ်းပြတဲ့ သမထဝိပဿနာနှင့် ရှင်းလိုက်တော့ အို.... ရှင်ပင်တသင်းတို့ရဲ့ ဘယ်သင်းပါလိမ့် သိရိမာ။

အဿု, ဝသာ, ခေဠော, သိင်္ဃာနိကာ, လသိကာ မုတ္တံ အစေး ကျင်ငယ် တံထွေး မျက်ရည် ခြင်ဆီရယ်လို့ ရွံရှာဖွယ်အတိ ခင်မင်စရာ ဘယ်မှာမှမရှိလေဘူး အသိဉာဏ်စေစား သုံးဆဲ့ နှစ်ပါး ကောဋ္ဌာသတွင် မလွတ်ပါရအောင် ရှာကြံပါက ဘယ်ဟာမှ အနှစ်မပါ ပစ်ခွာပေါ့ထိုအလုပ်.... အဝိဇ္ဇာအတတ် မှန်တဲ့ သဗ္ဗနာမ်ပုဒ် ထုတ်ကာရှင်းလိုက်တော့ အို....ရှင်ပင် တသင်းတို့ရဲ့ ဘယ်သင်းပါလိမ့် သိရိမာ။

အဟုတ် ကောန် စင်စစ်အမှန်မှာတော့ ခေတ်လေးတန် ပြုပြင်တဲ့ အကောင်ပုပ်။ အို....သီရိမာ သီရိမာ သီရိမာဟာ ထောင်တန် ထိုက်ဖို့ လိုက်လို့ရှာ ခန္ဓာကိုယ်ရုပ် အကောင်ပုပ် အသုဘကောင်, သုဘယောင် ရုပဆောင်တဲ့ အကောင်ပုပ်၊ နံ့သာလိမ်းသပ် ဖီးဆံပတ် မှိုးကပ်ဆောက်လုပ် အကောင်ပုပ်၊ အလှခေတ်စုံ ကိုယ်လုံးခြုံ မွမ်းထုံတင်ရုပ် အကောင်ပုပ်၊ ဿရာလွှမ်းပတ် တဏှာသန်းဖြတ် ငါဆွမ်းငတ်တဲ့ အကောင်ပုပ်၊ အကောင်ပုပ်ဤခန္ဓာ ထေရိသဿာစိစစ်၍ ပြည်ရစ်ကာ ရှာဖွေသော်လဲ သီရိမာ ရှာမရ.... အလေးကုန်အသုဘ ဇေကုစ္ဆထိုဖက်သို့ စိတ်ချိန်ခွင် အညွှာလက် သာထွက်ကာ ကြွတော့ကမှ သာဝက ရာဂမင် ပုထုဇဉ်အာရုံခြောက် သဒ္ဓါဟုန်အမှန်ပေါက်တော့ သုံးဘုံမြောက် သိရိသရေသခင် အရဟံဗိန ဘုရားရှင်က ဟောပြတော် မူသည်မှာ—

ပဿထ ဘိက္ခဝေ မဟာဇနဿ ပိယံ မာတုဂါမံ,
ဋ္ဌမသ္မိံ ယေဝ နဂရေ သဟဿံ ပုဗ္ဗေ လဘိံသု။
ပဿ စိတ္တကတံ ဗိမ္ဗံ၊ အရုံ ကာဒယံ သမုဿိတံ။
အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံဋ္ဌိတိ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့....။ မဟာဇနဿ၊ များဖြင်သောင်းသောင်း ရာဇဂြိုဟ်ပြည်သားအပေါင်း၏။ ပိယံ၊ ချစ်ခင်မြတ်နိုးအပ်သော။ မာတုဂါမံ၊ သေမင်းနိုင်ငံ လွန်စံလေပြီးသော သီရိမာမိန်းမလှ မာတုဂါမကို။ ပဿထ၊ စေ့စေ့ငုငု ကြည့်ရှု

ကြပါကုန်လော့။ ဠလမသို့ယော, နဂရေ၊ ဤရာဇဂြိုဟ်မြို့၌ပင်လျှင်။ ပုဗ္ဗေ၊ အသက်ဝိညာဉ် ရှိစဉ်မက္ခာ ရှေးအခါ၌။ ကေဒိဝသံ၊ တနေ့တနေ့အဖို့၌။ သဟဿံ၊ ရေတွက်သင်္ချာ တထောင်တထောင်မျှသော ငွေအသပြာကို။ လဘိ့သု၊ ကိုယ်ခ အဖိုးဂုဏ်အကျိုးဖြင့် မညှိုးစေဘဲ ရရှိပေကုန်၏။ ဠဒါနိပန၊ သေလွန်ပြီးရာ ယခုအခါ၌မူကား။ မုခါ၊ တပဲလေးရွေး ကြေးပေးမဖက် အလကားသက်သက်မျှပင်။ ဂဏှန္တောပိ၊ အားရကြည်ဖြူယူလိုသောသူသည်လည်း။ နတ္ထိ၊ တစုံတယောက်မှ ပေါ်ပေါက်ထွက်နေ မရှိကြပေ။ ဝေရူပံ၊ ဤသို့သဘောရှိသော။ ခယဝယပ္ပတ္တံ၊ ကုန်ပျက်ခြင်းသို့ ရောက်သော။ နာမရူပံ၊ နာမ်ရုပ်တစုကို။ ပဿထ၊ သေချာစေ့ငု ကြည့်ရှုကြပါကုန်လော့။ စိတ္တကတံ၊ အဝတ်ဘန်းဆာ ပန်းနံ့သာ ဆန်းကြယ်စွာပြုအပ်သော။ ဗိမ္ဗံ၊ လက်တတ်ပန်းပု၏ ကောင်းစွာထုအပ်သော အရုပ်နှင့်တူလှစွာသော။ သမုဿိတံ၊ သုံးရာသော အရိုးတို့ဖြင့် စိုက်ဆောက်အပ်သော။ အာတုရံ၊ ကိုးဆဲ့ခြောက်ဖြာ ဘေးရောဂါတို့ဖြင့် ကျင့်နာတုန်လှုပ်ခြင်းရှိထသော။ ဗဟုသင်္ကပ္ပံ၊ များစွာသောသူတို့၏ ကြံစည်အပ်ထသော။ ဝါ၊ များစွာကြံစည်နှစ်သက်တပ်မက်ငြိတွယ်ခြင်းရှိထသော။ အဒ္ဓံကာယံ၊ ကိုးပေါက်ဒွါရအမာဝမှ စီးကျသွင်သွင် မစင်ကြယ်သော ဤကိုယ်ကောင်ကြီးကို။ ပဿထ၊ သေချာစေ့ငုကြည့်ရှုကြပါကုန်လော့။ ယဿ၊ နာမ်ရုပ်အလို ဤခန္ဓာကိုယ်၏။ ဓုဝံဋ္ဌိတိ၊ အမြဲအရှည် တန့်တည်သောသဘောသည်။ နတ္ထိ၊ ဘယ်လိုဉာဏ်နှင့် ကြည့်ကြည့် မရှိလေစွတကားဟု မိန့်ဗျာဒိတ်ချွေတော်ကမှ တောမြို့နေလူရှင်စုအာဂန္တု၊ တောသဿာနှင့် ဇောယျဉ်ကာ ပုံဆောင်မှတ်တော့

လူတထပ်နတ်တကာ သိရိမာ အကောင်ပုပ်ဖြင့် ဆောင်သရုပ် ဓမ္မာရ၍ မကြာတခဏ သဘောလာသန့်ပြီးလျှင် သောတာပန် အစဉ်လာဖြင့် အမြင်မှာအရင်းခံလျက် အတွင်းဉာဏ်သရုပ်ခွဲပြီး နိဗ္ဗာန်ရောက် အားခဲးတော် မူကြပါကုန်လော့။

သိရိမာအမွန်း ပြီး၏။

# အရှင်မဟာမောဂ္ဂလ္လာန် အမွှန်း

အစိန္တေယျ၊ အစိန္တေယျ၊ အပ္ပမေယျ၊ ကျေးဇူးတော်အစုံ ဂုဏ်တော်အဆိုင်ဆိုင် ပြိုင်ဖက်မပေါ် အဟော်ဝတ သုံးလူ့ဖထိပ်ဗွေ ပရမေဇိန မြတ်ဗုဒ္ဓရှေ့ကိုယ် စောဘုန်းမိုသည်.... ပြည်သာမဂဓို မြတ်ရာဇဂြိုဟ်တွင် ဝါဆိုတော်မူတုန်း အခါက ပထဗျာမြေဟူ ဇမ္ဗူကိုဖောက် လျှင်လျှင်ရောက်နိုင်တဲ့၊ ရှင်မောဂ္ဂလ္လာန်၊ တန်ခိုးထက်တဲ့ လက်ဝဲရံ.... ထေရ်ပျံစောလောင်း ဘုရားရှင်ထံ သွားသင့်ပြန် ကြွားခွင့်ပန် တောင်းပြီးလျှင် ကျောင်းဝေဠုဝန် ထိုကသွားတော့ နွားတတွန်တွန် မြိုင်စွန်သို့ရောက် နွားတဆာဝင်လောက်သည့် ကျောက်ကမ္ဘာယံ ဂူကြီးလူမနိုး တဆူထီး ကျင့်တုန်းက များဖြင့်သူယုတ် နန္ဒင်းဆိုးတဲ့ သက်န်းနှင့် ရှင်ရဟန်းလုပ်ပြီး ကျင့်ယုတ်မသမာ အယူမှားတဲ့ သင်းငါးရာ မသမာဒိဋ္ဌိ မသူတော်တို့ကို သူအဖော်ညှိပြီးလျှင် မချိအောင် သဘော တိုင်ပင်ကာပြောကြ ဂေါတမရှင်ကြီးဟာ ငါတို့ပြည်လာကတည်းက သစ်သီးမှုံငါး....အလှူမလာ လူမသမာ များလှုပြီး မစားရတို့မှာ မပိုလာ တခါဖြစ်လေ.... အားမရှိ ခါးချိလို့သေရချည့် ပရမေသကျ ဂေါတမ သတ်ရအောင် တိုင်ပင်ကာ, စပ်ကြားက, မြတ်ဘုရားမြင်တော့ကာမှ ဝင်၍တယောက် မတူမတန်နှင့် သူအကြံ ပေါက်သည်မှာ မောဂ္ဂလ္လာန်တဲ့၊ သူ့တပဲ့လက်ဖွဲ့အင်းအိုင် ဆေးဝါးမန္တရား အတတ်များကြောင့် ပျံသွားနိုင် မပြိုင်တုံရှောင် လူထွက်သင့်ကြောင်း မျက်နှာပွင့် ကောင်းလှတဲ့ တောင်းလှိုမပေး ထိုရဟန်းကြီး အရဖမ်းပြီးလျှင်

ဒလကြမ်းသတ်ရတာဖြင့် ငါတို့များ ဆွမ်းအငတ် အေးရောပ ဆေးကိုအရယူ ဆေးကိုတော့လဲ အရယူ ဆွမ်းဆိုတာဟာ လာလို့ပို့ ငါတို့ကိုလှူရောပေါ့ အယူဒိဋ္ဌိ ပြာညိုမှုံမှိုင်း ရာဇဂြိုဟ် အနောက်ပိုင်းက ကျောက်ဂူမှာ ရှိလေရဲ့ သတိတွေးချင့်.... ငါမသတ်ချင်ပါ အာပတ်တွေ သင့်လိမ့်မည်။

များဖြင့်ခိုးသား လူဆိုးများ ဒါးနှင့်ခုတ်ပိုင်း ငါးရာငွေနှင့် သွားပါချေခိုင်းပြီးလျှင် ဝိုင်း၍ကွပ်ညှပ် ထောက်မတန် ရောက်ပြန်လျှင် မောဂ္ဂလ္လာန်သတ်ခဲ့ဟု ထက်ချပ်မနေ လက်ထပ်စေ၍ သတ်ချေဟုခိုင်း တကောသမြေ တောဝနေမှာ စောရတွေ ဖမ်းတုန်း.... ရဟန်းတို့သတ္တိ ဆွမ်းစားပြီးနောက် သူတယောက်က ဂူပေါက်ကိုကျော်။

ဆွမ်းစားပြီးနောက် သူတယောက်က ဂူပေါက်ကိုကျော်လို့မှိ အကြောင်းတော်ကို ကြည့်လိုက်တော့ မိခင်၏ဝဋ္ဋ်စ ရှေးမဆွ ဗာရာနယ်တွင် လယ်ထွန်ယောကျ်ား ဖြစ်ခဲလငြားက နှစ်ဦ အခါ သူ့ကြင်ယာက ပို့လာထမင်း မယွင်းသမှု နှစ်လုံးသော ကြိုးကြာဥတို့ကို ကြည့်ရှုကာနေပြီးမှ တလုံးကိုတော့ မင်းစားခဲလ ရှင်မရေ.... တလုံးကိုတော့ အမေ့ကျွေးဟု ဝေပုံတော်ပေးလိုက်သည်မှာ မိစ္ဆာမယား အပိယံက ကြံစည်ဉာဏ်ရည် ဖန်လည်သော သဘောထားနှင့် ချဉ်လှတဲ့ သံပရာကို ရှာကြံကာ ပေးပြီးမှ တဖြေးဖြေးနေစေဝင်း ညဥ့်နှစ်မောင်းကလဲ အကျော် အော်လိုက်တဲ့ ကြိုးကြာသံရေ ဥပျောက်လို့ရှာရေ့ထင့် သာပါပေရဲ့ မင်းအသံ ဖန်ငန်ချဉ်ခါး မင်းဥကလဲ ပုံစံငယ်ခြားပါတိ သက်နဘဲက မြည်တွန်သံ ကြားတော့ကမှ အမြွက်မျှစကားဖြင့် သည်းတွားတော်မူသောအခါတွင်။

မယားပါရမီ နားမှာ ဆတ်ဆတ် ကြားပြန်ရတော့ကမှ မောင်ရေ....ကြိုးကြာသံပုရာ လုပ်လို့မဟုတ်ပါချေ ငါတို့ လင်မယား ကွဲပြားပါစေ မောင့်အမေပုံသေချစ်ယင် ကျုပ်ကိုပစ်ပါ မာယာဉာဏ်နှင့် တောင်းပန်ရှာသော်.... အဲသည်တော့ကမှ လောင်းမြတ်ကျော်က မွေးသမိခင်ကို ငါမချစ် မင်းကိုပင် ငါ မပစ် ဖြစ်တူပျက်တူ တာရှည်ကောင်းအောင် ပေါင်းဖက်တော်မူမည်ဟု ကြည်ဖြူကြည်သာ ပြောပြီးကာမှ မွေးသမိခင် မျက်မမြင်ကို လှည်းတွင်တင်သွား ခရီးဝေးကွာ ရောက်သောကာမှ ဒါးပြသဏ္ဌာန် တူစွာဖန်၍ ပြေးပါတော့အမေရေ.... ရဂုံဗွေက ပုံသေမပျက် ဝါးရင်းဒုတ် တင်းပုတ်နှင့် နှက်ချေပြီ။

အဲသည်တော့ကမှ မွေးသမိခင် မျက်မမြင်က ပုန်းထွက်ကွယ်ရှောင် မင်းလွတ်အောင်ပြေးပါ လူကလေးမောင်ရေ.... အမေလေးမှာတော့ စက္ခုနှစ်ကွင်း အလင်းမရ ဇရာကျလို့ သေပျော်ပြီ ငါ့သားကြီးမှာတော့ သံယောဇဉ် ခင်တွယ်လို့ ပုန်းထွက်ကွယ်ရှောင် မင်းလွတ်အောင်ပြေးပါ လူကလေးမောင်ရေ.... အဲ....ဤကဲ့သို့ ယခုပင်ပြောသလို နားမှာဆတ်ဆတ် ကြားပြန်ရတော့ကမှ သေနတ် ဒါးလှံ အမျှားရံလျက် ကြွားဟန်ဟစ်ကြွေး— မိခင်ဝဋ္ဋမ မလွတ်သေး၍ ပြေးလို့ခုပင် တောင်ကအဆင်း ဖလ်ဂူတွင်း၌ အတင်းခိုက်ခိုက် သပိတ်ကိုပိုက်လျက်နဲ့ ခိုးသားရိုက်ခံရရှာလေသတည်း။

ဒါးလှံထိုးခုတ် ဝါးရင်းဒုတ်နှင့် တင်းပုတ်ထုချေ တံပူကိုတေသည့်နှယ် သေသထက်ဆိုး ခြေလက်တွေကျိုးလို့မှို့ အရိုးမရှိ ဖော့ဖယောင်းကဲ့သို့ ပျော့ပျောင်းကာ အိတော့ကမှ ကိုယ်ဇာတိ ချက်ကြွေ ခိုးသားတွေ ပြန်ကာသွားတော့ကာမှ ဈာန်သမား

စိတ်ဝင်စားပြီးလျှင် တရားတော်သံဝေဂရယ်နှင့် ကမ္ဘာ့ယံ့ဖလ်ဂူဝဆီက ဈာန်တဆူ ဟန်ယူလို့ ထပြီးလျှင် အော်....ရှုပ်လှသည့်ဒုက္ခ ဒုက္ခနှင့်ညည်းသံ ပြည်နိဗ္ဗာန် စံကာနီးကာမှ ဒုက္ခကြီးသို့ကလောက် ကိုယ်တော်မှာ ရောက်ရ ကြောက်စရ ဝိပါကံမောဂ္ဂလ္လာန် ရှင်တော်ဘုရားသော်မှ ရှေးပုဗ္ဗ ဘဝခြားစဉ်ဏာမတရားအကြိုက် အမှားစရိုက် မယားကို အလိုလိုက်မိလို့ခိုးသားရိုက်ခံရရှာသတဲ့၊ အဲ....ဤကဲ့သို့ ပုံထုံးကို နှလုံးတော်အသင့်ထားကြ၍ ယခုအခါ လူသတ္တာအများတို့မှာ အနိစ္စပဲဒုက္ခပဲ အနတ္တပဲရယ်လို့ စွဲးပီတိသဒ္ဓါဟုန်ဖြင့် ပဏာလှူ ညွှတ်တွား၍ ရွတ်ပွား သရဏ္ဍာယ်တော် မူပါစေသော်....။

အရှင်မဟာမောဂ္ဂလ္လာန်အမွှန်း ပြီး၏။

# ပဋ္ဌာစာရီ အမွှန်း

တြိရတနာ ဥက္ကဋ္ဌ ဓမ္မပဝရာ အနုတ္တရ ဇိနာဥတ္တမဟု မြတ်ဗုဒ္ဓ စိန္တေယျာသည် ဌာနီမ္ချို ပထဗျာမဟီ ပြာရီမို့နှင့် ညို့ညို့ငယ်ဆိုင်း တိုင်းသာဝတ္ထိ အောင်ဘူမိ ပြည်ဇေယျာဝယ် ကြည်စေတနာ ဓမ္မာဓာတ်ဖြင့် ထေရ်သင်္ဃာ မဟာမြတ်တို့နှင့် ဝါကပ်တော်မူလေသတည်း။

ထိုသည့်အခါ ပြည်မဟာဝယ် မှိသဒ္ဓာ ဓမ္မာမလပ်သမို သပြာကျပ် ရွှေငွေရတနာနှင့် ခြွေရွှေသဟာ ပရိသတ်အပေါင်း တို့နှင့် စိတ်ဓာတ်မငြောင်း လူ့လောကတွင် သူဘောဂ သူဌေး ကြီးဟု ဝေးအနီးသညာဖြင့် စဉ်အလာ ခင်းမပျက်ပဲ ဆင်း သက်၍ ကျော်ပေသတည်း။

မော်ဒေဝိ နတ်ဟန်သမျှကဲ့သို့ တော်ကေသီ ဒြပ်သဏ္ဌာန် လှပေသော ကျော်မြေညီ ရပ်ထံကပင် မှတ်ရန်တဝ မဖယ် သာလို့ မယ်ပဋ္ဌာ အရွယ်လှတဲ့ သူငယ်မ သူဌေးသမီးသည် ရှေး တနည်း ဖူးစာနည်းသဖြင့် လူငမွဲဒါသကို အာလယ ဇွဲအချက် ဖြင့် စွဲမက်၍နေလေရာ ရွှေပြည်မှာအသရေမထုတ်နိုင်လို့ အခြေ တည်ကာ ဝနေဆုတ်ပါရ ပွေ့ရှုပ်စွာ တဲအိုပျက်ငယ်နှင့် ဆန် ကွဲကို အမြဲးကျိုချက်ပြီးလျှင် မနဲ့ကိုခဲမျိုလျက်သာပ အော်.... မွဲပိုချက် သူနစ်နာ....မွဲပိုချက် သူနစ်နာသော်လဲ လူဖြစ်လာတာ ကံတော်သေးပြီဟု မွေးအမေ ပေးဝေကျွေးခဲ့ရ မအေးစေ

သေားတွေထွေးစေဖို့ မွေးလေသည့် ကံဇာတာငယ် မြန်မကြာ အဟုတ်တိမ်းပါလို့ နာမ်ခန္ဓာချုပ်ငြိမ်း အုပ်ထိန်းတဲ့ မွေးသမိခင် မြင်လျှင်မကြာ အဟုတ်အမှန် မအေးသမို့ ပြင်ဆင်ကာ ရုပ်နာမ် အရေးကို သုဿာန်မှာ ထုတ်ရန်တွေးပြီးတော့ ကျွန်လိုလျှင် ကိုယ့်ကိုပေးမယ်လို့ သုံးပိဿာ ကိုယ်နေကြေးရယ်နှင့် မယ်ပဒ္မာ ဖသူဌေးသို့ သူပြေး၍ ရောင်းလေသောဝ်။

ဆင်ခြင်ကာမေ့မော မြင်စဥ်မှာ အတွေ့ဇောတွေနှင့် ကြင်ချင်သူတမေစောပါ ဇောကပ်တဲ့မယ်ပဒ္မာ ဒါသမောင် ဖူးစာဖက်ကိုဖြင့် ထူးပါချက်မေတ္တာကြောင့် ချစ်ပါနော်ကိုဒါသ ရယ်လို့ ဆိုကာဟ သံစာစာနှင့် အကြံမပါလျှင် ရန်ရှာရမယ်လို့ ဉာဏ်မာယာ မာန်တကျာတွေကြွပြီးလျှင် ဟန်ကဖြာ ကြံကာဆပါလို့ ပြန်ကာပဆိုလေသော်....ထိုအခါ မောင်ဒါသက အော်ယခုမှခက်ပြန်ပေါ့ ခက်ပြန်ပေါ့နဲ့ ခက်ပြန်ပေါ့ သူ့မေတ္တာ မကြိုက်ပြန် မိုက်ဒဏ်ပေးတော့မတဲ့ ကြိုက်ပြန်ရင် ခိုက်ရန်ကမဝေးသမို့ ဆွေးစရာ့စိတ်ဒုက္ခာ မာယာဉာဏ်သူ့စက်က ခုထွက်ကာ အဟုတ်ပြေးပေမဲ့ အရုပ်ကလေးလို ကညာသွင်မို့ တခါ မြင်လျှင် ထာဝစဥ်စွဲလောက်တဲ့ ဘမရာပလ္လင်မှာ ရာဇဝင် နွဲ့းသူမို့ ငါအမြင်လွဲးလို့မဖြေသာ ခေကြံမှာ သံယောဇဉ်တွေကြောင့် ကံမျှော်ရာပင် အယူပိုက်တော့မတဲ့ အို....မပဒ္မာရဲ့ အတူကြိုက်ရပါပေသတည်း။

ထိုသို့ကြိုက်ပြန်သော် နှစ်ပါးအချစ် ခြားစနစ်မင်း အပေဖျက်ယင်လ အခင်းသွေ့ပျက် နှစ်ဖြာကွဲးကြလျှင် ဘယာမစဲး ပူဟန်တွေနဲ့ မူမမှန် အခြေစောင်းပြီးတော့ သေကြောင်းတကယ်

မြင်လို့ တာတွယ်လျှင် နောက်ကိုလိုက်ခဲ့ပ မြောက်ဟိုဖက် ခရီးရှာတွင် မိုးစရာအိုးအိမ်အသင့်ပါပဲ ကြိုးကြိမ်နဲ့ အသက်မွေးပြီးလျှင် ဘယက်ကလေး ခင်ပဋ္ဌာကို စဉ်အလာ အမှန်ကျွေးရန်ဖို့ လျှင်မကြာအမြန်တွေးပြီးလျှင် စားသောက်ရေးအတွက်တာ ခက်စရာ တခါကြုံလို့ ကမ္ဘလာခြုံဆိုတာဟာ ဖော်ကွာဝေးငဲ့ပြင် တထည်စိုဘထည်မနွေးနိုင်ဘူး ကံမွေးတဲ့တို့မောင်နှံ့ သူများထံရှာကြံခက်ပါဘိ မပဋ္ဌာ ပြန်ချင်လျက်ပါပဲ အကိုလင် ငြိုငြင်လို့မကွက်ပဲ ခုထွက်၍အမြန်ပို့ပါဟု ပြန်ဖို့ရန် ပျိုပဋ္ဌာက ငိုယိုကာတားမရအောင် ဒေပါးက မူအယာတွေနဲ့ ပူဆာပြန်လေသတည်း။

ထိုအခါ ကိုဒါသက ပျိုညာလှ မပဋ္ဌာရယ် သွားငယ်နှင့် အမိ မချိအောင် တကယ်ပန်းကြလိမ့် လမ်းကလဲကြမ်း စခန်းမြော်ရှု ကျုပ်နှမသဇ္ဇနုနဲ့မို့ ယခုဖြင့်ခွင့်မပေးဟု တွေးရှု၍ ပြောသော်လည်း နှဲ့မထောင် သားမောင်ပိုက်ချီထွေးပြီးလျှင် ဖပိတာရပ်ကျေးသို့ ခုမနေ့းပြန်လေသော်။

ကမ္ဘားယံလမ်းအစ ပန်းသကင့် မှူဘသက်သက် ထုံကရမက်ရယ်နှင့် ရဂုံဆက်မြိုင်သေလာမှာ ခိုင်ရွေညှာဆပ်သဖူးရယ်တို့ ဖြတ်ကူးကာနင်းကျော်လို့ ခင်းမလျော်လေချက် အခြေငယ်ပျက်လို့မို့ အခက်ကြီး ခက်တော့မထင်ရဲ့ သားကြီးတို့ဖခင်ရယ် ခါးဆီကတောင့် ရင်ကအောင့်သနဲ့ မစောင့်နိုင်သဇ္ဇသား သူဖွားတော့မယ်ထင်ရဲ့ဟု သွယ်သွယ်ညည်းတွား ခရီးကြား မီးဖွားလို့လာလေရာ ဒေဝါမိုးနတ် စက်မောင်းငယ်ဆင် ကောင်းကင်ရပ်က လျှပ်ပန်းလျှပ်နွယ် အာကာရိုက်ဟီး ဒိုးတလိမ့်လိမ့် မိုးလုံးငယ်ခြိမ့်လို့မို့ တသိမ့်သိမ့်ငြီးသည့်နွယ် မြေကြီးတုန်အက် လျှင်ဖက်၍ လောကဓာတ်ပျက်သလို သွက်သွက်ရိုက်ခါ ဆယ်ဒီသာမှ

ဘယ်ညာမှန်းဆ မိုးမှောင်တွေကျပါလို့ မလှုပ်ပုံပန်း.... လှိုက်လှိုက် ကယ်ခုန် ခိုက်ခိုက်တုန်ချမ်းပါဘိ နန်းဇာတိမျိုးဆွေ သာဝတ္ထိ တိုင်းဌာနေက ဖပိတာ မွေးအမေတို့ရယ် ခလေးတွေဖြစ်ပုံ မြင်အုံးတော့လေလားဟု ကုန်းဟစ်ကာခေါ်ပါသော်လဲမရပဋ္ဌာ လှမ္ဘာ ခြေလက်ကအေး ဇက်ကလေးသန့် အရေးမလှ ချွေးမရလို့ အေးလို့အေး ပူလို့ပူ ထူပါအုံး ဘယ်ဆေးကိုမှမသုံးရလို့ လုံးလုံးပ ပစ်ပယ် ဒုက္ခသယ် ကယ်သူမနိုးလို့ ဝဋ္ဋတရားကြီးပါဘိ မီးကိုမှ မလှုံရ၍ ချုံးပွဲချငိုသောခါ ကြင်နာသူ လင်သက်ထားက ကရုဏာထပ်ပွားလို့ မယားကြောင့် အခင်းပွေပြီးလျှင် ထင်းအခွေ သွားရှာလေသတည်း။

တချုံဝင်တချုံထွက်နှင့် စုံမက်သူမောင်ဒါသမှာ ရသမျှထင်း ကိုကောက်လို့ တောက်လျှောက်မနား ဟိုချုံပါးမှာ ထင်းများ ပေါလေမလားဟု မယားဇောကပ် သောမနသ်ကြောင့် လော ကခေတ် တိုက်ဘောင်ဝယ် အမိုက်မှောင် ဤကာမ ဒါသစာရင်း ပါမို့ ခင်းမသမာ ရှုမတွေးနိုင်ပဲ ထင်းကိုသာ ယူလိုရေးဖြင့် ခုမနွေးဆွဲးလေရာ နာဂအမျိုး မသမာလို့မို့ ဒါသကိုညှိုးရော့ ထင့် ကိုယ်ကျိုးနဲ့ ဘဝပြောင်းစေဖို့ မာန်စောင်းနှင့် ပေါက် လိုက်ရာ နောက်ဘဝကံ.... ခုမနွေး ပြူရေးဖန်လို့ နာမ်ခန္ဓာရုပ် ဇာတ်ချုတ်ပြတ်ကာ အစသိမ်းပြီးလျှင် ဘဝငြိမ်းရှာလေတော့ သတည်း။

ထိုသို့လျှင် ကိန်းမလှ စိမ်းဘဝ ခန္ဓာကြွေ၍ မရဏာပြေ လှမ်းပါရသူကို တမ်းတကာ ခင်ပဋ္ဌာက မကြင်နာ အပြစ်ယူ လို့မို့ ပူပင်တဲ့လူစားဖြင့် သည်မယား သွေးနုနု ပြေးယခုလာ သင့်တယ် မဖွယ်လေငြား ကြာပုံငယ်ခြားပါဘိ ဘာများ ဖြစ်

ပလေဟု စိတ်သောကထွေထွေနဲ့ ကမ်းခြေသို့ လျှောက်ခဲ့ပြန် ကိုက်ဒဏ်ရာ စွယ်နှစ်ချက်ကယ်ကြောင့် သစ်ခက်တွေထဲ တုံးလုံး ရယ်လဲလို့မို့ မယ်တွဲးကာယူ ထူပါသော်လဲးမထ ခေါ်မရလို့ တခါ နှုတ်ဆက် သည်မြိုင်ထက်မှာ သစ်ခက်တွေ ခုတ်ထွင်၍ အုပ်တင်ကာ ထားခဲ့ရလေသတည်း။

အော် သွားပေါ့–သွားပေါ့ တအားငယ်ပျော့ ထားကျော့ သက်လျာ ပူဗျာပါမအေး ကူစရာဖြင့် ဝေးကြပေါ့ လူကလေး နှစ်ဖြာတို့ရယ် ရှယ်ကားမှန်းဆ လမ်းဝနမှာ လှမ်းကြွကာ လာခဲ့တော့ ကန္တာကျော့ လမ်းပွေအင် စမ်းရေယဉ်စီးပါတဲ့ ခရီး တခို အသည်းဖိုအောင် အပြီးကို ဆိုက်ခဲ့ပါပေါ့။ အော်....မလိုက် နဲ့မေ့သား ညီငယ်အလှ ခါတွယ်မပြီးလျှင် သည်မယ်ခဏ အမြန် ပို့ချေမည်ဟု ပြောဆိုကာ ထားလို့မို့ သားအငယ် တဖက်ကမ်း တွင် ပုခက်တန်းကြိုးဆင်၍ လျှင်အမြန် ထားပြီးမှ သားကြီးလှ ရှိရာ တဖန်ပို့ရအောင် ပြန်လို့ပင်လာလေရာ ထိုအခါ သိုက်နန်း အထက် စရိုက်ကြမ်းဖက်ရှာတဲ့ ငှက်မသမာက ပဋ္ဌာရင်သွေး သူ့ကလေးကို ခုမနှေး ကိုက်ချီကာသွားသဖြင့် ထားခဲ့ဖို့စွန်ရာဇာ ကို ညွှန်ပဏာ ဝန္ဒနာရှိခိုးပြီး ဝပ်လျှိုးကာ တောင်းပန်၍ ဟန်ဖြင့် ချောက်သောခါ....တယောက်သား လူမမယ်က အပူ သယ် ပဋ္ဌာပြသည်ကို လာရမည် လှမ်းခေါ်သလားရယ်လို့ ကမ်း ပေါ်မှ ဆင်းလေရာ ပွေခင်းမလှ ဂယက်ဆိုင်တွင် မတက်နိုင် မြုပ်နစ်လို့ ချုပ်ညစ်တဲ့လှိုင်းအားကြောင့် နုထွားထွား လူမမယ် ကလေးမှာ ကူကယ်သူ အမှန်ကင်းလို့မို့ ထန်ပြင်းတဲ့ ဝဲဇလုပ်က ဆွဲမြုပ်ကာ နစ်ရှာရလေသတည်း။

သည်တော့အခါ ပဋ္ဌာခင်က မဟာလင် ကိုဒါသရဲ့အော်.... ကိုဒါသရယ်လို့ ဆိုကာ တကျွမ်းလှလို့ လမ်းအစ ပွေ့အငိုမှာ အဖေတူ ရင့်သားတွေကို မြင်အားတော် မူလှဲ့ ပါအုံးဟု ယူကြုံး မရ ပူလုံးငယ် ကြွလိုမို့ ကျမျက်ရေမစဲး မေ့အသဲမှာ အမြဲပင် စွဲးလှချည့် လဲးလုံလဲး ယိုင်လိုယိုင်နဲ့ တမှိုင်မှိုင် ပူလမ်းသို့ သူ မှန်း၍ မြန်းလေသော်....။

ထိုသို့လျှင် ပြည်တော်ကြွင်န်းသို့ ရည်ရော်မှန်းလို့ သူလှမ်း ကာ လာသောအခါ ပြည်သာဝတ္ထိ အနီးစခန်း ခရီးငယ်ကြမ်း ပန်းလှလို့ နွမ်းလျှခွေလှိုက် မနောထွေထွေ ဇောနေပွားသဖြင့် အမောဖြေ နားခိုက်တွင် လူဘသိုက် အသိဟောင်းတို့မှာ အကြောင်းသင့်ဆိုက်လာလို့ ထိုက်လျောက်ရာစကား ထွေထွေ ရာရာ မနေသာလို့ သေအချာ ပြောကြားသည်မှာ.... ဒီလိုပါ ဖတို့ရယ် ကိုဒါသ လင်သူတော်နဲ့ တူနှစ်ဖော်လာကြတော့လမ်း အစ တဝက်လယ်မှာ ခက်စဖွယ် အရေးကြုံပုံက သန္ဒေင့်ဖွား ခိုက်တွင် မိုက်မှောင်လျက် လေတွေဆင် ရေအယဉ်ဖျန်းပက်လို့ ချမ်းလျက်နှင့် အသာကွေးသော်လဲး ဓမ္မတာသွေးနုနဲ့မို့ ခုလိုပုံဖြင့် ခက်တော့မယ် မီးယပ်သယ် ဒုက္ခများတော့မပေါ့တဲ့ ညည်းတွား ကာ လင်လူလှကာ ဘဝင်ဆူမျှ အခင်းပေွပြီးလျှင် ထင်းခွေသွား ပါသည်၊ အဲ့းဒါလို ထင်းခွေအသွားမှာ ဆိုးဝါးတဲ့ ကံဇာတာက နာမ်ခန္ဓာ ချွေထုတ်ကွာအောင် မြွေယုတ်မာ သူပေါက်လို့ လူ တယောက် တခါဆုံးတော့ သစ်ခက်တွေ အုပ်ဖုံးပြီး ပူလုံးနဲ့ နှစ်ယောက်သား နေက်ပါးက အသာပိုးပြီး ဂြိုဟ်ဆိုးမ လှမ်းခဲ့ တော့ လမ်းခရီးဝနေတခွင်မှာ ရေအယဉ်ရှေကဆီးနေလို့ မေ့သား

ကြီးလူကလေးရယ် ကမူဘေးထိပ်နားက စောင့်စားလို့နေရစ် မင်းညီချစ် ကမ်းတဖက်ကို ထမ်းရွက်လို့ အမေပို့ချေမကွဲ့လို့ သို့ကလိုမှာထားပြီး ပြန်အသွားမှာ ဉာဏ်များတဲ့ စွန်ယုတ်မာက ယူသုတ်ကာ ချီဆောင်သွားလို့ ယောင်မှားလျက် ဟစ်ကာအော် တကျော်ကျော် လက်ခုတ်တီး မေ့သားကြီး ထားခဲ့ဖို့ အားနွဲ့တဲ့ ရေထဲက မေခဲ့လို့ တောင်းပန်ပါသော်လဲ အကြောင်းကံ ဆန်းလှလို့ ကမ်းစကသားကြီးက ငါ့အပြီး အမေခေါ်သည်ဟု ရေပေါ်ဝယ်ခုန်ဆင်း၍ ဇလုပ်တွင်းဝဲစာမှာ အသဲနာလို့ ဆုံးခဲ့ရ တယ်ဖတို့ရယ်ဟု ငိုယိုကာ သနစ်စုံကို အဖြစ်ကုန်ချန်မထားပဲ ပြန်ကြား၍ ပြောဆိုလေသော်....။

ထိုအခါ လူတစုက အော်....ခလေးမရဲ့ ပူမှုတခါသိမ်းပေတော့ အစိမ်းသေ, မင်းအဖတို့မှာလဲ အခင်းမလှ အခြေဆိုက်ပုံက လေတိုက်လို့ မိုးမှောင်ဆင်တော့ ငလျင်ရိုက်ဟီးလို့ တိုက်ကြီးပြိုတော့ အဖိုးအို မင်းအဖေနဲ့ မွေးအမေ မင်းမောင်ကြီးတို့မှာ နောက်အပြီး ခန္ဓာစောင်းပြီး မရဏာကြောင်း မြန်ကြပေါ့ ရမ်းဆလို့ရှုပေတော့ ဟိုရှေ့ကမီးခိုးဟာ မင်းဆွေမျိုး အသုဘရဲ့မှုကိစ္စပဲလို့ ယုတ်တရက်ပြောခိုက်တွင် မနေသာနိုက် အလုံးဆို့ပြီး ပြုံးလိုပြုံး ရီလိုရီ တည်ကြည်ကြည် မျက်နှာပေး ငိုရှိုက်ကာ သူပြေးလို့ ခလေးတို့မှုယာ ဝတ်စားတွေ အကုန်ချွတ်ပါလို့ ဇွတ်တရွတ်သူသွား လူများက မြင်မတော်ခေါ်တဲ့ကာ ဆုံးမသော်လဲ နှလုံးက သွေးပျက်လို့ ခက်စရာအရူး....သွားလင်သေ မိဘဆုံးလို့မို့ ပူလုံးနှင့်ရူးခဲ့ရ ထူးလှတဲ့ ပဋ္ဌာမယ်မှာ တာတွယ်စရာအခန်းပြတ်လို့ လမ်းမတ်တတ် ကျောင်းသားတွေက ပေါင်း

အများ အစဉ်မလျှောက်အောင်မြင်မတော်တဲ့အရှုးမကို ခဲတွေနဲ့ ပေါက်တော့ကမှတောက်လျှောက်သူပြေး ဝိဟာရဇေတဝန် ပရမေတံခွန်မှာ ချွေအမွန်ပေးခိုက်တွင် ခမနေးဆိုက်လေသော်.... အိုချစ်သွီးပဋ္ဌာ လာခဲ့လော့.... သင်ချစ်သွီးရှိမ်းအပူကို ဆီးကူလို့ငါဘုရားကယ်တော်မူမည်ဟု အစိန္တေယျ, အစိန္တေယျ,အစိန္တေယျ, သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် ဗျာဒိတ်ကြားမိန့်လေလျှင် နှစ်သိမ့်စွာပီတိ သဒ္ဓာဟုန်အာရုံထိလျက် မချိသူမယ်ပဋ္ဌာမှာ နှစ်ဖြာဝယ် လက်ယှက်၍ ဦးထိပ်တင်မိုး ဝပ်လျှိုးကာ လာတော့ကမှ သုံးလူ့ဖ စောမြတ်စွာသည် မနောမာတ်မှာ ကြည်လင်အေးစေဖို့ ဓမ္မယဉ်ဆေး သြဝါဒကို ဟောပြတော်မူသည်မှာ။

မဟာသမုဒ္ဒေသု ဇလံ ပရိတ္တကံ၊
တတော ဗဟုံ အဿုဇလံ အနပ္ပကံ။
ဒုက္ခေ ဖုဋ္ဌဿ နရဿ သောစတော၊
ကိံ ကာရဏာ သောကဝသာ ပမဇ္ဇသိ။

ပဋ္ဌာစာရေ၊ သောကဆူပွက် ဝဲဂယက်တွင် နှဲးလျက်ပျော်မီး ပဋ္ဌာစာရီအမည်ရှိသော အို....ချစ်သွီး။ မဟာသမုဒ္ဒေသု၊ မြစ်ငယ်မြစ်ကြီး တဟီးဟီးနှင့် ယိုစီးကျဆင်း သမုဒ္ဒရာကြီးလေးစင်းတို့၌။ ဇလံ၊ ဂယက်ဆွဲးမှုတ် သဲးသဲးရုတ်မျှ ဝဲးဇလုတ်မွှေသမုဒ်ရေသည်။ ပရိတ္တကံ၊ အစောက်နံလျား ကျယ်ပြန့်ပွားလဲး စံထားဘိုရေး နည်းငယ်သေး၏။ သောစတော၊ ဖမိမျိုးဆွေ သေပျောက်ကြေ၍ ထွေထွေပူပြင်း ငိုရခြင်းကြောင့်။

ဒုက္ခေ၊ ရှင်လန်းမရှိ ပင်းပန်းယိ၍ မချိထန်ပြင်း ဆင်းရဲခြင်းနှင့်။ ဖုဋ္ဌသ၊ ကာသိကအောက် တွေ့ထိရောက်ရသော။ နရသ၊ ရဟတ်စကြာ ပုံဟန်ပန်သို့ စုန်ဆန်ပြေးလျှောက် သတ္တာတယောက်၏။ အသုံလံ၊ အမယ်လေး၊ အဖလေး တ,ကာ ဆွေး၍ ငိုကြွေး မီးတောက် မျက်ရည်ပေါက်သည်။ တတော၊ ထိုသမုဒ်လေးထွေရှိသောရေထက်။ အနံပွကံ၊ ဤရွှေဤမျှ ဂဏန်းချလည်း မရနိုင်ဘိတိုင်းမသိအောင်။ ဗဟံ၊ ယူဆားပုံပြု အကုန်စုက အထုပွားရှည် များလှလေပြီ.... ချစ်သီးပဋ္ဌာစာရီ။ ကိံကာရဏာ၊ မဆမတွေး ဘယ်အရေးကြောင့်။ သောကဝသာ၊ မောလှပင်ပန်း သောက၏အစွမ်းဖြင့်။ ပမဇ္ဇာသိ၊ ဆိုးကောင်းမလင်း ကျိုးကြောင်းကင်းအောင် လစ်ဟင်းသတိ ချွတ်ခြင်းရှိရပေသနည်း....ချစ်သီး။

အဲ ဤကဲ့သို့ တရားပြတော့ကမှ များလှတဲ့ဝေနေယျာနှင့် သွေ့မကွာပဋ္ဌာအရှုးမှာ ဓမ္မာအထူးမင်္ဂဉာဏ်နှင့် လောကခံ ဘဝ ရှုပ်ကို အစဖြုတ်ကာ စိတ်မူရည်ပြီးလျှင် ဘိက္ခုနီအခြေဆက် လို့မို့ တေဒဂ်ရလေသည်။ ထိုသို့လျှင် ပဋ္ဌာခင်ကို ဘဂဝါအရှင် ဟောပြသွားတဲ့ ဓမ္မာဇတရားအဝိဇ္ဇာကုံ စိတ်သဒ္ဓါတအာရုံဖြင့် ပဏာလှုံညွှတ်တွား၍ သူတော်စင် မင်းအများတို့က ရွတ်ပွား သရဇ္ဈာယ်နိုင်ကြပါစေသော်။

ပဋ္ဌာစာရီအမွှန်း ပြီး၏။

*********

# မင်းနန်းချွတ်ခန်း အမွှန်း

မင်္ဂလာအောင်မြေ တောင်မဟောမှာ သပြေကျွန်းမြတ် နေဝန်းထပ်လျက် ထွန်းလတ်ဖြာဖြာ အောင်ချာရဋ္ဌ ကပိလ ပြည်မဟာ၏ ရာဇာဥက္ကဋ္ဌ သမုတ်ပြကျမ်းဝင် နန်းစံသည့် သုဒ္ဓေါဒန နေဘုရင်သည် ရှင်ညီစီကုံး ပြည်လုံးကျေညာ သြဘာ ရိုက်ကြွေး သတင်းပေး၍ အရေးတော်စုံစီ ရွှေညီတသင်း မြား မြောင်စွာခန့်နှင်း၍ ခင်းကျင်းကာ စီမံလေသော် တွင်းအပြင် ခညောင်း မတ်သေနင် ဗိုလ်ထု အပေါင်းတို့က ကောင်းမြတ် သောနိမိတ်ထောက် မင်္ဂလာဘိသိက်မြှောက်လို၍ တယောက် ကညာ မယ်ကလျာကို မက္ခာရောင်လျှပ် နဝရတ် ကျောက်စိန် ကဲ့သို့ တောက်ထိန်သည့် သူ့မူယာ ကျင်ရုပ်ဝါအဆင်း ချိုအင်္ဂါ မယွင်းပဲ ကောင်းငါးဖြာ စပ်လျဉ်း ကပ်ချဉ်း၍ ဖက်မမှီ အလီလီ ဆင်မြန်းလျက် ညီမင်းနန် ရှုမခန်းတဲ့ တုမှန်းကာ ဖက်စုံနွှဲးရန်ဖို့ လက်ထပ်ပွဲးခံခြင်းငှာ ရာဇသခင် ပြည့်ရှင်သုဒ္ဓေါဒနက သားကြီး ဗုဒ္ဓင် ပြစ်တင်ရန် မရှိအောင် နိဂြောဓာရုံ ကျောင်းရွှေဘုံသို့ သော့မကြာ သွားပြီးလျှင် ဘုရားထံမှောက် ရွှေတော်ရောက် ဝပ်စင်းကပ်ချဉ်း၍ လျှောက်တင်သည်မှာ။

အစိန္တေယျ, အစိန္တေယျ, အပ္ပမေယျ, ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ တင်ပါ သည်ဘုရား ညီမင်းနန် နတ်မဟာနှင့် မယ်ဇနပဒကလျာကို မက္ခာအောင်ဖန်းဆင်၍ နန်းခွင် ဘုရင်မဟာက မင်္ဂလာပြုလို ကြောင်း ကောင်းမြတ်သောအခြေကို တသဲကိ အစိန္တေယျရယ်

ကပိလပြည် နဂရိဆွမ်းအလှူခံကြွပါဘုရားဟု လျှောက်ကြားလေသော်.... လောင်းဗုဒ္ဓမြတ်စွာသည် ကျောင်းတော်ကိုခွာလို့မို မင်္ဂလာလက်ထပ်နန်း ရွှေစကြာဖြန့်မြန်း ကြွလှမ်းလို့ရောက်သောခါဝယ် တရားတော်ဒေသနာကို သေချာစွာပြန်ကြား၍ မင်းနန်ညီဖွား ငါဘုရားနှင့် မိုးဖျားဝတိန့်ယံ နတ်တို့ထံသို့ ညီမင်းနန်ဆွမ်းခံလိုက်ခဲ့ပါဟု သိုက်မြိုက်စွာ ကိုယ်တော်က ခေါ်လိုက်သည့်အသံ ရင်တွင်းမှာ ဆို့အံ့ ရွှေလုံ့နှင့်ဆွသလို မလှသည့်သူ့ကိုယ်ရွှေမျက်နှာ ညိုဖက်လို့ ငိုမလို့, ရယ်မယောင် နောင်ဘုရား၏သူ့စကား ပယ်ရှားခြင်းငှာ မလွတ်သာ၍ နှစ်ကာဇွတ်မှိတ်၍ မြသပိတ် နောက်တော်က ထမ်းလို့မို့ တော် လွှမ်းလွှမ်းနဲ့ လှမ်းရချေတော့ စမ်းကျဖုံးမို ရှုံ့ကောလမ်း ချုံနွယ်တမ်းရှောက်မျောက်မဘာသာ ခုန်ကျော်ကူး မြူးတူးကာနေသည်ကို မြတ်ဗုဒ္ဓအရှင် မြင်တော်မူပြန်လျှင် ညီခင်မင်းနန် သက်နှံ့နှမ မယ်ဇနပဒနှင့် ဘယ်သူကလှသလဲး ဆကဲးတဲ့စကား ဘုရားကမေးလျှင်မကွာယင်နေရ မျောက်မနှင့်လူ ဇာတ်မတူတာကို ရှာရှာဖွေဖွေမြတ်ပရမေရယ် မေးလေသည့်အချက် အခံရခက်လိုက်ပါဘိ မချိဖူးညီတော်မှာ အားလျှော့ကာ ခွေညှိုးလို့ စိတ်ဆိုးလို့ မိုးပေါ်ကိုယ်တော်နှင့် မလိုက်ပါဖူး ယခုမနေ့လူ့ပြေမှာ သေသံလောက်နာကျင်၍ ခရီးစဉ်လမ်းတဝက် ထမ်းရွက်သည့် မြသပိတ်တော်ကို အသာအပ်လို့မို့ နန်းရပ်သို့ ပြန်မည်ကြံလေသော်။

ဘုန်းတော်ဘုရား ကြွကာသွား ထက်ဖျား မာရဇိန်တာဝတိန့်မှာ အမြန်ကြံဆောင် ဉာဏ်ရောင် ထွန်းတောက်ကိုယ်တော်ရောင်လျှင် ဝင်းဝင်းဝါဝါ ကညာတသီး နတ်သွီးအပျိုတို့က ဘုရားအလိုကို ကြိုမြော်ကာ သိနှင့်ကြသဖြင့်

ကိုမင်းနန် မောင်ဘုရားရယ်လို့ အပါးကိုတိုး ပုဆိုးကိုကိုင် ခေတ္တ ထိုင်ပါအုံး ပိုင်လောက်အောင် သူကတားလို့ ကွမ်းကိုစား ဆေးကိုသောက် ချစ်လောက်အောင်စကား ပိယဝါစာ မြွက်ကြားသဖြင့် မိုက်ပွားတဲ့မေတ္တာဟုန် သုံးဘုံသူ့ထိပ်ပန်က ပြန်ရအောင် ချစ်ညီဖွားရယ်ဟု သွားရအောင်ခေါ်လိုက်လျှင် မကြည့်မသာ ဘုရားနှင့်ညီမဟာ ဗိလာတော့ဖြစ်လို့မို့ ချစ်သူနှင့်လေ အတူမနေရခြင်းဒုက္ခ ညီတော်လှတထီးစံမှာ သည်းမခံနိုင်အောင် ရှိသည်ကို ဘုရားရှင်က သိမြင်တော်မူသဖြင့် ညီခင်မင်းနန် ပူပန်သောက ဗျာပါဒဖိစီး ရာဂမီးတောက်လောင်သည်ကို မျက်နှာပွင့်ဆေးဂါထာ ငါပေးမည်မှန်ပါ ပြန်လှန်ကာ ရွတ်လေဘိ "အတ္တိတ္ထမသိ ကာယေ ကေသာ" ပေါင်းသုံးဆဲ့နှစ်ဖြာကို ကညာနတ်ခင် ကောင်းကင်ထက်မိုး လက်ညှိုးထိုး၍ ကြိုးစားပါညီခင် သင်လိုက်သည့်မန္တန်ကျော် ကျောင်းတော်မှာ ညာမထောက် အာပေါက်အောင် ရွတ်ပါသော်လည်း နှောင်တော့ဂါထာ ဉုံမပါ၍ မလာရော့သလားဘုရား လျှောက်မည်ကြံသော်။

အတန်တန်ခြားနား၍ တရားတော်နက်သဘော ရက်ရော စွာထင်မြင် ဉာဏ်ပညာထိုးထွင်း အိုခြင်းတခါ နာခြင်းတလှဲ့ ခာတ်လေးဖြာနှောင်ဖွဲ့၍ ရောင့်ရဲတဲ့မန္တရား မမှားအောင် သရုပ်ပြလျက် ဗုဒ္ဓကဟောတော်မူသည်မှာ။

အဋ္ဌိန္နာရူပံ သံယုတ္တော၊
တစမံသာဝလေပနော။
ဆဝိယာ ကာယော ပဋိစ္ဆန္နော၊
ယထာဘူတံ နပဿတိ။

နှာရူပံ၊ ကွန်ယက်ပမာ မြွေးယှက်ဖြာသည့် ကိုးရာသော ကြောသေးကြောမတို့ဖြင့်။ သံယုတ္တော၊ ဝန်းကျင်လွှမ်းပတ် မလွဲးပြတ်အောင် တွဲးစပ်ကုံးသီ ရစ်ဖွဲ့ချည်အပ်သော။ တစမိ သာဝလေပနော၊ ရေထူရေပါး သွေးအသားတို့ဖြင့် လွှမ်းထား မွှမ်းမံ လိမ်းသုတ်ကျံအပ်သော။ အဠိ၊ ထင်းခြောက်သစ်သား အုတ်မြက်ဝါးနှင့် မခြားလုံးစုံ အရိုးပုံသည်။ ကာယော၊ လောကီ လူများ ပညတ်အားဖြင့် မှတ်သားစွဲးစို ခန္ဓာကိုယ် မည်၏။ တံကာယံ၊ တပ်မက်စရာ ဆံမြူလွှာမျှ ဖွေရှာမရ ထိုကာယကို။ ဆဝိယာ၊ ခြေပါခေါင်းဆုံး ခွာရှုလုံးမှ ယုတ်ဆုံးမကြွင်း ဇီလုံး ကင်းမျှ ပမာဏာသား အခရေပါးဖြင့်။ ပဋိစ္ဆန္နော၊ ထက်အောက် ကိုယ်လုံး ရစ်ကာဖုံးအပ်သည်ဖြစ်၍။ ယထာဘူတံ၊ အပေါင်း ပူတိ ကောင်းမရှိဟု အသိဉာဏ်ပိုင်း ဟုတ်မှန်တိုင်းကို။ နပဿတိ၊ နှိုက်နဲးတွင်းပြင် မသိနိုင်ကြလေ။

အန္တပူရော ဒရပူရော၊
ယကနပေဠဿ ဝတ္ထိနော။
ဟဒယဿ ပပ္ဖာသဿ၊
ဝက္ကဿ ပိဟကဿစ။

ကာယော၊ တွယ်တာကျိတ်ခဲး ချီးအုံ့အဲ့း၍ တပ်စွဲးတတ်ကြ ကိုယ်ကာယသည်။ အန္တပူရော၊ အတွင်းရှုပ်လိမ် ပုပ်မျိုးစိမ် သည့် အူသိမ်အူမတို့ဖြင့် ပြည့်၏။ ဥဒရပူရော၊ အနံ့မကောင်း ပုံ့ပုံ့လှောင်းသည့် အစာသစ် အစာဟောင်းတို့ဖြင့် ပြည့်၏။ ယကနပေဠဿစ၊ လကျါနံ့ဖက် ကသစ်ရွက်လို မြွေးယှက် တွဲးပြိုင် အသဲးစိုင်ဖြင့်ငင်း။ ဝတ္ထိနောစ၊ ဆူးပြားရေနှယ် နံ့မျိုး

ကြွယ်သည့် ရှုဖွယ်တခု ကျင်ငယ်စုဖြင့်ရင်း။ ဟာဒယဿ၊ ကြာပဒုံဖူး ရင်ညွန့်ဦး၌ သွေးထူးပျော်ပါး နှလုံးသားဖြင့်ရင်း။ ပပ္ဖာသဿ၊ အသည်းနှလုံး ရင်အုပ်ဖုံးသည့် သုံးဆဲ့နှစ်ခု အဆုတ်စုဖြင့်ရင်း။ ဝက္ကသဿ၊ နှလုံးပြွက်ဆိုင် သရက်ခိုင်လို ညှာပြိုင်ရစ်တွဲ အညှိုးခဲဖြင့်ရင်း။ ပိဟကဿ၊ လက်ဝဲနံဖက် သရက်ရွက်တွင် မည်းနက်သောအပြင်ဖြင့်ရင်း။ ပူရော၊ ညှိနံ့လှည့်ရှုံးကြည့်မဆုံးအောင် တဝမ်းလုံးပြည့်၍နေ၏။

သိင်္ဃာဏိကာယ ခေဠဿ၊
သေဒဿ မေဒဿ။
လောဟိတဿ လသိကာယ၊
ပိတ္တဿ ဝသာယ။

သိင်္ဃာနိကာယ၊ ဦးနှောက်မှဆင်း နှာညွန့်နှင်းသည့် ရှုမင်းဖွယ်နှ နှပ်အစုဖြင့်ရင်း။ ခေဠဿ၊ ပါးနှစ်ဖက်မှ လျှောသက်တွေတွေ တံထွေးရေဖြင့်ရင်း။ သေဒဿ၊ တကိုယ်လုံးရောက် မွေးညှင်းပေါက်မှ စီးလျှောက်ခြောင်းခြောင်း ချွေးအပေါင်းဖြင့်ရင်း။ မေဒဿ၊ စိစိညှိရွှဲ အဆီခဲဖြင့်ရင်း။ လောဟိတဿ၊ ကိုယ်လုံးနှံ့မှီ ချင်းချင်းနီမျှ နံညှီပုံလျှောင်း သွေးအပေါင်းဖြင့်ရင်း။ လသိကာယ၊ ရိုးဆက်ဆစ်ကြား လှည်းစားလားသို့ ရပ်သွားနိုင်ကြောင်း အစေးအပေါင်းဖြင့်ရင်း။ ပိတ္တဿ၊ မည်းညိုမသန့် ကိုယ်လုံးနှံ့လျက် ကြဲပြန့်ခိုအောင်း သည်းခြေအပေါင်းဖြင့်ရင်း။ ဝသာယ၊ ဖမိုးခြေဦး ထိပ်နဖူး၌ ကွန့်မြူးထွေထွေ ဆီကြည်

ရေဖြင့်ရှင်း။ ပူရော၊ ပုပ်ညှီနံ့ချွဲး သုမ်သင်ခဲ့အောင် မစဲးမရှေ့ အမြဲးပြေ့ ချော၏တကား။

ဤကိုယ်ကာယဟူသည် မတည်မဆိတ် သလိပ် ပြည်သွေး တံထွေးကျင်ငယ် ရှုံဖွယ်စက်ဆုပ် အကောင်ပုပ်ကို မုချညှိုးရန် အဖိုးမတန်ပြီ ကေနံ့တိတိ ညီတော်သိရှိမို့ အဝိဇ္ဇာသဘော ပိတ်ကာနှောင့်၍ တလောကီမှာ စောညီဖန်ဖန် မဆက်ဆံရ ဘဝ သံသရာဝဋ္ဋာကျောကို လွှတ်စွာဖြိုဖျက်၍ ညီခင်မှာ ဖိုလ်မဂ်သို့ ပိုတက်၍ ပန်ဆင်တော်မူရလေပြီ၊ ဤသို့သော ခြင်းအင်္ဂါကို သွင်းပညာသတိပြုလျက် သူတော်စင်မင်းတစုတို့က ဝဋ္ဋာဝ်မှု မာန်တကျောကို မြန်မကြာ လွှတ်ငြိမ်းကြရအောင် ဒွတ္တိံသ ကမ္မဋ္ဌာန်းကို စီးဖြန်း သရဇ္ဈာယ်တော် မူနိုင်ကြပါစေသော်။

မင်းနန်ချွတ်ခန်းအမွှန်း ပြီး၏။

---

# ဗန္ဓုလ-မဉ္ဇူရိကာ အမွှန်းသစ်

"သဗ္ဗဓမ္မဇာနန သိခလာတိ သဗ္ဗညူ" သဗ္ဗဓမ္မဇာနနသီလော၊ ခပ်သိမ်းဉာဏ် အလုံးစုံသော ဓမ္မသဘောကို တလဟော မြင်သိ အကျင့်တော်ရှိသဖြင့် လောကီဘုံတွင် သုံးလူ့ရှင်ဟု ခေါ်တွင်ထင်ရှား မြတ်ဘုရားသည် ပြည်ကားသာဝတ္ထိ သမိုင်းကမ္ပည်း နိုင်းဆိုမှီးရသည့် တိုင်းကြီးတွင်ဘိ.... ဂူနိဒ္ဒိယနယ်အဝှန်း လူမျိုးစုံပြွမ်း၍ မိုငြမ်းဘောဂ ကောသလ၏ ဒက္ခိဏမြေစွန် ဇေတမင်းသား အရင်းထားသည့် မည်ကား ခြေမွန် မြတ်ဇေတဝန်၌ ထူးချွန်ဂူရိယာ ပုထ်လေးဖြာဖြင့် မျကာကျင့်ထုံး သီတင်းသုံး စံနေတော်မူသောအခါ။

ပါဝါအနုပိယ တဝကုသိနာရုံ လုံးစုံကိုးမျိုး မလ္လာရှီးတို့၏ အားကိုးထားမှု ယုံကြည်ခြင်းပြုရသော ဗန္ဓုလ တက္ကသိုလ်ပြန်ကို ကနက်ဗဟိုစုံ မလ္လာမင်းရယ်က မပျက်ဆိုရန် မှန်တာ လင်းရမှာဖြင့် မလ္လာတသင်း အခြေအာဏာ ရှိလေအောင်လို့ သေနာပတိ အဆောင်အယောင်နှင့် ပြောင်ပြောင်သကတ်လင်းပြီးတော့ အပ်နှင်းလိုက်လေသတည်း။

ထိုရောအခါ ညီလာခံသဘင် နန်းယင်ပြင်၌ များဖြင့်သောင်းသောင်း မလ္လာပေါင်းတို့တွင် မကောင်းစိတ်ခတ် မနောကပ်ငြိ ခဲးမကြေ သဲးခြေရှိ၍ ဝိရောဓိဆန့်ကျင် ရောဇမလ္လာ မည်သညာဖြင့် ထင်စွာကျော်ကြား မင်းတပါးက မစဉ်းမစား အတွင်းသားဂူသာ အဘိဇ္ဈာသူလျှို ကြိတ်နှိပ်ကာ မျိုပြီးတော့၊ အလို...ဖော်ရွှေတသင်း အိုအချင်းတို့၊ အခင်းကြုံရှုကြ တက္ကသိုလ်

ပြန် နိဿယည်းခံခဲ့တဲ မင်းဗန္ဓုလကို အန္တုပဖို့အရေး စစ်သူကြီး သေချာဘိအောင်လို့ သေနာပတိပေးခဲ့ပြီ၊ မတွေးမတော သူပြော နှင့်မယုံပိုင် ဝါးတုတ်တုတ်ကို တအားထုတ်ပြီး ခါးခုတ်လို့ပြနိုင်မှ အခွင့်ဆိုင် ဤရာထူးနှင့် လျော်မည်လို့ ကြွေးကြော်ခြင်း ပြုလေ သတည်း။

မလ္လရောဇ၏အဆို တင်သွင်းခြင်းကို လူဗိုလ် တသင်းတို့ အငြင်းဖြစ်ပွား မဲဆန္ဒနှင့် ခွဲကြငြားသော်.... ရောဇစကား အတည်ပိုင်သဖြင့် မချိနိုင်တဲ့ဝါးလုံးခြောက်ဆယ်ကို အားလုံး အရောက်သယ်ကာ သံချောင်းလျှိုပြီး ဉာဏ်ပြောင်းအလို တကိန်း ဆင်လို့မို့ မတိမ်းပင်တအားထုတ်လျက် ဟောဒီဟောဒီ ဝါး တုတ်တုတ်တို့ကို အသွားမြုပ် ခါးခုတ်လို့ ပြတ်ကာမှ နတ်မာဃ စစ်သူ ပုဏ္ဏကယင်းလူကို ဘာတင်းကြူပုံမွေး မယွင်းမှုခန့်ပေးရ မည်ဟု ဟစ်ကြွေးကြော်ငြာ ရှိလတ်သောအခါတွင် မဟာဗန္ဓုလ လူစွမ်းရည်တကယ်ပြမည့် မာနထိပ်သီး စစ်သူကြီးသည် ရှစ်ဖြူ ထီးဝန်းရံ မလ္လာမင်း ရှေ့ထံတွင် ခါးဝင့်ဟန် တအားခုန်သဖြင့် သိကြားဘုံနယ်ပယ် အာကာသ မိုးလယ်မှာ ရှစ်ဆယ်အတောင် အမြင့်ဆောင်ပြီးကာမှ ဝါးစည်းနားကပ်လာလျက် ငါဟဲ့ဗန္ဓုလ အန္တုပသမျှ သတ္တာတွေကို ကမ္ဘာဝေအောင် ပျက်ကွဲးရပေလိမ့် လက်ထဲက သီလဝံခါးနှင့် ဒီအစဉ် ဝါးခြောက်ဆယ်လုံးကို ပျောက်ပြယ်ဆုံးလို့ မငြိကပ်စေပဲး တခါထဲးတိတိ ပြတ်ရမယ် ဟေ့....လို့ ကြုံးဝါးပြီးတော့ အလုံးထွားသည့် ဝါးခြောက် ဆယ်ကို ခါးမြှောက်ရွယ်ကာ ပကတိအားနှင့် တိသွားအောင် တကယ် ခုတ်ပါရော့တဲ့....။ တကယ်ခုတ်လို့ အများအဆုံး ဝါး တလုံး ခါးမတုံးခင်ပင် ချင်ချင်လို့မြည်သံကြားတော့ ဒီအသံ

ကား ဘာပါလိမ့်မတုံးလို့ အများအဆုံး ဝါးတလုံးသို့ မရောက်ခင် မားရှိန်းလို့ မြောက်တင်လိုက်တော့ကမှ မတရားသုံးတဲ့ အကောက်ကို မြင်ပါရော့တဲ့၊ အကောက်ဉာဏ်ဝင် ဖောက်ပြန်ချင်လို့ သလောက်သံတံကျင်လျှိုထားမှုကို နကိုယ်အားရှ တကယ် မြင်ရလျှင် အလွယ်ပင် ကိစ္စနီးလေရဲ့.... ဆွေမျိုးတွေ စိတ်ချပြီး တဆိတ်ကမှမညီး နကိုယ်အားဖြင့် ထိုဝါး ထိုဝါးတွေကို အပိုအားမဆောင်ပိုင်ပဲ အောင်နိုင်အောင် တိကာပြုတ်ကာမှ ငြိလာကပ် အများအဆုံး ဝါးတလုံး မားမတုံးပဲးကျန်ခဲ့ရ ဟန်မကျတဲ့ ငါဆွေမျိုး ပရိသတ်အလယ် ရှက်စဖွယ် အသရေညှိုးစေဖို့ ပြေကိုးတဲ့ ဗန္ဓုလမောင်ကို မာန်ခုအောင် တကယ် ပြုလေတော့ဟယ် ယခု တမျိုးလုံးသတ်မဟဲ့လို့ မားအသစ်ကိုတအားပစ်ကာ ထားရစ်ရာမှ အမှတ်မဲ့ကြုံးဝါးလိုက်ပါရောတဲ့။

ကြုံးဝါးပြီး အလျင်အမြန် မိခင်ဖခင်အထံသို့ ဒီအကြံကို တိုင်ပင်ပါသတဲ့၊ မိဖနှစ်ဖြာ မင်းမလ္လာတို့က ယင်း အကြံဟာ မလျော်ကြောင်းကို အကြိမ်ကြိမ် တောင်းပန်ကြသည်ကား ချစ်သားဗန္ဓုလ....နားနှစ်ဝပြီပြင်ကာ ကြည်လင်စွာ နာယူပါလော့၊ “ပဝေဏိ ရဇ္ဇနာမ တာတ ဣဒံန လဗ္ဘာ ဝေ ကာတုံ” တာတ၊ အမောင်လူလှ ဗန္ဓုလ။ ဣဒံ ပဝေဏိရဇ္ဇနာမ၊ ရှေးရိုးစဉ်လာ ဓမ္မတာဆင်းသက် ကနက်နန်းယံ ကြင့်နန်းပျံ့၍ စိုးစံသမှုဤသို့ မင်းပြုခြင်းကိုကား။ ဝေ်ကာတုံ၊ သတ်ဖြတ် ညှဉ်းဆဲအတွင်းဆွဲ၍ နန်းထဲးကော်ထုတ် ဒီလိုလုပ်ခြင်းငှာ။ နလဗ္ဘာ၊ ယခုမှဖြစ်တဲ့ စနစ်သစ်အထူးဟာမို့ မဖြစ်ဖူး မဖြစ်ဖူးမောင်ရေလို့ ရှောင်သွေ့ရန် တရားအစစ် ပြတော့ကမှ သားချစ်အလှ ဗန္ဓုလမောင်က အန္တ္တုဖို့တောင် စိတ်မကူးတော့ပဲး မဖြစ်ဖူး ဖေဖေ,

မေ့မေတို့....။ ဒီပြေမှာ ကျွန်ုပ်မနေပါရစေနဲ့ ပုဗ္ဗအစ တက္က သိုလ်မှာ မပျက်ညီစွာ မေတ္တာမျှခဲ့တဲ့ ချစ်သဟာယ စာသင် ဖော်....သဘောအကျ ပြောပြရမှာဖြင့် ကောသလဆိုတဲ့ ဘုရင် မော်နှင့် ထင်ပေါ်ပေါ် ပေါင်းသင်းပြီး အကြောင်းရင်း ဆို တော့မယ်လို့ ဆွေမျိုးနယ်စိတ်နာပြီး မလ္လိကာ လှမယားနှင့် ထွက်သွားရှာလေသတည်း။

ဗန္ဓုလဇနီးမောင်နှံတို့ မလ္လတိုင်းနိုင်ငံမှ ထွက်ခွာလာပြီးနောက် ဒုတိယမြောက်နေ့အခါ မြစ်မဟာနဒီ အစိရဝတီဟု တွင်ညီ ကမ်းစ လမ်းအကျဉ်း သံကိစ္စဗရာဟာမင်း စစ်ပွဲတွင် တင့်ရဲသည့် ရွာအစဉ်သို့ တခါဝင် ဆီးကြိုပါလို့ ခရီးလိုရာပြောပြတော့ကမှ ကောသလတိုင်းကျော်.... ရတနာတမွတ်ရှိ သာဝတ္ထိဘုရင်မော်၏ ထင်ပေါ်ပေါ် စခန်းပေါက်အောင် မြတ်နန်း အရောက်ပို့လိုက် လေသော်....ဘုရင်မော် ကောသလ ပသေနဒီ စောရာဇက သဘောတော်ကျလို့ တပြုံးပြုံး ငယ်ချစ်ဆွေ ကိုဗန္ဓုကြိုရန်မှု ညွှေ့ဝတ်သုံးလို့မို့ ပြည်လွှတ်ရုံးညီလာမှ သိဟာပျို စမုတ်ပလ္လင် ထက်ဆီက အဟုတ်တမင် သက်သက်တကြောင်း စာချွန်နှင့် အပေါင်းသဟာမွန် ဗန္ဓုလကို ရန်ပြုသမျှ အန္တုပဖို့အရေး စစ်သူကြီးအရာပေးပြီး ကြာမနှေး ခန့်ထားလိုက်လေသတည်း။

ကောသလတိုင်းအုပ် စစ်ဗိုလ်ချုပ်မှူး ရာထူးဂုဏ်အင် စုံလင် ပြည့်ဝ နှစ်တာရှည်ရှည်နှင့် အတည်နေထိုင် ကြရာတွင် မလ္လ တိုင်းဟူ ကုသိနာရုံသူဖြစ်၍ ရူပကာယဥပမိ ကောင်းခြင်းငါးဖြာ ရှိတဲ့ မလ္လိကာမြောက်သား မဟေသီနာမံ ဒေဝီခံတဲ့ ဗန္ဓုလ မိဖုရားမှာ သားကားမရှိ နတ္ထိသွီးဗလာ ဝဋ္ဋျသိမ်းခြုံမိန်းမမြုံ ဖြစ်လေတော့ လောကီဘုံ အဆင့်အတန်း အိမ်ထောင်ခန်းကိစ္စမှာ

သားမရ သွိမ်းမကြွယ်လျှင် အမျိုးနွယ်ဇာတ်ဆိုးလို့ တကပ်လုံး လူ့ဝေါဟာ ပြောစရာ အပြစ်မကင်းတာကြောင့် မလ္လိကာချစ် ယမင်းရယ်က ငယ်ချစ်လင် ပစ်ကွင်းပြီး ရပ်ရွာရင်းဌာနေသို့ မကြာနေ ပြန်လေအုံးတော့လို့ အချစ်ဆုံး ပစ်မမုန်းတဲ့ ဗန္ဓုမောင်က မာန်ခုမခနှောင် ကျင့်ဝတ်တရားရယ်နှင့် ခွင့်လွှတ်ထားလိုက်လေသော်.... မိဖုရား မလ္လိကာမှာ စိတ်သောက ပွေရှာလျက် နေမှသာထိုင်မခါ လင်တအား ထင်စားမိ၍ မျိုးညာတိ စွန့်ရှောင် တိုင်းပြည်ဘောင် ပစ်ခွာပြီး ချစ်ရနာလင်ရင်းနောက်သို့ ကောက်ကောက်ပါ လိုက်ခဲ့ရာမှ မိဝဋ္ဋ၂ာအမြုံမ ဥုံဖွလုံးမတတ်နိုင် ငေးမှိုင်ကာဘဝင်နုံးလျက် လင်တဘုန်း ကန်တော့ဆင်ပြီး တော့ သော့အလျှင် ထွက်ခဲ့ရလေသော်.... အော်.... ပူပုံပန်းနွမ်းယိုင်ငိုင် ထမိစွန့်တောင်ဆွဲပါလို့ လဲလူလူခွယိုင်လျက် ပြေ ခရိုင် သာဝတ္ထိက ကုသိနရွှေကြာငွန်းသို့ စိတ်မှန်းနှင့် ထွက်ရှိလာ ရာတွင် မလ္လာနှင့်ကောသလ ခရီးအဆမတူပါ ယူဇနာ အလျော် တွေးလိုက်တော့ အတော်ဖြင့် ဝေးသေးရဲ့.... အတော်ဝေးကွာ ရှိသည်ဟာမို့ တလှည့်လှည့်ကာ ပြန်ပြီး ဘုရားဖူးဖို့ဟာက မလွယ် လှပေဘူး ဒီနယ်ကမထွက်ခင် သဗ္ဗညုဘုရားရှင်ကို ဖူးမြင်ကာ ကန်တော့မယ်လို့ သော့မကြာတခန်း ဇေတဝန်မြနန်းသို့ တန်းတန်းမတ်မတ် လာလတ်သော်....။

နေပြည်တော်အထွက် တောင်ဖက်အစွန် ဇေတဝန်ဝိဟာ ကျောင်းတော်သာထင့် ထုပိကာဆွဲ လုံးတွေလဲး တချင်ချင် မြည်ဝဲလို့ ပုလဲးကတဆင့် ရွှဲကတင့်သနှင့် အထဲးကဖြင့် ရွှေနှင့်ငွေ မြသားဖော်လုပ် ပုလ္လားတော်ကန့်တဲ့မှာ ဝေါမုတ်နှင့် ဥဿဖယား အပေါ်စမုတ်များကတော့ လှပတ္တမြား ပြယိုးယားနှင့်

ဣန္ဒနီ စိန်စီလို့ ဝေညီပြောင် နေခြည်ရောင်ယှက်သန်းတော့ ထွက်မြန်းတဲ့ အလင်းဓာတ်ဟာကဖြင့် ဝင်းလျှပ်လျှပ်ရှိပါဘိတော့ တယ်....၊ ယင်းပြာသာဒ်၏ အောက်ခြေအဆင့်ဆင့် ဘုံနေမှာလဲ ဂုဏ်သရေ အဖြာဖြာရှိပါဘိ ရတနာအတိ မွမ်းမံချယ်ပုံက လူ့ ဘုံနယ် မမြင်စဖူးပါဘူး အသွင်ထူးတဲ့ နတ်ဝေဇယန်လို မြတ် ဇေတဝန် တကျောင်းလုံးမှာဖြင့် အကောင်းဆုံးဆိုတဲ့ တိုးနယား အလှမ်း ယိုးဒယားပန်းနှင့် ခြူးနွယ်ရုံ ဗူးနွယ်ပုံကလဲ ယှဉ်ကာ ဖက် သဇင်မြွာအခက်နှင့် ကျေးနင်းခွေ ဘေးချင်းအနေယှဉ်ကာ ပြိုင်လို့မို့ အကြင်ရတနာ အခိုင်အခိုင်က နဝရတ်ပန်းပြောက် မှန်ခန်းတပေါက်တပေါက်က ဝလာဟကပုလဲလုံး ဂဇာဝရ ပုလဲကုံးက မဟာရတနာ့ ရွှဲအဆုံးစီကာရံတော့ ဝဇီရာအလျှံ စိန်တောင်အတွင်းဆီက ထိန်ပြောင်လင်း အလှကြွက်သရေဟာ ကဖြင့် ကမ္ဘာတက်နေ ပုံယွင်းယိုင်အောင် ဂုဏ်ချင်းပြိုင်ရှိလေ ရော့သလား....၊ ဒုရင်မှန်ကင်း ပလ္လင်တွင်းက စိုင်ပေါင်စိန် တောင်နှင့် နတ်ဆော်တို့မှာ နဝရတ်တော်စီချယ်လို့မို့ ကြည်လျှံဖွယ် မနော့ခိုက်စေဖို့ ဇောစိုက်ကာ လူ့သူတို့ ရဲ့ပါပေ စွန့်ကြဲတဲ့ ကုသိုလ်ဟုန် အခုလိုပုံ ကျွန်ုပ် မြင်ရတော့ ရင်ဝမှာ ဆီထိဂွမ်း ကဲ့သို့ အော်....ပီတိတွေ လွှမ်းလိုက်ပါဘိတော့တယ်။

သန်းထိုက်တဲ့ လှေခါး ရွှေသားက လက်ရမ်းယှဉ် ငွေပြားလှ တဖက်တခြမ်းဆင်လျက် တက်လှမ်းလျှင် ပြေပြစ်ဖို့ လှေခါး ထစ်က ဣန္ဒနီသား စိန်စီတဲ့နယားက အဆင်းအတက် ပယင်း တကွက်တကွက်က ပွတ်လုံးတိုင် ညွတ်ကုံးဆိုင်တဲ့ ပတ္တမြားသွယ် တံခါးဝယ်က စီကာတန်း ညီညာတဲ့အခန်းမှာတော့ ရွှေတရုပ် ကပ် ငွေလုပ်ကလပ်နှင့် ပန်းသားထွင် ဆန်းပြားအင် ဣန္ဒနီကာလို့

စိန်ကတ္တီပါ ခန်းဆီးငွဲပြင် ကျမ်းသီးအပေါ်တင်က တော်ဝင်တဲ့ ကမ္ဗလာသင်္ဘင်း ရောမ ခေါ်မပြည်တွင်းက အထည်ရင်း သိန်းတန် တို့ကို ပိန်းကျံအောင် ဖြန့်ကာခင်းတော့ အလင်းဓာတ်ရောင်ခြည် ပြိုးပြိုးပြက် ဖိတ်ဖိတ်လည်လျက် နီတဲ့ခြည် ပြာတဲ့ခြည် ဝါနီစိုစို စိမ်းသလိုလို ပြာခိုမှောင်လို့ ကြာညိုရောင် ဖိတ်ဖိတ်လျှမ်းပြန် တော့ အော်....စိတ်ရွှင်လန်းစရာ ကောင်းပါတော့တယ်။ သုံးဘုံ နယ်အရှင် စံမတူ သယမ္ဘူသခင်၏ ဂုဏ်အင်ကြီးမား တန်ခိုး အားကို ကိုးစားယုံကြည် လူ့ဒါန်ပုံမသေး အနာထပိဏ် ရွှေ သူဌေး၏ လက်မနှေး ငွေသွန်ဆောက်လုပ်သည့် ဇေတဝန်သည် ပြေလွန်အောင် ကူးသန်း၍ အော် ထူးဆန်းပါပေစွဘကား....။ ဤသို့ညည်းတွားလျက် မိဖုရားမလ္လိကာသည် ကြံမိရာ စိတ် ဇောနှင့် ကသောကမော တလဟောလာပုံ ဘုရားရှင်အာရုံကို ပွားထုံကာမနိုင်နွေ့ဆပြီး အစိန္တေယျ အစိန္တေယျ အစိန္တေယျ အပ္ပမေယျ ကိုးဂုဏ်ရှင် သဗ္ဗညု သုံးလူ့သခင်ကို ကြည်လင်စွာ ဖူးသပရယ်လို့ ဦးချကန်တော့လေသော်.... ထိုရော်ကာလ ဘုရား ရှင် စောအရဟံက "ဇေတဝနံ ပဝိသိတွာ တထာဂတံ ဝန္ဒိတွာ ဌိတာကဟံ ဂစ္ဆသိ" ဇေတဝနံ၊ ဇေတဝန်ကျောင်းတော်သို့။ ပဝိသိတွာ၊ ဝင်ရောက်လာ၍။ တထာဂတံ၊ ဘုရားရှင်ကို။ ဝန္ဒိတွာ၊ ကန်တော့ရိုးကြိုး ရှိလျှင်ခိုး၍။ ဌိတာ၊ တည်ရှိလာသော မလ္လိကာမဟေသီ နန်းသူဒေဝီကို။ တွံ၊ သင်မိဖုရားသည်။ ကဟံ၊ စိတ်ဝယ်ရည်မှတ် ဘယ်အရပ်သို့။ ဂစ္ဆတိ၊ အဖော်မမိုးပဲ တကိုယ်ထီးသွားမလို့တုံး....လို့ ချိုပြုံးကြည်သာ ဘုရားရှင်က မေးတဲ့ခါမှာ တွေးတဲ့စရာမရှိ ရိုးရိုးကြီး လျှောက်တင်ဘိသည် ကား "သာမိကော မံဘန္တေ ကုလဃရံ ပေသေသိ" ဘန္တေ၊

ဘုန်းတော်သခင် အရှင်မြတ်ဘုရား။ သာမိကော၊ ဗန္ဓုလခေါ်
တွင် ငယ်ချစ်လင်က။ မံ၊ တပည့်တော်မကို။ ကုလဃရံ၊ ဆွေမျိုး
ညာတိ သားချင်းရှိအိမ်သို့။ ပေသေသိ၊ သားမရှိ နတ္ထိဗလာ
သွီးပါသိမ်းခြုံ မိန်းမမြုံမို့ လုံးစုံမသင့် သွားလေလင့်ဟု ခွင့်ပြု
မသေ့ လွှတ်စေလိုက်ပါသည်ဘုရား။ ။ဤသို့ လျှောက်ထား
သော မလ္လိကာစကားကို မြတ်ဘုရား ကြားတော်မူလေလျှင် အနာ
ဂတံသ ရွှေဉာဏ်တော်ဝင်၍ ဆင်ခြင်သုံးသပ်ဖြစ်လာသည့် ဂန္ဓဗ္ဗ
ဓာတ်နှင့် မိဖုရားမြတ်ကံ ထိုနှစ်တန်ကို ဝေဖန်ကြည့်ရှုလတ်သော်
ဆိတ်မခတ်မကြာမီ မလ္လိကာဒေဝီ၌ သန္ဓေတည်ဖို့အကြောင်းရင်း
သေ့မဖိသို့ ပေါင်းသင်းကြလျှင်ဖြင့် မနှောင်းမယွင်း သားရတော့
မည်ဟု ဒိဿဒဿိ အရှည်မြင်ငြား မြတ်ဘုရားက ထပ်ကြား၍
တဖန် "ယဒိ ဝေ ဂမနကိစ္စံ နတ္ထိ နိဝတ္တသု" ဒေဝီ၊ မလ္လာ
တိုင်းဖွား ရုပ်ရေထွားသည့် မိဖုရားမလ္လိကာ။ ယဒိဝေ၊ သားသွီး
မရ မြုံခြင်းကိစ္စကြောင့် လင်ကပစ်ပယ် မိဖနယ်ပြန်မယ်လို့
ကြံရွယ်စိတ်ထား အဲဒီလိုဖြစ်ခဲ့ငြားသော်။ ဂမနကိစ္စံ၊ သွားဖို့
တာဝန် ကိစ္စမှန်သည်။ နတ္ထိ၊ တစိုးတစိမျှ မရှိရပေဖူး။ နိဝတ္တသု၊
လင့်အိမ်ခန်းဝါ ရှိလေရာ မကြာအမြန် ပြန်သာပြန်ပေတော့
ချစ်သွီး....လို့ တခွန်းထိး ဘုရားစကားကြောင့် အများအပြား
စိတ်ချမ်းသာ စေဘာဂါပရမေ ထောမနာအရ ဩကာသ
ဝန္ဒနာ၍ လင်ရှိရာ အိမ်ဌာနသို့ တကြိမ်တခါပ အနေထူးရှိတာ
ကြောင့် ခြေဦးလှည့်ကာ ပြန်ခဲ့လေသတည်း။

လင်ဗန္ဓုလ မလ္လိကာ ချစ်မယားကို ထင်ရှားစွာ တွေ့ရ
လေသော် ပိယမလ္လိကော၊ အချစ်ဦးမှန်လှ မောင်ကြီးကြင်တဲ့
မလ္လိကာ အို နှမ....၊ ကိစ္စကားဘယ်လို အဘယ်လိုသဘော

အဘယ်သို့လောကြောင့် ထပ်ကြော့တဖန် အိမ်ဂေဟာသို့ ပြန်ခဲ့တုံဘိ အကြောင်းရှိကို ရမိသေချာ ရှင်းလင်းပါဟု ပုစ္ဆာအထွက် မေးမြန်းချက်ကြောင့် ချောညက်လှထွား မလ္လိကာ မိဖုရားကၤ အို အရှင်သားဗန္ဓုလ။ တဝ၊ သင်၏။ ဝစနံ၊ စေလွှတ်ခိုင်းထား ပြန်ကာသွားဟု မိန့်ထားချိချိ နှုတ်စကားကို ကြည်ညိုနာခံ မှတ်သားညာဏ်နှင့် သွားပြန်လေသော်....ဘုန်းမော်ဇိန မုနိန္ဒအား ဝပ်တွားကော်ရော် ဖူးမြော်မန်လျော့.... ဆံကေသာ ဖြေကာချ၍ ကျွန်တော်မ ကန်တော့လိုက်ရာတွင် ဘုရားရှင် ကိုယ်တော်မြတ်က အကြောင်းရပ် စုံလင် မေးသမျှ ဖြစ်အင်ကို ကုန်စင်အောင် လျှောက်ထားတော့ကမှ တခြယာက်အား ကျွန်တော်မကို ဘယ်ကိုမှ မသွားလေနှင့် မိန်းမသားအမြုံမှာ တကိန့်ကားကြုံပါလိမ့် သားတုံရတနာ လိုရှိရာကိစ္စ စိတ်ချ ဒိဋ္ဌပြည့်ဝမှာမို လှည့်ကြွလို့ အိမ်ဂေဟာ ပြန်လေတော့ မလ္လိကာရယ်လို့ အရဟံဇိနာ စကားအတွက်ကြောင့် တအား တက်လို့ ပြန်ခဲ့ကြောင်းကို ထပ်လောင်း၍ မြွက်ကြားလေသော်.... သိကြားလက်နက် ဝရ ဇိန်စက်သည် အရှိန်ထက်ပြင်းထန် တကြိမ်သက် မငြင်းဆံနိုင်အောင် ဟိမဝန္တာထွက်ဖျား ပြုတ်ပြုတ်ပြုန်း ပျက်ပြား၍ ကျောက်သားလဲ ကြေ ရေမြေလဲခန်းခြောက် လူအမြင် ခုပင် ပျောက်ရသကဲ့သို့ နောက်ထပ်လို့ တခါမပြန် ဘဂဝါ အရဟံ ထိုစကားဟာလဲ နှစ်ပါးအဒွန္ဒ ဆိုရိုးလဲမရှိကြပေဘူး တိတိဝဝ အသိဓမ္မညာဏ်တော်ရှင်ရဲ့ ကံမော်မြင်တဲ့ မိန့်စကား ဘယ်အခါမှ မှားရလေမလဲ....လို့ အားကြွတဲ့ ဗန္ဓုလလင်ရတနာမှာ ရွှင်သာစွာစိတ်ထားနှင့် မယားကိုလက်ခံ လေသတည်း။

မယားကိုလက်ခံပြီး ဆက်ဆံ၍ ပေါင်းသင်း လာရာတွင် မကြာမီအတွင်း မလ္လိကာကံရင်းကြောင့် နှုတ်ငုံခြင်းသန္ဓေစွဲတည်၍ လာလေသော် ဥပ္ပန္နေဒေါဟဠ ချင်ခြင်းဆိုတဲ့ ကိစ္စကလေး ဒိဋ္ဌဖြင့် ပေါ်လာ ဒီအာသာပယ်ဖျောက်ရေး ကြံမိတိုင်း စိတ်လေးသဖြင့် ခတ်အေးအေး နေခဲ့ရာဝယ် လင်ရတနာ မောင်ဘုရားက မိဖုရား ရဲ့ဖြစ်အင် အတွေးနှင့်မေးလိုက်လျှင် အို....သခင်ဗန္ဓုလ ကျွန်တော်မ ပဋိသန္ဓေ ချင်ခြင်းဖြင့် ဖွေလာပေါ့ သေရွာနှင့် နီးကပ်သဖြင့် ဆန္ဒဓာတ်ဖျောက်ရန် ဘယ်လိုများ ကြံမယ်လို့ ဉာဏ်ကြွယ်သူ အပိုင်လင်အား တိုင်ပင်တော်မူသောအခါ....မဟာဒေဝီ မလ္လိကာ မဟေသီရဲ့ ရွှေပြည်တော်နိုင်ငံအတွင်းမှာ ဗန္ဓုလဆိုတဲ့သတင်းကို အလျှင်းမျှ မကြားကြပေဘူးလား.... ငါကာ သေနာပတိ နယ် ဇမ္ဗူမှာ ရှယ်တူမရှိသည့် အလျောက် ထင်တိုင်းပေါက်တာမို့ မိုးအောက်မြေပြင် ငါတယောက်လင်ကို ဘာထင်လို့ မဖြစ်ရ မှာလဲ မလ္လိကာ မယားချစ် ချင်ခြင်းကိုသာ စကားလှစ်ပါ တော့ မိုခေတ်ကြွယ်ပြောင် လူစွမ်းဆောင်က အောင်မြင်စတမ်း မောင်လက်လှမ်းပြီး ဆင့်ကမ်းလို့ ဆက်မှာပေါ့လို့ သော့မကြာ မနှေးဆန္ဒဓာတ်ကို မေးလိုက်လျှင် ကြင်ယာဒေဝီ နန်းသူမဒီက ကြည်သာအေးမြ နှုတ်ခွန်းတော် သသည်မှာ ဒီလိုပါ မောင် ဘုရားရဲ့ ဟိုဝေသာလီတိုင်းခြားက လိစ္ဆဝီမင်းများရဲ့ ဦးဖျား ခတ်နှိပ် အဘိသိက်သွန်းလောင်း မင်္ဂလာ ကန်တော်ဟောင်းက ရေကောင်းကိုသောက်ချင် မယားအချစ်တအားနှစ်လို့ အားသစ် လှင်အောင် ကန်ပေါင်ကဆင်း အသရေ ဖြိုးရှင်အောင် နေမည်ဦး ခင် ရေချိုးရလျှင်ဖြင့် ကြည်လင်တဲ့ နှလုံးရင်း ချင်ခြင်းဓာတ်

ပြီးဆုံးကင်းလို့မို့ လင်ဘုန်းမင်းကိုစွ အေးရပေမှာပလို့ တခဏ အလျင် တယောက်မယားက လျှောက်ထားတင်လေသော်။

လင်ဗန္ဓုလ စိတ်အားတော်တက်ကြွလျက် သဟာယထာမခွန် ဗိုလ်တထောင်တင်ရတဲ့ လေးကျော်စုံကို အရေးတော်ပုံ အတွက် ကိုင်စွဲချက်ပြင်းထန် ရထားတော် နှင်ရန်ဖို့ မြင်းပုံအာဇာနည် နှစ်ကောင်တပ်ချီပြီးလျှင် မဟာသီမလ္လိကာ ချစ်မယားလှသူဇာနှင့် ပြည်သာဝတ္ထိ သမိုင်းအဆို တိုင်းတခိုမှာ မှိုင်ညိုစွာတိ ဝေသာ လိဟု လိစ္ဆဝီဌာနံ ပြည်နိုင်ငံသို့ အလျင်အမြန် ထွက်ခဲ့လေသော် အဆက်မပြတ် တောင်အထပ်ထပ်နှင့် မြောင်ရပ်စိမ့်သွင် အင်ကြင်းယင်းမှာ ငုဝါခီစပ် ဒဟပ်တောရှောက် ပိတောက်ချင်းယား ပဲ့ပြားသင်းဝင် သမင်စာဖြူ မအူပြင်းထိမ် လွန်လိန်ဖက်သန်း တောပန်းအမျိုးမျိုး ဆောင်းမိုးနွေလ လိုတိုင်းရ၍ ပန်းမ ပန်းနု ပန်းဥပန်းရင်း လေးညှင်းရှိန်းခို ဇာဒိပ္ပိုလ်က နွယ်ချိုနွတ်ပုပ် ကန့်ချုတ်ထူးဆန်း နွယ်ငန်းနွယ်စုန်း ထိကရုန်းမှ ဟုန်းမင်းခိရပ် ဖားပြုပ်ဆုပ်ဆိုင်း နှမ်းရိုင်းငမွဲ့ ပန်းလဲ့ဟာနုမ့်န် မြက်ကြက်သွန် လည်း တံခွန်ရေစ အနန္တနှင့် သိကြားရေစင် တစင်ရွှေထီး ဆိမ်းတောက်ဖြူ ဝံအူသင်းအို ပန်းမှောက်ခုံမှ ဖရုံစပ်ခါး အိမ်ဒေါ်ယားလျှင် များဖြင်နုကြမ်း ဆေးမျိုး ပြွမ်းလျက် ကျောက်စမ်းတဖက် ဂျွမ်းထိုးငှက်နှင့် စိကြွက်ရေရွှတ် တိတိ တွတ်ပြင် ပြွတ်လည်းဖိုမ များလှသောင်းသောင်း ငှက်ခါး ပေါင်းဝတ် သပိတ်လွယ်လည်း ရယ်လျက်စကား ထိုးဝိုင်း တာကို ငှက်ဝါရစ်ဝဲ ဝမ်းပဲ့ချစ်လျက် ငဟစ်သံလွင် လွန်း ကြင်တောက်တော ရွှေဥဩလည်း သာမှောကြေကွဲ့ ဆွေ့ညီး တယူ ခိုနှင့်ပူတို ညည်းညူကမ်းယံ ဖျံလည်းရေငုပ် ခင်ပုပ်

ငှက်ဆိုး လင်ကောင်ပိုးလည်း တီးတိုးမြည်တွန် ဟောမဝန် အသွင်.... ချောင်းမြောင်းမြစ်မ အထစ်ထစ်အဝဝတို့ကို အရစ်ကျ ဝင်ပြီးမှ ပစွင်းရင်းတား မုခ်တံခါးနှင့် ထုတ်တားသူရဲခို ရေညိုရစ်ဖုံး ကျုံးလည်းသုံးတန် မြို့ရိုးခံတပ် အထပ်ထပ်တို့ဖြင့် ပတ်ပတ်ဝန်းရံတဲ့ ဝေသာလီ တိုင်းနိုင်ငံအတွင်းသို့ ကပ်ချဉ်း ရောက်ရှိလာသောအခါ.... ဝေသာလီ ထီးဆောင်း လိစ္ဆဝီ အပေါင်းတို့၏ ဦးခေါင်းညွှတ်ရာ မဟာလိမင်းရာဇာကား နှစ် ဖြာစက္ခု အလင်းမရှုမှကျောင့် တခုသောမြို့တံခါး ပတ်ဝန်းကျင် အနီးအပါးမှာ ထီးထားကျိုင်းမြောင်လျက် နန်းဆောင်တခုနှင့် စံနေခြင်း ပြုတော်မူလေသတည်း။ ။ထိုရော်အခါ ဗန္ဓုလ မင်းမဟာ၏ စီးတော်သာ ရထားသည် မင်းဘုရားကြီး မဟာလိ စံမြန်းတော်မူတိသည့် မြို့တံခါးက တံခါးခုံတိုက်ငြား၍ မြင်း အားနှင့်ဝင်လေရာ အပေါင်းဆွေဘယက် ကျောင်းနေဖက် ဗန္ဓုလ၏ ရန်ပြုငှာအလား ရထားသံကြားရတော့ မင်းသားစုံညီ လိစ္ဆဝီတို့ မသွေဖီယနေ့ ဘေးစုံ အရေးကြုံ တွေ့တော့မည်ဟု အောက်မေ့၍တစေ ဆင်ခြင်ကာ နေလေတော့သတည်း။

လိစ္ဆဝီမင်းတို့၏ အဘိသိက် သွန်းလောင်း ရေကောင်း ဘည်ရာ မင်္ဂလာကန်တော်မှာကား သံကွန်ချာ အထပ်ထပ် ငှက်ကပ်ဖို့မမြင် ဝင်ဖို့တော့ ဇဝးသေးရှဲ ဘေးပတ်ပတ်လည် စန္ဒရီ အစောင့်အရှောက်တွေကလေး နှစ်ယောက်တတွဲ သုံးယောက် တတွဲနှင့် မန်းဖူးမြားမြောင် ရာထောင်မက လက်နက်စွဲကိုင် ဝေယန်ပိုင်ငြား ရှင်သိကြား၏ စစ်သားကုမ္ဘဏ္ဍတို့ကဲ့သို့ ကြုံပြန်ရ ဘေးအပေါင်းတို့ကို ထောင်းထောင်း ကြိတ်ချေ မာန်ဟုန် တင်းကြွ မင်းလိန်၏ ဝန်းခရခြွေ စောင့်ရှောက်နေရှိလတ်

ရာတွင် မဟာဗန္ဓုလ စစ်သူကြီးဉာဏ်နှလုံးက ရန်အထုအထေ ရှိသော အဘိသိက်မင်္ဂလာကန်တော်သို့ အမြန်ရွှေ့ရွှေ့ မယားအတွက် ရထားဆက်၍ သွားလျက် ပြုပြီးတော့ကမှ စစ်သားထေဗိုလ်ပုံကို လက်နက်ဟန့်တအားဆင့်လို့မို ခါးဝင့်လို့ထိုးကာခုတ်နောက်ဆုတ်လို့ပျံ့ကြဲ ဖရိုဖရဲဖြစ်ကာမှ ဖြန့်ဝဲလို့ကာဆီးသံကွန်ချာအထပ်ကြီးကို ကပ်လိုးပြီးဆွဲခွာ မလ္လိကာ သဘောကျရေချိုးကာ မနောကြွလျက် သောက်ချလို့ မျိုလိုမျို စိတ်အလိုရောင့်ရဲမှ လက်ဆွဲးကာ ရထားတက်ပြီး ခါးတလက်လက်ဝင့်ကာဝင့်ကာနှင့် မြင့်အဇတာတုံဖျားက နေရထားသွားသလိုမနားသွင်သွင် မြင်းမြတ်ကိုနှင်လျက် တိုင်းပြည်ခွင်ကောသလသို့တလဟောပ စိုင်းခဲ့လေသတည်း။

ဗန္ဓုလရန်ဘေးကြောင့် ထွက်ပြေးနေကြကုန်သော မင်္ဂလာကန်တော်စောင့်တို့သည် မထောက်မကွယ် လိစ္ဆဝီမင်းအလယ်သို့မယွင်းတကယ် လျှောက်ထားကြကုန်သဖြင့် တယောက်အားမကျန် ကောခအေသီးသီး ဒေါသမီးဆန်ကြ၍ မလ္လိကာမိဖုရားနှင့် စစ်သားကြီးဗန္ဓုလကို အန္တုပကာ အသေသတ်မယ်လို့ရွှေပြာသာဒ်နန်းဆီက လိစ္ဆဝီငါးရာ ရထားထက် စီးကာဖြင့်မင်းရာဇာမဟာလိအား လျှောက်ထားတိလေသော် မဟာလိနောင်ရာဇာက လိစ္ဆဝီညီရင်းချာတို့အား ဒီသတင်းသာအမှန်ဆိုရလျှင် ရန်မလိုကြလေနှင့် ညီတော်တို့....ပြည်ကျော်တဲ့ဗန္ဓုလငါနှင့်စာသင်ဖက် သူ့စွမ်းရည်ထက်ထက်ကို မပျက်ဒိဋ္ဌ သိရတာလဲအမှန်မို့ ဒီရန်ကိုနောက်ဆုတ်ပြီး ကြောက်ရွတ်ရွတ် ရှိပါစေဟု မိန့်ခြွေစကား မြွက်ကာကြားတဲ့အခါ....။ ရာဇဂုဏ်မာန်လွန်ပြင်းထန်၍ မခံလိုပြီ မင်းလိစ္ဆဝီတို့သည် အတင်းကြွတ်မည်

မာန်မလျှော့သောကြောင့် ဉာဏ်တော်အမြင် မဟာလိအရှင်က ညီခင်အများ ငါ့ချစ်သားတို့—တားမရလိုက်လေသော် ပြေကျော် ဗန္ဓုု စီးကာပြုတဲ့ ရထားနှယာဉ် ဘီးတဖက်လွန် ပဒေါင်းစွန်သို့ နစ်ကျွံရှိလျှင် ပြန်လှဲ့ရစ်လော့ ထိုပြင်မရပ် နောက်ထပ်တဖန် လိုက်ကြပြန်မူ မြည်သံမိုးကြိုး ဒိမ်းဒိမ်းတိုးက လမ်းရိုးနောက် ကြောင်း ပြန်လာကောင်း၏။ မပြောင်းစိတ်ဓာတ် နောက်ပြန် ထပ်သော် မျှားလတ်ရထား ငါးရာအားတို့ ရှေကားနောက်ယှဉ် တစီးအသွင် အပြီးထင်သော် ခရီးလျှင်မဆက် တိုင်းရင်းဖက်သို့ မပျက်လျှင်ပ ပြန်လာကြဟု သုံးဝသုံးတန် စကားနိမိတ် တရား ရိပ်နှင့် မျှားမိတ်နန်းရံ လိစ္ဆဝီ ညီရင်းမှန်တို့အား အတည်သွင်း ရန် သတိကြီးစေဖို့ အသိနည်း ပေးလိုက်လေသတည်း။

ထိုအခါ ဝေသာလီပြည် အားလုံးမှာ အုံးအုံး ဆူပွက် ကြွက်ကြွက်ညိုးညံ့ ရထားသံ မြားသံ ဓားသံ လက်နက်သံတို့ဖြင့် မိုးယံက ထစ်ချုန်း လျှပ်စစ်ငွေ့ဖုံးသို့ ချိမ့်အုံးမြည်သံ ဝေရမ္ဘာ ဝါတာ ကမ္ဘာလေသုတ်တော့ အမြစ်ပါပြုတ်တဲ့ မြင့်မိုရ်ဟန်လို ပဲ့ဘင်ညံပြိုကွဲး နန်းထဲက ထွက်သူထွက် မြို့ဘက်က မောင်းသူ မောင်း ဖုံထောင်းထောင်းမှုန်ဝေဝေ မှိုင်းခိုးတွေစွေ့သလို ဖမ်း ကြပေ ဆီးကြဟဲ့လို့ တကဲ့ဟိတ်ထုတ် ရထားအစဉ် တအား နှင်၍ သုတ်ကြလေသော်.... လုရုပ်မှုယာ မလ္လိကာမိဖုရားက လင် တော်မောင် တယောက်သားကို ကြောက်အားနှင့် ပြောသည် မှာ—မောင်ဘုရား.... မောင်ဘုရားရဲ့ နောက်ပါးက ရထားသံ ဆူညံလို့နေပါပေါ့ အသော့အလျင် အာဇာနည်မြင်းပျံကို နှင်း ကန်လို့နှင်ကာမှ ဒီပြည်ခွင်တိုင်းတမွတ်က လွတ်ပါလိမ့်မည်ဟု နှုတ်ဝစီမြွက်ကြား၍ လျှောက်ထားလိုက်လေလျှင် ဗန္ဓုုလ မောင်

တော်လင်က ပူပင်သောက စိတ်အတွင်းက ရှင်းပလော့ ဘာမှမကြောက်လေနှင့် နောက်က ရထားအားလုံးကုန်အစဉ် တစီးထဲးထင်ခဲ့လျှင် တင်မိအောင်တင်လေဟု နှုတ်ချေကာ မဆုတ်ဆိုင်းပဲး ရထားကိုသာ အတွင်စိုင်းခဲ့လေသတည်း။

လိစ္ဆဝီမင်းအများတို့လဲး မစဉ်းမစားပဲးနှင့် အတင်းအားရထားကိုနှင် ငါးရာသောအစီအစဉ်တို့ဟာ လမ်းကြောင်းမှာတစီးထဲးထင်ပါရော့တဲ့။ အဲဒါလို တစီးထဲးအသွင် အဖြောင့်အားထင်တော့ကမှ လင်ဗန္ဓုလ စစ်သူကြီးမင်းဉာဏ်ကို လင်းပြန်ဟ လျှောက်တင်သည်ကား— မောင်မောင်ဘုရားရှဲ နောက်ပါးက ရထားအဆူဆူဟာကဖြင့် အလျားတူ အကျယ်မလှမ်းပဲးတကယ်တန်းလို့ နေပါပြီ ဝေသာလီ နယ်အတွင်းကလဲ တကယ်မယွင်း လွတ်ကင်းလို့ လာခဲ့ပေါ့လို့ အသော့အလျင် လျှောက်တင်လိုက်တော့။ လင်ဗန္ဓုမောင်က ကိုင်ဆောင်တဲ့မြင်းကြိုးကို မလွှကာဖက်တီးလိုမှိ ရိုးရိုးအကိုင်ခိုင်းပြီး စိုင်းမြဲးတိုင်း စိုင်းခဲ့လေရာ။ သေနင်္ဂါစစ်ပွဲး ဗိုလ်ဘထောင်ဆင်နွဲးမှ တင်မြဲးသည့်လေးကျော်ကို အရေးပေါ်တခါထုတ်ပြီး ခြေကုတ်၍တင်လေသော် မြေပေါ်ကရထားဘီး သွက်သွက်ခါတုန်ဟီးပြီး မြေကြီးမှာထွန်ရစ်သလိုပဒေါင်းတိုင် ကျုံနှစ်သတဲ့ လွန်ကျစ်တဲ့ လေးညှိုးကိုလဲး လက်ဖျားနှင့်တိုလိုက်တော့ မိုးညို့လို့မှိန်မှောင် တိမ်တောင်ချင်းအခွပ်မိုးကြိုးသံလွှတ်သကဲ့သို့ တတွတ်တုတ်မြည်ဟိန်းလေသတဲ့ ဒီကိန်းနှင့်မရသေး ရထားငါးရာ တစီးပမာလို ရှေ့လာနောက်ပြေးအဖြောင့်ပေးလဲး နောင်ရေးမငဲ့ ဤနည်းသုံးတန် မဟာလိသတိဉာဏ်ကို ဖိဆန်နှင်းခဲ့ မလိုက်နာခဲ့ပဲး တဲ့တဲ့ကြီး မာန်ခုကြ

လေသော် ဗန္ဓုလပြည်ကျော်က လေးတော် အသာချိန်လျက် မဟာဝရဇိန် လက်နက်စွမ်းကဲ့သို့ လက်တဲ့မှန်း ပစ်ချလိုက်လေသတည်း။

တကြိမ်ဘည်းနှင့် အရှိန်ကြီးလက်နက် ဝရဇိန်မြားသွား အဟုန်ဖြင့်လား၍ ရထားစီးလျက် မင်းများထက်ဝယ် ဖောက်ထွက်ရင်ဝ ငါးအမျိုးမျိုး တံစိုထိုးသို့ အကျိုးရသော် ကောခထောင်းထောင်း ဒေါသကြောင်းကြောင့် မောဟပေါင်းယှဉ် မြားမှန်သည့်အချက် မသိတွက်နှင့် ဇိတက်ချင်ချင် ဟေ ပတ်ဝန်းကျင်စောင့်ထား လူအများတို့ စစ်သားဗန္ဓုလကို အန္တုကြ သတ်ကြ ပုတ်ကြလို့ နူတ်က တကြော်ကြော် အော်ဟစ်ကြလေသော် ပြည့်ကျော်တဲ့စစ်ဘုရင် ဗန္ဓုလအားအရှင်က စကားတင်ချိုချို မိန့်ဟလို့ဆိုသည်မှာ။ အလို–လိစ္ဆဝီအသုဘာ အပုပ်ကောင်ရုပ်ဆောင်ပုံကြတဲ့ ဇောကုဏ္ဍလူအပေါင်း သင်တို့လို မသာလောင်းတို့နှင့် ငါကောင်းတဲ့လူအရှင် စကားဆက်ပြင်၍ ဖက်ယှဉ်ကာ မဆိုစကောင်းဟု တိုတောင်းစွာ ပြောကြားတဲ့ပြင် ငါ့စကားပင် မယုံသေးက ရှေ့ပြေးနောက်လိုက် အစနှင့်အဆုံး ရထားလုံးနှစ်စီး သူရဲကြီးသမိုက် စစ်တိုက်ကျွမ်းကျင် ဗိုလ်နှစ်ဦး၏ ဆန်းထူးပြင်ဆင် ရင်တွင်စည်းလာ ပုဝါကို ဟကာ ဖြေလျှော့က သော့မကြာတခန်း မနေသာသေရွာသို့မြန်းမည်မို့ စမ်းစမ်းတော့ ယခုထွေအရာ ချွဲဝစနာပြုတော့ကမှ ဗန္ဓုလ စကားပြန်ကို မမှားအမှန် တကယ်သိရတော့ ရထားပြန်ကာ လှည့်လို့မို့ ဝေသာလီနိုင်ငံ ဖမိတို့နေရင်း၌ာန်မှာ သေမင်းစံ တလွန်နန်းသို့ တပြုံတည်း ကြွမြန်းတော်မူကြရရှာလေသတည်း။

ဗန္ဓုလနှင့် မလ္လိကာ ဇနီးမောင်နှံတို့ရထားပျံစီးနင်း၍ ခရီးပြင်းလာခဲ့ရာ ပြည်သာ၀တ္ထိ ကောသလမင်း ပျော်စံခင်းသို့ ကပ်ချဉ်းမိလို့ ရှင်သည့်နှလုံး ပျော်တပြုံးပြုံးနှင့် နှစ်ဆုံးတိုင် နေခဲ့ရာ၀ယ် မလ္လိကာ ရွှေအိမ် ရှေးကုသိုလ် ကံရှိန်ကြောင့် ဆဲ့ခြောက်ကြိမ်တိုင်တိုင် သားနှစ်စုံ သားနှစ်စုံဖြင့် ဖွားတုံ မြိုင်မြိုင် ပုလဲဆိုင်ငွေလားသို့ သုံးဆဲ့နှစ်ပါးသော သားရတနာ တို့ကို ဖွားကာပြီးခါမှ အရွယ်ရောက်သော် တယောက်မကျန် သိပ္ပံအတတ် တဖက်ကမ်း ခတ်ကြသဖြင့် နန်းရပ် ကောသလ စစ်ဗျူဟာရင်းဌာနဥ္စ ပါကဋ္ဌကျော်မော်–သုံးဆဲ့နှစ်ဖြာ နောက်ပါအပေါင်း အပော်တွေကလဲ သုံးသောင်းနှစ်ထောင် ကျော်သတဲ့ ပျော်စရာ့သတင်း ဗန္ဓုလအခြေရင်းတို့ကြောင့် ပြေတွင်းက ရှေးလူ တံစိုးစားနေကြ ၀ိနိစ္ဆယတရား သူတို့ကလဲ မကြည်ဖြူ ဂုံးချော ဗန္ဓုလတဂိုဏ်းထောင် ပြည်ဘောင် လုလိမ့်ပကောရယ်လို့ ကောသလဘုရင်အရောက် နား၀င်အောင် တင်လျှောက်ကြတော့ စည်းဖောက်တဲ့ ဘုရင်မော်လဲ အမြင်အမြော်နဲ့ပါ။ အမတ်မကောင်းတို့ ထပ်လောင်းတဲ့ ဉာဏ်လှည့်စကားကြောင့် မလ္လိကာ သားသုံးကျိပ်နှစ်ယောက် ဗန္ဓုလပါ ရောလှော်က်၍ တောတလျှောက် နယ်တခွင်မှာ သူပုန်ပင် ထနေကြောင်းကို မကောင်း ဉာဏ်ဆွယ်ပရိယာယ် ၀ေ၀ှစ်သုံးပြီးတော့ ကိစ္စတုံး အကြောင်းရပ်ဖြင့် အလောင်းချင်းထပ်အောင် ခေါင်းဖြတ်လို့ စီရင်လိုက်ကြလေသတည်း။

ထိုအခါ မလ္လိကာသည် လင်နှင့်သားချစ် စစ်သူကြီးအဖြစ်မှ လူ့ခေတ်နယ်ကျုံ တမလွန်ပြောင်းရွှေ့ ထိုသည်နေ့၌ မိုက်ငွေ့ ရယည်ဥ် သန့်စင်သုံးဆောင် ဘုန်းခေါင်အဂ္ဂ သာ၀ကနှစ်ဆူ

အစမှု၍ များဟူသံဃာ ထေရ်ငါးရာတို့အား သဒ္ဓါရှင်လန်း ပီတိဟုန်လွှမ်းလျက် မြတ်ဆွမ်းကပ်လှူ ရှိနေခါမူ ထွက်ပြူနေမင်း အရောင်လင်းစ ခါသမယကပင် စာရလွှ ဆင်ခြင်လိုက်တော့ လင်နှင့်သားအားလုံး ပြုတ်ပြုတ်ကယ်ပြုန်းလေပေါ့ နှလုံးထိခိုက် တိမ်းကာမိုက်လည်း စရိုက် ပြုပြင်ဟန် ဣန္ဒြေဆယ်တင်လျက် သမ္ပဇဉ်စိတ်ထား အသဘာစာသွားကို သူတပါး မသိစေပဲ ကိုယ်ဝယ်ဆင်ရင်း အင်္ကျီအတွင်းသို့ သွတ်သွင်း ထည့်ထားလိုက်ပြီးသော်.... ထိုရော်နေ့အား နှစ်ပါးသာဝက် အဂ္ဂထေရ်ပံ့ ရှင်မောဂ္ဂလ္လာန်နှင့် လကျ်ာရံမဟာ အရှင်သာရိပုတြာမှ စ၍များစွာ ငါးရာသော သံဃာတို့ကို ရသာထူးမြတ် ဆွမ်းလှူကပ်လျက် သဒ္ဓါဓာတ်မွေးမြူ ကြည်ဖြူရွှင်လန်း စိတ်မနွမ်းအောင် ကြိုးပမ်းအားပြုဆဲအခါ ခိုင်းစေရာကျွန်မက ထောပတ်အိုး ချီမလျက် မထေရ်များကပ်ရန် ချောင်အတွင်းက ဆောင်ကြဉ်း၍ လာခဲ့ပြန်သော်– သတိဉာဏ်ချွတ်ယွင်း မတော်ခြင်း ကိစ္စကြောင့် လက်ကယူဆဲ ထောပတ်အိုးလှ မြေဝယ်ကျ၍ ကွဲပါရောတဲ့။ ထောပတ်အိုးကွဲကာ မျက်နှာမလှ ထိုကျွန်မကား သောကဆင့်ဖို ငိုမလိုလိုဖြင့် ထိုထိုဉာဉ် ကြံစည်စိတ်အိုက် ရှိနေခိုက်တွင် မကိုဋ္ဌသံဃာ အရှင်သာရိပုတြာက မလ္လိကာမိဖုယား အမျက်တော် မပွားစေပို တရားနှင့်ချိန်ဆလျက် "ဘေဒနဓမ္မံ ဘိန္နံ နစိန္တိတဗ္ဗံ" ဘေဒနဓမ္မံ၊ ပျက်စီးခြင်းသဘောသည် ပျက်စီးဘို့သာ ရှေ့ရှုပါ၏ ကြံစည်ကာတွေးတော ဉာဉ်သဘောကို နှမျောစရာ မရှုပါနှင့် ဓမ္မဘာကိစ္စ ကွဲကြဖို့ပို့ အလုံးစုံလည်း ဉာဉ်ပုံဉာဉ်နည်း ဖြစ်တတ်သတည်းဟု တားဆီးလို့ငှာ ဟောပြပါသော်.... မလ္လိကာမိဖုယားက အရှင်ဘုရား ဓမ္မသေနာပတိ.... တပည့်တော်မ စိတ်

သောကကို တားရစေလို ဟောပြဆိုလည်း နကိုယ်စိတ်ရင်း ကပင် နှလုံးသွင်း မိမိရရရှိပါသည်။ ဤမည်သော ထေ၀ပတ် အိုးစောင်းထိုးလွတ်ကျ မြေ၀ယ်ခ၍ ဘေဒနအစွဲး အကွဲးကြီး ကွဲးသော်လဲး မပြဲးတဲ့သဘော မျောမျောကြီးတပည့်မ သိရှိရ၍ သောကတတန် ပူပန်ကင်းဝေး စိတ်ထားဖြင့် အေးလေရဲ့ ဒီအရေးထက်မက ဗန္ဓုလလင်ရကနာနှင့် သားပုတ္တာ သုံးကျိပ် နှစ်ဝတို့ဘောင် အဆုံးဘိဇ္ဇန အကြောင်းဓာတ်ကြောင့် ခေါင်း ပြတ်လို့ သေကြကာ ထေရီရဆရာ ဆွမ်းမကပ်မီကပဲး စာတမ်း တရပ် ရရှိကြောင်းကို အပေါင်းသံဃာ သိစရာနိမိတ်အခြင်းဟာမို့ အိပ်တွင်းက ထုတ်ကာဆက်လေသော်။

စနက်မီးကား ထိလောင်လျှင် တကယ်ပွားတာမို့ မိဖုရား မလ္လိကာ ပူစုံအတွက် လူပုံပျက်ပြီး စိတ်လက်တော့ မချမ်းသာ တရားလာ အရင်းတွေးလိုက်တော့ မအေးတဲ့ဒုက္ခဘုံ ဘေးပေါင်း ငယ်စုံ တွေ့ကြုံဆုံကွဲး ဖြစ်မြဲမမှတာ ဤခြင်းရာကို သချာ သိရှိ တွေးလေတွေးလေ အဆွေးပြေ တကယ်သိသော်မို့ ပရိ ဒေဝမီးရောင် ကွင်းရှောင်လို့နေဆဲး ထေ၀ပတ်အိုးကွဲးပေမဲ့ ဝမ်း နဲးခြင်းကင်းပပါရဲ့၊ ကျွန်မကိုလဲး အပြစ်မရှု ဖြစ်လာတဲ့ လော ကဓံမှုကိုသာ အာရုံပြုလျက် နေပါကြောင်း လက်ဆယ်ချောင်း ဦးတင်၍ အထူးပင် လျှောက်ထားလေသော် ဘုရားဘုန်းခမော် မြတ်ဇိနော်၏ မည်ခေါ်သညာ လကျာရံဘိ အရှင်သာရိပုတြာ ကိုတ်တော်မြတ်က အဆုံးသတ် တဖန် ဟောကြားတော် မူပြန် သည်ကား "အနိမိတ္တာ မနုညာတံ၊ မစ္စာနံဣဓ ဇီဝိတံ" ဣဓ— လောကေ၊ ဤကမ္ဘာ အတောမသတ် လောကဓာတ်ကြီး၌။ မစ္စာနံ၊ သတ္တာခေါ်ဆို များထိုထိုတို့၏ ဇီဝိတံ၊ ဣန္ဒြေမြင့်တင်

အသက်ဝိညာဉ်သည်။ အနညာတံ၊ ပူးပူးကပ်ကပ် မသိမြင်အပ် သော။ အနိမိတ္တံ၊ ရှေးခါဖွဲ့နှောင်း ဖြစ်ရင်းအကြောင်းမှ ဆင့် လောင်းနိမိတ် ကင်းကွာဆိတ်၏ ဆိုရိပ်တဖန် သုတ္တန်အချက် ဤဒေသနာတော်အမြွက်မှာတော့ လောကထက်ဖြစ်ထွေ သတ္တာ အနေတို့၏ ဇီဝိတိန္ဒြေ ခတ်ရင်း အသက်မင်းသည်ကား ကွေ့ ကွင်းရိပ်မိ နိမိတ်မရှိသဖြင့် အတိတ်လှည့် သောသောကြုံ ပြော မကုန် ဖြစ်တတ်ကြောင်းကို ထပ်လောင်းကာ မိန့်ကြား၍ ကြွသွား တော်မူလေသတည်း။

ဤသို့သော ဝတ္ထု သာဓကကို ထောက်ထား ပါက တယောက်သား သတ္တာကို ဆင်းရဲစေလျက် အသင်းစွဲလုယူ ကိုယ့်အတွက် ချမ်းသာထူပြီး ဝမ်းသာမှုစိတ်ထား တဒင်္ဂ စည်းစိမ်ကို မတင်းတိမ် ဖောက်ပြားလျက် ယောကျ်ားဟဲ့ ငါငါကြုံးဝါးကာ မာန်ဟုန်တင်းသော်လည်း ရန်စုံမကင်း ဆက်ဆံ ပြုတာကြောင့် တသက်ပန်ဟာ မနက်ဖြန်အမှုကဲ့သို့ လူ့လောက ဓမ္မတာ နောက်ဆုံးမှာ တနေ့နေ့ မသတီမှန် ဒီရန်နှင့် တွေ့ပေ လိမ့် စေ့စေ့ကြီး ဉာဏ်ယှဉ်လို့မို သမ္ပဇဉ် သတိတရားကိုလ အဖန်ဖန်ပင် မလပ်အားစေပဲ ထပ်ပွား လေ့လာတော်မူကြပါ ကုန်လော။

ထိုမလ္လိကာအကြောင်းနှင့် စပ်လျဉ်း၍ မြောက်ပိုင်း ဗုဒ္ဓ ဘာသာ အယူအဆအားဖြင့် မလ္လိကာ၌ သားတကျိပ် ဖွား မြင်ကြောင်းကိုရင်း၊ ဗန္ဓုလမောင်းစမ်းရာ၌ သစ်ငုတ် (၇) ငုတ်ကို ဖြတ်ကြောင်းကိုရင်း ပြဆိုကြ၏။ တောင်ပိုင်း ဗုဒ္ဓ

ဘာသာအယူ ပြုဆိုသော ဓမ္မပဒ အဋ္ဌကထာ၊ ပုပ္ဖဝဂ် ဝိဋူဋ္ဋုပ ဝတ္ထု စာမျက်နှာ ၂၂၃-၌တွင် မလ္လိကာ၌ (၁၆)ကြိမ် အစုံအစုံမွေး ၃၂-ယောက် ဖွားမြင်ကြောင်းနှင့် ဗန္ဓုလ ဝါးအလုံး ခြောက်ဆယ် ဖြတ်ကြောင်း လာရှိသည်။ ၁၆-ကြိမ်မွေးဖွားသည်၌ တခါတည်း ဆက်ကာလား သို့မဟုတ် နှစ်ခြား၍ ဖွားတာလား စဉ်းစားစရာပင်။

## ကိုးဆူကပ်ဆရာများအား သတိပေးချက်

ဤသည်လျှင် ကိုးဆူကပ်နည်းစာတမ်း ဆုံးခန်းသို့ ရောက်ပါပြီ၊ ကိုးဆူကပ်ဆရာများအတွက် နောက်ဆက် အနေဖြင့် သတိပေးလိုသည်မှာ မြန်မာနိုင်ငံတွင် ကိုးဆူကပ်လှူ ပူဇော်ကြသော အလေ့အထသည် တောရွာမြို့ပါ အတန်ပင် ကျယ်ပြန့်လာခဲ့လေသည်။ သို့ရာတွင် ရှေးခေတ်က ကပ်လှူ ပူဇော်ပုံနည်းနှင့် အတန်ငယ် ကွာခြားခဲ့ကြသော်လည်း အချို့ အရပ်ဒေသတွင်မူ ကိုးဆူကပ်ပုံကား လုံးဝပျက်စီးလျက် ငွေရနည်း သရုပ်ဖော်ပြီး မဟုတ်မလျော်သည့် အမူအကျင့်တွေကိုသာ တွေ့မြင်ခဲ့ရသည်။ ဘုရားသခင်နှင့် သံဃာအရှင်တို့၏ ဂုဏ်တော်များကို အမြောက်အမြား ကြည်ညိုလေးစားရန် ရွတ်ဖတ် သရဇ္ဈာယ်ရမည့်အစား ကလေးကလား မဖွယ်ရာသည့် ဝတ္ထုသွားတို့ဖြင့် သောင်းပြောင်းထွေလာ ပရိသတ်ထောမနာအောင် ဟောကာပြောကာနှင့် ဘုရားကိုကျောခိုင်းပြီး ဆိုင်းနှင့်ဝိုင်းနှင့် အရိုင်းကြီး တဦး အရှုးကြီးတဖုံလို အစွမ်းကုန် ယုတ်မာကြလေတော့သည်။

မင်းတုန်းမင်းတြားကြီး လက်ထက်တော်က ကွက်စိပ်ဟော ဆရာများကို တားမြစ်ခဲ့ဖူးသည်မှာကား ဝတ္တုသွား၌ ဘုရားနှင့် ဘုရားလောင်းတို့ကို လှောင်ပြောင်ကာ ပရိတ်သတ်ကြိုက်အောင် လုပ်သည့်အတွက်ပင်ဖြစ်၏။ ယခုခေတ်၌လည်း ဘုရားကိုးဆူကပ် ဆရာရှူးတို့မဖြစ်စေရပဲ ရိုသေလေးစားစွာ ဆွမ်းဒါယကာ ဒါယိကာမတို့ သဒ္ဓါပသန္နတိုးပွားစေရန်သော ရွတ်ဖတ် သရဇ္ဈာယ် ကြပါလေ။ ။သဒ္ဓါတရားနှိုးဆော်ရန် ခေါင်းဆောင်အနေနှင့် ပြုလုပ်ရမည့်အစား ရပ်ရွာရှိ လူမမယ် မိန်းမငယ်တို့နောက်သို့ ကောက်ကောက်ပါလိုက်ကာ ခေါင်းဆောင်မဟုတ် နောက်လိုက် လုပ်သော ကိုးဆူဆရာပျက်များကို စဉ်းစားပြီး ငှားရမ်းကြ စေလိုပါသည်။ ကုသိုလ်တပဲ ငရဲတပိဿာ မဖြစ်ကြစေလို။

ကိုးဆူကပ်ဆရာတို့၏ တာဝန်မှာ နုံ့နေသော ဆွမ်းဒါယကာတို့၏ သဒ္ဓါတရားကို ထက်မြက်လာစေရန် လှုံ့ဆော်သော အနေဖြင့် ဂုဏ်တော်စာများကို အများအပြား ရွတ်ဖတ်သရဇ္ဈာယ် ပေးရမည်။ ဂုဏ်တော်သံများကိုကြားနာရသဖြင့်စိတ်ထား ကြည် လင်နိုင်သည်။ စိတ်ထားကြည်လင်မှု ဟူသည် သဒ္ဓါတရားဖြစ် သည်ဟု ဆိုလို၏။ ။သဒ္ဓါသည် ဘုရားအစရှိသော ကောင်း သောအာရုံ၌ သမ္ပယုတ်တရားတို့ကို ကြည်လင်စေခြင်း လက္ခဏာ ရှိသည်။ ထို့ကြောင့် "သဒ္ဓံဥပနိဿာယ ဒါနံဒေတိ"ဟု ပဋ္ဌာန်း ပါဠိတော်၌ ဟောတော်မူသည်။ ဘုရားအစရှိသော ရတနာ သုံးပါး အပေါင်းတို့၏ ဂုဏ်တော်သံများကို ကြားရသဖြင့် သဒ္ဓါ တရားဖြစ်၏၊ ထိုသဒ္ဓါတရားကို အမှီပြု၍ ဒါနဖြစ်သည် ဟူလို။

ထိုမှတပါး ဘုရားအစရှိသော ရတနာသုံးပါး အပေါင်း တို့ကို ရှိခိုးပူဇော် ကော်ရော် လေးစားခြင်း ဆိုတဲ့ ကုသိုလ်

စေတနာဟုန်သည် အန္တရာယ်စုံ ဒုက္ခဘေးမှ ကင်းဝေးစေနိုင်ကြောင်းကို ကောင်းကောင်းကြီး သတိပြု၍ အကုသိုလ်မဖြစ်စေရန် အားထုတ် ကြိုးပမ်းကြပါကုန်။

စာရေးဆရာ ငယ်စဉ်က ကြားဘူးသည်မှာ သဘင်သည်တဦးအား ဘုန်းကြီးတပါးက "မင်းတို့ဇာတ်သဘင်သည်များဟာ သေလွန်လျှင် ပဟာသငရဲသို့ ကျရောက်တတ်ကြောင်းကိုဆုံးမရာ သဘင်သည်က တပည့်တော်တို့ ငရဲကျပေမဲ့ ခံသာပါတယ်ဘုရား ဘာပြုလို့လဲဆိုတော့ ငရဲအိုးထဲမှာ ထပည့်တော်တို့အောက်က ကိုးဆူကပ်ဆရာတွေ ရှိနေသေးလို့"ဟု ပြန်လျှောက်သတတ်။ ထို့ကြောင့် ပရိယေသနဝမ်းစာအတွက် အသက်မွေးကြသော်လည်း သမ္မာအာဇီဝဖြစ်အောင် ကျင့်ဆောင် ထိုက်လှပေသည်။

ဘုရားကိုးဆူပူဇော်နည်း ပြီး၏။

# ရေနံပိုင်ဦးရှင်ကြီး ဆွမ်းတင်ရန်

## ခေတ်တမ်း

### ရှေးဦးအစ အုန်းရေနှင့်ပင့်ထားရန်

ဟံသာဝတီ စံဌာနီ နာမည်ကျော်ဟိုး ရာမညပိုင်း မွန်ပြည်တိုင်းဟု သမိုင်းတော်ထိုး ရွှေပခိုးက အမျိုးကြီးမြတ်.... ဂုဏ်သိရင်ယ်ဝင်း ကြက်သရေလင်းပေတဲ့ နတ်မင်းဦးရှင်ကြီးဗျား။

ဒုရင်ထုပိကာ ရတနာစိုင်ပေါင်း ဂုဏ်ရောင် လျှပ်လျှပ်ထိီးပြာသာဒ်ဆောင်းဆောင်း မင်္ဂလာရွှေကျောင်းကို ကောင်းသထက်ကောင်းလွန် မွန်းချွန်မြိုင်မြိုင် ရွှေတိုင်အခင်း တည်ဆောက်ခြင်းဖြင့် မယွင်းမှန်စွာ ပြီးစီးပါ၍ ရသာဆွမ်းမြတ်လှူဒါန်း ကပ်လိုပါသောကြောင့် ကျွန်တော် ကျွန်တော်မတို့၏ ကွန်းပြာသာဒ် ကျောင်းဝိဟာသို့ ပေါင်းတပည့် အဖြာဖြာနောက်ပါအများနှင့် ပျော်ပါးစွာ ကြွရောက်တော်မူရန် လျှောက်ထား ပင့်ဖိတ်အပ်ပါသည်.... ကျွန်းညို ကွန်းခိုပါတဲ့ ဦးရှင်ကြီးဗျား။

### ကွန်းစင်ကျောင်းသို့ပင့်ရန်

ပဲခူးမုတ္တမ နဂရကျော်လှိုင် မော်လမြိုင် ရေးမြိတ် နိမိတ်နယ်ပယ် ထားဝယ်ရန်ကုန် တပုံမြောင်းမြ မော်တင်တဝ ဂုဏ်အင်ဝင်းထိန် မြို့ပုသိမ်မှ ရေရှိန်စီးဖြာ ဧရာဝတီ နဒီမြစ်တွင်း

ရေကောင်းတိုင်အောင် မော်ကွန်းဆောင်သား ဂုဏ်ရောင်လင်းဘိ မွန်တိမွန်စ မွန်ညသုံးပိုင်း တလိုင်းရေငံ ပင်လယ်စံသည် ဒီပံကျွန်းညို ခေါ်ဆို မိန်းမလှ မြယာပင်ပေါ်တဲ့ ယင်းဌာနမှ ဝိဟာရမည်တွင် မြကွန်းစင်၌ ဆီလျှင်မနှော ဆားမရောပဲ သန့်သောလဖက် ကောက်ညှင်းစွက်၍ ထန်းလျက်ချိုချို အုန်းငက်ပျောပိုပြီးလျှင် အလိုအာသာ ဖြည့်စွမ်းပါ၏၊ ကွမ်းယာရွက်နု ထပ်ခါပြုလျက် ပန်းစုဝေဝေ နံ့မျိုးတွေသား သပြေဒေါနှ သော်ကာသဇင် အုန်းသက်ယှဉ်၍ ရောင်သွင်ပြောင်းညီး ထွန်းဆီမီးနှင့် ဝှဲချီးဂုဏ်အင် ဆင်ယင်ပြီးသော် မြကွန်းပေါ်သို့ စောင်းတော်ပိုက်တီး မဲကာလေးခေါ် မိချောင်းယာဉ်စီးပြီးတော့ မြောက်ချီးကော်ရော် ပူဇော်ပသ ဒါတာမှအစ စု လှူဒါန်းအပ်သော မြတ်ဝတ္ထုကို ယခုခမြင့် လှူခံကြွသော်မူပါ မွန်တိုင်းနိုင်ငံ ပင်လယ်တရိုး ပိုင်စံစိုးပါတဲ့ နတ်မျိုးသခင် ဦးရှင်ကြီးဗျား။

## ဆွမ်းကပ်ရှုရန်

ဇမ္ဗူဒီပါ ကျွန်းလကျ်ာ၏ သီတာရစ်ခွေ ငါးထွေမြစ်မ ငါးရာ့သွယ်သွယ် မြစ်ငယ်စီးဝင် ရေပြင်ကျယ်စွာ အဏ္ဏဝါ အစုတ် မဟာသမုဒ္ဒံ ရေငံပိုင်းခြား နယ်ပုံသားသည့် စည်ကားစိမ်စို မိန်းမလှခေါ်တဲ့ မြကျွန်းညိုတွင် ကွန်းခိုစံခန်း ဝါလွင်လွင် ရွှေသကၤန်းနှင့် ဆင်မြန်းပျော်မွေ့ ဂူတော်ဝင် သူတော်စင်ရှင်ရသေ့ကဲ့သို့ အတွေ့ကို ရှောင်ကွင်းလျက် အလျှင်းသက်သတ်.... သူတပါးအသား ချစ်သနားသဖြင့် မစားတတ်၍ အားမြတ်

မွေးမြူ စင်ဖြူကောက်ညှင်း အုန်းငှက်ပျောမပို ထန်းလျက်ချိုချို သွင်းပြီးလျှင် အတွင်းပလောင်ထွက် ပဇင်းတောင်ယှက်သည့် လဖက်ကျော်မော်.... နှမ်းဆားဆီကြည် ဆမ်းထားကာ မသိရ ပေဖူး ဇယန်းသား ရွှေဖီတော်နှင့် ရေကြည်နော်အုန်းမာတ် သုံးသပ်သည့် မြတ်ကွမ်းယာ သက်မဲ့ဖြစ်ဘုဉ္စတဗ္ဗာတို့ကို စုံစိ အပ်စွာ သုံးဆောင်ခြင်းရှိပါသဖြင့် ထုံးနှောင်ရင်း အသိ အကြောင်း မြော်မြင်လိုက်တော့ စောင်းတော်ရှင် အလှန်ရိုး ပါတဲ့ မွန်စိုးရ ဦးရှင်ကြီးဗျား။

ကောက်ကြီးကောက်လတ် တရပ် ကောက်လျှင် စေးပြင် ပျော့ပျောင်း နှံလှောင်းကြိုင်သင်း နတ်ကောက်ညှင်းနှင့် အုန်း ရင်းဖြူချော သီးငှက်ပျောက စရှဲမပျက် လဖက် ကွမ်းယာ နှံ့သာကြိုင်လှိုင် မီးတိုင်ညှိထွန်း ရောင်စုံပြွမ်း၍ ခေါ်ညွန်း တထောက် ဆန်ပေါက်ပေါက်ဖြင့် ကြဲမြှောက်ကော်ရော် ပူဇော် ပါရန် စီမံအားထုတ် ပြုလုပ်ပြင်ဆင် ပြီးစီးပင်မို့ အိမ့်ရှင်သမုတ် အကျွန်ုပ်တို့၏ တမဟုတ်ဖန်တီး ဤကွန်းတော်ကြီးသို့ ကိုယ်ထီး မေတ္တာ ကရုဏာပွား ဘေးရန်တားလျက် စိတ်ထားကြည်ဖြူ ကြွတော်မူ၍ အလှူဘောဇန် မြတ်ဒါနံကို ခံယူသုံးဆောင်တော် မူပါ ရှိသေသမှု ဝတ်ကောင်းပြုလျက် ယုယုယယ ပသပူဇော်ပါ သည်။ အဖျော်ယမကာ စုံစွာသင်းပျံ့ ပန်းယနံ့တို့ကိုလည်း သန့်သန့်စင်စင် ပြုပြင်မပျက် ကပ်ဆက် တင်မြှောက်ပါသည် လှူသွမျှဉသုံ ပသသည့် ပစ္စည်းစုံကို အာရုံတော်သွင်း စိတ်ပျော် ခြင်းဖြင့် ထင်လင်းမကွာ ဘုန်းပေး သုံးဆောင်တော်မူပါ ဒေဝါတွင်ခြင်း.... ပင်လယ်ရေပြန် ဒီဝေလျှံတဲ့ နိုင်ငံတွင်းက နတ်မင်းဦးရှင်ကြီးဗျား။

(သတိပြုရန် — ငှက်ပျောချဉ်ခေါ် ကုလား ငှက်ပျောကို မတင်ရ မမြောက်ရ)။

## ဆုတောင်းရန်

ရေပြင်ကျယ်ကျယ် ဝေဟင်နယ်သို့ ငွေပင်လယ် တခန်း လမုလတာ ခရုအဖြာဖြာကဖြင့် ရှုစရာဆန်းပါဘိ ကညင်နန်း ပင်မော်.... တလိုင်းရိုကြို့ မှိုင်းမှိုင်းငယ်ညို့ပါလို့ တောကြီးမို့ ရော.... တကိန်းအရည့်နှန်း ငြိမ်းသပကွန်းပေမို့ မိန်းမလှကျွန်း နတ်ခရိုင်ကို အတတ်ပိုင်စံကာစိုးပါတဲ့ ဒေဝါမျိုး အထူးထင် ဦးရှင်ကြီးဗျား။

ဘောဒေဝပုတ္တ ရေကင်းအစ ပင်လယ်ကျအောင် စိုးရနေပြီး အို...အရှင်နတ်မင်းကြီး။ အသီးစုံစွာ မြိုက်ရသာကို သဒ္ဓာ ပန်းခက် ပသချက်ကြောင့် စုံမက်ချစ်သော် ကျွန်ကျွန်တော်တို့ လွဲးချော်ကျင့်မှား မှုပြစ်များကို ဟန့်တားစိတ်သန် သည်းညည်း ခံတော်မူပါ....စိတ်ထားပြုညွတ် ခွင့်လွှတ်တော်မူပါ။

အန္တရာယ်ခပ်သိမ်း ကင်းလွတ်ငြိမ်းအောင် စောင့်ထိန်းမျိုးရိုး နတ်တန်ခိုးဖြင့် မညှိုးရွှင်လန်း ရေကြာပန်းသို့ တင့်ဆန်း ကြက် သရေ ရှိရပါစေ။

မကောင်းအိပ်မက် ငြိုဟ်ဆိုးဖက်၍ ဒက်ဒရက် ကုမ္ဘဏ္ဍ ယက္ခဇော်ဂနီ ကာကနီက စွဲမှီ မိစ္ဆာ မသမာနတ်ဝင် ကိုယ်တွင် ထိခိုက် နတ်တိုက် စုန်းဘိုက် တစ္ဆေတိုက်နှင့် ဘုတ်တိုက် ကျတ် တိုက် အစိမ်းတိုက်ကြောင့် တိမ်းမိုက် ပြင်းထန် ဘေးရန်ကျ ရောက် ကြမ္မာမှောက်၍ ကသောက်ကရက် ဖြစ်ပျက်ဝိပ္ပလ်

ကျိုးရင်းဒဏ်လည်း မြူဆန်ခြမ်းမျှ မကျန်ရအောင် ဒေဝဏ္ဍိ နတ်မျက်စိဖြင့် ရှင်းမိပါစေ။

ဥစ္စာပျက်စီး အိမ်လည်းပြိုလဲ ဆွေသားကွဲ၍ ဝမ်းနဲထိုက် စွာ ဖျားနာစေကြောင်း သေကြောင်းငြိုးထား စုန်းထား မှုန်းထား တစ္ဆေထားနှင့် ဖမ်းစားကလူ လူသူပြုစား ရုပ်ထား ရုပ်မြှုပ် အင်းသားမြှုပ်လျက် လေလှုပ်သစ်ပင် မြေပြင်တောင်ပို့ ထားသို့နိုန်နိုပ် ခရုပိတ် ကျိတ်လိပ်သေ နတ်ခေ နတ်တိုက် လောင် တိုက်နဂါးစောင်း မကောင်းပြုငြား ဆေးဝါးအစေ အသေ အင်းပြု ရုပ်တုသူယောင်စေ ကဝေစုန်းမ ပုဏ္ဏကနှင့်အာဠဝကစေ ထွေထွေဝဝ ပြုသမျှများ နတ်တို့အားဖြင့် ဖယ်ရှားလွင့်ပျောက် ပါစေ။

လက်ဝဲ လကျ်ာ ငှက်လာငှက်ဝင် အိမ်တွင်ပျားစွဲ ထူးကဲ မှိုပေါက် တောင်ပို့ရောက်နှင့် တောမျောက်ကစ လင်းတချိုးညို ဝံလိုငှက်ထူး ကုက္ကလူးမြင်းဝင် အော်ချင်မြည်ဟစ် ဗျိုင်းယစ် ခါဘုတ် ဒီးတုတ်ပျော်မြူး တစ်တီတူးမှ စသည်တရိုး နိမိတ်ဆိုး၍ ငှက်မျိုးယုတ်မာ ကင်းစင်ကွာလျက် မင်္ဂလာပြည့်ဝ သုခရိပ်ငြိမ် စည်းစိမ်ချမ်းသာ မြင့်ကြွာသက်ရှည် ကောင်းကျိုးတည်အောင် နတ်ရည်နတ်စွမ်း နတ်တို့ငြမ်းဖြင့် ရှင်လန်းကာနေ ချမ်းမြေ့ ပါစေ။

သွားလေရာရာ ရပ်ဒိသာ၌ မေတ္တာသက်ဝင် မျက်နှာမြင်က ချစ်ခင်ပါစေ....နှုတ်မြွက်စကား ဆိုသံကြားက သနားကြည်ဖြူ သားသမီးတူလျှင် အယူဖြောင့်နေ ရှိရပါစေ.... ရောင်းရေး ဝယ်

တာ မှုခြင်းရာ၌ ကောင်းစွာတက်တိုး လာဘ်ရွှေမိုးလည်း သွန်းဖြိုး ပါစေ.... ရာထူး၌ာန ခန့်ထအများ လခစားလည်း ကြီးပွား ဂုဏ်ရှိန် ပုဏ္ဏမိန်စန်း လပြည့်ဝန်းသို့ ထက်တန်းမသွေ ရောက်ပါ စေ.... စည်းစိမ်ရာထူး ကြီးမှူးနာယက လွန်ချီးပအောင် လုံ့လ ပြည့်ကြွယ် အားအင်နွယ်ကြောင့် တကယ်စွမ်းအင် ထင်မြင် ပါစေ....ဤသို့သော အကြောင်းကြောင့် ဆုမွန်ကောင်းကို တောင်းတိုင်းပြည့်ဖြိုး နတ်တန်ခိုးဖြင့် မညှိုးဥဿုံ ပြီးပြည့်စုံအောင် မြန်ဘုံနန်းယံ ရေင်တရိုး ပိုင်စံစိုးတဲ့ နတ်မျိုးသခင်.... ကျောင်း မော်တဝိုက် စောင်းတော်ပိုက်သည့် မြတ်ဦးရှင် လျင်လျင်ခဏ မတော်မူပါခင်ဗျား။

## နတ်နှင့် နတ်ပို့ရန်

ဥသဘ....စသော အသံခုနစ်မျိုး၊ ဆဇ္ဇ....စသော အသံ ပေါင်းသုံးမျိုး၊ လူ့ပြည်၌ တီးခြင်းနှစ်ဆဲ့တမျိုး၊ နတ်ပြည်၌ တီးခြင်း အမျှင်ါးဆယ် စောင်းကြိုးဝယ်ဖြစ် အသံစစ်တို့ကို စံနစ် တကျ ပဉ္စသိခအသွင် ဘယ်ယှဉ်ညာခတ် သံခါတ်သံသာ ထံတျာ တေတျော ဒိုျ့သဘောအရ နိမ့်ကျသံမြှင့် ခုနစ်ဆင့်သံစုံ ၌ာန် ကုန်တီးတတ် ကျွန်းညိုနတ်ဟု လောကဓာတ်မြန်မာ အောက်ရွာ ပိုင်စံ ဒီဝေလျှံတဲ့ ရေင်ပျော်မိုး ဦးရှင်ကြီးဗျား။

ကျွန်တော် ကျွန်တော်မတို့က ယခုပင်လျှင် ကျွန်းအရှင်ကို ကွန်းစင်မှာ ဆွမ်းတင်လို့ပြီးပါပေါ့ ပျော်မိုးတဲ့ ကညင်းနန်း

မှာဖြင့် သဇင်ပန်းခက်ဝေဝေနှင့် ကြက်သရေ အလှန်စိုပါတဲ့ ကျွန်းညိုခေါ် နတ်ဌာနဆီသို့ အရဟတ္တဓဇ ရွှေသင်္ကန်းကိုလ ဝတ်ရုံစွပ်ခြုံလွှမ်းပါလို့ ကြွမြန်းတော်မူပါရော့ စောင်းတော် သခင် နတ်ဦးရှင်ကြီးဗျား။

ဦးရှင်ကြီးဆွမ်းတင်စာ ပြီးပြီ။

# မင်္ဂလာဘိသိက်သွန်းစာတမ်း

## နမောအင်္ဂီရသဿ

*********

## စိန္တာမဏိအထဲမန္တန်တော်

ဩင်နမော အန္တကောဋိကပ္ပေ သဗ္ဗညုတဉာဏံ စိန္တတိ စိန္တေ၊ သဗ္ဗေ ဒေဝါယ သင်္ဂမော သောမနဿော မနော ဟာရော စိန္တေ စိန္တနံ စိန္တတိ စိန္တေ၊ ဘုမ္မိပဒေသေ စိန္တတိ စိန္တေ၊ တြိဘုမ္မိရတိ စိန္တတိ စိန္တေ၊ ဩကာသလောကံ စိန္တတိ စိန္တေ၊ သင်္ခါရလောကံ စိန္တတိ စိန္တေ၊ နာမရူပံ စိန္တတိ စိန္တေ၊ ကုသလံ အကုသလံ အဗျာကတံ စိန္တတိ စိန္တေ၊ သုခံ ဒုက္ခံ အဒုက္ခ မသုခံ စိန္တတိ စိန္တေ၊ စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနံ စိန္တတိ စိန္တေ၊ မဂ္ဂပုဂ္ဂလံ ဖလံ စိန္တတိ စိန္တေ၊ ဈာနံ ဈာနင်္ဂံ စိန္တတိ စိန္တေ၊ အရဟတ္တံ အရဟတ္တမဂ္ဂံ စိန္တတိ စိန္တေ၊ နိရောဓံ နိရောဓသမာပန္နံ စိန္တတိ စိန္တေ၊ သတ္တမမ္ပိ သတ္တဗောဇ္ဈင်္ဂံ စိန္တတိ စိန္တေ၊ အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ စိန္တတိ စိန္တေ၊ စတုရောမမ္ပိ စတ္တာရိ ဣဒ္ဓိပါဒါနိ စိန္တတိ စိန္တေ၊ ပဋိသမ္ဘိဒါ မဂ္ဂေ စတ္တာရိ ပဋိသမ္ဘိဒါ မဂ္ဂါနိ စိန္တတိ စိန္တေ၊ အရိယသစ္စော စတ္တာရိ အရိယသစ္စာနိ စိန္တတိ စိန္တေ၊ အဝိဇ္ဇာသု အဝိဇ္ဇာ ဘာဂိယေသု စိန္တတိ စိန္တေ၊ ပုဗ္ဗေနိဝါသ ဒိဗ္ဗစက္ခု အာသဝက္ခယဉာဏေသု စိန္တတိ စိန္တေ၊ လောကိယ

လောကုတ္တရာရ ဉာဏောသု စိန္တတိ စိန္တော၊ ကပ္ပဋ္ဌိကာရာဟာ ရေသု စိန္တတိ စိန္တော၊ ပညတ္တိမမ္မ ပရမတ္တမမ္မေသု စိန္တတိ စိန္တော၊ ကုတ္တိဘာဝ ပုမ္ဘာဝေသု စိန္တတိ စိန္တော၊ ပဉ္စကာမ ဂုဏေသု စိန္တတိ စိန္တော၊ အပ္ပက ဗဟုကေသု စိန္တတိ စိန္တော၊ အတိတာနာဂတပစ္စုပ္ပန္နေသု စိန္တတိ စိန္တော၊ သဗ္ဗဇနစိတ္တေသု န္တတိ စိန္တော၊ ဧတေန မနောဟရေန မဏိရတနံ ဝိယ သဗ္ဗ ကာမပူရဏော ဂရုဂါရဝ ဒိဝသေန သဗ္ဗာယန္တာနံ ပဝရော သမ္ဘာသမ္ဘုဒ္ဓေန ဒေသိတော၊ အယံမန္တော စိန္တနတ္တေန စိန္တာ မဏိယောနာမာတိ ဣစ္စေတံ အာသနံ၊ တိဋ္ဌတု တိဋ္ဌတု၊ ဒီပါယ ဒီပါယဝသာယ ဝသာယ ဒဒါတု ဒဒါတု၊ စိန္တာမဏိရတနံ မံပါလေတု ဟုလု ဟုလု သွာဟာယျ သွားဟုံဟုံ။

## စိန္တာမဏိအထဲးမန္တန်အနက်

ကြောင်၊ ပြီးစီးအောင်မြင်စေသတည်း။ နမော၊ ရတနာ သုံးပါး ဆရာမိဘတို့အား ရှိခိုးပါ၏။ အနန္တကောဋိကပ္ပေါ၊ အဆုံးအပိုင်းအခြားမရှိသော ကမ္ဘာကမ္ဘော ကုဋ္ဌာကုဋ္ဌေပတ်လုံး ဆည်းပူးအပ်သော ပါရမီပုည သမ္ဘာရရှိတော်မူသည် ဖြစ်၍။ သဗ္ဗညုဘာဉာဏ်၊ သဗ္ဗညုတဉာဏ်တော်ကို။ စိန္တတိ စိန္တော၊ ကြံ တတ် သိတတ်ကုန်သော ပစ္စေကဗုဒ္ဓါ မဟာသာဝကတို့ထက် လွန်ကဲထူးမြတ် ကြံတတ် သိတတ်တော်မူသော မြတ်စွာဘုရား သခင်သည်။ သဗ္ဗဒေဝါယ, သဗ္ဗဒေဝါနံ၊ အလုံးစုံသော နတ် အပေါင်းတို့၏ သင်္ဂမော၊ ပေါင်းဆုံစည်းဝေးရာ ဖြစ်တော်မူ ပေ၏။ သောမနဿော၊ နှစ်သက်ဝမ်းမြောက်ခြင်းကို ပွားစေ၏။

မနောဟရော၊ စိတ်နှလုံးကို ယူကြုံးဆောင်တတ်သည် ဖြစ်၍။ စိန္တော, စိန္တာနံ၊ ကြံစည်ကုန်သော သူတို့ထက်။ စိန္တတိ,စိန္တော၊ အထူးသဖြင့် ကြံစည်သိမြင်တတ်၏။ ဘုမ္မိပဒေသ၊ ထိုထို ဘုံအရပ်၌တည်နေသော သတ္တသင်္ခါရတို့ကို။ စိန္တတိစိန္တော၊ ၏။ တြိဘုမ္မိရတိ၊ ဘုံသုံးပါး၌ဖြစ်သော မွေ့လျော်ခြင်းကို။ စိန္တတိ စိန္တော၊ ၏။ တတ္တလောကံ၊ သတ္တလောကကို။ စိန္တာတိစိန္တော၊ ၏။ ဩကာသလောကံ၊ တည်ရာလောကကို။ စိန္တတိစိန္တော၊ ၏။ သင်္ခါရလောကံ၊ ပြုပြင်မှုလောကကို။ စိန္တာတိ စိန္တော၊ ၏။ နာမရူပံ၊ နာမ်ရုပ်သဘောကို။ စိန္တတိ စိန္တော၊ ၏။ ကုသလံ၊ ကုသိုလ်သဘောကို။ စိန္တတိ စိန္တော၊ ၏။ အကုသလံ၊ အကုသိုလ် သဘောကို။ စိန္တတိ စိန္တော၊ ၏။ အဗျာကတံ၊ အဗျာကတ သဘောကို။ စိန္တတိ စိန္တော၊ ၏။ သုခံ၊ သုခဝေဒနာကို။ စိန္တတိ စိန္တော၊ ၏။ ဒုက္ခံ၊ ဒုက္ခဝေဒနာကို။ စိန္တတိစိန္တော၊ ၏။ အဒုက္ခမသုခံ၊ ဥပေက္ခာဝေဒနာသဘောကို။ စိန္တတိစိန္တော၊ ၏။ စိတ္တံ၊ စိတ်ကို။ စေတသိကံ၊ စေတသိက်ကို။ ရူပံ၊ ရုပ်ကို၊ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ မဂ္ဂပုဂ္ဂလံ၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ကို။ ဖလံ၊ ဖိုလ်ကို ။ ဈာနံ၊ ဈာန်ကို။ ဈာနင်္ဂံ၊ ဈာနင်ကို။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ အရဟတ္တမဂ္ဂံ၊ အရဟတ္တမဂ်ကို။ နိရောဓံ၊ နိရောဓသမာပတ်ကို။ နိရောဓသမာပန္နံ၊ နိရောဓ သမာပတ် ဝင်စားသော ပုဂ္ဂိုလ်ကို။ သတ္တဓမ္မံ၊ ၇-ပါးသော သူတော်ကောင်း တရားကို။ သတ္တ ဗောဇ္ဈင်္ဂံ၊ ၇-ပါးသော ဗောဇ္ဈင်တရားကို။ အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ၊ မြတ်သော အင်္ဂါရှစ်ပါးရှိသောမဂ်ကို။ စတုရောဓမ္မေ၊ စတု ရောဓမ္မေ၊ ၄-ပါးသော သတိပဋ္ဌာန် ၄-ပါးသော သမ္မပ္ပဓာန် တို့ကို။ စတ္တာရိဣဒ္ဓိပါဒါနိ၊ လေးပါးသော ဣဒ္ဓိပါဒ်တို့ကို။

ပဋိသမ္ဘိဒါမဂ္ဂေါ၊ ပဋိသမ္ဘိဒါမဂ်ကို။ စတ္တာရိ ပဋိသမ္ဘိဒါမဂ္ဂါနိ၊ လေးပါးသော ပဋိသမ္ဘိဒါ မဂ်ပုဂ္ဂိုလ်တို့ကို။ အရိယသစ္စော၊ အရိယာသစ္စာကို။ စတ္တာရိ အရိယသစ္စာနိ၊ လေးပါးသော အရိယာသစ္စာရှိပုဂ္ဂိုလ်တို့ကို။ အဝိဇ္ဇာသု၊ အဝိဇ္ဇာတို့၌။ အဝိဇ္ဇာဘာဂိယေသု၊ အဝိဇ္ဇာ၏အဖို့၌ဖြစ်သော တရားတို့၌။ စိန္တတိ စိန္တေ၁၊ ၏။ ဝိမုတ္တိဉာဏေသု၊ ဝိမုတ္တိဉာဏ်တို့၌။ ပုဗ္ဗေနိဝါသ ဒိဗ္ဗစက္ခု အာသဝက္ခယဉာဏေသု၊ ပုဗ္ဗေနိဝါသဉာဏ် ဒိဗ္ဗစက္ခု ဉာဏ် အာသဝက္ခယ ဉာဏ်တို့၌။ လောကိယ လောကုတ္တရ ဉာဏေသု၊ လောကီ လောကုတ္တရာဉာဏ်တို့၌။ ကဗဠီကာရာ ဟာရေသု၊ ကဗဠီကာရ အာဟာရတို့၌။ ပညတ္တိဓမ္မ ပရမတ္ထ ဓမ္မေသု၊ ပညတ်တရား ပရမတ်တရားတို့၌။ ဂူတ္ထိဘာဝ ပုမ္ဘာ ဝေသု၊ ဂူတ္ထိဘော ပုမ္ဘောတို့၌။ ပဥ္စကာမဂုဏေသု၊ ငါးပါးသော ကာမဂုဏ်တို့၌။ အပ္ပကာဗဟုကေသု၊ အနည်းအများတို့၌။ အတီတာနာဂတပစ္စုပ္ပန္နေသု၊ အတိတ် အနာဂတ် ပစ္စုပ္ပန်တရားတို့၌။ သဗ္ဗဇနစိတ္တေသု၊ အလုံးစုံသောသတ္တဝါတို့၏ စိတ်တို့၌။ စိန္တတိ စိန္တေ၁၊ ၏။ (ကိုနှင့် တို့၌ အဆုံးတွင် စိန္တတိ စိန္တေ၁ ထည့်၍ အနက်ပေး) တေန၊ ဤဆိုအပ်ပြီးသော သဘော ရှိသော။ မနောဟာရေန၊ စိတ်နှလုံးကို ဆောင်တတ်သော သဘောကြောင့်။ အယံမန္တော၊ ဤမန္တရားသည်။ မဏိရတနံ ဝိယ၊ စကြာမင်း၏ မနောမယ ပတ္တမြားရတနာကဲ့သို့။ သဗ္ဗ ကာမပူရဏော၊ အလုံးစုံသောဆန္ဒကို ပြည့်စေတတ်၏။ ဂရုဂါရ ဝါဒိဝသေန၊ ဆရာ၌ ရိုသေလေးမြတ်ခြင်း....စသည်၏ အစွမ်း ဖြင့်။ သဇ္ဈာယန္တာနံ၊ သရဇ္ဈာယ်ကုန်သောသူတို့အား။ ပဝရော၊ အထူးသဖြင့် မြင့်မြတ်သော မန္တရားဟူ၍။ သမ္မာသမ္ဗုဒ္ဓေန၊

မြတ်စွာဘုရား သခင်သည်။ ဒေသိတော၊ ဟောတော်မူအပ်၏။ အယံ မန္တော၊ ဤမန္တရားကို။ စိန္တနတ္ထေန၊ အပိတ်အပင် အဆီးအတားမရှိ သိမြင်ကြံစည်တတ်သော အနက်ကြောင့်။ စိန္တာမဏိယောနာမာတိ၊ စိန္တာမဏိအမည်ရှိ၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ တော် အယံ မန္တော၊ ဤမန္တရားသည်။ အာသန်၊ ငါ၏နေရာအရပ်သို့။ အာဂမ္မ၊ ကပ်ရောက်လာ၍။ ဒီပါယ ဒီပါယ၊ မီးခိုကိုးကွယ်ရာဖြစ်ခြင်းငှာ။ ဝသာယ ဝသာယ၊ ငါတို့အလိုအာဏာသို့ပါခြင်းငှာ ပါခြင်းငှာ။ တိဋ္ဌတု တိဋ္ဌတု၊ ရပ်တည်စေသတည်း ရပ်တည်စေသတည်း။ ဒဒါတု ဒဒါတု၊ အောင်ခြင်းမင်္ဂလာ ချမ်းသာစီးပွား များပြားခြေရွေ ဘုန်းကြက်သရေ တိုးတက်ခြင်းကို ပေးစေသတည်း ပေးစေသတည်း။ စိန္တာမဏိရတနံ၊ စိန္တာမဏိ မန္တန်မန္တရားရတနာသည်။ မံ၊ ငါ့ကို။ (တုမှေ သင်တို့ကို) ပါလေတု၊ ရံကာစောင့်ရှောက်စေသတည်း။ ဟုလု-ဟုလု၊ လျင်စွာ လျင်စွာ။ သွာဟာယျ၊ အောင်မြင်မင်္ဂလာ ချမ်းသာစီးပွား တိုးတက်ခြင်းကို မယွင်းမသွေ တိုးစေ ပွားစေသတည်း။ သွားဟုံဟုံ၊ တိုးစေ ပွားစေကုန်။

(ဩြောင် အက္ခရာကို မန္တရသေတု မင်္ဂလာပဏာမ အက္ခရာဟု သဒ္ဒတ္ထပါရိဇာတဟိမ္ဒီ အဘိဓာန်တွင် ပြထားသောကြောင့် နာမ်ပုဒ်အနေနှင့် အချို့ အနက်ပေးကြ၏။ ဆင်ခြင်လေ)။

## စိန္တာမဏိအဖုံးမန္တန်တော်

ဩြောင်နမော အနန္တကောဋိကပ္ပော သဗ္ဗညုတဉာဏော သဗ္ဗဒေဝဂဏော စိန္တတိ စိန္တော၊ စိန္တနတ္ထေန စိန္တာမဏိယော

မနောမယပြဟိတော အတုလျဝရဂုဏဓမ္မော သဗ္ဗကာမ ပူရဏော၊ စိန္တာမဏိ ပြဟာသိဒ္ဓော ပြဟာဝဏ္ဏော ပဝရော တြိဘဝနသွာရော သုဂတော သဗ္ဗဝေရိနံ နိဝါရဏော အကာလမရဏနိဝါရဏော မတျုဝဉ္စနာ ဒီဃာယုကော၊ သိဒ္ဓိကရော ပုညဝန္တော မဟာတေဇော မဟာလာဘော မဟာယသော ဘဂျဝန္တော ဒိဋ္ဌဓမ္မ ဝေဒနီယဘူတော အရိယဖလ ဝရဓမ္မော အယံမန္တော အနန္တ သမ္မာသမ္ဗုဒ္ဓေန ဒေသိတော ဝိသုဒ္ဓိဒေဝေါ နရာသဘော ပရမေသွရော မဟာဒေဝေါ, ဝရဂုဏပ္ပတ္တော ဣန္ဒဒေဝေါ မဟာပြဟ္မာ မဟေသွရော ဘုမ္မိဝသုန္ဒရော မဉ္ဇုသိရိကော မဏိမေခလော အာကာသဒေဝေါ ရုက္ခဒေဝေါ နာဂေါ သုပဏ္ဏော ဂန္ဓဗ္ဗော စတုလောကပါလော သူရိယော စန္ဒိမာနက္ခတ္တတာရကာ ဟိမဝန္တော သိနေရုပဗ္ဗတော စက္ကဝါဠသိလုစ္စယော သတ္တပဗ္ဗတော ဂင်္ဂါယမုနာ အစိရဝတီ မဟီသရဘူ ဇမ္ဗုရုက္ခော ကဒမ္ဗော ကပ္ပရုက္ခော သိရီသော ပါဋလိသိပ္ပလိ ပါရိဆတ္တကော ဆဒ္ဒန္တော ဧရာဝဏ္ဏော ဥသဘော သိရိန္ဒဒေါ ဝေပုလ္လပဗ္ဗတဖဿော မနောဟရော မဏိရတနံဝိယ အယံမန္တော စိန္တနတ္ထေန စိန္တာမဏိယောနာမာတိ၊ ဣစ္ဆိတံ အာသနံ တိဋ္ဌတု တိဋ္ဌတု၊ ဒီပါယ ဒီပါယ၊ ဝသာယ ဝသာယ, ဒဒါတု၊ ဒဒါတု၊ စိန္တာမဏိရတနံ မံပါလေတု၊ ဟုလု ဟုလု သွာဟာယျ သွာဟုံဟုံ။

## စိန္တာမဏိအဖုံးမန္တန်အနက်

သြောင်၊ ကြံစည်သမျှ ပြီးစည်း အောင်မြင်စေသော်။ နမော၊ ရတနာသုံးပါး ဆရာမိဘတို့အား ရှိခိုးပါ၏။ အနန္တ

ကောဋ္ဌိကပ္ပေါ၊ အဆုံး အပိုင်းအခြားမရှိသော ကမ္ဘာကမ္ဘေ ကုဋ္ဌာကုဋ္ဌေပတ်လုံး ဆည်းပူးသော ပါရမီပုညသမ္ဘာရရှိတော်မူသည်ဖြစ်၍။ ဝါ၊ ရှိတော်မူလေသောကြောင့်။ သဗ္ဗညုတဉာဏော၊ သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်သည်။ သဗ္ဗဒေဝဂဏော၊ အလုံးစုံသော နတ်အပေါင်းတို့ကို။ စိန္တတိစိန္တော၊ လွန်ကဲထူးမြတ် ကြံစည် သိမြင်တော်မူတတ်၏။ စိန္တနတ္တေန၊ အပိတ်အပင် အဆီးအတားမရှိ သိမြင် ကြံစည်တတ်သော အနက်သဘောကြောင့်။ စိန္တာမဏိယော၊ စိန္တာမဏိမည်သော မန္တန်မန္တရား ရတနာသည်။ မနေမယဂြဟိတော၊ အရံကျောက်ပေါင်း ရှစ်သောင်းလေးထောင် ဝေပုလ္လတောင်၌ ရောက်သော မနောမယ ပတ္တမြားရတနာကဲ့သို့ လိုရာအကျိုးကို ပြီးစေတတ်၏။ အတုလျဝရဂုဏာဓမ္မော၊ မနှိုင်းယှဉ်အပ် ထူးမြတ်သော ဘုရားကျေးဇူးကို ပြုတတ်သည် ဖြစ်၍။ သဗ္ဗကာမပူရဏော၊ အလုံးစုံသော အလိုဆန္ဒကို ပြည့်စေတတ်၏။ ဗြဟာသိဒ္ဓော၊ မြတ်သောအကျိုးကို ပြီးစေတတ်၏။ ဗြဟာဝဏ္ဏော၊ မြတ်သောအကျိုးကို ပြုစေတတ်၏။ ပဝရော၊ လွန်ကဲထူးမြတ်တောင့်တအပ်၏။ တြိဘဝနသွာရော၊ ဘုံသုံးပါး၌ ကောင်းသောသွားခြင်းရှိသည်ဖြစ်၍။ သုဂတော၊ လိုအပ်သော ကောင်းကျိုး၌အလွန်သွားသည်။ဟောတိဖြစ်၏။သဗ္ဗဝေဒီနံ၊အလုံးစုံသော ရန်သူတို့ကို။ နိဝါရဏော၊ စောင့်ရှောက်ကွယ်ကြား မြစ်တားတတ်၏။ အကာလမရဏနိဝါရဏော၊ အခါမဲ့ ဥပစ္ဆေဒက ကံဖြင့်သေခြင်းကို တားမြစ်တတ်၏။ မတျုဝဥ္စနာ၊ သေမင်းကို လှည့်ပတ်ခြင်းဖြင့်။ ဒီဃာယုကော၊ အသက်ရှည်ခြင်းကို ဖြစ်စေတတ်၏။ သိဒ္ဓိကရော၊ လောကအပြီးအစီး သိဒ္ဓိအပေါင်းကို

ပြုပေတတ်၏။ ပုညဝန္တော၊ ဘုန်းကြီးမားသည်ကို ပွားစေတတ်၏။ မဟာတေဇော၊ တန်ခိုးကြီးမားသည်ကို ဖြစ်စေတတ်၏။ မဟာလာဘော၊ လာဘ် ပေါများသည်ကို ဖြစ်စေတတ်၏။ မဟာယသော၊ အကျော်အစော အခြံအရံ ကြီးမားစေတတ်၏။ ဘဂျဝန္တော၊ ဘုန်းဂုဏ်နှင့် ပြည့်စုံစေတတ်၏။ ဒိဋ္ဌဓမ္မဝေဒနိယ ဘူတော၊ မျက်မှောက်ခံစားအပ်သော အကျိုးရှိ၏။ အရိယဖလ ဝရဓမ္မော၊ အရဟတ္တဖိုလ်ဟူသော မြတ်သောတရားနှင့် ပြည့်စုံသော။ ဝိသုဒ္ဓိဒေဝေါ၊ ကျော်စော ထင်ရှားသော ဝိသုဒ္ဓိနတ်ဖြစ်တော်မူသော။ နရာသဘော၊ လူနတ်တို့ထက် မြတ်တော်မူသော။ အနန္တသမ္ဘာသမ္ဘုဒ္ဓေန၊ အဆုံးအပိုင်အခြား မရှိသော များစွာသော ဘုရားရှင်သည်၊ (တို့သည်လည်းဟူ) ဒေသိတော၊ ဟောတော်မူအပ်သော။ အယံ မန္တော၊ ဤမန္တာန် ရတနာသည်။ မံ၊ ငါ့ကို။ (တုမှေ၊—သင်တို့ကို) ပါလယတု၊ စောင့်ရှောက်မစတော်မူစေသတည်း။ ပရမေသွာရော၊ ပရမိသွာအမည်ရှိသော။ မဟာဒေဝေါ၊ နတ်မင်းကြီးသည်။ မံ၊ ကို။ (တုမှေ—တို့ကို) ပါလယတု၊ တည်း။ ဝရဂဏပတ္တော၊ မြတ်သောဂိုဏ်း အခြွေအရံသို့ ရောက်သော။ ဣန္ဒဒေဝေါ၊ စတုလောကပါလ နတ်မင်းကြီး၏သား ဣန္ဒမည်သော နတ်သည်ရင်း။ မဟာ၊ မြတ်သော။ ဗြဟ္မာ၊ ဗြဟ္မာမည်သော နတ်သည်ရင်း။ မဟေသွာရော၊ မဟေသွာရမည်သော နတ်သည်ရင်း။ ဘုမ္မိဝသုန္ဓရော၊ မြေကို စောင့်သော ဝသုန္ဓရေ နတ်သည်ရင်း။ မေ၊ အကျွန်ုပ်အား (တုမှာကံ—သင်တို့အား) ဇယဒေါ၊ အောင်ခြင်းကို ပေးစေသတည်း။ မဥ္ဇူ၊ နန္ဒမူလလိုဏ်ဂူ မဉ္ဇူသကပန်းပင်၌ စောင့်သော နတ်သည်ရင်း။ သိရိသကော၊ ကန္တာရတောကြမ်း လမ်းခရီး၌

စောင့်သော ငွေဗိမာန်နေ သိရိသကမည်သော နတ်သည်ရင်း။ မဏိမေခလာ၊ သမုဒ္ဒရာကိုစောင့်သော မဏိမေခလာမည်သော နတ်သမီး သည်ရင်း။ အာကာသဒေဝေါ၊ အာကာသဇိုဝ်း နတ်သည်ရင်း။ ရုက္ခဒေဝေါ၊ ရုက္ခဇိုဝ်းနတ်သည်ရင်း။ နာဂေါ၊ ဝိရူပက္ခ စသည်အများ မျိုးကွဲပြားသော နဂါး အပေါင်းသည်ရင်း။ သုပဏ္ဏော၊ ငှက်အပေါင်းတို့၏ မင်းဖြစ်သော ဂဠုန်အပေါင်းသည်ရင်း။ ဂန္ဓဗ္ဗော၊ ဂန္ဓဗ္ဗနတ်အပေါင်း သည်ရင်း။ စတုလောကပါလော၊ စတုလောကပါလ နတ်မင်းကြီးလေးဦးတို့သည်ရင်း။ သူရိယော၊ နေနတ်သားသည်ရင်း။ စန္ဒိမာ၊ လနတ်သားသည်ရင်း။ နက္ခတ္တတာရကာ၊ နက္ခတ်တာရာ ကြယ်များစွာသော ဗိမာန်၌ရှိကုန်သော နတ်တို့သည်ရင်း။ ဟိမဝန္တော၊ ဟိမဝန္တာတောင်၌ စောင့်ရှောက်သော နတ်သည်ရင်း။ သိနေရုပဗ္ဗတော၊ မြင့်မိုရ်တောင်၌ နေသော နတ်အပေါင်းရင်း။ စက္ကဝါဠသိလုစ္စယော၊ စကြာဝဠာတောင်၌ စောင့်သော နတ်အပေါင်းသည်ရင်း သတ္တပဗ္ဗတော၊ သတ္တရဗ္ဘန် တောင်စဉ်ခုနစ်ထပ်၌ စောင့်သော နတ်အပေါင်းသည်ရင်း။ ဂင်္ဂါယမုနာ အစိရဝတီ မဟီသရဘူ၊ ဂင်္ဂါမြစ်, ယမုနာမြစ်, အစိရဝတီမြစ်, မဟီမြစ်, သရဘူမြစ်တို့၌ စောင့်ကုန်သော နတ်အပေါင်းသည်ရင်း။ ဇမ္ဗုရုက္ခော၊ ကျွန်းဦးသပြေပင်၌ စောင့်သော နတ်သည်ရင်း။ ကဒမ္ဗော၊ အရှေ့ကျွန်းဦး ထိန်ပင်၌ စောင့်သော နတ်သည်ရင်း။ ကပ္ပရုက္ခော၊ မြောက်ကျွန်းဦး ပဒေသာပင်၌ စောင့်သောနတ်သည်ရင်း။ သိရိသော၊ အနောက်ကျွန်းဦး ကုက္ကိုပင်၌ စောင့်သော နတ်သည်ရင်း။ ပါဠလိ၊ အသုရာပြည် သခွတ်ပင်၌ စောင့်သော နတ်သည်ရင်း။ သိပ္ပလိ၊ ဂဠုန်ပြည် လက်ပံပင်၌

စောင့်သော နတ်သည်ရင်း။ ပါရိဆတ္တကော၊ တာဝတိံသာ ပင်လယ်ကသစ်ပင်၌ စောင့်သော နတ်သည်ရင်း။ ဆဒ္ဒန္တော၊ ဆဒ္ဒန်အိုင်၌ စောင့်သော နတ်သည်ရင်း။ ရောဝဏ္ဏော၊ ရောဝဏ် နတ်သည်ရင်း။ ဥသဘော၊ ဇဝနာသဘ နတ်သည်ရင်း။ တေ ဒေဝါ၊ ဤဆိုအပ်ခဲ့ပြီးသော နတ်အပေါင်းတို့သည်။ ကေပုတ္တံဝ၊ ရင်၌ဖြစ်သော တယောဘည်းသော သားကဲ့သို့။ မံ၊ ကို။ (တုမှေ—တို့ကို) သမ္မာလေန္တု၊ ကောင်းစွာ စောင့်ရှောက် မစ စေကုန်သတည်း။ အယံမန္တော၊ သည်။ သိရိန္ဒဒေါ၊ အသရေကို ပေးတတ်သော။ ဝေပုလ္လပဗ္ဗာဖသော၊ ဝေပုလ္လတောင်ယံ၌ ရောက်၍အရံကျောက် ရှပ်သောင်းလေးထောင် ရှိသော။ မနော ဟာရော၊ လူတို့နှလုံးအလိုကို ပြည့်စေတတ် ဆောင်စေတတ်သော။ မဏိရတနံဝိယ၊ ရေနေ ်မြူနည်ကို ကြည်စေတတ်သည့် လုံးပတ် သုံးထွ ၁ အလျားလေးထော ် ပမာဏရှိသော မနောမယ ပတ္တမြား ရဘနာကဲ့သို့။ သဗ္ဗကာမပူရဏော၊ အလုံးစုံသော အလိုဆန္ဒကို ပြည့်စေဘတ်၏။ ဂရုဂါရဝါဒိဝသေန၊ ဆရာ၌ ရှိသေလေးမြတ်ခြင်း....စသည်တို့၏ အစွမ်းဖြင့်။ သဇ္ဈာယန္တာနံ၊ ရွတ်ဖတ် သရဇ္ဈာယ်ကုန်သော သူတို့အား။ ပဝရော၊ အထူး သဖြင့် မြတ်သော မန္တန်မန္တရားဟူ၍။ သမ္မာသမ္ဗုဒ္ဓေန၊ ဘုရား ရှင်သည်။ ဒေသိတော၊ ဟောတော်မူအပ်သော။ အယံ မန္တော၊ ဤမန္တန်မန္တရားကို။ စိန္တနတ္တေန၊ အပိတ်အပင် အဆီးအတား မရှိ သိမြင်ကြံစည်ဘတ်သော အနက်သဘောကြောင့်။ စိန္တာ မဏိယောနာ ၁ မာတိ၊ စိန္တာမဏိ အမည်ရှိ၏ဟူ၍။ ဝုစ္စတိ၊ ၏။ ဣတိ၊ ဤသို့။ တေံ—အယံ မန္တော၊ ဤမန္တန်မန္တရားသည်။ အာသနံ၊ ငါ၏အရပ်သို့၊ အာဂမ္မ၊ လာလတ်၍၊ ဒီပါယ ဒီပါယ၊

ငှာ။ ဝသဲာယ ဝသာယ၊ ငှာ။ တိဌတု တိဌတု၊ သတည်း။ ဒဒါတု ဒဒါတု၊ သတည်း။ စိန္တာမတိရတနံ၊ သည်။ မံ၊ ကို။ (တုမှေ၊ တို့ကို) ပါလေတု၊ တည်း။ ဟုလု ဟုလု၊ စွာ။ သွာဟာယျ၊ တည်း။ သွာဟုံဟုံ၊ ကုန်။

မန္တန်မန္တရား သဘောဖြစ်၍ သဒ္ဒါနေအားဖြင့် မဖြစ်ကောင်းသော်လည်း မပြင်ဆင် နိုင်ပေ၊ သမ္ဗုဒ္ဓိုနဂရိသျှ ထိုးကဲ့သို့ သူ့ဘာသာ သူ့သဘောပင်။ ကာဒမ္ဗော၌ အချို့ စာမူတို့၌ ပစောက်နှင့် ကာဒမ္ဗဟု ရှိကြ၏။ မသင့် "ကံဝါတံ ဒမေတိတိ ကာဒမ္ဗော"၊ ဗောဟု မဂဓအဘိဓာန်၌ ပြဆိုသည်။ ဤမန္တန်ကို မင်္ဂလာဘိသိက်သွန်းရာ၌ ပထမရွတ်ဆိုရပါမည်။ အချိန်မရလျှင် အနက်မပေးပဲ ပါဠိသက်သက်မျှသာ ရွတ်ဖတ်ကြပါကုန်။

## သမ္ဗုဒ္ဓေဂါထာတော်ကြီး

၁။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စသဟဿကေ။
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။

၂။ အပ္ပကံ ဝါလုကံ ဂင်္ဂံ၊ အနန္တံ နိဗ္ဗုတံ ဇိနံ။
တေသံမေ့ဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

၃။ နမက္ကာရ နုဘာဝေန၊ ဟိတွာသဗ္ဗေ ဥပဒ္ဒဝေ။
အနေကအန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

## ရတနဝနွာ

(က) "ဆရိပရာဘု ကရဏာဿယကန်, တု့ မ် ဆမအော်ံရ် နဒေ့ ဝ်။

ဘဝဆမုဒြတာရဏ် တရဏ်, မန္ဒါတုမ္မာရိဋ္ဌေ့ဝ်။

(ခ) ဣန္ဒြာဒိ့က် ဆုရ်အဆုရ်ဆဗ်, တု့မ် ဆေဝ့က် မဟ ရာဂျ်။

တု့မ် ပရဆာဒ် ဆဗ် ဆဖလဟွံ့, မနာဝါဉ္ဆို့တ် မမ ကာဂျ်။

(ဂ) ဘရမဏ် ကရတ် ဆံဆာရမိံ့, ဘယို မုဂျေ ကျိုရ် ကာလ်။

ကရဂဟိ အဗ် ဘဝဆိန္ဓုဆေ့, ကာရိ ဒီန် ဒယာလ်။

(ဃ) ဇော်ဂြမပတိ ဒုခ်ဟရေ့, တု့မ်ဟြိ ဘုဝနပတိ ဉာ်ရှ်။

ယာဆေ မမ ရက္ခ ကရိ့, ဆရဏ လိယာ ဂျဂဒီရှ်။

(င) ဂျာဘာဒြိရှဘာ ဂျာဂတုဂေ့, ဂျာနတ် မမ ဒုခ် အာပ်။

ယာဆေ ကျာ ဝရဏန် ကရော့, နာဂျ်ကရိဘဝ တာပ်။

(စ) ဗိတရာဂ် ချဗိ ပရမတု့မ် ဓာရိနာဆာဒြိရှဋ္ဌ်။ ဒေခတ် ဒြိဂ် အာနန္ဒ ဟွံ့ဒြိရ အာဆန် ဥတ်ကြိရှဋ္ဌ်။

ဆ) ဝိဝိဓ ဘံတိ ဗိနတိ ကန္ဓ့ံ, ဓန္ဓံ ကျရဏ တလ်
မာ့ ထိ။

ဒုခ်ဂျလနိမိဆေ ကာရိယေ, ကရဂဟိ ကရဏာ
နာ့ ထိ။

(ဇ) တူ့မ် ကျရဏမ္ဗုဂျ် မမ ဟရိဒ့ယ် ဝါဆ် ကရိဝဆု
ယာ့ မ်။

ဂျဗတ့က် ဂြိဟာဝါဆိ ရယော်, မံဂေ နာထူရာ့ မ်။

(ဤအထက်ပါတို့ဟာ ကဗျာကိုရွတ်ဆိုရာ၌ ကော်မာကို ယတိဖြတ်ကာ တံခွန်ပြအက္ခရာကို မတြာဝက်မျှ အသံထွက်ရပါမည်။ အင်္ဂလိပ် ဘာသာ၌ DOG.MAN.CAT စသည်ကို ရွတ်ဆိုရာ အဆုံးအက္ခရာ ဂ်,န်,တ်, တို့ကဲ့သို့ မတြာဝက်မျှ အသံထွက်ပါစေ)။

## ဇူဌဝန္ဒနာ ဘာသာပြန်

မဟာကရုဏာတော်၏ တည်ရာဖြစ်တော်မူသော မြတ်စွာဘုရား....အရှင်ဘုရားနှင့် တူမျှသော ပူဇော်ထိုက်သူကား မရှိပါဘုရား။ ။ဘဝသမုဒ္ဒရာမှ ကူးမြောက်တော်မူလေပြီးသော အရှင်မြတ်ဘုရား၏ စိတ်ထား သဘောဇတော်ကို လေးစားစွာ မချီးကျူးပဲ မဖြစ်နိုင်တော့ပါ ဘုရား။ ။တာဝတိန်သနင်း သိကြားမင်း အစရှိသော အလုံးစုံသော နတ် အသုရာတို့သည် အရှင်မြတ်အား ဆည်းကပ် သက်ဝင်ကြရလေပြီ။ အရှင်မြတ်၏ ဆန္ဒအဖုံဖုံ အလုံးစုံကား အကျိုး များပြားလှပေ၏။ ။

အကျွန်ုပ်၏ အမှုကိစ္စ အဝဝတို့ကို တောင့်တ အလိုရှိတော်မူပါ ပေ၏။ သံသရာ၌ ကျင်လည်ကာနေရသော အကျွန်ုပ်သည်ကား ကမ္ဘာ့ကမ္ဘာ ကြာမြင့်စွာ ဖြစ်ခဲ့ရပါပြီ။ ယခုအခါ၌ ဘဝ သမုဒ္ဒရာမှ ဆွဲးထုတ်၍ ကယ်တင်တော်မူပါ ကရုဏာတော်ရှင် ဘုရား။ တပါးသော နတ်လူအပေါင်းတို့၏ အရှင်သည် ဆင်းရဲကို ပယ်ဖျောက်ခြင်းငှာ စွမ်းဆောင်တော်မူနိုင်၏။ အရှင်မြတ်သည် ဘုံသုံးပါး၏ ဘုရားလည်း ဖြစ်တော်မူပေပြီ၊ အကြင်ကြောင့် အကျွန်ုပ်ကို စောင့်ရှောက်တော်မူပါ၊ လောကသရဖူ အရှင်တဆူ ကိုသာ ကြည်ဖြူသောစိတ်ဓာတ်ဖြင့် ဆည်းကပ်ပါသည်ဘုရား၊ လောကကို သိမြင်တော်မူသည်ဖြစ်၍ အကျွန်ုပ်၏ ဆင်းရဲးကို အရှင်မြတ် သိတော်မူပါလော့၊ ။အကြင်ကြောင့် အကျယ် ဟောအပ်သည်ကို မကြူးလတ်ားနည်း။ ။ဘဝ၏ပူလောင်ခြင်းကို ဖျက်ဆီးတော်မူပါလော့၊ မြတ်သောအရှင်သည် ကင်းသော ရာဂ ရှိသည်ဖြစ်၍ ကြည်ညိုဖွယ် ရှိပေစွတကား....။ လွတ်မြောက် ခြင်းကို သိမြင်တော်မူ၍ ဆောင်ရွက်တော်မူလေပြီ၊ ခြေတော် အစုံကို ဖူးမြင်ရသည်ရှိသော် နှစ်လိုခြင်းဖြစ်ရပါသည်၊ မြတ်သော နေရာ၌ ကိန်းအောင်း မွေ့လျော်တော်မူပါ။ အထူးထူးသော ဆုံးမခြင်းတို့ဖြင့် ဆုံးမတော်မူပါ၊ ခြေတော်ဖျားမှ နဖူးသား ထိအောင် ဝပ်တွားရိုကြိုး ရှိလျှင်ခိုးပါ၏။ ဆင်းရဲးပင်လယ်ပြင်မှ ကယ်ဘင်ဘော်မူပါ၊ ကရုဏာတော်ရှင် လက်ရကယ်တင်တော် မူပါ၊ အရှင်မြတ်၏ ခြေတော်အစုံတည်းဟူသော ကြာပဒုမ်သည် အကျွန်ုပ်၏ နှလုံးသားရေအိုင်၌ နေ့ညဥ့်ပတ်လုံး တည်တန့် တော်မူပါလော့။ အကြင်မျှလောက်တိုင်တိုင် အိမ်ယာတည်

ထောင် လူ၏ဘောင်၌ နေကြရပါကုန်သော အကျွန်ုပ်တို့သည် အရှင့်အား လွတ်မြောက်ခွင့်ကို တောင်းဆိုပါသည်ဘုရား။

(ဘိသိက်မသွန်းမီ ပုဏ္ဏားသံဖြင့် ရွတ်ဆိုလိုလျှင် ဤဇာဒ္ဓ ဝန္ဒနာကို ရွတ်ဆိုနိုင်သည်)။

စိန္တာမဏိရတနာနိ၊ ဗုဒ္ဓံဗုဒ္ဓရတနာနံ။
ကရံကရောတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

စိန္တာမဏိ၊ ကြံတိုင်းဖန်တိုင်း မဆိုင်းမတွ စိတ်လိုရအောင် ပြည့်ဝ စုံလင် နိုင်ကြပေကုန်သော။ ရတနာနိ၊ လောကုတ် လောကီ နှစ်လီသချာမြတ်ရတနာတို့သည်။ သန္တိ၊ ထင်ရှားမသွေ ရှိကြပေကုန်၏။ ဗုဒ္ဓရတနာနံ၊ ဘုရားဘုရားဟု အမည်အားဖြင့် ထင်ရှားသောရတနာတို့တွင်။ ဗုဒ္ဓံ၊ သစ္စာလေးတန် တရားမှန်ကို သယမ္ဘူဉာဏ်ဖြင့် ကောန်သိငြား ဘုရားတည်းဟူသောရတနာကို။ ကရံ—ကရောန္တော၊ ရိုသေသမှု အလေးပြုလျက်။ သရဏံ၊ မှီခို ကိုးစား အားထားရာဟူ၍။ ကရောတိ၊ နေ့ညဉ့် မပြတ် ဆည်းကပ်ပြုလုပ်လေ၏။ ဣတိ ဣမိနာစ ကာရဏေန၊ ဤသို့ ရတနာအစစ်ကို အားသစ် ဆည်းကပ်ရခြင်းဟူသော အကြောင်း ကြောင့်။ တုမှာကံ၊ မင်္ဂလာဘိသိက် ခပ်နိုပ်သွင်းထား သင် သတို့သမီး သတို့သားတို့အား။ ခိပ္ပမေဝ၊ မကြာမတင် ဆောလျင် စွာသာလျှင်။ သမိဇ္ဈတု၊ ကြံတိုင်းဖန်တိုင်း မဆိုင်းမတွ စိတ်လို ကျအောင် ပြည့်ဝစုံလင်ပါစေသောဝ်။

စိန္တာမဏိရတနာနိ၊ ဓမ္မံ ဓမ္မရတနာနံ။
ကရံ ကရောတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

စိန္တာမဏိ၊ ကုန်သော။ ရတနာနိ၊ တို့သည်။ သန္တိ၊ ကုန်၏။ ခမ္မရတနာနံ၊ တရားတရားဟု အမည်အားဖြင့် ထင်ရှားသော ရတနာတို့တွင်။ ဓမ္မံ၊ မဂ်ဖိုလ်ရှစ်တန် ဓမ္မက္ခန်ပရိယတ် နိဗ္ဗာန် ခတ်အား တရားတည်းဟူသောရတနာကို။ ကရံ-ကရောန္တော၊ လျက်။ သရဏံ၊ ဟူ၍။ ကရောတိ၊ ၏။ ဣတိ ဣမိနာ ကာရဏေန၊ ကြောင့်။ တုမှာကံ၊ တို့အား။ ခိပ္ပမေဝ၊ လျင်။ သမိဇ္ဈတု၊ စေသောဝ်။

စိန္တာမဏိရတနာနိ၊ သံဃံ သံဃံရတနာနံ။
ကရံ ကရောတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

စိန္တာမဏိ၊ ကုန်သော။ ရတနာနိ၊ တို့သည်။ သန္တိ၊ ကုန်၏။ သံဃရတနာနံ၊ သံဃာ သံဃာဟု အမည်အားဖြင့် ထင်ရှားသော ရတနာတို့တွင်။ သံဃံ၊ မဂ်ဖိုလ်ယုဂန် ရှစ်တန်ပိုင်းဖြတ် ပရမတ်မှန်စွာ သံဃာဟူသော ရတနာကို။ ကရံ-ကရောန္တော၊ လျက်။ သရဏံ၊ ဟူ၍။ ကရောတိ၊ ၏။ ဣတိ-ဣမိနာ ကာရဏေန၊ ကြောင့်။ တုမှာကံ၊ တို့အား။ ခိပ္ပမေဝ၊ လျင်။ သမိဇ္ဈတု၊ စေသောဝ်။

ပဒုမဂဗ္ဘသဥ္စာတာ၊ ပုညာဘိ သိရိသောဘဏီ။
ပူရဏီ ပါဏိနံ ကမ္မံ၊ ပါတု သူရဿတီ မနံ။

ပဒုမဂဗ္ဘသဥ္စာတာ၊ အထပ်တရာ ချပ်လွှာသိုက်မြိုက် ပဒုမာကြာတိုက်၌ ကောင်းစွာ ဖြစ်လေ့ရှိထသော။ ပုညာဘိ သိရိသောဘဏီ၊ ကောင်းမှုတည်းဟူသော အသရေတို့ဖြင့် တင့်တယ်

ပေထသော။ ပါဏိနံ၊ သတ္တဝါဆို များပုဂ္ဂိုလ်တို့၏။ ကမ္မံ၊ အမှုကိစ္စဟူသမျှကို။ ဝါ၊ မင်္ဂလာဘိသိက် အောင်ဟိတ်ဆင်ပြု ကြည်ရွှင်မှုကို။ ပူရဏီ၊ မနောအလို ဖိတ်ယိုလျှမ်းထုံ ပြီးပြည့်စုံ ပေထသော။ သူရဿတီ၊ သူရဿတီဟု ဒေဝီဘွဲ့ချီး ကြွာနတ်သမီး သည်။ တုမှာကံ၊ လက်ထပ်မင်္ဂလာ ယင်ရာပွဲချီး သင်သတို့သား သတို့သမီးတို့၏။ မနံ၊ ကြည်လင်ရွှင်ပြုံး စိတ်နှလုံးကို။ ပါတု၊ နိစ္စမသေ့ စောင့်ရှောက်ပါစေသောဝ်။

သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တောစ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

တုမှာကံ၊ မင်္ဂလာဘိသိက် အောင်ဟိတ်ဆင်မြန်း ရွှင်လန်း တင့်ထွား သင်သတို့သား သတို့သမီးတို့အား။ သုနက္ခတ္တံ၊ ကောင်းကျိုးကို ပေးတတ်သော ဂြိုဟ်နက္ခတ်သည်ရှင်း။ သုမင်္ဂလံ၊ ပြည့်စုံခိုင်ဖြိုး ကောင်းချီး မင်္ဂလာသည်ရှင်း။ သုပ္ပဘာတံ၊ ပူဆာ လွတ်ကင်း ကောင်းသောမိုးသောက်ခြင်းသည်ရှင်း။ သုဟုဋ္ဌိတံ၊ ထိုင်းမှိုင်းလွတ်ကင်း ကောင်းသော ထကြွခြင်းသည်ရှင်း။ သုခဏောစ၊ ညစ်ကြေးကင်းပ ကောင်းသော ခဏသည်ရှင်း။ သုမုဟုတ္တောစ၊ ညစ်ထေး ကင်းပြုတ် ကောင်းသောမုဟုတ်သည် ရှင်း။ ဗြဟ္မစာရိသု-ဗြဟ္မစာရီနံ၊ မြတ်သော အကျင့် အတင့် အတယ် ဖွယ်ရာပြုကြောင်း သူတော်ကောင်းတို့အား။ သုယိဋ္ဌံ၊ သဒ္ဓါရွှင်ပျ ပူဇော်ချီးပခြင်းသည်ရှင်း။ ဣတော၊ ဤရက်အခါ မင်္ဂလာပွဲချီး နေ့မြတ်ကြီးမှ။ ပဋ္ဌာယ၊ အစပြု၍။ ယာဝဇီဝံ၊ ကံဟုန်ကောက်ညီ အသက်ရာကျော် ရှည်သမျှကာလပတ်လုံး။ ဟောတု၊ ကံနှစ်ဆိုင်တင့်၍ မြင့်မြင့်ကဲးဝေ ဖြစ်ပါစေသတည်း။

# မင်္ဂလာဘိသိက်သွန်းရန်

"မင်္ဂလန္တိ ဣမေဟိ သတ္တာတိ မင်္ဂလာနိ ဣဒ္ဓိံ ဝုဒ္ဓိံစ ပါပုဏန္တီတိ အတ္ထော"ဟူသော ခုဒ္ဒကပါဌအဋ္ဌကထာ "မင်္ဂလသဒ္ဒေါ မင်္ဂတိ, မင်္ဂျတေ ဝါ မင်္ဂေ ရလခ်မင်္ဂလ ပုနး ကလျာဏော" ဟူသော အမရကောသသင်္ဂြိုဟ်ဋီကာ "မင်္ဂလ အဘိပေတ, အတ္ထသိဒ္ဓိ, ကလျာဏ, သုဘ, ခေမ, ကုသလ, ဂဟဝိသေသ, တတိယဂ္ဂဟ" ဟူသော ဟိန္ဒီဘာသာ ပါရိဇာတ အဘိဓာန်တို့နှင့် အညီ.... လောကီဖြစ်ပွား မင်္ဂလာများကား ဆဲ့နှစ်ပါးစီ လာရှိလေသည်။

ထိုမင်္ဂလာတို့ကား ၁— ဝိဇာတမင်္ဂလာ။ ၂— ကေသစ္ဆေဒနမင်္ဂလာ။ ၃— မုခဒဿနမင်္ဂလာ။ ၄— ဒေါလာဥစ္စင်္ဂါရမင်္ဂလာ။ ၅— နာမသမုတိမင်္ဂလာ။ ၆— ရဝိစန္ဒဒဿနမင်္ဂလာ။ ၇— ပထမဘတ္တာဟာရမင်္ဂလာ။ ၈— ကဏ္ဏဝိဇ္ဈနမင်္ဂလာ။ ၉— တမ္ဗုလာဟာရ မင်္ဂလာ။ ၁၀— ကေသဗန္ဓနမင်္ဂလာ။ ၁၁— သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ။ ၁၂— ဥပသမ္ပဒမင်္ဂလာ။

တနည်းအားဖြင့် ၁— အာဝါဟမင်္ဂလာ။ ၂— ဝိဝါဟမင်္ဂလာ။ ၃— ပဋိသန္ဓိဂ္ဂဟဏမင်္ဂလာ။ ၄— ဝိဇာတမင်္ဂလာ။ ၅— နာမသမုတိမင်္ဂလာ။ ၆— ပထမဘတ္တာဟာရမင်္ဂလာ။ ၇— ကဏ္ဏဝိဇ္ဈနမင်္ဂလာ။ ၈— ဒုဿဂ္ဂဟဏမင်္ဂလာ။ ၉— စူဠကပ္ပနမင်္ဂလာ။ ၁၀— တမ္ဗုလာဟာရမင်္ဂလာ။ ၁၁— သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ။ ၁၂— ဥပသမ္ပဒ မင်္ဂလာဖြင့် ဆဲ့နှစ်ပါး ဆဲ့နှစ်ပါးစီ ခွဲခြားထားရှိလေသည်။

ထိုမှတပါး ရှေးလွန်လေပြီးသော အခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး၏ ရွှေနန်းတော် ယင်ပြင် ညီလာခံသဘင်တွင် မင်္ဂလာပြဿနာနှင့် စပ်လျဉ်း၍ အငြင်းအခုံ ဖြစ်ပွားခဲ့ကြရာ ထိုကိစ္စ မပြီးပြတ်သဖြင့် ဟိမဝန္တာတောရပ်က အလောင်းတော် မြတ် ရက္ခိတ ရှင်ရသေ့အား လျှောက်ထားသည့်အခါမှာ အဆိုပါ ဗြဟ္မဒတ်မင်းအတွက် အရှင်သာရိပုတြာအလောင်း အန္တေဝါသိက တပည့်ရသေ့အား ဟောကြားတော်မူအပ်သော သတ္တာအားလုံး မေတ္တာသုံးရမည့်၊ *ရှစ်ထုံးသောမင်္ဂလာ....တာဝတိံ သာသနင်း သိကြားမင်းက ခိုင်းခြင်းစေထား မထင်ရှားသည့် နတ်သား

---

*ငါးရာ့ငါးဆယ် ဒသနိပါတ် မဟာမင်္ဂလ ဇာတ်တော်၌ လာသော မင်္ဂလာကြီးရှစ်ပါးကား (၁) မေတ္တာ၊ သတ္တာ အား လုံးတို့အား ချစ်ခင်ရခြင်း။ (၂) ခန္တီ၊ အယုတ် အလတ် အမြတ် မရွေးချယ်ပဲ သည်းခံခြင်း။ (၃) ဂါရဝ၊ အသက် သိက္ခာ ဂုဏ်ကြီးသော သူတို့အား ရိုသေလေးစားခြင်း။ (၄) မိတ္တ၊ မိတ်ဆွေစစ် ရှာဖွေရခြင်း။ (၅) ပိယဘရိယ၊ လင်ကို ရိုသေ သည့် ချစ်ခင်ဖွယ်သောဇနီးမယား ရှိရခြင်း။ (၆)ပညာ၊ ကိုယ်ပိုင် ဉာဏ်ပညာရှိ၍ မိမိပညာကို လူသိစေရခြင်း။ (၇) ဒါန၊ ပေး ကမ်းစွန့်ကြဲမှုရှိရခြင်း။ (၈) နိဗ္ဗာန၊ နိဗ္ဗာန်ရကြောင်း အကျင့် ကောင်းရှိရခြင်း။ ဘဝ ဇာတ်ကင်းပြတ်ရခြင်း။ ဤရှစ်ပါးကား အကျဉ်းပြ ဒေသနာအနေနှင့် အလောင်းတော် ဘဝကဟောခဲ့ သည်၊ အကျယ်အပွား သုံးဆဲ့ရှစ်ပါးကို ဘုရားဖြစ်သော ဘဝ ရောက်မှ ဟောတော်မူခဲ့သည်၊ ကမ္ဘာချေမ်းမှု တရားစစ် ပေတည်း။

ဒေဝတာ ဘုရားရှင်လျှောက်လာတော့ ထောက်ညွှာသမှု ခင်းမ ရှုပ်ပဲ လင်းပြုစေငှာ ဟောကြားပါသော မင်္ဂလာတမှတ် သုံးဆဲ့ ရှစ်ရပ်က တလီ ရာဇဂြိုဟ်ပြည်မှ၌ ဒိဋ္ဌကဲ့ား အမြင် သုတယှဉ်တော့ အကြား မုဘကားနံလျက်တွေ့ထိ ဒီသုံးချက်အရှိဟာ အင်မတိအင် မတန်မှန်ကန်တဲ့ မင်္ဂလာဟု ထင်ရာကိုပြောကြား၍ စကားဖွဲ့ဆိုခြင်း ဿတဖို အလုံးစုံစစ်ဆေးလိုက်တော့ လောကီရေးစင်စစ် မင်္ဂလာ အဖြစ်တို့မှာ အပြစ်မဲ့ အပြစ်ရှိဟု နှစ်မျိုးပင် သိရသော်လည်း တိတ္ထိတို့ကြံဆ ဗာဟိယအယူ မင်္ဂလာဟူဟူတို့ကား ခေါ်သူ စကား နှုတ်ဖျား၌သာ ဆိုအပ်ရာကြောင့် မင်္ဂလာအစစ် မဖြစ် နိုင်ပေ၊ ပြစ်နေမကင်း ရှင်မင်းဂေါတမ ဟောပြစဉ်လာ သုံးဆဲ့ ရှစ်ဖြာ တို့သည်ကား "မင်္ဂ ပါပံ လုနာတိ ဆိန္ဒတိ" အရ သိရှိရှိလှုသဖြင့် မနိုဒြိယပုပြင် အပါယ်ဘေး စင်မည်ကြောင့် မင်္ဂလာအစစ် အပြစ်လည်းကင်း လွန်သန့်ရှင်း၏။ ဆဲ့နှစ်ခင်း မင်္ဂလာ လောကီအတွက် ရွှေနန်းဖက်မှ ပေါ်ထွက်ဖြာကာ ရာဇာမင်းသုံး ပြုလုပ်ထုံးကို ရွှေဆုံးဦးတင် တိုင်းလူရှင်တို့ ယဉ် ကျေးသမှု ဥဒါန်းပြုလျက် ယခုတိုင်အောင် ကျင့်ဆောင်တရစ် အပြင်ကင်းဝေး လူရေးရာဝင် အကြင်မင်္ဂလာ ဆဲ့နှစ်ဖြာတို့မှာ ကား.... မြန်မာသက်သက် ပါဠိပါဠိမဖက်ပဲ အနက်ရဝိဂြိုဟ် လိုရင်းကျဆိုရလျှင် ဋ္ဌတ္ထိပျိုယမင်း မာတုဂါမ တသင်းတို့မှာ သားဖွားခြင်းဆိုတဲ့ မင်္ဂလာ ဖွားမြင်ကာစသူငယ်အား ဝမ်း ဝယ်အတွင်း ဆံပင်ညှင်းတို့ကို ပယ်ရှင်းရိတ်ဖြတ်ရတဲ့ မင်္ဂလာ ဖိုးဖွားမိဖ ဆွေမျိုး စသည်တို့အား အားရရွှင်သာ မျက်နှာ ပြခန်း မင်္ဂလာပန်းနှင့် ငွေနန်းချည်ယှက် ယောဉ်ပုခက်သို့ တင် လျက်လွှဲးရှု မင်္ဂလာမှုနှင့် ခေါ်ပြုအမည် နေခြည် လရောင် ထိန်

ပြောင်ဝင်းပ ပြုသတထူး လက်ဦးအမှန့် ထမင်းခံ့ခြင်း နား ထွင်းတရပ် ကွမ်းပတ်ပေးထင် ဆံပင်ဖွဲ့ထုံး ပျော့ပြုန်းတီးဝင် မကျွာပ်ဆင်လျက် ရှင်သာမကောပြု ဥပသမ္ပဒံ ရဟန်းခံဖြင့် ဆဲ့နှစ်တန်မင်္ဂလာ တဖြာသေိက် ထပ်ရောကြိတ်၍ တစိတ်တနည်း ပြုဆိုပြီးမှ ကျန်သီးထင်စွာ မင်္ဂလာတို့မှာကား.... မယားယူ အာဝါဟ ဝိဝါဟ လင်နေ သန္ဓေတည်လတ် အဝတ်ပုဆိုး တမျိုးထမိ ဆင်သည်တဖြာ မင်္ဂလာအရပ်ရပ် လောကဝတ်ဖြင့် ပါဌ်ပါဠိပြု လုနာတိ ဆိန္ဒတိနှင့်တော့ မရပေဖူး သိရ်ရှိလှတဲ့ အဌကထာပြန်နှင့် စာအတန်တန် သဘောအရမှာတော့ လောကဌ်ကြုံလာ ကောင်းတာဟူသမျှ သုဘလို့ဆိုသွင်း လိုရင်းအကျိုး ပြည့်စုံဖြိုး၍ ဘေးဆိုးမရှိ ကြီးပွားခြင်းငြိတာကို သိသာဖို့သဘော ဣဒ္ဓိ ဝုဒ္ဓိ လို့ ဟောသောကြောင့် လောကတံထွာ ဓမ္မတာမယွင်း အိမ်ထောင်ခြင်းတို့မှာ မရင်းအစ ဖျာကာဘထွေ ကြက်သရေ ခန်းဆီး ခုတင်ကြီးနှင့် အုံးမှိုး မွေ့ရာ ကမ္ဗလာခြုံစောင် ခြင်ထောင် ဘီရို ထိုထိုစားပွဲ ဆင့်ကဲ့ပန်းကန် ဝတ်ရန် ထည်ကောင်း နံ့လှောင်းကြိုင်ကြိုင် ပန်းခိုင်ပန်းသား ဖလားငွေပွင့် ဂုဏ်ဘင့် ကြက်သရေ တက်ဖြိုးဝေလျက် များထွေစုစု ထိုဝတ္ထုကြောင့် ယခုနေ့ခါ ဒသာဂြိုဟ်ပြောင်း နက္ခတ်ကောင်းနှင့် ယှဉ်ကြောင်း မှန်လှ ခါသမယဝယ် သုဘနိမိတ် ကုသလဟိတ်တို့ စုံမြိတ် ပြည့်လျှမ်း မင်္ဂလာခန်းသည် ထူးဆန်းအလျောက် ကြီးမြင့် ရောက်၍ ပြီးမြောက်စုံလင်သည် ဆိုရပါကြောင်း။

ကပ်ကမ္ဘာအစ ဘဒ္ဒကာပထမမှာ အနန္တအသင်္ချေ တွက်ရေ မဆုံး ပျက်ကြေပြုန်းခဲ့တဲ့ ဟိုတုန်း အခါနေကပင် ကမ္ဘာကမ္ဘော ဒလာကီယ မဟာကဝေတို့ သဘောညီမျှခဲ့သဖြင့် ယောဂီအပ

အများလူတွေမှာ တရားမှုသေမကွာ အစဉ်အကြာသုံးပြီး မင်္ဂလာ တထုံး အချုပ်ပြောစရာမို့ နှုတ်ဝေါဟာ လူ့အတန်းမှာဖြင့် ဥဒါန်းသမိုင်းစာကြောင့် တိုင်းနဂရာ ပြည်ကျော်ပြီး အတည် ခေါ်ဝေါ်ခဲ့သည်နှင့်အညီ.... ဤမည်သော နေ့အခါ၌ မလေ့ ဘာသာ အယူမယွင်းရစေပဲ့ လူမင်းမြတ်စွာ မြတ်မမှာနှင့် သံဃာအရှင် ဦးထိပ်တင်လျက် မိခင်ဖမြတ် အိမ်ဦးနတ်ကို မပြတ် ရိုကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါလေ။

မြင့်မိုရ်တောင်၏ မြေသားရှိမျှ ကြီးဘိဂုဏ်အင် ဆရာရှင်နှင့် ဤတွင်ရောက်လာ သက်ဝါကြီးကြ ပညာဝန္တဂုဏ် သင်းထုံ ပျံ့ခလှောင်း လူကြီးလူကောင်း အပေါင်းတို့အားလည်း ဆယ် ချောင်းလက်စဉ် ဦးထိပ်တင်လျက် ကြည်လင်မာန်လျှော့ ကန် တော့ကြလေ။

မိရိုးဖလာ မင်းမဟာဂီရိ ကိုးရာရှိသည့် ဒေဝီ ဒေဝါ နတ်တကာတို့အားလည်း ကြည်သာရွှင်ပျ စိတ်ဆန္ဒဖြင့် တုပ်ကွ ရှိသေ ကန်တော့ကြလေ။

ဤသို့ ရတနာသုံးပါး ဦးထိပ်ထားလျက် ဖခင်တသွင် မိခင်တရပ် နတ်မြတ်အပေါင်း လူကြီး လူကောင်းတို့အား ညွတ်ပျောင်းရိုကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ ရသော စေတနာကံကြောင့် အဝေရာ ရန်ဘေးကင်း၍ ခြင်း သုခ ပြည့်ဝစုံညီ လောကီရတနာ အဖြာဖြာတို့ ပမာဒီရေ တိုးတက်ပါစေ။

မိရိုးဖလာ မဟာဂီရိ စရှိဒေဝါ အာကာမိုးပြင် စိုးလျှင် တည်ကြ ဓတရဋ္ဌ ဝိရုဠှက ဝိရူပက္ခ ကုဝေရနှင့် သက္ကသိကြား နွားလားပိုင်သ မဟေသရရှင် ခေါင်းဆင်ကိုယ်လွှဲ မဟာပိန္နဲမှ

စ၍တလိ စဏ္ဍိ သူရဿတိ ပြဿမှင်္ဂိစန္ဒာ အာငူဝိအထူး စဦးဖွဲ့ရှိုး သုံးဆဲ့ခုနစ်ရပ်သော အတွင်းနတ်များနှင့်တကွ မဟာဂိရိ ရွှေနပေ တထွေမနဲ့းမိ ကျော်ဘိတိုင်းဘောင် မင်းညီနောင်မှ မင်းခေါင် ပရိမ္မ ရှင်ကွရှင်ကုန်း တောင်ပြုန်းဆရာ မင်းကျော်စွာက စသည် အရှင် အပြင်သုံးဆဲ့ခုနစ်ချင်း နတ်မင်းအရပ်ရပ်တို့လည်း စောင့် ကြပ်မသွေ မပါစေ။

အာကာသဝေဟင် လေယာဉ်စက်ဒေါင်း နှင့်မောင်းသွား လာရာ လမ်းသာဆဲ့နှစ်အိမ် ဒွါဒသိမ်စေ့ချက်နေ့ရက်နာရိ ရာသီ မှန်စွာ အံသာစိတ်ပြု လိတ္တစုံခြင်း ကြင်းအထပ်ထပ် နဝင်းခေတ် ချဉ်းကပ် ခေတ်အိမ် နဝကြိုန်သုံးလီ သတ္တမိကြိုက်ထုတ် အမြိတ္တ စုတ်ခေတ် ဥစ်ကသစ်ဆန်း ယုဂ်သစ်ခန်းတို့နှင့် ပြည့်လျှမ်းစုံညီ ခါကောင်းပြီသည့် တိထိကြွယ်ဝ ဤကာလ၌ (ဤမည်သော သတို့သား, သတို့သမီးတို့၏) ဂုဏ်သိရသည် ပုဏ္ဏမိန်စန်းကြွ ပမာဏကဲ့သို့ သယံဇဖြစ်လာ ရတနာဘော်ငွေ စိန်ရွှေသလင်း ပယင်းအထု အမြုတေခဲ့ ပုလဲမျိုးဇာစ် အနှစ်ပြင်ပြင် အမျက် ရှင်လား မခြားတူစွာ မေတ္တာစင်ခေတ် ရောင်ယှဉ်ဟတ်ကြောင့် သစ္စာခေတ်ဝင်းထိန် စိန်နှင့်မြလုံး ရွှေသိတံကုံးဘိသို့ ရှစ်ထုံး သောဥဿဝ ဂန္ဓဗ္ဗဒေဝါ ပွဲကြီးမြတ်အချုပ်အချာတွင် နှစ်လိုရာ ဖြစ်စေတတ်သော "အာနန္ဒဇနကဝိဝါဟ" ဆင်နွဲ့ မင်္ဂလာ လက် ထပ်ပွဲကြီးကို ခြိမ့်သဲ့အောင်သံ အောင်ဘိသိက်တြင်းခံ၍ မယွင်း အမှန်ပြုလုပ်အပ်သည် ဖြစ်ပါကြောင်း။

၁၃........ခု...................လ........ ခါကောင်းနေ့တွင် တပ်ပြေ့ ချစ်အား ဖန်ခါပွား၍ စုလျှားပတ်ရစ် စိန်စစ်မေတ္တာ သစ္စာ ရွှေချည် ပတ်လည်နွယ်ခက် သွယ်ယှက်နန်းလိမ် ဣန္ဒနီပွင့် ပတ္တမြား

ဆင့်လျက် ထွားလင့် ကြက်သရေ မြတ်ဂဟေဖြင့် ကပ်စေခိုင်မြဲး အောင်ဆုပွဲး၌ ထူးကဲးတင့်ပြီး ဤမည်သော သတို့သား သတို့ သမီးတို့၏ ဝွဲချီးတူမျှ ချမ်းမြစိုလင် ဂုဏ်အင်ဒွန္ဒတ် သမတ်ယှဉ်တွဲး မင်္ဂလာလက်ထပ်ပွဲးသို့ ဆင်နွဲးသမှု ပြုကြကုန်သော.... လူကြီး လူကောင်း မင်းအပေါင်းတို့နှင့်တကွ ကြွလာသော ပရိသတ် အပေါင်းတို့ကပါ ရတနာကောင်းခုနစ်ထွေ မြေနှင့်မိုးမှ ယိုကျ ထွက်ပေါက် ကောက်ခါငင်ကာ ပြည့်စုံစွာဖြင့် ရာကျော်အသက် ရှည်လျက်မြင့်ကြာ တည်စိမ့်ငှာဟု မင်္ဂလာဘိသိက် အောင်ဆု ဟိတ်နှင့် ကောင်းစိတ်စေတနာ သွန်းလောင်းကြသည်ဖြစ်ပါ ကြောင်း။

ဤသို့ယနေ့ ခါကောင်းစေ့၍ ကြက်သရေ့မင်္ဂလာ ပြည့်စုံ စွာမို့ ဇေယျာအောင်ဟိတ် အောင်ဘိသိက်ဟု အောင်သိဒ္ဓိယင် အောင်ရေစင်ဖျန်း အောင်ပန်းပွင့်စေ အောင်ဆုချွေသည်.... အောင်ပါစေသော်....အောင်စေ....အောင်စေသော်....။

ဤသည်လျှင် မင်္ဂလာဘိသိက်သွန်းစာတမ်း

ပြီးပါပြီ။

# မင်္ဂလာဩဝါဒ ကထာ

ဤနေ့ ဤအခါ၌ မင်္ဂလာသတို့သား၊ သတို့သမီး တို့အား အဆုံးအမ ဩဝါဒပေးရမည့် တာဝန်ဝတ္တရား ကျရောက်လာ သဖြင့် ဖ,မိတို့၏ကိုယ်စား အနည်းငယ် ဩဝါဒ ပေးရပါမည်။ သတို့သား,သတို့သမီးတို့၏ ကြည်နူးသော စိတ်ဓာတ်ဖြင့် သေချာ စွာ နားစိုက်မှတ်သားကြပါကုန်။

မိခင် ဖခင် ကျေးဇူးရှင်တို့က "ပုတ္တဒါရဿ သင်္ဂဟော" ဟူသော မင်္ဂလာ ဒေသနာတော်အရ သားသမီး တို့အား ချီးမြှောက်ထောက်ပံ့ရမည်။

၁။ မကောင်းမြစ်ကာ၊
၂။ ကောင်းရာညွှန်လတ်၊
၃။ အတတ်သင်စေ၊
၄။ အမွေခွဲပေး၊
၅။ မျိုးရေးဆက်ထ၊

ဤငါးဝ မိဖကျင့်ဝတ်လာတဲ့၊ အဓိပ္ပာယ်ကတော့ အမှတ် (၁) သာသမီးတို့အား မကောင်းတာကို မပြုမိစေရန် တားမြစ် ကန့်ကွက်ရမည်။ အမှတ် (၂) ကောင်းသော အရာဌာန အမှု ကိစ္စကို ညွှန်ကြားရမည်။ အဓိပ္ပာယ်က ဘာသာတရားအရ အပြစ်မရှိသော အမှုကိစ္စကို တိုက်တွန်းနှိုးဆော်လျက် ပြုလုပ်စေ ရမည်ဟု ဆိုလို၏။ အမှတ် (၃) အရ အတတ်သင်စေဆိုသည်မှာ လည်း ဘာသာတရားအရ အပြစ်မဲ့ အပြစ်ကင်းသော အတတ်

ပညာ ဟူသမျှတို့ကို သင်စေရသည်ဟုဆိုလိုသည်။ အမှတ် (၄)၌ အမွေခွဲးပေးဆိုသည်မှာ အချိန်တန်အရွယ်ရောက်၍ ပညာသိပ္ပ အဝဝကို တစမကျန် ကျနသေချာစွာ ရှာအလိုက် မြို့အလိုက် တတ်မြောက်လာသည့်အခါ မိဖပိုင် အမွေဥစ္စာကို ခွဲဝေချီး မြှောက်ပေးရမည်လို့ ဆိုလိုသည်။ အမှတ် (၅) မျိုးရေးဆက် ထ ဆိုတာကတော့ ယောကျာ်းကလေးအဖို့ဆိုလျှင်။

"ချက်ပြုတ်စီရင် လင်ဆောင်မထား မျိုးအားမျှတ ခန သိမ်းရှု လိမ္မာမှုဟူ ဤငါးဆူ အိမ်သူကျင့်ဝတ်လား"

စကားအရ အချက်အပြုတ်ကို ကောင်းမွန်စွာ ဖန်တီးနိုင် စွမ်းခြင်း၊ လော်လီခြင်း ငါးပါးတွင် အပါအဝင် ဖြစ်သည့် မျောက်မထားခြင်း၊ ထားလိုသောစိတ်ကို တားဆီးနိုင်စွမ်းခြင်း၊ မိမိက အမျိုး၌ရှင်း၊ လင်ဆွေလင်မျိုး တို့၌ရှင်း သာတူညီမျှ ထားသောစိတ်ရှိခြင်း၊ လင်ဖြစ်သူ ရှာမှီးလာသော ဥစ္စာကို မဖိတ်မယိုရအောင် ထိန်းသိမ်းနိုင်ခြင်း၊ "စီးတဲ့ရေ ဆည်တဲ့ ကန်သင်း" ဆိုတဲ့ စကားပုံဟာ ဤကဗျာအရ ညီညွတ်သော စကားပုံဖြစ်ပေသည်။ ထို့ပြင် အိမ်တွင်းအိမ်ပ ကိစ္စဟူသမျှတို့၌ လိမ္မာကျွမ်းကျင်ခြင်း၊ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံနိုင်မည် ထင် သောမိန်းမကလေးများ သတို့သမီးများနှင့် ထိမ်းမြားလက်ထပ် ပေးရမည်၊ ဂုဏ်ကြီးမှု ဂုဏ်သေးမှုကား လိုရင်းအချက် မဟုတ်၊ ရုပ်လှမှု အရုပ်ဆိုးအကြည့်တန်မှုလည်း လိုရင်းအချက်မဟုတ်။ ပြခဲ့ပြီးတဲ့အင်္ဂါနှင့် ညီညွတ်၍ အိမ်ထောင်မှု ကိစ္စတာဝန်ကို အားသွန် ဆောင်ရွက်နိုင်မှုအရေးသာ လိုရင်း ဖြစ်ကြောင်းကို ကောင်းကောင်းသတိပြုထားရပေမည်။

မိန်းမများမှာ ဖြစ်တတ်သော လော်လီခြင်းငါးပါးသည် အလွန်အရေးပါအရာရောက်သဖြင့် ပိတ်ဆို့ တားဆီးနိုင်စေရမည်....။ ထိုလော်လီခြင်းငါးပါးကား မိမိလင်ယောကျ်ား၌သော်ငင်း၊ သူတပါးယောကျ်ား၌သော်ငင်း လွန်ကဲ တပ်မက်မောခြင်း၊ အဝတ်တန်ဆာဆင်ယင်ရာ၌ လွန်စွာပလွား ပြုပြင်တတ်ခြင်း၊ တယောက်ထီးထီး မနေလိုပဲ အပေါင်းအဖော်နှင့်သာ မွေ့လျော် ပျော်ပါးတတ်ခြင်း၊ အစားအသောက်၌ တင်းတိမ်ရောင့်ရဲခြင်းမရှိနိုင်ပဲ ကောင်းနိုးရာရာကို ခဏခဏ စားသောက်တတ်ခြင်း၊ ဇာတ်ရုပ်သေး ရုပ်ရှင် ပွဲသဘင်တို့ကို အမြဲပင်ကြည့်ရှုလိုခြင်း၊ ဤလော်လီခြင်း ငါးပါးသည် "ကမ္ဘာနှင့်မြေဇာ–ရေနှင့်ကြာ" ဆိုတာလို စမ္ပတ္တာအားဖြင့် မိန်းမများမှာ ဖြစ်တတ်သော အလေ့သဘောရှိ၍ ထိုအလေ့အလာများကို စီးပွားရေးအတွက် ပယ်ဖျက်ခြိုးခြံရပေမည်၊ ခြိုးခြံနိုင်အောင်လည်း ကြိုးပမ်းအားထုတ်ပေးရမည်ဟု ဆိုလိုပါသည်။

ထို့ပြင် အိမ်ထောင်မှုကိစ္စနှင့်စပ်လျဉ်း၍ ပြောစရာ ဩဝါဒပေးစရာတခု ကျန်ရှိသေးသည်။ အိမ်ထောင်ကျခါစ၌ နဝံပိယံဆိုတဲ့ စကားနှင့်အညီ ချစ်စခင်စ ကြင်နာစ၌ တဦးနှင့်တဦး အလွန်အကျူး ကြည်နူးနေကြသဖြင့် တဦးအပေါ်တဦး အပြစ်မမြင်နိုင်ကြပဲ စကားလွန်ကျူးမှု ကိုယ်လွန်ကျူးမှု တို့ကို အောင့်အီး သည်းခံနိုင်ကြပေမဲ့ လရင့် နှစ်ကြာလာတော့ "မယားနေစ ကြောင်သေမှ၊ နွားနှင့်မယား မသနားရ၊ လင်နေစ ဆင်သေမှ၊ ခွေးနှင့်လင် မကြင်ရ" ဆိုတဲ့ အရပ်သူ အရပ်သား ဒေသနာဩဝါဒ အယူအဆတွေပေါ်လာပြီး သတ်ကြပုတ်ကြ၊ ဆဲကြဆိုကြ၊ ထုကြရိုက်ကြ ဖြစ်လာကြတော့သည်။ ဒါ ဘာ

ကြောင့်လဲး အကြောင်းကတော့ ဒီလိုတဲ့ အကြင် လင်နှင့်မယား တို့ဟာ ပထမကနဦး ချစ်ခင်ကြင်နာမှုကိုပြတဲ့ နှစ်ပါးသွားစခန်း ကုန်ပြီး စီးပွားဖက်လုပ်ငန်းကို လှဲ့ကြတော့ မတဲ့ပေါက်တွေ အမျိုးမျိုး ပေါ်လာကြတော့သည်။ ရခါစက ဖုံးဖိထားခဲ့တဲ့ မိန်းမတို့ရဲ့ ဗီဇခေတ်ရင်းငယ်ပါ ပရိယာယ် မာယာဝေဝုစ် တို့ကိုလဲး အစွမ်းကုန် ထုတ်သုံးလေတော့သည်။ ဒီလိုထုတ်သုံးတဲ့ အခါ သူတို့ရဲ့ ပရိယာယ် ခေတ်ရင်းကို အစင်းမသိသော ယောကျ်ားများက ဟုန်းကနဲး ဒေါသမီးတောက်ပြီး ကဖောက် ကဖက် ထိုးနှက် ဆဲးရေးကြပါတော့သည်။ ။လူတို့ရဲ့ ပဋိသန္ဓေ ခေတ်ရင်းကပါလာတဲ့ သဘောကို မျှောမျှောခေါ်ခေါ် သိထား ရလျှင် ဆင်ခြင်ဉာဏ်ဝင်ကာ ထွက်လာတဲ့ဒေါသကို သိမ်းဆည်း ပြီး မိမိအလုပ်ကိုသာ ရှေ့ရှုလုပ်ကိုင်သွားရပေမည် ဖြစ်သည်။ မိန်းမဇာတ်ဝင်တို့မှာ ပဋိသန္ဓေတည်စကထဲးက ပါလာသော ဗီဇခေတ်များမှာကား

"အသစ္စံသဟသာ မာယာ၊ မုဋ္ဌတ္တမတိလောဘတာ။
အသောစံ နိဒ္ဒယတ္တဥ္စ၊ ထိနံဒေါသာသဘာဝဇာ" တဲ့

ဒီဂါထာရဲ့ အဓိပ္ပာယ် ပြန်ဆိုချက်ကတော့ အသစ္စံဆိုတာ ယေဘုယျအားဖြင့် မိန်းမဇာတ်ဝင်တို့မှာ မမှန်ကန်တဲ့စကား ကိုသာ ဆိုလေ့ရှိကြသတဲ့၊ ဒါကြောင့် "မိန်းမသစ္စာ မုသား သာတည်"လို့ ရှေးဆရာကြီးများ လက်ာစပ်ဆိုခဲ့ပေသည်။

သဟသာဆိုတာက အမှုကိစ္စကို စုံစမ်း ဆင်ခြင်လေ့မရှိ နောင်ရေးကိုမမြော်ပဲး အလျှင်စလို အမြင်တိုတဲ့အတိုင်း ပြုလုပ် တတ်ပါတယ်တဲ့။ မာယာဆိုတာက အလှည့်အပတ်များမှ ကျွမ်း

ကျင့်မှု ကောက်ကျစ်မှုကို ဆိုပါတယ်။ မဥ္စတ္တံမှာ တွေ့ဝေ ထိုင်းမှိုင်း တောဆင်ရိုင်းလို အတိုင်းအထွာမရှိ ထင်မိထင်ရာ လုပ်တတ်ပြောတတ်တဲ့သဘောပဲ။ အတိလောဘတံ ဆိုတာကတော့ မိန်းမလောဘသံသရာနှင့် အမျှဆိုတာလို ကမ်းမရှိ လမ်းမမြင် ထင်ရာမြင်တိုင်း လောဘလှိုင်း မြင့်တက်မှု မောက်ကြွားမှုတို့ပါပဲ၊ နောက်ကပြဆိုခဲ့တဲ့ လော်လီခြင်း ငါးမျိုးဟာလဲ ဒီလောဘစက်ကွင်းထဲက မလွတ်ကင်းနိုင်တဲ့ အင်္ဂါတခုပါပဲ။

တနည်းအားဖြင့် လောဘပင်လယ်ပြင်မှ ထကြွ ပေါ်လာတဲ့ လော်လီမှု လှိုင်းတံပိုးတွေပဲဆိုတာ သိရပါတယ်။ မိန်းမဇာတ်ဝင်များရဲ့ လောဘဒဏ်ကို မခံနိုင်ရှာတဲ့ ယောကျ်ားများမှာ ကျွန်လိုနေရပြီး ဓားပြသူခိုး အမျိုးမျိုးဖြစ်ရတာတွေလဲ အဲဒီ အတိလောဘတံ ပုဒ်ကပဲ ထုတ်ဆိုရပါတယ်။

အသောစံ စိုးရိမ် ကြောင့်ကြမှု နဲ့ပါးတာကို ဆိုလိုပါတယ်။ မိန်းမများဟာ ယောကျ်ားများလိုမဟုတ် အစိုးရိမ်အကြောင့်ကြ နဲ့ပါးကြလေတယ်။ ထိုသို့ နဲ့ပါးကြောင်းကို မိန်းမများ ပါးစပ်ဖျားက ထပ်မနား ပေါ်ထွက် လာသည်ကား "မပူလိုလို ယောက်မရှာသည် ဗူးကောင်းတော့စင်ခံ လင်ကောင်းမှ စံရသတဲ့" အဲဒီစကားတွေဟာ ယောကျ်ားသားအားကိုးပြီး မိမိမှုကား စိုးရိမ်မဲ့ ကြောင့်ကြမဲ့ နေလိုတဲ့ သဘော ပေါ်လောကြီး ပေါ်ထွက်နေတော့တယ်။

နိဒ္ဒယတ္တံ ဆိုတာမှာတော့ မိန်းမများ အအိပ်ကြီးတဲ့သဘောကို ဆိုထားသည်။ "မိန်းမပျင်း ကျောခင်း" စကားအတိုင်း ညဥ့်အဖို့မှာသာ အားရပါးရ အိပ်စက်တာမဟုတ်သေး၊ ပျင်းယိတိုင်း ကျောတစမ့်စမ့်နှင့် နေ့အခါမှာလဲ အိပ်နေ လှဲနေတတ်

ကြောင်းကို ပြဆိုထားတယ်၊ အဲဒီ အင်္ဂါအစိတ်အပိုင်း (၇) မျိုးဟာ ကွဲရှဲရှိ ချလို၍ တမင်သက်သက် ရက်စက်ရိုင်းပြစွာ ရေးသားထားသည် မဟုတ်၊ ငြုတ်သီးဟာ ဘယ်သူပြုပြင်လို့မှ စပ်ရတာမဟုတ်၊ နကိုယ်ဗီဇ ဓာတ်ရင်းကိုထဲက ပူစပ်လာတာလို မိန်းမများမှာလဲ သူ့သဘာဝဗီဇ မျိုးစေ့ဓာတ်ရင်းကပင် ပါလာသော အနုသယအင်္ဂါ ဖြစ်ပါတယ်။ အဲဒီ အနုသယ အင်္ဂါကို သိနှင့်ထားသော ယောကျ်ား ဇာတ်ဝင်များမှာ စိတ်အတော် အတန် သက်သာခွင့်ရရှိပြီး သည်းခံစိတ် မွေးမြူနိုင်ကြပေလိမ့်မယ်။

ထိုမှတဖန် ဆိုရန်ရှိပေသေးတယ်၊ မိန်းမ ဇာတ်ဝင်များဟာ လက်နက်စုံရှစ်ပါး တပ်ဆင် ထားလျက် ယောကျ်ားများ အပေါ်မှာ ဖိနှိပ်ချုပ်ချယ်ကာ မိမိတို့အလိုသို့ ပါအောင် ဆွဲဆောင် တတ်ပါသေးတယ်တဲ့။ ဒီလက်နက် ရှစ်ရပ်တို့မှာကား အောက်ပါအတိုင်းပင် ဖြစ်တယ်။

"မိုတံ ဟာသော ဘယော လဇ္ဇာ၊
မန္ဒဝါစာ အဒေက္ခဏာ။
ရုဒါစ ကလဟာ ဉ္ဇိသံ၊
တိက္ခာ ထီနံ မဟာဝုဓာ"တဲ့

အဲဒီ ဂါထာအရ မိုတံ—ဆိုတာကတော့ "ပြုံးသလိုလိုမျက်နှာထားနဲ့ တဖက်သားခက်ရန်" ဆိုတာလို မျက်နှာပေး ပြုံးရွှင်မှုကို ဆိုလိုတယ်။ ဟာသောကတော့ အားပါးတရ ရယ်ချလိုက်တဲ့သဘောပဲ။ ဘယောကတော့၊ မကြောက်သော်လဲ ကြောက်သလိုလို အမူအရာမျိုးပေါ့။ လဇ္ဇာကတော့ ရှက်ကိုး

ရှက်ကန်း မျက်နှာပန်းမသန် ရှက်ဟန်ပြုနေတာပေါ့။ မန္ဒဝစာ ဆိုတာက သူတပါးမခိုအောင် မထိတထိ ကလိတိတိ ပြောဆို တာမျိုးပေါ့။ အဒေက္ခဏာ ဆိုတာက တူရှုရှေ့ပြောင်းတစောင်း ကြည့် မျက်ဆောင်းထိုးပေါ့ ကြာကြည့် ဗျာပါကြည့်လို့လဲး ခေါ်သပ။ ရုဒါဆိုတာ မျက်တောင်တချက် ခတ်လိုက်ယင် ဆပ်ခနဲ မျက်ရေကျဆင်းပြီး တရှုံ့ရှုံ့ရှုံ့ငိုဟန်ပြုခြင်းကို ဆိုတယ်။ ဍျသိကလဟာကတော့ တပါးသူ မခံချင်အောင် ခနဲ့ခနဲ့ ပြောမှုအားပေးမှုကို ဆိုပါတယ်။ အဲးဒီလက်နက်ရှစ်ခုဟာ အလွန် ထက်မြက်စူးယှတဲ့သဘောရှိ၍ မိန်းမသုံး မိန်းမကိုင် မပျက်စီး နိုင်တဲ့ ဝတ္ထုပစ္စည်းတွေပါပဲ၊ ဒီလက်နက်တွေနဲ့ ပစ်ခွင်းလိုက် ယင် မည်မျှခေါင်းမာသော ယောက်ျားဖြစ်စေကာ ချာကန်း လွှဲသွားရ ပေလိမ့်မည်။ မည်မျှလောက် ကြီးကျယ်သော အဆောက်အဦးဖြစ်စေကာ အနုမြူလက်နက်ဟိုက်ဒရိုဂျင်လက်နက် ထိမှန်က မခံနိုင်ပဲး၊ ပြိုလဲပျက်စီးရတာလို မိန်းမတို့ရဲ့ လက်နက် ဗုံးဒဏ်ဟာ အနုမြူ ဟိုက်ဒရိုဂျင်ထက်မက ပြင်းထန်သဖြင့် အရိယာနယ် သုဒ္ဓာဝါသဘုံမှတပါး အလုံးစုံကိုအကုန်ထိမှန်နိုင် တယ်ဆိုတာ ခေါးထပ်ချမှတ်ပေတော့။ အဲးဒီ လက်နက်ဒဏ်ကို မခံနိုင်တဲ့ ယောက်ျားတွေဟာ ခဏခဏ ထောင်ကျ, ကြိုးပေး, နယ်ဝေးစွန့်ထွက်ပြီး အသက်ကို စတေးခံခဲ့ရလေတယ်။ အိမ်သူ နှင့်လဲး အမြဲးတန်း ရန်မူကြရလေတယ်။ သူတို့ရဲ့ လက်နက်အင် အားကို အကွင်းသား မြင်ထားသူတို့မှာ သည်းခံအောင့်အီးမှုကို ခံနိုင်ရည်ရှိကြရပေလိမ့်မည်။

မိန်းမကလေးများအဖို့မှာတော့....

"မြတ်နိုးမြှောက်ချီ၊ မထိမွဲဖျောက်၊ သယောက်ပယ်နှိမ်၊ စည်းစိမ်နှင်းကာ၊ တန်ဆာဆင်ယင်၊ ကျိုင်ငါးအင် လင်တို့ကျင့်ဝတ် လာ"တဲ့။

အမှတ်(၁) မြတ်နိုးမြှောက်ချီဆိုတာ သားမှတ်မှတ်, မယားမှတ်မှတ် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ယုယုယယ ပေါင်းသင်းနိုင်တဲ့ ယောကျ်ားဇာတ်ဝင်မျိုးကို ရွေးချယ်ပါ။ အမှတ်(၂) မထိမွဲဖျောက်ဆိုတာက ငါ့သားမယားရယ်လို့ သဘောမထား ထားသော်လဲ ဂရုမပြု မထိလေးစား မခန့်တရန့်ပြုတာကိုဆိုတယ်။ "မသောက်မစား၊ လူ့ငနွား၊ မယားအိမ်ကဆဲလတ့်။ သောက်သောက်စားစား၊ လူ့သိကြား၊ မယားအိမ်ကရွှေလိုဦးလတ့်" ဆိုတဲ့ စကားများဟာ မယားအိမ်သူကို မခန့်လေးစား ပြောကြားသော စကားများဖြစ်ကြတယ်။ ထိုမှတပါးစည်းစိမ်ပျက်ပြားကြောင်း မယားကောင်းကိုလည်း မခန့်သောအနေအားဖြင့်....

ပျော်ပါးရှင်ပိုက် စိတ်လိုလိုက်၍ ကြက်တိုက်တရပ် အန်ခတ်တကွဲ့ ဖဲလည် တခြား ဆဲ့ငါးတထောက် ခြောက်ပေါက်ပုဆစ် တံကျစ်နှင့် စစ်ဘုရင် တကျော့ပြင် တကွဲ ခဲညီနှောင်အခန့်ဆ ဝက်ကနှင့် သုံးပိုင်းခုတ် ပလွေမှုတ်ရှိခိုးဟန် နောက်ပြန်အောက်လျှိုး မျက်နှာကိုဖုံးအုပ် ပုဆစ်တုပ်နှင့် ကြံခုတ်မျိုးအထုံးထုံး ခုန်းခုတ်လည်းအရပ်ရပ် သုံးထပ်ကျား လေးကွက်ကျား ရှစ်ကွက်ကျား တတည် ပုန်းရည်အိုးတခန်းဗိုသန်းဇယ်ပုတ် ပဲဆုတ် ပုတီးလည် တမည်ထွေပစ် နေရစ်

တန်ဒူးတင် ယင်နား ကာလပေါ် မှန်ကာကျော် ထိတိုင်း
စား ထိတိုင်းပွားတမျိုး တိုးထိခွင်သိမ်းရာ ပွတ်စားထိုး
ဇပေါက်ချ စုံမဖွက် စုံမထိုး လုံးလှိမ့်မျိုးဇယ်ထပ် ဇလပ်
မြေချီ ဗလီကျလှည့်ရင် မစည်ခွင်လိမ် ကြိုးလိမ်တသီး ထုတ်
ဆီးကြက်အုပ် ပုန်းတလုပ်နှင့် ကြက်ထုပ်တထူး ဘီလူး
တိုင်ဖက် ဝက်အု ခိုးကျေးသား ပုဏ္ဏားတိုင်မေးမြူ ဆင်ဖြူ
ရေချ ဤသို့စ၍ အဝဝအတင်တင် သည်ပြင်မှတပါး ကစား
မျိုးအတန်တန် ပစ္စုပ္ပန်လည်း ကျိုးမမြင် သံသရာလည်းကျိုး
မများ အလကားအိုစရာ သူများကဆိုစရာ မယားကညိုစရာ

ဟူသော တောပု အရှင်ဥက္ကံသမာလာ မေတ္တာစာအရ လောင်းစားမှုဟူသမျှတို့ဟာလဲ သားမယားကို မထိမဲ့မြင်ပြုသောအားဖြင့် စော်ကားခြင်းတမျိုးပင် ဖြစ်ပါတယ်။ ထိုမှတပါး—

နံက်ညခါ သေစာ စောင်းညှင်း သီချင်းတလိုက် ကြက်တိုက်
အန်ခတ် လည်ပတ်သွားများ ထိုယောကျ်ားကား ဥစ္စာ
များကို မချစ်ရာ

ဆိုသော ကဗျာလင်္ကာဟာလဲ သားမယားကို မငဲ့ကွက်ပဲ အလေနတော မျောချင်တိုင်းမျောနေတဲ့ လူစားမျိုးပင် ဖြစ်ပါတယ်။ အချို့ ယောကျ်ားများမှာတော့ လောင်းစားချင်းကိုတော့မပြု သီချင်းတအေးအေးနှင့် မယားဘေးကမခွာ သားသမီးတွေသာ ပွားစီးပြီး ဘာအလုပ်ကိုမှမလုပ်ပဲ မျက်နှာမွဲတိုက်ကာ ထမီနားမှီပြီး နေသူတွေလည်း ရှိတတ်သေးတယ်။

"ပျိုလူးသက်ရှယ် ငယ်လည်းငယ်၏ ခုနှယ်ချိန်က အိမ်ထောင်ကျမှု နှစ်ခွမအား တွင်တွင်နွားသို့ မယားပျောင်းနှဲ့ မာယာဖွဲ့လိမ့်ဟဲ့မတ်တတ်ဆွေး ဘေးကြီးသင့်သားလူ့ အပါးမှာ မမှိုင်လာနှင့် သွားပါတော့လေ ငွေရှာချေလော့ သားတွေတရိုင်မမွေးနိုင်ဘူး သားဦးသားနု ပုလုကွေးလေး မမြင်သေးလားဆိုလကမှု လောကနိုင်ငံ မောင်မင်းကြံလည်း လိုက်လံကြံစား ငွေရှာသွားသော်.... မယားလင့်မြောင် ထားလိမ့်မည်"

အဲဒီ ကျည်းကန် ကိုရင်ကြီး ရှင်နန္ဒဓဇ မေတ္တာစာအရ ပစ္စည်းမရှာပဲ မယားအနားမှာ နေလျက် စီးပွားပျက်မှုတီထွင် ပြုခြင်းလဲ မိန်းမကို မထိလေးစား ပြုသည်လို့ပင် ဆိုမည်ပင်။

အမှတ် (၃) အရ သယောက်ပယ်နှိမ်ဆိုတာက "နတ်သွီးပင်ဖြစ်လျှင်ကစား သူ့မြောက်သားကို ဖြောင့်ဖြားပြောဆို မလုပ်နှင့်"ဟူသော ကဗျာလင်္ကာအရ နတ်သွီးလောက် ချောမောလှပသည် ဖြစ်စေဦးတော့ လင်ရှိမယား မယာရှိလင်ကို ဖြားယောင်း သွေးဆောင်ခြင်းလည်း မပြုရ။ နတ်သွီးတမျှ လှပကြက်သရေ ရှိသည်ဟု မယားစောင် မထားလေနှင့်ဟု ဆိုလိုပါတယ်။

အမှတ် (၄) အရ စည်းစိမ်နှင်းကာ ဆိုသည်မှာ မယားဖြစ်သူကို ဥစ္စာဘဏ္ဍာစည်းစိမ်ကို အပ်နှင်းရမယ်။ ကုလား တရုပ်တို့လို မယားကို ဂရုမပြု စည်းစိမ်မအပ်ပဲ မထားရ၊ မိမိတို့နေသော အိမ်၌ လင်ယောကျ်ားသည် ဥက္ကဋ္ဌအနေဖြစ်ပြီး မယားဇနီးသည်ကား အတွင်းရေးမှူး သို့မဟုတ် ဘဏ္ဍာရေးမှူး ဖြစ်စေရမည်။

တနည်း- လင်ယောကျ်ားသည် ဆရာ ဖြစ်၍ ဇနီးမယားသည် တပည့်မဖြစ်ကာ မလိမ္မာမှုကို လိမ္မာယဉ်ကျေးအောင် ဆုံးမ လျက် ရသမျှပစ္စည်းဘဏ္ဍာကို အပ်နှင်းရမယ်လို့ ဆိုလိုတယ်။

အမှတ် (၅) အရ တန်ဆာဆင်ယင်ဟူရာ၌ လှူရေးလှူရာ ဝင်အောင် လင်ယောကျ်ာ ဖြစ်သူက မိမိဇနီးသယ်အား အဝတ် အစား ပုတီးလက်ကောက် နားဒှောင်းစသည်ဖြင့် ဝန်နှင့်အား လေးနှင့်မြားဆိုသလို မိမိအင်အားရှိသလောက် ချီးမြှောက်ဆင် ယင်ပေးရမည်လို့ ဆိုလိုပါတယ်။

ဤအင်္ဂါ ငါးပါးနှင့် ညီညွတ်စေကာ "သားကျွေးမှ မယား ကျွေးမှု တခုပညာကိုယ်စီပါရမည်" ဆိုသောစကားအရ ဒီလူမှာ သားကျွေးမှု မယားကျွေးမှုအတွက် အဘယ်သို့သော အပြစ်မဲ့ ပညာပါသလဲလို့ဆိုတာ မိန်းမကလေးနှင့်တကွ မိန်းမကလေး မိဖ များပါ ကူညီပြီး ရှေးဦးစွာ စဉ်းစားရပါမယ်။

"ကျောင်းကန်မတဲ့ လှူထဲ့မလာ တောမှာပျော်ပိုက် ခွေး တိုက်လေ့လာ ချက်စားပြုတ်ကင် လူ့ဖဝင်ကား သူ့အသက် ကို မချစ်ရာ၊ ကောင်းရာလားစု ကောင်းမှုဟူသည် မဖြစ်ရာ" ဟူ၍ရင်း။

"ငယ်က ပျော်လွန် ကျမ်းဂန်တရား မသင်ငြားသော် မင်း ပါးစိုးခွင် မဝင်နိုင်ပဲ ဆင်းရဲပန်တောင်း မကောင်သက်မွေး မယဉ်ကျေးသည် လှူရေးလှူစ မတုံးလား" ဟူ၍ရင်း။

"လက်မှုနှုတ်မှု စုစုအတတ် အရပ်ရပ်ကို မှတ်လေလူများ အမျိုးသားတို့ မှတ်သားနိုင်က ချမ်းသာရလိမ့်" ဟူ၍ရင်း။

"ပဌမအရွယ် ငယ်သော်ကတည်း သိပ္ပခေါင်အား တတ်မြောက်မြားမူ တောသား ရန်အောင် ခြသေ့ယောင်သို့ မရှောင်မညှာ တင်းတင်းမာ၍ ပညာရဲးရင့် ပွဲးလယ်တင့် လိမ့်" ဟူ၍ရှင်း။

"ကျောင်းမှာမကြီး နွယ်ဖျားသီးသည် ဗူးသီးမွေးနု လက်သတ်ပြုသို့ ရမှုပညာ ငယ်ရွယ်စွာက ဆရာထက်ကြပ် မဆည်း ကပ်မိ နှစ်မိနှစ်မြော လွန်လှမော‌ဟု အိုသောကာလ နောင်တရလိမ့်" ဟူ၍ရှင်း။

"သွန်သင်ဖွယ်ရာ ငယ်စဉ်ခါက ပညာမရ ဒုတိယတွင် ဥစ္စာ မဲ့ထ ကြီးရင့်လှလည်း ဓမ္မမပျော် ကျင့်ယွင်းချော်မူ မှည့် ပျော်သက်ကြီး သေချိန်နီးသော် ကိုယ်ထီးလက်ချ သုံးမကျ တည်း" ဟူ၍ရှင်း။

"အင်္ဂါပဉ္စင် သွင်ပြင်ရုပ်ဝါ ပြည့်စုံပါလည်း နှံ့သာလှိုင်ခြင်း ဂုဏ်နှံကင်းမူ အဆင်းလှဆန်း လူ့ပေါက်ပန်းဟု သွမ်းမှန်း သိထွေ ကဲ့ရဲ့လေအံ့" ဟူ၍ရှင်း။

စပ်ဆို ထားရှိကြခဲ့သော ကဗျာ လင်္ကာများအရ ရှုဆ ဆင်ခြင်တာ ဤယောကျ်ား၌ နှုတ်မူလက်မှု တခုခုပညာ ဖါမပါကို သေချာစွာ စဉ်းစားရပေမယ်။ ။ဤသို့သော နှုတ်မှုလက်မှု ပညာ တခုခုမှမပါပဲ အိမ်ထောင်ပြုရရုံမျှသာ ဖန်တီးကြယင် တသက်လုံး ဒုက္ခနှင့်တွေ့ရတော့မယ်လို့ဆိုတာ ကြိုတင် ဆုံးဖြတ်ကြပေတော့။ အမိအဖ သဘောတူ၍ ပေးစားထိမ်းမြားယင် မိမိတို့၏သမီးကို ဆင်းရဲးအောင် နှိပ်စက်သည်နှင့် တူတော့တယ်။

မိဖများကလဲ "သွီးကညာ ရွယ်ရောက်လာ အခါမလင့် ပါစေနှင့်၊ အခါလင့်က အသင့်မရ မဟုတ်သောသူနှင့် ငြား တတ်စွ" ပရိဘာသာစကားအရ ယောကျ်ားကလေးရဲ့ တာဝန် ကိစ္စ ပြည့်စုံမှု ရှိမရှိကို မကြည့်မရှုပဲ အရွယ် လွန်သွားမည့် အတွက် အရေးတကြီး ထိမ်းမြားတတ်ကြတယ်။ အများကြီး ဘတ်ပြုကြပါလေ။

"ပဘာဿရ လှမြတ်လှအား ရူပနိကာယ် တင့်တယ်စေကာ သမာစာရ သိပ္ပကင်းလွတ် သတင်းချွတ်မူ ပွင့်ဝတ်နီမြန်း တင့်ဆန်းလှပ ကိ်သုကဟု ပပ္ပစသေတ ဖြစ်တို့ချေလိမ့်" ဟူ၍ရင်း။

"မိန်းမဟူသည် အရည်အရုပ် အလုပ်အဆောင် အိမ်ထောင် သိမ်းဆည်း စောင့်စည်း ကိုယ်နှုတ် မြတ်ယုတ်ကြမ်းနူ သိအောင်ပြုလော့" ဟူ၍ရင်း။

ဒီစကားနှစ်ရပ်ကို ဖက်စပ်တွေးတောလျက် နောက်ဆုံးပိတ် နိဂုံးချုပ်အနေနှင့် သတိပေးလိုတာကတော့ အိမ်ထောင်မှုကိစ္စ သည်ရင်း။ ဘုရားတည်သော ကိစ္စသည်ရင်း။ ဆေးထိုးသော ကိစ္စသည်ရင်း။ နကိုယ်ပင်ရင်းက ဟန် ကျယင်ကျ မကျယင် တသက်လုံး အပြင်ရခက်သဖြင့် ပေါ့ပေါ့ဆဆ မပြုလုပ်သင့်ကြ ပေ။ စဉ်းစဉ်းစားစား ဉာဏ်အား ထင်မြင်အောင် ရှုဆင်ခြင်ရမဲ့ အလုပ် ဖြစ်ပါတယ်။ ဒါကြောင့်—

"တက္ကသိုလ်ဆရာတဦးက၊ မှားဖူးသည့်နှုတ်ချို၊ အိမ်ထောင် ဖက် ဘုရားတည်၊ ဆေးမှင်ရည် စုတ်ထိုး၊ ဒီသုံးခု ချက်မပိုင်

လျှင်၊ နှောင်ဖြစ်လျှင် ပြင်နိုင်ခဲသည့်အမျိုး၊ ဧးစေလို၍
တရားနာ၊ ပူဇာစအကျိုး၊ ဆင်ခြင်ရန် ဉာဏ်မည့်ူးလေနှင့်၊
ငါးရိုးမျက် လက်တို၊ မတော်လျှင် အကော်ခက်မည့်မို့၊
အိမ်ထောင်ဖက် လေးတဲ့ဝန်ဆို၊ သကာပျား နှုတ်ချို၊
အဟုတ်ကိုထင်မှားလို့၊ ယင်များမိ ပင့်ကူအုံ၊ ကွင်းထောင်
ချက်ပုံ၊ ဣတ္ထိယကလိန်ချုံကို၊ မောင် မယုံနိုင်ဖူးကွဲ့လေး”

အမိပွာယ် အတိုချုပ်ကတော့ ဧးမှာလားလို့သွားပြီး တရား
နာပါတယ်၊ တရားဟောပုဂ္ဂိုလ်က “ပူဇာစ ပူဇနေယျာနံ”
ဟောတာလို သူခဖြစ်မလားလို့ အိမ်ထောင်ပြုပါတယ်။ ဒုက္ခ
နှင့်သာ တွေ့နေရသဖြင့် အဘယ်မှာ စည်းစိမ်ချမ်းသာ ရရှိပါ
တော့မှာလဲ။

အိမ်ထောင်ပြုပြီးမှ ဆင်းရဲနေသဖြင့် ထိုဆင်းရဲကို သည်း
မခံနိုင်လို့ အလွတ်ရုန်းထွက်ရမှာလဲ ငါးရိုးမျက် လက်တို
သဘောဖြင့် အကော်ရ အကတ်ရ ခက်ခဲတတ်လှပါတယ်။
ယင်ကောင် ပျားကောင်များ ပင့်ကူအိမ်တွင်မိနေပါက ရုန်း
ထွက်ဖို့ရန် မလွယ်တာလို အိမ်ထောင်မှုကိစ္စဟာ လွယ်မယောင်
ယောင်နှင့် ခက်ခဲသောကိစ္စတရပ်ဖြစ်သောကြောင့် အထူးကြိုး
စားကာ ရှေးနောက် အစီအစဉ် တိုင်းထွာလျက် ပြုလုပ်စီမံကြ
ပါလေ။

ရှေးအခါက လင်မယားတစု အိမ်ထောင်မှု တာဝန်ကို
ဆောင်ရွက်ဖို့ရန် သွီးရည်းစားဘဝနှင့် သုံးနှစ်သုံးမိုး အမျိုးမျိုး
စမ်းသပ်ကြရပါတယ်။ စိတ်ချလောက်သော အခါ ရောက်မှ
လင်ခန်း မယားခန်း အိမ်ထောင်ပြုရတဲ့ အဆင့် အတန်းသို့

ရောက်ကြရတာဟာ အိမ်ထောင်မှုကိစ္စ ဝန်လေးလှသဖြင့် တွေး တွေးဆဆ ပြုလုပ်ကြခြင်းပင်ဖြစ်ကြပါတယ်။ ဒါကြောင့် ယခု အခါမှာလဲ မင်္ဂလာသတို့သားနှင့် သတို့သမီးတို့မှာ အသက်ရှည် သမျှ ပေါင်းသင်း ဆက်ဆံကြရမှာဖြစ်လို့ မကောင်းတဲ့စိတ်ဓာတ် မမြင့်မြတ်တဲ့ အလုပ်ကိစ္စတို့ကို ရှောင်ကွင်းလျက် ကောင်းတဲ့ စိတ်ဓာတ် မြင့်မြတ်တဲ့ အလုပ်ကိစ္စတို့ကိုသာ အာရုံပြုကြကာ ယနေ့မှအစပြုပြီး စည်းစိမ်ဂုဏ်သိရီ တိုးတက် ပွားများအောင် ကျင့်ဆောင်နိုင်ကြပါစေ၊ တဦးနှင့်တဦး ကြည်နူးတဲ့ မေတ္တာ ဓာတ်ဖြင့် အထပ်ထပ် ရွှင်ပြုံးနိုင်သော စိတ်နှလုံးရှိကြပါစေလို့ ဆိုတာ နောက်ဆုံး နိဂုံးချုပ်အနေဖြင့် သြဝါဒပေးရခြင်း ဖြစ် ပါတယ်။

(မင်္ဂလာသြဝါဒ အဆုံးသတ်မှာ သတို့သား သတို့သမီး နှစ်ဦး စလုံး ဦးချကန်တော့ကြပါလေ။)

ဤတွင် မင်္ဂလာ သြဝါဒကထာ

ပြီးပါပြီ။

## အထူးသတိပေးချက်

မင်္ဂလာအဘိသိက်သွန်း ဆရာတို့အား အထူး သတိပေးလိုသည်မှာ.... သဘင်လောကသည် နယ်ခွဲချစနစ်အားဖြင့် အရာရာ၌ ပါဝင်ခဲ့ရာ ဘုရား ၉-ဆူကပ်ရာ၌ရင်း၊ မင်္ဂလာဘိသိက်သွန်းရာ၌ရင်း၊ ဝင်ရောက်နယ်ခွဲချလာရကား အလုပ်၏ လေးစားမှုတာဝန်ပေါ့ပျက်လျက် သဘင်နှင့်တွဲဖက်ကာ ပြဇာတ်နှင်နှင် ဖြစ်ကုန်ကြရလေပြီ။ ။ဘုရား ၉-ဆူကပ်ရာ၌လည်း အသင့်ထက် မသင့်သည်က ပိုလွန်လျက် မင်္ဂလာ ထိမ်းမြားရာ၌ပင် ဇာတ်သဘင်အသုံးအနှုန်းဖြင့် တီးလုံးနှင့် ဘိသိက်မြှောက်လျက် ကမောက္ကမဖြစ်ကြရလေပြီ။ အမှန်မှာ.... သဘင်အခမ်းအနားကို မဖက်စက် မစပ်ယှဉ်ရဟု မဆိုလိုပါ၊ အနည်းငယ် ဖြည့်စွက်ရုံမျှ တွဲဖက်ပြီး လေးနက်သော ဩဝါဒတို့ကိုသာ အခွင့်များများ ပေးသင့်၏။ အကြောင်းကား....၊ မင်္ဂလာဦးအခါဖြစ်၍ မင်္ဂလာ သတို့သား သတို့သမီးတို့၏ နောင်ရေး ကျင့်ဝတ် တရားသည် အမှန်ပင် အရေးကြီးရကား မှတ်သားစရာ မင်္ဂလာစကားတို့ကိုသာ ပြောကြားညွှန်ပြရန် အချိန်ကာလ မှဟုတ်ပါလော....၊ ထို့ကြောင့် နည်းပေးလမ်းပြ ပြုလုပ်သော ဆရာတို့သည် ပြဇာတ်လို သဘောမထားပဲ မင်္ဂလာဦး သတို့သားငယ် သတို့သမီးငယ်ကလေးများ လေးစားစွာလိုက်နာရန် ဩဝါဒစကားများကိုသာ ပြောကြားဆုံးမ ဩဝါဒပေးကြပါကုန်။

## ကျမ်းပြုဆရာ ဆုတောင်းနိဂုံး

သံသရာနယ်မှာ ခန္ဓာဝန်မကျ ဘဝမတုန်းသေးမီ ကာလ အတွးဝယ် မိမိုက်, ဖမိုက်, ဆရာမိုက်, တပည့်မိုက်, သားမိုက်, သမီးမိုက်, ဆွေမျိုးမိုက်, မိတ်ဆွေမိုက်, မင်းမိုက်, စိုးမိုက်တို့နှင့် တခါဖူးမျှ မတွေ့မကြုံရလို။

“လူမိုက်ကိုလဲး မမြင်မတွေ့ရလို၊
လူမိုက်စကားကိုလဲ မကြားရလို၊
လူမိုက်နှင့်လည်း မပေါင်းဖော်ရလို၊
လူမိုက်နှင့်လဲး နှီးနှောပြောကြား စကားမဆိုရလို”

စာပြီးနေ့စွဲ...................... သာသနာနှစ် ၂၄၉၈၊
၁၃၁၆-ခု ပြာသိုလ်ဆန်း ၇-ရက် သောကြာနေ့
၁၉၅၄-ခု ဒီဇင်ဘာလ ၃၁-ရက်၊
ဘုရား ၉—ဆူကပ်နည်းစာတမ်း

ပြီးဆုံးပါပြီ။

# အောင်ခြင်းရှစ်ပါး

## မာရ်နတ်သားကို အောင်ခြင်း

(၁) ဗာဟုံသဟဿ မဘိနိမ္မိတ သာဝုဓန္တံ။
ဂိရိမေခလံ ဥဒိတဃောရ သသေနမာရံ။
ဒါနာဒိဓမ္မဝိဓိနာ ဇိတဝါ မုနိန္ဒော။
တံ တေဇသာ ဘဝတု တေ ဇယမင်္ဂလဂ္ဂံ။

(၁) ယောမုနိန္ဒော၊ အကြင်ရဟန်းတို့၏ ဦးစွန်းမှန်ကင်း မြတ်သောမင်းသည်။ အဘိနိမ္မိတံ၊ စတုမဟာဒီပါဝတီ သာနှင့် ယာမာနတ်တို့ထက် ကဲဆတက်၍ အဖက်မဲ့အောင် ဖန်ဆင်း ဆောင်ထသော။ သာဝုဓန္တံ၊ သေနတ်မီးပေါက် အမြောက် စိန်ပြောင်း ချွန်းတောင်းလှံမ လေးမြားစသော လက်နက် ကိရိယာနှင့် တကွသော။ ဗာဟုံသဟဿံ၊ လက်ဝဲ ငါးရာ လက်ျာ ငါးရာ ညီညာဖန်ဆောင် တထောင်မျှလောက်သော လက်ရုံးရှိထသော။ ဂိရိမေခလံ၊ ယူဇနာတရာငါးဆယ် မြင့်သွယ် ကြီးဘိ တောင်လုံးရှိသော ဂိရိမေခလာ ဆင်ကြီးစီးကာကို။ ဥဒိတံ၊ ရဲးမာန်စွင့်စွင့် စိုက်ထူလွှင့်သို့ အသင့် တက်စီးပြီးထသော။ ဃောရံ၊ ကြားမြင်သူ နတ်လူဖြုဟ္မာ သုရာနဂါး ကြည်းရေ သားတို့ လန့်ကြောက် ရှုံဖွယ်လည်း ရှိထသော။ သသေနမာရံ၊ ဘီလူးကုမ္ဘာန် ဂန္ဓဗ္ဗနတ် ဘုတ်ကျတ် တစ္ဆေ ရှိလေသရွှေ ခြင်္သေ့ သစ်ကျား ကျဲ နွား ကြံ့ ဆင် သမင်မျောက်လျှောင် စသော

စစ်သည် ဗိုလ်ခြေနှင့်တကွသော မာရ်နတ်မင်းကို။ ဒါနဒိမဗ္ဗိမိနာ၊ သင်္ချေလေးထပ် တသိန်းကပ်လုံး ပေးအပ်သမျှ လှူဒါနကို မြွက်ဟာလှစ်ဖော် ကောင်းချီးခေါ်သော အစီအရင်ဖြင့်။ ဇိတဝါ၊ ထားလုံမဆောင် ကြိုးမနှောင်ပဲ အောင်တော်မူလေပြီ။ တံတေဇသာ၊ ထိုမာရ်နတ်မင်းကို နှိပ်နင်းလွယ်ကူ အောင်တော်မူသော အောင်သူမျှားထွတ် သုံးလူ့နတ်၏ ကြီးမြတ်တေဇော်အာနုဘော်တို့ကြောင့်။ နော အမှာကာ၊ ငါတို့အား၊ အင်္ဂ၊ လူတွင်နက်နိုး အကျိုးပေးတတ်မြတ်ထက်မြတ်လည်း ဖြစ်ထသော။ ဇယမင်္ဂလံ၊ ရောဂါဘေးဒဏ် ရန်မာရ်ခပင်း ရှိမဲ့လျှင်းကို နှိမ်နင်အောင်တတ် ကောင်းမြတ်လှစွာ မင်္ဂလာသည်။ ဘဝတု၊ မိနစ်မသွေ ဖြစ်ပါစေသောဝ်။

## အာဠာဝကဘီလူးကို အောင်ခြင်း

(၂) မာရာတိရေက မဘိယုဇ္ဈိတ သဗ္ဗရတ္တိံ။
ဃောရံပနာဠဝက မက္ခမ ထဒ္ဓယက္ခံ။
ခန္တီသုဒန္တဝိဓိနာ ဇိတဝါ မုနိန္ဒော။
တံတေဇသာ ဘဝတု နော ဇယမင်္ဂလဂ္ဂံ။

(၂) ယောမုနိန္ဒော၊ အကြင်သေက္ခ အသေက္ခ အဂါရိယ အနာဂါရိယ ပစ္စေကမုနိအားဖြင့် ငါးပါးသော မုနိတို့၏ အထွတ်ရတနာ သမ္မာသမ္ဗုဒ္ဓမဟာမုနိ ဖြစ်တော်မူသော သုံးလူ့သေဌ်နင်း ရဟန်းမင်းသည်။ မာရာတိရေကာ၊ စောင်းမာန်ကြီးကြွား မာရ်နတ်သားထက် အမျက်ပြင်းထန် ပြိုးထားမာန်နှင့် အလွန်အားထုတ်ခြင်း ရှိထသော။ သဗ္ဗရတ္တိံ၊ ညဥ့်ဦးသန်းခေါင်

သောက်ရောင်လင်းလျှံ ညဥ့်သုံးယာမ်လုံး။ အတိယုတ္တံ၊ အလွန်အကဲး အနုံးနုံးဖြင့် သဲပုညွန်ပူ ပြာပူကျောက်ကြွေ လေကြီး မွှောင်မျိုး လက်နက်မိုးတို့ဖြင့် ထစ်ကြိုးသည်းစွာ ရွာလတ်စေလျက် ကြောက်မက်ဖွယ်သော စစ်ထိုးခြင်းရှိထသော။ ဃောရံ၊ ဟောဝန်သမုဒ္ဒရာ အဖြာဖြာ၌ များစွာနေကြ ယက္ခ ရက္ခသာ၊ နတ်တကာတို့၏ ပြင်းစွာ ကြောက်လန့်ခြင်းကိုလည်း ပြုတတ်ထသော။ အက္ခမံ၊ လူ နတ် နဂါး သူတပါးတို့သည် သည်းခံခြင်းငှာ ခဲယဉ်းစွာသော။ ထဒ္ဓံ၊ ကြမ်းကြော့ခက်ထန် စောင်းမာန်လွန်ကျူးခြင်းရှိထသော။ အာဠဝကံ၊ အာဠဝက ရွာစားနတ်မင်းသားဖြစ်၍ အာဠဝက အမည်ရသော။ ယက္ခံပန၊ လေးထောင်ငံ့သုံးရာ သုံးဆယ်သာအောင် များစွာ လူသား လူရိုးစားသည့် သနားကင်းကျူး နတ်ဘီလူးကိုလည်း။ ခန္တိသုဒန္တဝိဓိနာ၊ နှစ်သိန်းလေးလီ ဤမြေထပ်ရှိ သည်းခံချိလျက် ဆိုဘိရာရာ လိုက်ယူနာ၍ ကောင်းစွာယဉ်ကျေးသော အစီအရင်ဖြင့်။ ဇိတဝါ၊ မျက်ငြိုးမဖန် ထားလှုံမပြင် လေးမငင်ပဲး အောင်မြင်တော်မူလေပြီ။ တံတေဇသာ၊ ထိုအာဠဝက နတ်ယက္ခကို ချမ်းမြလွယ်ကူ အောင်တော်မူသော အောင်သူများထိး စောဘုန်းမီး၏ ကြီးမြတ်တေဇော် အာနုဘော်ကြောင့်။ နော-အမှာကံ၊ ငါတို့အား။ အဂ္ဂ၊ သော။ ဇယမင်္ဂလံ၊ သည်။ ဘဝတု၊ နေ့ညမကွာ ဖြစ်ကြပါစေသော်။

## နာဠာဂိရိဆင်ကို အောင်ခြင်း

(၃) နာဠာဂိရိံ ဂဇဝရံ အတိမဒ္ဒဘူတံ။
ဒါဝဂ္ဂိစက္က မသနိဝ သုဒါရုဏန္တံ။

မေတ္တာမ္ဗုသေက ဝိမိန္ဒာ ဇိတဝါ မုနိန္ဒော။
တံတေဇသာ ဘဝတု နော ဇယမင်္ဂလဂ္ဂံ။

(၃) ယောမုနိန္ဒော၊ အကြွင် ဥဒ္ဒဲယျငါးပါး မြတ်တရား ကို ပိုင်းခြားကုန်စင် လွန်သိမြင်သော သဗ္ဗညုတ စ၏ဖြိုးဖြိုး ဉာဏ်မျိုးမျိုးကို အစိုးရတော်မူသော မြတ်စွာဘုရားသည်။ အတိမဒ္ဒဘူတံ၊ တဆဲ့ခြောက်အိုး မောက်ဖြိုးပြည့်နက် သေအရက်ကို သောက်လျက်ပြင်းထန် ကြမ်းကြုတ်လွန်အောင် အလွန်ယစ်မူး စွာထသော။ ဒါဝဂ္ဂိစက္ကမသနိဝ၊ တောက်လောင် ညီးညီးမြည် သံဟီးသည် တောမီးမိုးကြိုးစက်ကဲ့သို့။ သုဒရုဏန္တံ၊ အလွန် ခက်ထန် မျက်စောင်းမာန်နှင့် သွန်သွန်ကြမ်းကြုတ်ခြင်း ရှိထ သော။ နာဠာဂိရိံ၊ နာဠာဂိရိ အမည်ရှိထသော။ ဂဇဝရံ၊ အဇာတသတ် လောကနတ်၏ မပြတ်စီးရာ ဆင်ယာဉ်သာဖြစ်၍ လိမ္မာလှစွာသော နာဂတန်းဆောင် မြတ်ဆင်ပြောင်ကို။ မေတ္တာမ္ဗု သေကဝိမိန္ဒာ၊ ရင်သွေးရတနာ ရာဟုလာကဲ့သို့ မေတ္တာရေချမ်း စွတ်စွတ်ရွှမ်းကို သွန်းလောင်းတော် မူရသော အစီအရင်ဖြင့်။ ဇိတဝါ၊ အိမ်ထားလက်နက် သံလျက်မဆောင် မေတ္တာနှောင် ဖြင့် အောင်မြင်တော်မူလေပြီ။ တံတေဇသာ၊ ထိုနာဠာဂိရိ ဆင်ဟတ္ထိကို မရှုံပြိုင်သူ အောင်တော်မူသော အောင်သူများထိး စောဘုန်းမိး၏ ကြီးမြတ်တေဇော် အာနုဘော်ကြောင့်။ နော အမှာကံ၊ ငါတို့အား။ အဂ္ဂံ၊ သော။ ဇယမင်္ဂလံ၊ သည်။ ဘဝတု၊ စေသောဝ်။

# အင်္ဂုလိမာလကို အောင်ခြင်း

(၄) ဥက္ခိတ္တခဂ္ဂ မတိဟတ္ထ သုဒါရုဏန္တံ၊
ဓာဝန္တိယောဇနပထင်္ဂုလိမာလဝန္တံ။
ဣဒ္ဓိဘိသင်္ခတမနော ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု နော ဇယမင်္ဂလဂ္ဂံ။

(၄) ယောမုနိန္ဒော၊ သည်။ ဥက္ခိတ္တခဂ္ဂ မတိဟတ္ထသုဒါရုဏန္တံ၊ လွတ်မြောက်ဖမ်းကာ စက်ပမာလို ဖြာဖြာပတ်လည် ဝင့်ကာချီလျက် အလွန်ထက်သော သန်လျက်လက်မှာ စွဲကိုင်ကာဖြင့် လွန်စွာကြမ်းကြုတ်ခြင်းရှိထသော။ တိယောဇနပထံ၊ သုံးယူဇနာ ရှည်စွာအခန်း ခရီးကြမ်းကို။ ဓာဝံ၊ မတန့်မနား ယိုရှားမထင် မှပန်းပင်ပဲ လျင်ထန်ပြင်းခုန် တဟုန်တည်းပြေးစွမ်းနိုင်ထသော။ အင်္ဂုလိမာလဝန္တံ၊ တထောင်ကျော်အောင် သူ့တော်ယုတ်လတ် လူတိုင်းသတ်၍ ဖြတ်ယူလက်ညှိုး ကြိုးဖြင့်သီရုံး ပန်းကုံးလည်တွင် တန်းဆာ ဆင်သောကြောင့် အင်္ဂုလိမာလ အမည်ရသော စောရမိုက်ကျူး ခိုးသူထူးကို ဣဒ္ဓိဘိသင်္ခတမနော၊ တန်ခိုးတော်ဖြင့် အသင့်ကြံဆင် ဖန်စီရင်တတ်သော နှလုံးတော်မြတ်ရှိသည်ဖြစ်၍။ ဇိတဝါ၊ မငေါက်မငမ်း မကြမ်းမချော် တန်ခိုးတော်ဖြင့် အောင်တော်မူလေပြီ။ တံတေဇသာ၊ အင်္ဂုလိမာလ မည်ရတွင်ပြီး ခိုးသူကြီးကို အပြီးလွယ်ကူ အောင်တော်မူသော အောင်သူများထီး စောဘုန်းမီး၏ ကြီးမြတ်တေဇော် တန်ခိုးတော်ကြောင့်။ အမှာကံ၊ ငါတို့အား။ အဂ္ဂံ၊ သော။ ဇယမင်္ဂလံ၊ သည်။ ဘဝတု၊ ပါစေသောဝ်။

# စိဉ္စမာနကို အောင်ခြင်း

(၅) ကတွာန ကဋ္ဌမုဒရိယံ ဣဝ ဂဗ္ဘိနိယံ။
စိဉ္စာယ ဒုဋ္ဌဝစနံ ဇနကာယမဇ္ဈေ။
သန္တေန သောမဝိဓိနာ ဇိတဝါ မုနိန္ဒော။
တံ တေဇသာ ဘဝတု တေ ဇယမင်္ဂလဂ္ဂံ။

(၅) ယောမုနိန္ဒော၊ သည်။ ဂဗ္ဘိနိယံ၊ ဆယ်လတည်နေ သန္ဓေရင့်ပြီး ဖွားခါနီးသော။ ဥဒရိယံ ဣဝ၊ ကိုယ်ဝန်စွဲးလန်း မိန်းမဝမ်းကဲ့သို့။ ကဋ္ဌ၊ သစ်သားကို။ ကတွာ၊ လိပ်ခွံတံတစ် ပြေပြစ်ခုံးခုံး လုံးဖုစုစု ကြိုးလေးမြှာတို့ဖြင့် ကောင်းစွာဆိုင်းပတ် ဝမ်းကိုထပ်လျက် မြင်လတ်သသူ ခပ်သိမ်းလူအား ယုံမှားစေမှု လုပ်ကြံပြု၍။ ဇနကာယမဇ္ဈေ၊ ဥပါသကာ ဥပါသိကာ ဘိက္ခု ဘိက္ခုနီတည်းဟူသော လူပရိသတ်လေးရပ်တို့အလယ် သပ္ပာယ် ခင်းလတ် မြတ်သောပလ္လင် နေရာပြင်ထက် ရွှေခြသေ့လား တရား ဟောကာ နေတော်မူရာ၌။ စိဉ္စာယ၊ မန်ကျည်းပင်မှာ သံသေ ဒဇ ဖွားမြင်ရ၍ နာမသညာ စိဉ္စာခေါ်ထုတ် မိန်းမယုတ်၏။ ဒုဋ္ဌဝစနံ၊ သင့်ကြောင့်ငါမှာ သန္ဓေလာ၍ ဖွားကာနီးပြီး ယီး ယောင်ပြုလတ် ရဟန်းမြတ်သည် လူနတ်တို့အား တရားဟောကာ မနေလာနှင့် အိမ်ယာဆောက်မှု လုံ့လပြုဟု အမှုဖွဲ့ရှာ စွပ်စွဲး လာသော ယုတ်မာညစ်ငြမ်း စကားသွမ်းကို။ သန္တေန၊ မျက်နှာ မလှည့် မကြည့်မမြော် လျှပ်ပေါ်မဲ့ထွေ ငြိမ်သက်နေသော။ သောမဝိဓိနာ၊ ထိုစိဉ္စာအား မေတ္တာဆပ္ပွား မုန်းထားမထင် လွန်ဖြူစင်သော အစီအရင်ဖြင့်။ ဇိတဝါ၊ မချောက်မချိမ်း

ဟိန်းဟဲမလုပ် ထားတုတ်မကိုင် သင်းကြိုင်မေတ္တာ ကရုဏာဖြင့် ကောင်းစွာအောင်တော်မူလေပြီ။ ။တံတေဇသာ၊ ထိုစိဉ္စမာန မည်ရသမုတ် မိန်းမယုတ်ကို အောင်တော်မူသော ထိုမြတ်စွာ ဘုရား၏ တန်ခိုးတော်အားဖြင့်။ နော-အမှာကံ၊ ငါတို့အား။ အဂ္ဂံ၊ သော။ ဇယမင်္ဂလံ၊ သည်။ ဘဝတု၊ စေသောဝ်။

## သစ္စကပရိဗိုဇ်ကို အောင်ခြင်း

(၆) သစ္စံဝိဟာယ အတိသစ္စက ဝါဒကေတုံ။
ဝါဒါဘိရောပိတမနံ အတိအန္ဓဘူတံ။
ပညာပဒီပ ဇလိတော ဇိတဝါ မုနိန္ဒော။
တံတေဇသာ ဘဝတု နော ဇယမင်္ဂလဂ္ဂံ။

(၆) ယောမုနိန္ဒော၊ သည်။ သစ္စံ၊ သတ္တလောက ဘုံသုံးဝကို အနိစ္စ ဒုက္ခ အနတ္တာဟု မြတ်စွာဘုရား ဟောကြားမိန့်သံ စကားရန်ကို။ ဝိဟာယ၊ စိတ်ကလည်းပယ် ပျက်ပြယ်သုံ့မှု နှုတ်လည်းပြု၍။ အတိသစ္စကံဝါဒကေတုံ၊ နိစ္စသုခါ အတ္တသာဟု သညာဖောက်ပြန် ယုတ်မာဉာဏ်ဖြင့် မမှန်သည်ကို မှန်၏ဆိုသော မိစ္ဆာဝါဒ တည်းဟူသော မှန်ကင်းလည်းရှိထသော။ ဝါဒါဘိရောပိတမနံ၊ တပါးသောသူ အယူမှောက်လှန် ငါသာမှန်ဟု ဖောက်ပြန်စိတ်တွင် သူ့ကိုတင်လျက် နှန်းချင်သောနှလုံးလည်း ရှိထသော။ အဘိအန္ဓဘူတံ၊ သူတထူးထက် ကျူးကျူးလွန်လွန် မြတ်ဂုဏ်မာန်ဖြင့် အလွန်မိုက်လှသော သစ္စကပရိဗိုဇ်ကို။ ပညာပဒီပ ဇာလိတော၊ ပညာဟူသော ဆီမီးတန်ဆောင် ညီးညီးပြောင်ကို ညှိထောင်ထွန်းတော်မူသောအားဖြင့်။ ဇိတဝါ၊ ဟိန်း

တဲ့ မလုပ် ထားတုတ်မမိုး ကြိမ်ကြိုးမပြု ဓမ္မသြဝါ ဒေသနာဖြင့် ကောင်းစွာအောင်တော်မူလေပြီ။ တံတေဇသာ၊ သစ္စကပရိဗိုဇ် အလွန်မိုက်ကို နှစ်ခြိုက်လွယ်ကူ အောင်တော်မူသော မြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ နော—အမှာကာံ၊ ငါတို့အား။ အဂ္ဂံ၊ သော။ ဇယမင်္ဂလံ၊သည်။ ဘဝတု၊ စေသောဝ်။

## နန္ဒောပနန္ဒနဂါးမင်းကို အောင်ခြင်း

(၇) နန္ဒောပနန္ဒ ဘုဇဂံ ဝိဗုဓံ မဟိဒ္ဓိံ၊
ပုတ္တေန ထေရဘုဇဂေန ဒမာပယန္တော။
ဣဒ္ဓူပဒေသဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု နော ဇယမင်္ဂလဂ္ဂံ။

(၇) ယောမုနိန္ဒော၊ သည်။ ဝိဗုဓံ၊ နှစ်သိန်းငါးသောင်း ချင့်ပေါင်းနှစ်ထောင် လုံးဝန်းဆောင်သား မြင့်မိုရ်တောင်မြတ်ကို ခုနစ်ပတ်တိုင်အောင် ပတ်ရစ်နိုင်ခြင်း ကိုးယူဇနာ ဆယ်ယူဇနာ ခံတွင်းအားဖြင့် အလွန်ချောက်ချိမ်း မိုးလုံးဟိန်းညံ့ စောင်းမာန် သန့်သန့် အဆိပ်ပြန့်ခြင်း အစရှိသော အထူးထူးအပြားပြားလည်း ရှိထသော။ မဟိဒ္ဓိံ၊ ကြောက်လန့်စဖွယ် ကြီးကျယ်သောတန်ခိုး လည်းရှိထသော။ နန္ဒောပနန္ဒဘုဇဂံ၊ နန္ဒောပနန္ဒအမည်ရသော တေဇထန်ပြင်း နဂါးမင်းကို။ ပုတ္တေန၊ သံုးလူ့ထွတ်ထား မြတ်စွာဘုရား၏ သားတော်အကြီးလည်းဖြစ်ထသော။ထေရဘုဇဂေန၊ အရှင်မောဂ္ဂလ္လာန်ထေရ်မြတ်မွန်လျှင် ဖန်ဆင်းအပ်သော ဆင့်ဆင့် ကြီးမား နဂါးအသွင်ဖြင့်။ ဒမာပယန္တော၊ တုန်လှုပ်ကြောက်ခြင်း

ပူပင် ချောက်ချားဘေးလျက်။ ဣန္ဒုပဒေသဝိမိနာ၊ တန်ခိုးတော်အားဖြင့် ဖန်ဆင်းအပ်သော အစီအရင်ဖြင့်။ ဇိတဝါ၊ ဗိုလ်ပါ မဖက် ရဲမက်မခေါ် သားတော်မောဂ္ဂလ္လာန် ဘိညာဉ်စျာန်ဖြင့် ချိုးနှိမ်အောင်စေတော်မူပြီ။ ။တံတေဇသာ၊ နန္ဒောပနန္ဒ မည်ရ ထင်ရှား နတ်နဂါးကို ချောက်ချားလွယ်ကူ အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ နေ—အမှာကံ၊ ငါတို့အား။ အဂ္ဂံ၊ သော။ ဇယမင်္ဂလံ၊ သည်။ ဘဝတု၊ စေသောဝ်။

## ဗကဗြဟ္မာကို အောင်ခြင်း

(၇) ဒုဂ္ဂါဟ ဒိဋ္ဌိဘုဇဂေန သုဋ္ဌှုဟတ္ထံ။
ဗြဟ္မံဝိသုတိ ဇုတိ မိဒ္ဓိ ဗကာဘိဓာနံ။
ဉာဏာဂဒေန ဝိဓိနာ ဇိတဝါ မုနိန္ဒော။
တံ တေဇသာ ဘဝတု နော ဇယမင်္ဂလဂ္ဂံ။

(၇) ယောမုနိန္ဒော၊ သည်။ ဒုဂ္ဂါဟဒိဋ္ဌိဘုဇဂေန၊ ယုတ်မာ ညစ်ငြမ်း စွဲလမ်းယူဘိသော သဿတဒိဋ္ဌိ အကိရိယဒိဋ္ဌိ တည်းဟူသော မြွေလေးစင်းသည်။ သုဋ္ဌှုဟတ္ထံ၊ အလွန်အမြဲ ကိုက်ခဲအပ်သော လက်ရှိထသော။ ဝိသုတိံ၊ နတ်လူဗြဟ္မာ သုံးဘုံရှာ၍ လွန်စွာကျော်ကြား တင်ရှားစွာထသော။ ဇုတိမိဒ္ဓိံ၊ တောက်ပသော တန်ခိုးလည်းရှိထသော။ ဗကာဘိဓာနံ၊ နေရပ်မြင့်စွာ ဗြဟ္မာရွာ၌ သညာထွန်းပ ခေါ်ညွှန်းကြသည့် ဗကအမည်ရှိသော။ ဗြဟ္မံ၊ ဗြဟ္မာအပေါင်း ဝပ်ပြောင်းခယ ပျပ်ဝပ်ကြသော ဗြဟ္မာမင်းကို။ ဉာဏာဂဒေန ဝိဓိနာ၊ ဆုံးစမမြင် ကမ်းမထင်သော

သဗ္ဗညုတ စသည်ဉာဏ်တော် ဆေးမြတ်ကျော်ကို ပေးတော်မူသော အစီအရင်ဖြင့်။ ဇိတဝါ၊ အမြောက်စိန်ပြောင်း ချွန်းတောင်း လှံခက် သန်လျက်လေးမြား မဆိုထားဘိ လက်ဝါးမထောင် မျက်မှောင်မညို သင်္ဂြိုဟ်မေတ္တာ မဂ်ပညာဖြင့် ကောင်းစွာလွယ်ကူ အောင်တော်မူလေပြီ။ ။တံတေဇသာ၊ ဗကံမည်သာဆိုဗြဟ္မာကို ပညာဆေးကျော် မြိုက်ရေတော်ဖြင့် ဖော်လှော်မှုကူ အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ နော-အမှာကံ၊ ငါတို့အား။ အဂ္ဂ၊ သော။ ဇယမင်္ဂလံ၊ သည်။ ဘဝတု၊ စေသောဝ်။

(ဤ အောင်ခြင်းရှစ်ပါး အနက်သည် ကျီးသဲ လေးထပ် ဆရာတော်၏မူ ဖြစ်သည်။)

ပြီးပြီ။

ဓံသာနု-ဦးပျိုင်ဆိုင်တွင်

# ရနိုင်သောပစ္စည်းများ

* မန္တလေး ဦးထပ် ရွှေထီးများ(၁၅-လက်မမှစ၍ ၁၆၊ ၁၇၊ ၁၈၊ ၂၀) လိုရာအရွယ်အစားရနိုင်ပါသည်။
* ရွှေဆိုင်းပုံကြီး,ပုံလတ်,ပုံသေး ၃-မျိုး။
* မန္တလေးမာစရိုက် ခါးပန်းကြိုးအမျိုးမျိုး။
* ရွှေအုပ်ကြီး,အလတ်,အငယ် သုံးစား။
* ရွှေကမ္မ်းအစ်,အကြီး,အလတ်,အငယ် သုံးစား။
* ရွှေဟင်္သာ,အကြီး,အလတ်,အငယ် သုံးစား။
* ကမ္မ်းတောင် အကြီး,အလတ်,အငယ် သုံးစား။
* နိုင်လွန်ခါးပန်းကြိုး အမျိုးမျိုး။
* ပခုက္ကူခါးပန်းကြိုး အမျိုးမျိုး။
* ပထမတန်းစား ဇာချည်သပိတ်အမျိုးမျိုး။
* သပိတ်အိတ် အမျိုးမျိုး။
* ပုသိမ်ထီး အမျိုးမျိုး။
* ပိဋကတ်သုံးပုံ အမျိုးမျိုး။
* လောကီ,လောကုတ္တရာကျမ်း အမျိုးမျိုး။
* ကမ္မဝါ(ဝတ်လဲ,မကျည်းစေ့,စက္ကူ) အခဏ်းအမျိုးမျိုး။
* စိန်ဒေါင်းပျံ,နဂါးပျံ,မြွေဟောက် ရဟန်းစီးဘိနပ်အမျိုးမျိုး။

အထက်အမည်ပါကုန်ပစ္စည်းများကို
အမှားအယွင်းမရှိရ အာမခံနှင့် ရောင်းချပါသည်
အားပေးချီးမြှင့်တော်မူကြပါ။

## ဝံသာနု-ဦးပျို်ဆိုင်၌ ရနိုင်သောစာအုပ်များ

| | ကျပ် | ပြား |
|---|---|---|
| အရှင်အာဂမိဇ္ဇဝံသရေး<br>ပရိတ္တသင်္ဂဟဒေါ် ပရိတ်တော်ကြီးနိဿျ | ၂ | ၅၀ |
| ဒိဘဲယင်း-ဦးပညာဝံသရေး သရုပ်ခွဲသင်္ဂြိုဟ် အမေး အဖြေ | ၄ | ၅၀ |
| ဗုဒ္ဓဝင်ဝတ္ထု (မှုဟောင်း) | ၃ | ၅၀ |
| ဘုရားကိုးဆူပူဇော်နည်းစာတမ်း | ၃ | ၅၀ |
| ဒါနဖလပုပ္ပတ္တိကျမ်း ဆရာတော်-ဦးဗုဓ်ရေး | ၃ | ၅၀ |
| သီလဖလုပ္ပတ္တိကျမ်း ဆရာတော်-ဦးဗုဓ်ရေး | ၃ | ၅၀ |
| ဘာဝနာဖလုပ္ပတ္တိကျမ်း ဆရာတော်-ဦးဗုဓ်ရေး | ၃ | ၅၀ |
| ကျပင်း ဘုန်းတော်ကြီး တရားစာ ပ-နှင့်-ဒု | ၃ | ၅၀စီ |
| ကောဝိဒ ဒေသနာ ယပ်လှဲတရားစာ | ၃ | |
| သုခဝတီ ယပ်လှဲတရားစာ ပထမတွဲ | ၂ | ၅၀ |
| သင်္ဂါယနာတင် အဆက်ပြကျမ်း | ၂ | ၅၀ |
| ရေစက်ချ ဆုတောင်း အမျိုးမျိုး | ၂ | |
| လူတို့ကျင့်စဉ်ကျမ်း | ၂ | |
| အန္တရာယ်ကင်း သာမုနယ မဟာပရိတ်တော်ကြီးအမွှန်း | ၁ | |
| ဂုဏ်တော်ပေါင်းချုပ် ဘုရားရှိခိုး အမျိုးမျိုး | ၁ | |
| ငရဲဆိုတာ တကယ်လား ယမမင်းနှင့် တရားခံ အဖြေ<br>ရှင်ဥတ္တမကျော်-ခုံတော်မောင်ကျဘာမ်း<br>စကားစစ်-တရားစင်ထိုးခက်း | ၃ | ၅၀ |
| စကားတောင်စားဝတ္ထု | ၃ | ၅၀ |
| ဝိစိတ္တရ ပေါရာဏ စကားပုံ-အဖြေကျမ်း | ၃ | |
| နားခံတော် မောင်တာနော-ဝတ္ထု ပ-နှင့်-ဒု | ၂ | ၅၀စီ |
| ဘာချာသိပ္ပဝိစိတြကဗျာရာသီကျမ်း | ၂ | |
| နတ်လမ်းညွှန်ဋီကာ ကျမ်းကြီး | ၅ | |
| ဘိုးတော်ကြီး ဗေဒင်စကြာ သုံးထပ်ကိန်း | ၁ | ၅၀ |
| ဓာတုဝိနိစ္ဆယဋီကာ သမားတော် ကုထုံးကျမ်းကြီး | ၄ | |
| ပရမတ္တသင်္ကေတဘောင်သာခြောက်လုံးဋီကာအဖြေကျမ်း | ၂ | ၅၀ |
| သူငယ်နာမကြောကုထုံးကျမ်းနှင့် ပကိဏ္ဏကဆေးကျမ်း | ၂ | ၅၀ |
| ကုန်သည်ပညာတွက်ပုံစာ (ညောင်ဝိုင်း-ဦးသုမန-ရေး) | ၃ | ၅၀ |

ထုတ်ဝေသူ * ဝံသာနု-ဦးပျိုင် (၀၁၉၂-မြဲ

"ဝံသာနု-ဦးပျိုင်—စာအုပ်ဆိုင်"

အမှတ်- ၅/၆၊ ရွှေတိဂုံဘုရား ဈေးတော်
တောင်ဘက်မုခ်၊ ခတ်လှေကားအနီး- ရန်ကုန်

● ဘာသာရေးစာပေခွင့်ပြုချက်အမှတ်(၆၀၆၃

ဒုတိယအကြိမ်ရိုက်

အုပ်ရေ (၃၀၀၀) သုံးထောင်

တန်ဖိုး ၃/၅၀၊

ထုတ်ဝေသည့်နေ့ရက် - ၁၉၇၃-ခု၊ ဇန္နဝါရီ

ပုံနှိပ်သူ * ဦးအုန်းတင် (၀၇၆၈-မြဲ)
မြန်မာ့စာပုံနှိပ်တိုက်
၂၈၅၊ သစ္စာလမ်း၊ ကန်ဘဲ့ ရန်ကုန်မြို့။

အမှုံး-မြန်မာ